# မဟာဂီတ

## စစ်ကိုင်းလှရွှေ



၁၉၉၃ ခုနှစ်၊ ပခုက္ကူဦးအုန်းဖေ စာပေဆု

ကျမ်းစာမူဆုရ

# မဟာဂီတ

စစ်ကိုင်းလှရွှေ

အဖုံးပန်းချီ - စသိန်းရွှေကြည်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်


ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်၊ အုပ်ရေ ၁၀၀၀။

အဖိုး ၂၁ ကျပ်

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့ စာတည်းမှူး ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၆ ယာယီ)ဖြင့် အောင်ဆန်းပုံနှိပ်စက်ရုံ
တွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၇၅ ယာယီ) ဖြင့်
ထုတ်ဝေသည်။

# မဟာဂီတ

## စစ်ကိုင်းလှရွှေ



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | မဟာဂီတကျမ်းဟူသည် | ၉ |
| ၂။ | ပျောက်ဆုံးနေသော ကိန္နရာချောင်းခြား | ၁၉ |
| ၃။ | မန်းတောင်လက်ယာ | ၂၇ |
| ၄။ | ရှားပါးကျမ်းအချို့ | ၃၄ |
| ၅။ | ဆရာဗေယျနှင့်တွေ့ဆုံ | ၃၈ |
| ၆။ | ဘားနာဒ်ပေမူ | ၄၀ |
| ၇။ | မှုံရွှေးမဟာဂီတ | ၄၉ |
| ၈။ | သဗ္ဗဂီတာကမ္မ | ၅၆ |
| ၉။ | ဒေဝဏ္ဏဒ္ဒါ | ၅၉ |
| ၁၀။ | သဗ္ဗဂီတကမ္မကျမ်းအကျော် | ၆၈ |
| ၁၁။ | မြဝတီစာစု | ၇၉ |
| ၁၂။ | ထူးမခြားနားအငြင်းပွားမှု | ၈၄ |
| ၁၃။ | စောင်းပညာကျော် | ၉၉ |
| ၁၄။ | ဦးဖူးခေါင် | ၁၀၉ |
| ၁၅။ | မြန်မာ့ဂီတသင်္ကေတ | ၁၁၄ |
| ၁၆။ | ပဒေသရာဇာ | ၁၂၂ |
| ၁၇။ | ဂီတာစာဆိုကျော်များ | ၁၂၇ |
| ၁၈။ | ဥက္ကလာပမြန် | ၁၃၄ |
| ၁၉။ | သဟာယသံနှင့်မိန်ရာသီ | ၁၄၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | ပဒေသာအဆို | ၁၅၁ |
| ၂၁။ | ရုပ်ရှင်နှင့်မဟာဂီတ | ၁၅၇ |
| ၂၂။ | မဟာဂီတနှင့်ခေတ်ပြား | ၁၆၁ |
| ၂၃။ | သုတေသနခေတ်ပြား | ၁၆၅ |
| ၂၄။ | မဟာဂီတပြိုင်ပွဲများ | ၁၇၇ |
| ၂၅။ | မဟာဂီတကျောင်းနှင့် ပန်တျာမူမှန်ပြုစုရေး | ၁၈၁ |
| ၂၆။ | တူရိယာဂီတအဖွဲ့ချုပ် | ၁၉၀ |
| ၂၇။ | စစ်ပြီးခေတ်မဟာဂီတကျမ်းများ | ၂၀၀ |
| | နိဂုံး | ၂၂၁ |
| | ကျမ်းကိုးစာရင်း | ၂၂၅ |

# နိဒါန်း

မြန်မာတို့၏ သုခုမအနုပညာ တစ်ရပ်ဖြစ်၍ မြန်မာတို့၏ ယဉ်ကျေးမှုအချက်အချာဖြစ်ပေသော ပျို့၊ လင်္ကာ၊ ကဗျာ စာပေနှင့် မြန်မာတို့၏ ရှေးနှစ်ပေါင်းများစွာက အခြေခံ ခိုင်မြဲတည်တံ့ခဲ့သော ဂီတပညာရပ်တို့သည်ကား အံ့ချီး မကုန်နိုင်လောက်အောင် ဂုဏ်ယူဖွယ်ကောင်းလှပေ၏။

ပျူတို့၏ကျောက်စာမှ အဆင့်ဆင့် တက်လှမ်းမြင့်မား လာခဲ့သော အခြေခံကျောက်စာများ၏ နှောင်းခေတ်ပိုင်း ဖြစ်သည့် ပေစာ၊ ပုရပိုက်စာတို့ ခေတ်စားလာခဲ့သော အချိန်အခါကာလပိုင်းသို့ ရောက်ရှိလာရာတွင် စာပေအရေး အသား မည်မျှတိုးတက်လာကြောင်း ထင်ရှားပေသည်။

ကျောက်စာခေတ်အတွင်း နဘောကာရန် အပါအဝင် လင်္ကာကဗျာဆန်ဆန် အရေးအဖွဲ့များကို များစွာမတွေ့ရ သော်လည်း ပျူခေတ်၏နောက်ပိုင်း ပုဂံခေတ်၊ ပင်းယ ခေတ်တို့တွင်မူ ကဗျာလင်္ကာအရေးအစပ်များနှင့် ပတ်သက် ၍ ရတု၊ မော်ကွန်း၊ ချောင်းရေးဖွဲ့မှုများ အတန်ပင်တွေ့ရှိ လာရသည်။

သီချင်းကဗျာနှင့်သက်ဆိုင်သော ပန်တျာအမှုကိစ္စများ သည်ကား ပုဂံခေတ်နှောင်းပိုင်းကာလတွင် ထိုးဖောက်ဝင် လာခဲ့လေပြီ။ ဂီတ၏ အခြေခံဖြစ်သော စည်းတစ်ချက် ဝါး တစ်ချက်ဖြင့်စတင်သည့် ဝါးလက်စည်း အစိတ်အပိုင်းဝင် ကြိုးသီချင်းများကို ယင်း ပုဂံခေတ်နှောင်းပိုင်းမှ စတင် ထွန်းပေါက်လာခဲ့လေပြီ။

သို့သော် ဂုနိဘုရားကျောက်စာ၌ စည်းပတ်သာ အစရှိသော တူရိယာငါးပါးတို့ကို တီးခတ်သူများ ရှိခဲ့ကြောင်းဖြင့်....

"ပဉ္စင်္ဂတူရိယမည်သော စည်ညှင်းဖြင့် နှိုးထထသော စည်းစိမ်လိုရကာ စည်ကြီးပန်တျာပြုသော စည်သည်ကားသူဇာ၊ ငါမတ်၊ ငါမရန်၊ ငါဖုန်ဆုမ်၊ ပသာသည်ကား ငါ့သူရိမ်၊ ခွက်ခွင်းသည်ကားငါဖြူ" ဟူသော အထောက်အထားကို ထောက်ရှုသိနိုင်၏။ မြန်မာ့တူရိယာဂီတသည် ရှေးခေတ်နှစ်ပေါင်း များစွာကပင် အခြေတည်ဘုံ့ခိုင်ခံ့ခဲ့ကြောင်း ထင်ရှားသိသာပေသည်။ ခေတ်ရှည်ညောင်းလာသည်နှင့်အမျှ အသုံးပြုသော တူရိယာပစ္စည်းများသည်လည်း တစ်စတစ်စပျောက်ကွယ်ကာ စည်ကြီး၊ ပသာ၊ ခွက်ခွင်းတို့ကိုတွေ့ရန် မလွယ်ကူတော့ပေ။ သို့တည်းမဟုတ် တူရိယာပစ္စည်းခေါ်ဝေါ်မှု မှားယွင်းလာနိုင်သည်။

တေးသီချင်းများနှင့်ပတ်သက်၍မူ သက္ကရာဇ် ၆၇၄ ခုနှစ်အတွင်း နန်းတက်သူ သီဟသူလက်ထက်တွင်....

"ခါးပတ်တော်မှာ ရွှေချည်စုံ၊ မှိုင်းလုံး ရွှေဝတ်လုံ၊ မလုံသာချမ်းဧ" အစရှိသော ကာချင်းစုဟု ခေါ်ဆိုအပ်သည့် ယင်းအခါက ငွေကြေးတတ်နိုင်သူများ (သို့မဟုတ်) ဘုရင်မျိုးနွယ်များ ဝတ်စားဆင်ယင်ပုံတို့ကို ဖော်ကျူးသောသီချင်းစု၊

သက္ကရာဇ် ၇၀၄ ခုနှစ်တွင် နန်းတက်သော မြင်စိုင်းငါးစီးရှင် သီဆိုကခုန်ခဲ့သည့်....

"တာဝတိံသာ နတ်ရွာလော....နတ်ရွာလော" အစရှိကာချင်းသည်လည်းကောင်း၊

"တမောင်းတမောင်း တို့ တမောင်းသည်တမောင်း၊
ဘကောင်းသားလော"

"အုံ့ဘေမည်းကြည်းကာ ရိုက်ကြိုး ပျဉ်ထောင်မျိုး"
စသော ကာချင်းမျိုးစုများသည် ယခု ယနေ့အခါ သီဆို
တီးခတ်နိုင်သူများ ပျောက်ကွယ်စပြုလေပြီ။ ဂီတမိခင်ကြီး
အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်နှင့် ဦးဘသက်
(စိန်ပါတီ၏ ခင်ပွန်း) တို့ နှုတ်ရှယ်စဉ်က သီဆိုကြသေး၏။ယင်း
တေးစုကို နည်းနိသယ ခံရသူသင်ကြားမည့်သူမရှိ၍ ဂီတ
ပညာကျော်ကြီးများကတစ်ဆင့်ဖြန့်ဝေမှု မပြုနိုင်ရှာခဲ့ကြပေ။

ကဗျာလင်္ကာနှင့် သီချင်းတို့ကို မည်သူက စသည်ကို
ဖော်ထုတ်ရန်ကား ခက်ခဲခြင်းမရှိပါချေ။ ကဗျာလင်္ကာတို့
ပေါ်ပြီးကာမှ တေးသီချင်းများခေတ်သို့ ရောက်ခဲ့ရသည်
မှာ မည်သို့မျှ ငြင်းဆိုဖွယ်မရှိပေ။ မြန်မာတို့၏ ကိုယ့်ထီး၊
ကိုယ့်နန်း၊ကိုယ့်ကြငှန်းနှင့်နေထိုင်သည့်ဘဝမှ အရှိန်အဟုန်ကြီး
မြင့်လာခဲ့သော မြန်မာ့စာပေအဖူး အညွှောက်တို့မှ အသီး
အပွင့်တင့်တယ်လာရသည့် အဆင့်ဆင့်တို့သည်ကား အဖိုး
မဖြတ်နိုင်လောက်အောင် ခံ့ညားကြီးမားလှချေ၏တကား။
စာပေများ စပ်ဆိုရေးဖွဲ့ခဲ့ကြကုန်သော စာဆိုရှင်ကြီးများ၏
ဂုဏ်ကျက်သရေတို့ကား ဆိုဖွယ်မရှိချေပြီ။

ကဗျာလင်္ကာများ စကားပြေများသည် မြန်မာတို့၏
ဂုဏ်ကို အလိုလိုမြှင့်တင်ပေးလျက်ရှိတော့သည်။ ကဗျာလင်္ကာ
များကို ဂီတအသံသွင်း၍ ဝစနာ လင်္ကာရဖြစ်စေသည့်နည်းတူ
စည်းဝါးနှင့်အံဝင်ခွင်ကျ အချိုးညီညီသွတ်သွင်းပြီး အတီး
အမှုတ်တူရိယာတို့နှင့် တွဲဖက်သီဆိုနိုင်သော သောတာလင်္ကာ
ရသဖြစ်သော သာသာယာယာ ညှင်းညှင်းတွဲ့တွဲ့ ဆိုရသီရ

သော ပ္လုတသံသို့သက်ဝင်သည့် ကဗျာလင်္ကာတို့သည် ဂီတအဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

သီချင်းဟူသည်ကား အဘယ်နည်းဟု ဆိုရချေသော် စာပေ၊ ကဗျာ၊ လင်္ကာတို့ပေါင်းစည်း၍အသံနှင့် စည်းဝါး စနစ်တကျ အမြင့်အနိမ့် အခုအခံ အဝိုက်အတောတို့ ပြည့်စုံ ကုံလုံစွာ စုစည်းစပ်ဖွဲ့ထားခြင်းသည်ပင် သီချင်းဂီတဖြစ်လာ ရသည်ဟု ဆိုရချေမည်။

သီချင်းခေါ်ဆိုမှုနှင့်ပတ်သက်၍-

ရွှေဟင်္သာပျို့တွင် "ပဉ္စင်ငါးမည်၊ပတ်စည်စောင်းငြင်း၊ သီချင်းစည်းဆုပ်၊ လက်ခုပ်လင်းကွင်း"

မနောဟရီပျို့တွင် "လုလင်သမီး၊ မှုတ်ဘီးစောင်းငြင်း သီချင်း၊ အဲအန်၊ ပန်းမန်ကွမ်းစည်"

ကျေးဇူးတော်ပျို့တွင် "ခရုသင်းရထား၊ ခြောက်ပါး အမျိုး၊ မုရိုးသံပြင်း၊ စောင်းသီချင်းနှင့်၊ ခွက်ခွင်းမောင်း ကြေး" စသည်ဖြင့် အသီးသီးတို့ စပ်ဆိုစဉ်လာရှိခဲ့ကြပါ သည်။ ဤကားသီချင်းပင်တည်း။

ပုဂံခေတ် နိဂုံးပိုင်းမှစ၍ ညောင်ရမ်းခေတ်တွင် ကြိုး သီချင်းစုများ အပြိုင်းအရိုင်းပေါက်ဖွားလာခဲ့ရာမှ ဂီတသု တေသီများ စုစည်းထုတ်ဝေသော မဟာဂီတကျမ်းများ၏ အဖွင့်၌ ယင်း ကြိုးချင်းစုများကိုသာလျှင် မြန်မာမဟာ ဂီတ၏ အခြေခံသီချင်းများအဖြစ် ဖွင့်ဆိုတင်ပြခဲ့ကြ၏။ ကြိုး သီချင်းစုသည် မဟာဂီတ ကျမ်းလာအရဆိုသော် ထိုကျမ်း များ၏ အစောဆုံးသောသီချင်းစုဖြစ်ကြောင်း ဟညီတညွတ် တည်း ဖွင့်ဆိုချက်မည်ပေ၏။ ကြိုးသီချင်းစုများသည် ပုဂံ ခေတ်ကပင် ပေါ်ထွန်းလာပြီဖြစ်ကြောင်းအထောက်အထား

တွေ့ရသည်မှာ ရှင်အဂ္ဂသမာဓိဆိုသော“ နေမိဘုံခန်းပျို့”တွင် ..“မှုတ်တီး၊ငြင်းစောင်း၊ ရွှေနိုင်းနှောင်းနှင့်မိချောင်းပြိုင်ဆော်၊ပြည်တော်ပုလဲ၊အောက်ပြန်လွဲလျက်၊ခွါရှဲစံပေါက်၊ အောက်ကလပ်ကြီး၊ ကင်းပတ်ဆီးလည်း၊ သီးသီးမနိုင်၊သာကွင်းကိုင်လျက်၊ ကောက်ပြိုင်အဲအန်” စသည်ဖြင့် ဖော်ပြထားရာ ကလပ်ကြီးကြိုး၊ကင်းပတ်ကြီး ကြိုးအမျိုးအစားတို့သည် ပုဂံခေတ်ကပင် ပေါ်ပေါက်နေပြီဖြစ်ကြောင်းထင်ရှားကာ မြန်မာ့ဂီတကျမ်းများ၏ ဖော်ထုတ်ချက်အရ ရှေးအကျဆုံး သီချင်းစုများဖြစ်သည်ကိုလည်း မငြင်းသာသဖြင့် မဟာဂီတကျမ်းများအဆိုကိုလည်း ဟုတ်မှန် သင့်သလောက် ဟုတ်မှန်ကြောင်း တစ်နည်းအားဖြင့် ဝန်ခံရပေလိမ့်မည်။

နေမိဘုံခန်းပျို့ပါ“ပြည်တော်ပုလဲ၊အောက်ပြန်လွဲလျက်” ဟူသော ရေးဖွဲ့ချက်အရဆိုသော် မြန်မာတို့၏စောင်းကောက်တူရိယာသည် ထိုအချိန်ကပင် ခေတ်စားသျက်ရှိပြီး ကြိုးညှိနည်းတို့သည်လည်း မလွဲမသွေ ပေါ်ပေါက်စ ပြုနေပြီဖြစ်ကြောင်း ထင်ဟပ်လျက်ရှိလေပြီတည်း။

မဟာဂီတကျမ်းလာ တေးသီချင်းစုတို့ကို ဖတ်ရှုလျက် မြန်မာလူမျိုးတို့၏ ပေါင်းစည်းညီညွတ်မှု ချစ်ခင်စုံမက်မှု၊ သစ္စာတည်ကြည်မှု၊ ရာသီဥတုအမျိုးမျိုး၏ဒဏ်ကို ခံနိုင်ရည်ရှိမှု၊ ရွှေမိုးဆောင်းစသောဥတုသုံးပါးစလုံးနှင့် ရင်ဆိုင်ရခိုက်ရသခံစားမှုအမျိုးမျိုးတို့ ကြုံတွေ့ခံစားနိုင်မှု၊ မြတ်စွာဘုရား၏ တရားတော်ကို ယုံကြည်သက်ဝင်ကိုးစားမှု၊မိမိတို့၏ ဘုရင်အရှင်သခင်တို့အား လေးစားအားထားမှု၊ စာပေရသကို ခံစားတတ်မှု၊ရေမြေဒေသအလိုက်နေထိုင်တတ်မှု၊စိတ်ထားခိုင်မာတည်ကြည်မှုစသည်တို့ကို ထင်ရှားစွာတွေ့မြင်နိုင်ပေသည်။

ဤမျှနှင့်ပင် မြန်မာတို့၏ကိုယ့်တိုင်းနိုင်ငံနှင့် ကိုယ့်လူမျိုးတို့အပေါ် မည်မျှသံယောဇဉ် ကြီးမားခြင်းနှင့် ခင်တွယ်ခြင်းတို့မှာ ပေါ်လွင်နေပြီဖြစ်၏။ ခံ့ညား ထည်ဝါလှသောလှေပွဲသဘင်၊ မြင်းခင်းသဘင်နှင့်ပတ်သက်၍မဟာဂီတ ကျမ်းလာလှေတော်သံနှင့် မြင်းခင်းတော်တေးချင်းစုများကို လေ့လာဖတ်ရှုရခြင်းဖြင့် မြန်မာတို့၏ ရိုးရာဓလေ့ စရိုက်ဖြစ်သောလှေပွဲသဘင်၊ မြင်းခင်းသဘင်စသည်တို့သည် မည်မျှခင်တွယ်မြတ်နိုးဖွယ်ကောင်းကြောင်း ထင်ရှားနေ၏။ ချစ်မြတ်နိုးဖွယ်ရာဇာတိပြီးသော မဟာဂီတကျမ်းလာ သီချင်းစုများသည်မြန်မာနိုင်ငံသားများအဖို့ လက်ကိုင်လက်စွဲပြုရမည့် သီချင်းစုများဖြစ်သည်နှင့်အညီ ယင်းသီချင်းစုများ စုပေါင်းရိုက်နှိပ်ထားအပ်သော မဟာဂီတကျမ်း တစ်စောင် ဖြစ်စေ၊ နှစ်စောင်ဖြစ်စေ၊ ထွက်သမျှ ကျမ်းတိုင်းဖြစ်စေ၊ သို့တည်းမဟုတ် မိမိကြိုက်နှစ်သက် မြတ်နိုးရာ ကျမ်းတစ်စောင်ကိုမူလက်စွဲထား၍ လေ့လာသင့်ပါဘိ။

ယင်းမဟာဂီတကျမ်း အစောင်စောင်နှင့် ပုံနှိပ်စာမူအဖြစ်သို့မရောက်ရှိသေးသော ပေမူပုရပိုက်တို့၏ မူလဇာစ်မြစ်အကြောင်းချင်း စသည်တို့ကား မြန်မာတို့၏ ရိုးရာဓလေ့စစ်စစ်ဟုခေါ်ဆိုရမည့် စာပေအနုပညာရပ်တို့ကို ဖော်ကျူးခြင်းဖြစ်သဖြင့် အမျိုးကို ချစ်သူတိုင်းသိရှိအပ်သည်ဟု ယူဆမိသည်အလျောက် မဟာဂီတကျမ်း အသီးသီးတို့၏ ဖြစ်ပေါ်လာသည့်ဇာစ်မြစ်ရာဇဝင်သာမကဘဲရှေးနှစ်ပေါင်းအတိတ်တောကာလမှ ထိန်းသိမ်းခဲ့ကြသော မဟာဂီတ ပညာရှင်ကြီးတို့၏ မဟာဂီတသီချင်းစုများကို ရင်ဝယ်ပိုက်သိန်းသိမ်းထားခဲ့ကြရာမှ နှောင်းလူများသို့ လက်ဆင့်ကမ်းသယ်ဆောင်

ပို့ချပေးခဲ့ကြပုံ အဖုံဖုံအဝဝတို့ကို လေ့လာမိခဲ့သမျှ တင်ပြရခြင်း ဖြစ်ပေသည်။

နှုတ်တိုက်အာဂုံဆောင်ခဲ့ကြသော တေးချင်းစုများဖြစ်သည့်အလျောက် စာသားများ ကွဲလွဲခြင်း၊ ကျမ်းတစ်စောင်နှင့်တစ်စောင် မူအနည်းငယ် တူညီမှုမရှိခြင်း၊ တေးသွားစည်းဝါး၊အကျဉ်းအကျယ်၊ သံကျသံရောက် အနည်းအကျဉ်းကွာဟနေခြင်း စသည်တို့ ရှိနေခြင်းသည် ဂီတပညာရှင်အပေါင်းတို့အား မည်သို့မျှ အပြစ်ဆိုနိုင်ဖွယ် မရှိချေ။

မဟာဂီတ သီချင်းစုတို့သည် စာပေ အဆင့်သာမကတီးလုံးတီးကွက် ဆိုဟန်ဆိုပေါက် အဆင့်သည်လည်း မည်မျှမြင့်မား ခိုင်ထည်ကြောင်းကို မဟာဂီတလေ့လာ လိုက်စားသူတိုင်း သိပြီးဖြစ်၏။

၁၂၄၇ ခုနှစ်မှ အစပြု၍ ကျွန်သပေါက်ဘဝသို့ ရောက်ရှိလာခဲ့ကြရသောအခါ မဟာဂီတမှာ ပိုမိုမျက်နှာငယ်လာရပြီး တစ်ပါးသူတို့၏ မွေနှောက် ရောစပ်မှုတို့ တရကြမ်းဝင်လာကာ မြန်မာစာပေအဆီအနှစ်နှင့် မြန်မာ့တေးသံမူရင်းတို့ ကွယ်ပျောက်လာရခြင်းက အလွန်ဆိုးဝါးလှချေ၏။

သို့သော် မြန်မာ့ဂီတကို မြတ်နိုးခင်တွယ်သူ မျိုးချစ်မဟာဂီတ ပညာရှင်အပေါင်းတို့၏ အမာခံ စောင့်ရှောက်ထိန်းသိမ်းမှုတို့ကြောင့် လုံးဝကွယ်ပျောက်သွားခြင်းမရှိခဲ့ဘဲ ယနေ့တိုင် ရှင်သန်ဆဲ ရှိနေသေးကြောင်းကား ထင်ရှားလှပေသည်။ နောင် အစဉ်အဆက်မပြတ် ထိန်းသိမ်း စောင့်ရှောက်ရန် အရေးကြီးလှပေ၏။

ရှေးပညာရှင်ကြီးများ တစ်ဦးနှင့်တစ်ဦးမည်မျှလေးစားချစ်ခင်ကြကြောင်း ဤကျမ်းကို အစမှအဆုံး ဖတ်ရှုပြီး

သင်ခန်းစာယူသင့်ကြသည်။ မဟာဂီတကိုမြတ်နိုးလျှင် ပုဂ္ဂိုလ်ချင်းလည်း ချစ်ခင်ရပေမည်။ သို့မှသာ မြန်မာတို့၏ခေတ်အဆက်ဆက်မှ ထွန်းပေါ်ခဲ့သောမဟာဂီတ ပညာရပ်နှင့်မိမိလူမျိုး၏ ယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ရာ ရောက်ပေလိမ့်မည်။ ပညာသည် အချင်းချင်းတစ်ဦးနှင့်တစ်ဦး လေးစားစွာဖြင့်တိုင်ပင်ရင်းနှီးမှုရှိလေလေမဟာဂီတပညာရပ် ပို၍အဓွန့်ရှည် ခိုင်မြဲလေလေ ရှိရမည်မှာမုချပင်တည်း။

ဤကျမ်း၌ ပါရှိသော မဟာဂီတသုတေသနပညာရပ်တို့သည်ကား ကုန်ဆုံးပြီဟု လုံးဝမဆိုနိုင်ပါချေ။ နှောင်းခေတ်၌ အတွေးအခေါ် ပညာပိုင်းဆိုင်ရာတွင် အလွန်စူးရှထက်မြက်သော သုတေသီတို့ သုတေသန ပြုရမည့် အချက်များမည်မျှကျန်ရှိ လိုအပ်နေသေးကြောင်း စသည်တို့ကား သေချာသနစွာ ဖတ်ရှုလေ့လာပါလျှင် သဘောပေါက် ပေါ်လွင်လာပေလိမ့်မည်။ ကျွန်ုပ်ပြုစုသော ဤကျမ်းသည် မဟာဂီတသုတေသနပိုင်းဆိုင်ရာ အခြေခံမျှသာ ဖြစ်သည်ဟု ဆိုလိုပါသည်။

မြန်မာ့မဟာဂီတကို လေ့လာလိုက်စား၍လိုအပ်
ချက်များကို ဖြည့်ဆည်းသုတေသန ပြုကြပါစို့။
မြန်မာ့မဟာဂီတကို သမိုင်းတိုးမှတ်၍ မိမိအမျိုး
သားယဉ်ကျေးမှု အနုပညာကို ဆက်လက် ထိန်း
သိမ်းစောင့်ရှောက်ကြပါစို့၊
မြန်မာ့မဟာဂီတကို ထိန်းသိမ်း စောင့်ရှောက်၍
မိမိတို့၏ ရိုးရာတေးဂီတဖြင့် မြန်မာ့ဂုဏ်ကို မြှင့်
တင်ကြပါစို့။

## ( ၁ )

# မဟာဂီတကျမ်းဟူသည်

ရှေးနှစ်ပေါင်း ၃၀၀ ကျော်ခန့်မှ စတင်ပေါ်ပေါက်လာသော တေးသီချင်းများကား များပြားလှချေ၏။ စုဆောင်းရတတ်သရွေ့ တေးသီချင်းများ ပုဂ္ဂိုလ်အသီးသီးတို့က စုဆောင်းရှာဖွေကာ စာအုပ်စာတမ်းများ အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ယနေ့တိုင် အမည်နာမမျိုးစုံဖြင့် ထုတ်ဝေကြဆဲပင် ရှိသေး၏။

စာအုပ်အဖြစ် ရိုက်နှိပ်ခြင်း မပြုနိုင်ဘဲ ပုရပိုက်စာ၊ ပေစာတို့အဖြစ်တည်ရှိခဲ့ပြီး ထိန်းသိမ်းထားဆဲ (သို့မဟုတ်) ပျောက်ကွယ် ဆုံးရှုံးသွားရခြင်းတို့ဖြင့် နှမြောဝမ်းနည်းဖွယ်ရာအဖြစ်မျိုးလည်း ကြုံတွေ့ခဲ့ကြရပေသည်၊

သီချင်းကြီး စာအုပ်များ၏ အဖွင့်တွင် ပထမဦးစွာ သီချင်းကဏ္ဍကို ဖော်ပြလေ့ရှိသည်။ မှန်ပေ၏။ ကြိုးသီချင်းသည် ကျွန်ုပ်တို့သီချင်းကြီးများစွာတို့၏ မူလပထမ အခြေခံ ဖြစ်သဖြင့် ယင်းကြိုးသီချင်းများနှင့်ပင် စတင်ဖွင့်ဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

ကြိုးသီချင်းများသည် ပုဂံခေတ်နှိုင်းပိုင်းတွင် စတင်ပေါ်ထွက်နေပြီဖြစ်ပြီး ညောင်ရမ်းခေတ်တွင် ကြိုးသီချင်းများ အလွန်ခေတ်စားလာကာ ကြိုးတေး၊ ကြိုးသီချင်းများ အထွတ်အထိပ်သို့ ရောက်ခဲ့ရလေသည်။

ပုံနှိပ်စာလုံးနှင့် ရိုက်နှိပ်ထုတ်ဝေခဲ့သော သီချင်းကြီး သီချင်းခန့်စာအုပ်များအနက် မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် ပြည်မြို့မှရွှေနေ- ဦးရောက် စီရင်သော "ဂီဘမေဒနီ" ကျမ်းသည် အစောဆုံးပေတည်း။ ယင်းကျမ်း၏ နာမည်အပြည့်အစုံမှာ "မဟာဂီဘမေဒနီကျမ်း" ဖြစ်ပေသည်။ ထိုအချိန်သည်ကား အထက်မြန်မာနိုင်ငံ၊ ရတနာပုံမန္တလေး ရွှေမြို့တော်၌ မြန်မာဘုရင်သီပေါမင်း နန်းစံတော်မူခိုက်ဖြစ်ပေသည်။ "မဟာဂီတ" သည် ရွှေနေဦးရောက်၏ မဟာဂီတမေဒနီကျမ်းမှ စတင်ခဲ့လေပြီး မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ် ပြာသိုလ၊ ခရစ်နှစ် ၁၈၈၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရိုက်နှိပ်ထုတ်ဝေရောင်းချခဲ့ခြင်းပင်တည်း။

သည်ထက်စော၍ မဟာဂီတဟူသော အသုံးအနှုန်းကို မရှိခဲ့ဖူးဟု ကျွန်ုပ်အနေနှင့် မှတ်ယူမိပါသည်။

သောတလက်ာရ အပါအဝင် အလွန်ရှေးကျသော ရှေးဟောင်းတေးကြီး၊ ဘွဲ့ကြီး၊ သီချင်းကြီးများကို မဟာဂီတဟူ၍ ကင်ပွန်းတပ်ခြင်းသည် အလွန် လျော်ကန် လှပေ၏။ ထို့ကြောင့်ပင်လျှင် သီချင်းကြီး နယ်ပယ်၊ သီချင်းကြီး လောကကို မဟာဂီတ နယ်ပယ်၊ မဟာဂီဘ လောကဟူ၍ ယနေ့တိုင်မပျောက်မပျက် ခေါ်တွင်နေကြခြင်းမှာ မည်သို့မျှ ငြင်းဆိုဖွယ်ရာ မရှိပါချေ။

ခံ့ညားကြီးကျယ် ထည်ဝါလှသော ရှေးသီချင်းကြီး၊ သီချင်းခံများကို စုပေါင်းစီစဉ်ရိုက်နှိပ်ထားသည့်မဟာဂီတ မေဒနီကျမ်းကို ဂီတပညာသည်ဘိုင်းနှင့် သဘင်ပညာသည် မှန်သမျှ မလွတ်တမ်းလက်ကိုင်ထား သုံးစွဲကြရသည်။ ဂီတ ပညာလိုက်စားလျှင်မဟာဂီတကျမ်းလာ တေးများမှအခြေခံ ပညာသင်ကြားခံယူရ၏။ ဇာတ်မင်းသား၊ မင်းသမီး၊ လူ ကြမ်း၊ မင်းသားကြီးမှန်သမျှ ဂီတကျမ်းလာတေးများကို ကြေညက်ကြရ၏။

ဂီတအဆိုကျော်၊ အတီးကျော်မှန်သမျှ မဟာဂီတကျမ်း ကို ကြေညက်ရ၏။ တေးပြုစာဆိုပုဂ္ဂိုလ်သည်ရှိ မဟာဂီတကို တတ်ကျွမ်းရ၏။ နှောင်းခေတ်၏ နောက်ဆုံးဂီတစာဆိုကျော် နန်းတော်ရှေ့ဆရာတင်၊ ဝိုင်အမ်ဘီ ဆရာတင်၊ ဆရာရိုက်၊ ဆရာညွှာ၊ ရွှေတိုင်ညွန့်၊ ရွှေပြည်အေး စသူများသည် မဟာဂီတနှင့် ပတ်သက်၍ ကောင်းစွာ အစမ်းခံနိုင်သူများ ဖြစ်ကြ၏။ မဟာဂီတမှ အခြေခံ၍ ဂီတပညာကို စတင် သင်ကြား ခံယူခဲ့ကြသူများ ဖြစ်ပေ၏။

ဤမျှအဓိကကျသော မဟာဂီတမေဒနီကျမ်းအား မူလ စီစဉ်သူ ရွှေနေဦးရောက်သည် စည်းစနစ်ကျနစွာ စက်တင် ပုံနှိပ်ခဲ့သော်လည်း ထိုအချိန်အခါက စာပေနှင့်ပုံနှိပ်လောက ကို လက်ဝါးကြီးအုပ်နိုင်ခဲ့ကြသူ၊ ရန်ကုန်မြို့ရှိ အိန္ဒိယလူမျိုး များအနက် ကေနာဂူမေရာစာအုပ်တိုက်မှ အဖန်ဖန်တလဲလဲ ထပ်မံရိုက်နှိပ်ရောင်းချရာတွင် ကြီးကြပ်တည်းဖြတ်သူ၊ တတ် ကျွမ်းနားလည်သူ မပါရှိသဖြင့် အကျအပေါက် အမှား အယွင်း များပြားလှပြီး ထိုမဟာဂီတမေဒနီကျမ်းမှာ ငမ်း နည်းဖွယ်ရာ တိမ်မြုပ်သွားရသည်။

၁၉၂၃ ခုနှစ်တွင် သူရိယတိုက်မှ "မဟာဂီတအသစ်" ဟူသော ဂီတကျမ်းတစ်စောင်ထွက်လာသည်။ ယင်းကျမ်းမူရင်းကို ကျွန်ုပ်ထံ၌သခုတိုင်ရှိသော်လည်း ဒုတိယနှိပ်ခြင်းဟု ပါရှိသဖြင့် ပထမနှိပ်ခြင်းမှာ ၁၉၂၃ ခုနှစ်ထက် စောပေလိမ့်မည်။

သို့သော် သေသပ်မှုမရှိလှသဖြင့် ၁၉၂၄ ခုနှစ်ဦးပိုင်းတွင် ကျိုက်လတ် ဦးပြုံးချို စီစဉ်သော "မဟာဂီတ ပေါင်းချုပ်ကျမ်း" ပေါ်ထွက်လာသော အခါ "သူရိယမဟာဂီတအသစ်" မှာ ချုပ်ငြိမ်းခဲ့ရပြန်သည်။

မဟာဂီတ ပေါင်းချုပ်ကျမ်းသည် စီစဉ်ပုံအတန်ပင်သေသပ်လှသဖြင့် ဂီတပညာရှင်များနှင့် သဘင်ပညာရှင်ကြီးများ မှန်သမျှ လက်ကိုင်ပြုရလောက်အောင် ကျော်ကြားလာတော့၏။ ကျိုက်လတ် ဦးပြုံးချို၏ အမည်ပျောက်လျက် "မဟာဂီတ ဦးပြုံးချို" ဟူသော အမည်က ဖုံးလွှမ်းသွားတော့သည်။

သို့သော် ၃၇ မင်း နတ်အကြောင်းနှင့် ပတ်သက်၍မူ သူရိယမဟာဂီတအသစ်က အစုံလင်ဆုံးဟု ဆိုရချိမ့်မည်။

သက္ကရာဇ် ၁၁၆၇ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင် ရွှေအစဉ်အဆက်က ပသခဲ့သည့် ၃၇ နတ်မင်း နတ်တို့ကို ပွဲကနားသဘင် ကျင်းပ ကခုန်တီးမှုတ်ရာ ပတ်၊နှဲ၊လင်းကွင်း၊ မည်သို့ကခုန်သည့် အချက်အလက်၊ နတ်ထိန်း နတ်နေတို့ မည်သည့်အဝတ်ကို စွဲဆောင်သည့် အမှတ်အသား များကို နတ်ထိန်းနတ်နေအတီးသမားတို့ကို မေးစစ်၍ မှတ်သားထားရမည်။ ဘုန်းတော်ကြီးလှသော အိမ်ရှေ့ဘုရားအမိန့်တော်ကို ဦးထိပ်ရွက်ဆင်ရသည့်အတိုင်း အိမ်ရှေ့တော်ကြီး တောင်

လေသာဆောင်တွင် ဆိုင်းအတီးဆရာ ငမြတ်သာ၊ တေရှတ်တို့နှင့် အတီးတတ်သူတို့ကိုမေးစစ်၍ တီးမှုတ်ပြသစေပြီးလျှင် မှတ်သားထားသည့် ဆင်ယင်နည်း၊ တီးမှုတ်နည်းများနှင့် ပေါင်း၍ သက္ကရာဇ် ၁၁၈၂ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့တွင် နတ်ထိန်းကြီးကဝိဒေဝကျော်၊ ရာဇဝင်ငန်း၊ ရာဇဝင်တက်တို့နှင့်တိုက်ဆိုင်၍ ၃၇ နတ်စဉ်၊ အမျိုးအမည်၊ ဆင်ယင်ပသနည်း၊ တီးမှုတ်နည်း၊ နတ်သံများကို မဟာဇေယျသူရကသည် မင်းကြီးမဟာသူရ ဘွဲ့မည်ရသော ရွှေနန်းတော်ကြီးအတွင်းဝန် မြဝတီမြို့စား မှတ်သားစုထားသည့် စာရင်းစာတမ်းဟူသော ရှင်းလင်းချက်နှင့်တကွ ၃၇ မင်းနတ်များအကြောင်း စုံလင်စွာဖော်ပြပြီးလျှင် မည် သည့် နတ် တွင်မည်သည့်အတီးတီး၍ မည်သည့်အဆို သီဆိုရမည်စသည်ဖြင့် စုံလင်စွာ ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ်ကျမ်းတွင် ၃၇ မင်းနတ်အကြောင်းနှင့်ပတ်သက်၍ အတန်အသင့် ဖော်ပြထားခြင်းပါရှိသော်လည်း သူရိယမဟာဂီတ အသစ်လောက်မစုံလင်ပေ။

သို့သော် ကဏ္ဍအလိုက်ခွဲခြားထားပုံနှင့် သေသပ်ပုံတို့မှာမူ အလွန်ကောင်းမွန် ပီပြင်လှသဖြင့် မဟာဂီတပေါင်းချုပ်ကျမ်းမှာ တစ်ဟုန်ထိုးနာမည်ကျော်ကြားသွားပြီး ဂီတပညာရှင်များသာမက ဂီတပညာရှင်များသာမကတော့ဘဲ ဝါသနာရှင်များကပါ တစ်အိမ်တစ်အုပ်ကျစီ ဝယ်ယူသိမ်းဆည်းထားရလောက်အောင် ထင်ရှားသွားတော့၏။ အနည်းငယ်ဆိုဖွယ်ရှိပေ၏။ "ညှင်းလေကသွေး" ပတ်ပျိုး၊ "ညိုညို

ဆိုင်းဆိုင်း" ပတ်ပျိုး၊ "မဟီယင်ဘောင်" ပတ်ပျိုး စသော သီချင်းတို့ကို ယိုးဒယားပိုင်းတွင် ထည့်သွင်းထားခြင်း စသော ချိုယွင်းမှုများကို တွေ့ရှိရသေး၏။ ဦးပြုံးချို ကိုယ်တိုင်ရေးစပ်သော "တေးဘုမ္မာ" "ဇာတိအာဏာ" "ဇေယျတုသဒ္ဒ" "ပဗ္ဗတာဟေမဝန်တောင်" "မြန်နိုင်ငံ ပြည်ကြီး" စသော ထိုခေတ်က အလွန်ကျော်ကြားနေသည့် သီချင်းကြီးများပါရှိလာသဖြင့် လူသုံးအများဆုံးမဟာဂီတ ကျမ်းကြီးတစ်ဆူအဖြစ် ကျော်ကြားလာခြင်း ဖြစ်အံ့ ထင်သည်။

မည်သို့ပင်ဆိုစေ ထိုအချိန်ထိုအခါက နောက်ဆုံးထွက် ပေါ်လာသော ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ်ကျမ်း သည် မဟာဂီတကျမ်းများအနက် အကောင်းဆုံးဟု အတိ အကျဆိုနိုင်ပေသည်။

ထိုကျမ်းထွက်ပြီး မကြာမီအတွင်းမှာပင် "မဟာဂီတ" မပါရှိဘဲနှင့် သီချင်းကြီး၊ သီချင်းခန့်များ ကောက်နုတ် ဖော်ပြထားသော ကျမ်းတစ်စောင် ထွက်ပေါ်လာသည်။ အမည်မှာ "ဂီတဝိသောဓနီ" ကျမ်းဟူ၏။ ထုတ်ဝေသူမှာ မင်းတုန်းမင်းနှင့်သီပေါမင်းနှစ်ဆက်တိုင်တိုင် စောင်းပညာ နှင့် အသုံးတော်ခံခဲ့သူ စောင်းဆရာကြီး ဒေဝဣန္ဒာ ဦးမောင် မောင်ကြီး၏ တပည့်ရင်း စောင်းဆရာကြီး ဦးမောင်မောင် လတ်ကိုယ်တိုင်ထုတ်ဝေသော ကျမ်းတစ်စောင် ဖြစ်သဖြင့် ဂီတပညာရှင်များ၊ သဘင်ပညာရှင်များ အားကိုးအား ထားနှင့် ဝယ်ယူသုံးစွဲကြသော်လည်း ခဲလေသမျှသဲရေကျ ဖြစ်ခဲ့ရပေသည်။

စာအုပ်အရွယ်အစားနှင့် အထူအပါးမှာ သူရိယမဟာဂီတ အသစ် အရွယ်မျှလောက်သာရှိပြီး စာအထားအသိုများမှာ ချို့ယွင်းမှုအလွန်များပြားလှပြီး သီချင်းစီစဉ်ပုံ အထားအသို မသန့်သဖြင့် လုံးဝအောင်မြင်မှုမရရှိခဲ့ပေ။

ဤစာအုပ်ရိုက်နှိပ်ပြီးမှ မိမိတို့စာအုပ်စီမံချက် ညွှံ့ဖျင်းကြောင်းကို စီစဉ်ထုတ်ဝေသူများသိရှိကာ နိဒါန်း၌ —

"ဤစာအုပ်ကိုပုံနှိပ်ရာတွင် ကျွန်ုပ်တို့ကိုယ်တိုင်နှင့်တကွ ပုံနှိပ်တိုက်ရှိစာပြင်ဆရာ၊ အယ်ဒီတာတို့ မအားလပ်သဖြင့် ကြပ်မတ်ကြည့်ရှု ပြုစုပြင်ဆင်ရန်အတွက် ဂီတဘက်တွင်တတ်ကျွမ်းသူ ပုဂ္ဂိုလ်တစ်ယောက်ကို ဤကျမ်းစာအတွက် သီးခြားကြည့်ရှုပြင်ဆင်ပုံနှိပ်ရန် အဖိုးလက်ခပေး၍ ငွေရမ်းရိုက်နှိပ်ခဲ့ရာ ထိုစာပြင်ဆရာသည် ပြောဆိုကတိဝန်ခံရင်း ရှိသည်နှင့်မညီ ဂီတဘက်တွင်ထင်သလောက်မပေါက်ပြောက်ပြောက်ကျားကျားတိမ်းချော်မှားယွင်းချက်တို့ မြောက်မြားနေသည်ကို စက်တင်ပုံနှိပ်ပြီးစီးမှသိရသဖြင့် ပြင်ဆင်ချက်များပြား၍ ပြင်ဆင်ချက်တွင်မပါလာဘဲ ကြွင်းကျန်ရှိသည့် မှားယွင်းချွတ်ချော်ချက် အနည်းငယ်တို့ကို တွေ့ရှိတော်မူပါက ပုံနှိပ်တိုက်နှင့်တကွ ကျွန်ုပ်ကျမ်းပြုစု စီရင်သူတို့အား အပြစ်တင်တော်မမူဘဲ သည်းခံ ပြင်ဆင် ဖတ်ရှုတော်မူရန် လေးမြတ်စွာတောင်းပန် အစီရင်ခံအပ်ပါကြောင်း" ဟူ၍ ဝန်ခံတောင်းပန်ထားလေသည်။

ဝန်ခံထားသည့်အတိုင်း စာအုပ်၏ နောက်ဆုံးပိုင်းတွင် စာမျက်နှာ ၁၂ မျက်နှာမျှ အမှားပြင်ဆင်ချက် ထည့်သွင်း ဖော်ပြထားသော်လည်း အမှားလုံးဝ မကင်းစင်နိုင်သည့် အပြင် စာအုပ်ချုပ်ပြီး ထုတ်လုပ် ရောင်းချသောအခါ အထက်ဖော်ပြပါနိဒါန်းကိုရှေ့နောက်ပြောင်း ပြန်ဇောက်ထိုး ထည့်သွင်းပါရှိလာသည်။ ထိုအကြောင်းများကြောင့် ပထမ အကြိမ်ရိုက်နှိပ်သော ထို ဂီတဝိသောဓနီ ကျမ်းကြီးမှာ အထင်ကရ မဖြစ်လာတော့ဘဲ ဆုံးရှုံးကွယ်ပျောက်သွားခဲ့ရ လေသည်။

ယင်းဂီတဝိသောဓနီကျမ်းကို ဖတ်ရှုပြီး အားမလိုအား မရရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ပြန်လည်ပြင်ဆင်ရိုက်နှိပ် ထုတ်ဝေရန် ဖြစ်ပေါ်လာရတော့သည်။ ထိုပုဂ္ဂိုလ်ကြီးကာ အခြားမဟုတ်။ အနုပညာပိုင်းတွင် စွယ်စုံမှန်သောက်ဘု ဆိုရမည့် ကွယ်လွန်သူ အာဇာနည်ခေါင်းဆောင်ကြီး၊စာပေ ပညာကျော် ဒီးဒုတ် ဦးဘချို ပင်တည်း။

ဒီးဒုတ်ဦးဘချိုသည် ဂီတဝိသောဓနီကျမ်းကို ပြန်လည် တည်းဖြတ် သုတ်သင်ပြင်ဆင်ရာတွင် နေ့မအိပ်ညမအိပ် အထူး ကြိုးစားလုံးပန်းခဲ့ရရှာ၏။

ထွက်ခဲ့ပြီးသမျှသော မဟာဂီတကျမ်းများတွင် မပါရှိခဲ့ ဘူးသေးသော ရှေးသီချင်းကြီးများကို ကြိုးပမ်းရှာဖွေ ထည့်သွင်းရိုက်နှိပ်လိုသဖြင့် မိမိအဆက်အသွယ်ရှိဖူးသူများထံ မေးမြန်းစုံစမ်းရရှိသရွေ့ တေးသီချင်းများကို စုဆောင်း ပြီးနောက် ဂီတပညာရှင်ကြီးများနှင့် ညှိနှိုင်းပြင်ဆင်ရိုက်နှိပ် ထည့်သွင်းလိုက်သဖြင့် ဂီတဝိသောဓနီကျမ်းကြီးမှာ သံရိုး

ပိုင်းနှင့်လေးပေါက်အောက်ပြန်ပိုင်းတို့တွင် ပိုမိုပြည့်စုံသွားရတော့သည်။

ပြည်မြို့ရှိ မဟာဂီတပညာရှင်ကြီး ဆရာမြစ်ထံတွင် ပြည်ပြည်မင်းပေါင်းနှင့် အမင်းမင်းခရ သီချင်းခံများကို တေးစာသားရရှိရုံမျှမဟုတ်ဘဲ တေးသွားကိုပါ တိတိကျကျရရှိပြီးမှ မိမိတည်းဖြတ်ပြင်ဆင်သော ဂီတဝိသောဓနီကျမ်းတွင် ထည့်သွင်းခဲ့လေသည်။

မဟာဂီတတေးသီချင်းများကို မြန်မာနိုင်ငံအနှံ့အပြားရှိ ရှေးပညာကျော်ကြီးများထံ၌ အပတ်တကုတ် လိုက်လံရှာဖွေ တက်ယူလျက်ရှိသူ စောင်းဆရာကြီး ဦးထွန်းဖေ (၁၂၆၂–၁၃၀၆) သည် အဆိုတော်ကြီး ဒေလီညွန့်နှင့်အတူ ပြည်မြို့သို့ သွားရောက်သီဆိုတီးခတ်ရာမှ ဆရာမြစ်ကြီးနှင့်တွေ့ဆုံပြီး မိမိမရရှိသေးသောသီချင်းများကို တက်ယူလျက် သီချင်းများရှာဖွေစုဆောင်းနေသူ ဒီးဒုတ်ဦးဘချို အား ပြသခဲ့ခြင်းဖြစ်သည်။

ဤမျှမကပေ။ မည်သည့်ပုရပိုက် မည်သည့်ပေစာများတွင်မျှ ရှာဖွေမတွေ့ခဲ့သေးသော ကိန္နရာချောင်းခြားပတ်ပျိုးတစ်ပုဒ်ကို ကံအားလျော်စွာ ရှာဖွေ တွေ့ရှိကာ ဂီတဝိသောဓနီ ကျမ်းတွင် ဖြည့်စွက် ထည့်သွင်းနိုင်ခြင်းမှာ အတန်ပင် ထူးခြားသည်ဟု ဆိုရပေမည်။

ယင်းသီချင်းနှင့်ပတ်သက်၍ ဒီးဒုတ်ဦးဘချိုသည် ဂီတမိခင်ကြီးဒေါ်စောမြအေးကြည်နှင့် ဆွေးနွေး တိုင်ပင်သောအခါ မမျှော်လင့်ဘဲနှင့် ထိုသီချင်း၏ အစအနကို ရရှိတော့သည်။ သီချင်း၏ နောက်ကြောင်းအာဖြစ်သနစ်ကား မထူးသော်လည်း အနည်းငယ်ဆန်းသည်ဟူ၍လည်း ဆိုနိုင်ပေ၏။

မြန်မာဘုရင်လက်ထက် နန်းတွင်းအသုံးတော်ခံ ထိပ်သီး ဂီတအနုပညာရှင်ကြီးများကား မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ မြန်မာဘုရင်ပါတော်မူပြီးနောက် ဝါးအစည်းပြေ သကဲ့သို့ ခိုကိုးရာမဲ့ဘဝသို့ရောက်နေချိန်ဝယ် သီပေါစော်ဘွား ကြီး စောခွန်ဆိုင်၏စောင့်ရှောက်မှုဖြင့် တစ်စုတစ်စည်း ပြန် လည်စုစည်းမိကာ သီပေါသို့ရောက်ရှိလာကြသည်။

စောခွန်ဆိုင်မရှိသည့်နောက် သားဖြစ်သူ ဆာစောချယ် လက်ထက်သို့ ရောက်ရှိလာချိန်တွင်လည်း ဂီတပညာကျော် အပေါင်းတို့မှာ ဆက်လက်မှီခိုလျက်ရှိကြကုန်၏။ အချို့သော ပညာရှင်တို့မှာမူ မန္တလေးမြို့မှာပင် ဖြစ်သလိုကြုံသလို ကျပန်း လုပ်ကိုင်စားသောက်လျက်ရှိကြလေသည်၊

၁၃ နှစ်သမီးအရွယ်ကပင် ဆာစောချယ်က ကောက်ယူ သိမ်းပိုက်ခံခဲ့ရသူ ခင်စိန်ကြည် (ခေါ်) စောမြအေးကြည် သည် သီပေါဟော်တွင်းရှိ နန်းတွင်းလက်ထက်တော်မှ မဟာ ဂီတပညာကျော်ကြီးများ၏ ဂီတပညာရပ်များကို မခြွင်း မချန်သင်ကြားခံယူရတော့သည်။ သီပေါဟော်တွင်းသို့ မရောက်မီကပင် စောမြအေးကြည်အမည်ခံယူမည့် ခင်စိန် ကြည်အား ဂီတပညာရပ်များ အခြေခံမှစတင်သင်ကြားပေး ခဲ့သူ ငယ်ဆရာဦးလူကြီးသည်လည်း သီပေါဟော်သို့ ရောက် ရှိလာရပြန်သည်။

ဦးလူကြီးဟူသောပုဂ္ဂိုလ်ကား နှယ်နှယ်ရရမဟုတ်ပါချေ။ မြန်မာဘုရင် လက်ထက်တော်အခါက ဘုရင့်အသုံးတော်ခံ အဆိုကျော် "မဓုသဒ္ဒရွှေတောင်ကျော်စွာ" ဘွဲ့ရ အနုပညာ ကျော်ကြီးဖြစ်ပေသည်။

# ( ၂ )

# ပျောက်ဆုံးနေသော ကိန္နရာချောင်းခြား

တစ်နေ့သော် ပေါ်တွင်း၌ ဦးလူကြီးက တပည့်ရင်းဖြစ်သူ ဂီတမိခင်ကြီးစောမြအေးကြည်နှင့် ဂီတအကြောင်းများဆွေးနွေးနေရာမှ စကားတစ်ရပ်မေးမြန်းချက် ထွက်လာခဲ့သည်။

"သမီးကြည်ကြည်ရေ၊ အဖေကြီးတို့မန္တလေးရွှေမြို့တော်မှာ ရှာဖွေမရတဲ့သီချင်းတစ်ပုဒ် ရှိတယ်ကွယ့်။ တခြားတော့မဟုတ်ပေဘူး၊ လေးပုဒ်သောကိန္နရာချောင်းခြား အနက် "ပေါဝန့်စုံမြိုင်" နှင့် "မြူဝန်းလိုခို" "ဖြေနိုင်ပေါင်" သုံးပုဒ်ကိုသာ ရရှိကြပေမယ့် ကျန်တစ်ပုဒ်က အစရှာမရပေဘူး။ အဲဒါ သမီးကြည်ကြည်များ ရှာဖွေရရှိထားသလားလို့"

ဤသို့ မေးမြန်း ရသည်မှာ အကြောင်း ရှိပေသည်။ စော်ဘွားကတော်ဘဝတွင် ရွှေငွေနှင့် စက်ပြီးရှာဖွေရရှိထားသော ဆရာပေါင်းစုံထံမှ ဂီတပညာများမှာ အတန်ပင်

AYE S. MYINT

ပြည့်စုံကြွယ်ဝနေပြီ ဖြစ်သဖြင့် ဆရာဖြစ်သူက ရလိုရငြား မေးမြန်းတီးခေါက်ကြည့်ရခြင်းပေတည်း။

"ဟုတ်ကဲ့ဖေဖေကြီး၊ အဲဒီကျန်တင်ပုဒ်က ဘယ်မှာမှ ရှာမရ။ နန်းတွင်းပေစာများမှာလဲ ရှာမရပါ။ သို့သော် မေမေကြီးတပယ်ခင်ဥရဲ့ကောင်းမှုကြောင့် သမီးလေးတော့ ရလိုက်ပါပြီ။ သီချင်းအစက မယ်သေချင်လိုက်ပါဘိတဲ့ ဖေဖေကြီးရဲ့"

"အလို... ကောင်းလိုက်ပါဘိ သမီးရယ်။ အဖေကြီးတို့လဲ ရွှေနန်းတော်မှာ တစ်စွန်းတစ်စကြားလိုက်မိပါရဲ့။ သို့သော် လျှိုကြဝှက်ကြနဲ့ အဲဒီသီချင်းဟာ ပေပေါ်တောင်မရောက်ခဲ့ လေတော့ မခက်ပေဘူးလားကွယ်"

မြန်မာဘုရင်ပါတော်မူပြီးနောက် ပျောက်ဆုံးလုရှိနေသော ကိန္နရာချောင်းခြားပတ်ပျိုးတစ်ပုဒ်ဖြစ်သော "မယ်သေချင်လိုက်ပါဘိ" မှာ ဤအချိန်မှစ၍ ပြန်လည်ပေါ်ပေါက်လာခဲ့တော့၏။ ဤသီချင်းကိုစတင်ခဲ့သူမှာ စောမြအေးကြည်ပင်ဖြစ်၍ စောမြအေးကြည်ကို စနစ်တကျပြသပေးခဲ့သူမှာ တပယ်ခင်ဥ(ခေါ်)နန်းတွင်းသူကြီးပေတည်း။

တပယ်ခင်ဥသည် ကသည်းလူမျိုးဖြစ်၏။မန္တလေးရတနာပုံမြို့တည် ဘဝရှင်မင်းတုန်းမင်းတရား၏ ညီတော် တပယ်မြို့၊ မော်နိုင်းမြို့ ချောင်းဦးဆယ်ရွာစား တပယ်ကိုယ်တော်ကြီးက သိမ်းပိုက်ထား၍ တပယ်ခင်ဥဟု ခေါ်တွင်သည်။ ညီမဖြစ်သူ

မှာလည်း တပယ်ခင်သစ်အမည်ဖြင့် တပယ်မင်းသား၏ ကြာဘ်ရာတော်ပင်ဖြစ်လေသည်။ တပယ်မင်းသားကြီးမရှိသည့်နောက် တပယ်ခင်ဥမှာ နန်းတွင်းမြင်းစာရေးတော်ကြီး မောင်မောင်တုတ်နှင့် အကြောင်းဆက်ခဲ့ပြီး တပယ်ခင်သစ်မှာ နန်းတွင်းဂီတပညာကျော် ယိုးဒယားဆရာအုံးနှင့် လက်ဆက်ခဲ့ပေသည်။ ညီအစ်မနှစ်ဦးစလုံးပင် ဂီတကျွမ်းကျင်သော်လည်း အစ်မတော်တပယ်ခင်ဥမှာ ပိုမိုထွန်းပေါက်လှ၏။

တပယ်ခင်ဥ၏ ဆရာရင်းမှာ မင်းတုန်းမင်းတရားအထိ မင်းလေးဆက်ဘိုင် သူကောင်းပြုခြင်းခံရသော အမရပူရ ရွှေမြို့တော်၏"ကွမ်းဘိုးထိန်းနေမျိုးသီရိကျော်စွာ"ဟူသော ပုဂ္ဂိုလ်ကြီးပင်တည်း။ တပယ်ခင်ဥသည် သီပေါစော်ဘွား ဆာစောချယ်၏ ဆက်လက်သူကောင်းပြု၍ ဂီတပါရဂူကြီး အဖြစ်နှင့် သီပေါဟော်နန်းတွင် ဂီတပညာများဖြန့်ဖြူးနေရာမှ ဖြစ်မြောက်ထွန်းပေါက်မည်ဟု တွက်ဆမိသော စောမြ အေးကြည်ကို အထူးဂရုစိုက်၍ ကြိုးကြိုးပမ်းပမ်းသင်ကြား ပြသပေးခြင်း ဖြစ်ပေသည်။

မယ်သေလိုက်ချင်ပါဘိ ပတ်ပျိုးကို စောမြအေးကြည်၏ ငယ်ဆရာ မဓုသဒ္ဒါရွှေတောင်ကျော်စွာ ဦးလူကြီးကိုယ်တိုင် စောမြအေးကြည်ထံတွင် တက်ယူရာမှ မန္တလေးမှခိုလှုံလာကြကုန်သော အဆိုကျော်ဆရာမှန်(စိန်ဗေဒါကို အဆိုသင်ပေးသူ)၊ ဘာဂျာနှင့်ပတ္တလားဆရာတာ၊ စန္ဒရားဆရာ ဆရာမောင်စသော စောမြအေးကြည်ထက် များစွာဝါရင့်အသက်ရင့်ကြသည့် ဂီတအကျော်အမော်များလည်း မယ်သေချင်

လိုက်ပါဘိကို တက်ယူကြတော့သည်။ အဆိုကျော်ဒေလီညွန့်ကလည်း စောမြအေးကြည်ထံတွင် လက်ထပ်သင်ကြားတက်ယူပြီး မန္တလေးမှ ပတ္တလားနှင့်စန္ဒရားဆရာဖြစ်သူ ဆရာဘကလေးအား တစ်ဆင့်တက်ပေးလိုက်ပြန်သည်။ ဒေလီညွန့်၏ ခင်ပွန်းဖြစ်သူမှာ ပတ္တလားဆရာဘကလေး၏ ညီအရင်းတော်စပ်၍ ဆရာဘကလေး၏ အငြိမ့်အဖွဲ့တွင် စည်းတီးဆရာဖြစ်လေသည်။

မင်းတုန်းမင်းနှင့် သီပေါမင်း၊ မင်း နှစ် ဆက် တိုင် စောင်းတော်တီးအဖြစ် အမှုထမ်းရွက်ခဲ့ရသော ဒေဝဣန္ဒာ မောင်မောင်ကြီးမှာ အသက်အရွယ် ကြီးလာသောအခါ စစ်ကိုင်းတောင်တွင် ရဟန်းဝတ်နှင့် သီတင်းသုံးတော်မူပြီး မန္တလေးရှိ ကွယ်လွန်သူ ဆိုင်းဆရာကြီး ဆရာစိမ့်၏ဇနီး ဒေါ်တိုးအိမ်သို့ မကြာခဏရောက်လာတတ်လျက် ဂီတပညာများကို ရဟန်းဝတ်နှင့်ပင် ဖြန့်ဖြူး ပေးတတ်ပေသည်။ ဒေါ်တိုးနေအိမ်တွင် ဒေဝဣန္ဒာဘုန်းတော်ကြီးရှေ့၌ ဂီတပညာကျော်များ သီဆိုတီးမှုတ်နေကြရာမှ မယ်သေချင်လိုက်ပါဘိ ပတ်ပျိုးကို ဆိုတီးပြလိုက်ကြလေရာ—

"ဟဲ့-ဟဲ့ ...ဒီတေးချင်း ဘယ်က ရလာကြသတုံး" ဟု မေးတော်မူလေသည်။

"တင်ပါ....သီ ပေါ စော် ဘွား ကြီး ၏ ကြင် ရာ တော် စောမြအေးကြည်ထံမှ ရရှိလာကြောင်းပါဘုရား"

"ကြည်ကြည် (စောမြအေးကြည်ကို ဆိုလိုသည်) က ဘယ်ကရသတဲ့တုံး"

"ဟောင်နန်းတွင် စံနေတော်မူခဲ့သော ကွယ်လွန်ပြီဖြစ်တဲ့ တပယ်ခင်ဦ မင်းသမီးကြီးထံမှ ရရှိသည်ဟု သိရှိကြောင်းပါ ဘုရား"

"အင်း....အစ်မကြီးခင်ခင်ဦဆိုပါလား။ မှန်ပါပေတယ် ဒကာကြီးများ။ အင်မတန်ပြောင်မြောက်တဲ့ ဂီတပညာရှင်ကြီးပေပဲ။ ဦးပဥ္စင်းလဲ မယ်သေချင်ပတ်ပျိုးကို ယယ်စဉ်က ရရှိခဲ့ဖူးပါရဲ့။ ယခုမေ့ပျောက်လုဆဲဆဲမှာ အသက်ဆက်ပေးခဲ့ရှာတဲ့ အစ်မကြီး ခင်ခင်ဦကို ကျေးဇူး တင်လှပါပေရဲ့ ဒကာကြီးတို့"

မယ်သေချင်လိုက်ပါဘိပတ်ပျိုးသည် နန်းတွင်းပေမူများတွင်လည်း ပါရှိခြင်းမတွေ့ရသဖြင့် ဆန်းကြယ်လှပေသည်။ ပေမူပြုစုသူများ၏ ချို့ယွင်းချက်ပေလား၊ လျှို့ဝှက်တတ်သော ရှေးဂီတပညာရှင်များ လက်ချက်ပေလား ဟူ၍ကား အတပ်မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ မယ်သေချင်လိုက်ပါဘိ ပတ်ပျိုးတစ်ပုဒ် မပျောက်မပျက် ယနေ့တိုင်တည်ရှိနေခြင်းသည်ကား တပယ်ခင်ဦနှင့် ဒေါ်စောမြအေးကြည်တို့၏ ကြီးမားသော မဟာကျေးဇူးတော်ဟူ၍ မုချသိမှတ်ရပေမည်။

ဤမျှရှားပါး ခက်ခဲနက်နဲလှသော ပတ်ပျိုးကို ဒီးဒုတ်ဦးဘချိုသည် သီချင်းပါလျှင် ပြီးစေ သဘောမထားဘဲ ဒေါ်စောမြအေးကြည်ထံမှ အစအဆုံးသေချာစွာ တက်ယူပြီးမှ မိမိကျမ်းတွင် ထည့်သွင်းလိုက်ခြင်းဖြစ်၏။ သို့သော်

ဤမျှ ဂရုစိုက်သည့် ကြားမှပင် မှားမိအောင် မှားလိုက်ရသေး၏။ မဟာဂီတပေါင်းချုပ်ကျမ်းကို ပြုစုစဉ်က ဦးပုံးချိုသည် ဒေါ်စောမြအေးကြည် ထံမှ ဤသီချင်း စာသားကို ရှာဖွေတောင်းယူခဲ့ရာ "သဲငယ်လောင်မြေ့၊ မြောက်တောင်အိုဘယ်ဆီ" နေရာတွင် "သဲငယ်လောင်မြ" ဟူ၍ (မြေ့) နေရာ၌သဝေထိုးပြုတ်ပြီး အစိပ်ပေါယ်လုံးဝမရှိသော (မြ) ဟူသော စကားလုံးပါရှိနေသည့်အတိုင်း ဦးဘချို၏ "ဂီတဝိသောဓနီ" ကျမ်းမှာလည်း ပါရှိသွားခဲ့ပြန်သည်။

ဦးပုံးချို ကိုယ်တိုင် သီချင်းလာယူစဉ်က ဒေါ်စောမြအေးကြည် နှုတ်မှ ရွတ်ဆိုပြသည့် စကားလုံးများကို လိုက်ရေးပေးသူ ကိုဖိုးဟန်ဆိုသူက အမှတ်တမဲ့ သဝေထိုးပြုတ်ကျန်ခဲ့သည့်အတိုင်း ပုံနှိပ်ရာတွင်လည်း ထိုအတိုင်းပါရှိသွားခြင်းပင် ဖြစ်သည်။ ကိုဖိုးဟန်သည် ပုဇွန်တောင်တစ်ဝိုက်တွင် ထိုအချိန်က လူမိုက်ကြီးတစ်ဦးအဖြစ် ကျော်ကြားနေသူဖြစ်သော်လည်း လက်ရေးလက်သား အလွန်ကောင်းမွန်လှပသူဖြစ်သဖြင့် ဒေါ်စောမြအေးကြည်နှင့် ခင်ပွန်းဆရာတင်တို့က ခေါ်ယူရေးခိုင်းခြင်း ဖြစ်ပေသည်။ ဒေါ်စောမြအေးကြည်တို့နှင့် ဆုံတွေ့ရသူ လူမိုက်ကိုဖိုးဟန်မှာ မဟာဂီတ တေးသီချင်းများနှင့် အကျွမ်းဝင်ပြီး အကျွတ်တရား ရကာ သူတော်ကောင်း ဘဝသို့ ရောက်ရှိ သွားရခြင်း မှာလည်း အတန်ပင် ထူးခြားသည်ဟု ဆိုရပေမည်။

"မြေ့" နှင့် "မြ" မှားယွင်းချက် များကို ဒေါ်စောမြအေးကြည်နှင့် ခင်ပွန်းဆရာတင်တို့အပြင် ဒီးဒုတ်ဦးဘချိုတို့ကလည်း လာရောက် သီချင်းတက်ယူသူ များအား

ရှင်းလင်းပြောပြ ပြင်ဆင်ပေးသဖြင့် အမှန်အတိုင်း သိဆိုနေကြောင်းဖြစ်သော်သည်း ဂီဘကျမ်းများတွင်မူ အမှားအယွင်းအတွင်း ပါရှိမြဲပါရှိနေသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။

ဂီတဝိသောဓနီ ကျမ်းမှာ မဟာဂီတ ကျမ်းများအနက် အထင်ရှားဆုံးကျမ်းတစ်ဆူ ဖြစ်လာရတော့သည်။

ပထမနှိပ် ဂီတ ဝိသောဓနီကျမ်း ထုတ်ဝေသော နှစ်မှာ ၁၂၇၅ ခုနှစ် ကုန်ဆုံးပိုင်း၊ ၁၉၂၄ ခုနှစ်ဦးပိုင်းတွင် ထွက်ပေါ်လာခြင်းဖြစ်၍၊ ဦးပြုံးချို မဟာဂီတပေါင်းချုပ်နှင့် မတိမ်းမယိမ်း တုတ်ဝေရောင်းချခြင်း ဖြစ်သော်လည်း ဦးပြုံးချို မဟာဂီတ ကောင်းမွန် သေသပ်သလောက် ပထမနှိပ် ဂီတဝိသောဓနီမှာ အတန်ပင်ချွတ်ယွင်းလှသဖြင့် အလိုအလျောက်တိမ်မြုပ်သွားရလေသည်။

ဒီးဒုတ်ဦးဘချို ပြင်ဆင် ကြီးကြပ် ရိုက်နှိပ်သော ဂီတဝိသောဓနီကျမ်းကို ၁၉၃၅ ခုနှစ်တွင် စတင် ထုတ်ဝေ ဖြန့်ချိခဲ့ရာ ထိုကျမ်းမှာ အခိကရ ပေါ်လွင်ထင်ရှား ကျော်ကြားသွားတော့သည်။ ပထမနှိပ်နှင့် ဒုတိယအကြိမ် ပြင်ဆင်ပေါ်ထွက်လာသော ဂီတဝိသောဓနီကျမ်းမှာ ၁၂ နှစ်မျှကွာခြားခဲ့၏။ ဤသို့ ဖြစ်ရခြင်း အကြောင်းရင်းမှာ အမှားအယွင်း နည်းနိုင်သမျှ နည်းအောင်၊ သေသပ်ပိရိ ကောင်းမွန်သည်ထက်ကောင်းမွန်အောင်၊ သီချင်းများပြည့်စုံသည်ထက်

ပြည့်ငုံအောင် မွမ်းမံနေရခြင်းတို့ကြောင့် ၁၂ နှစ်မျှ အချိန် ကြန့်ကြာခဲ့ရခြင်း ဖြစ်ပေ၏။

ဤမျှအပင်ပန်းခံပြီး ထုတ်ဝေရာ၌ ဒီးဒုတ် ဦးဘချိုသည် “ဤကျမ်းကို ကြပ်မတ်သုတ်သင် ပြင်ဆင်လိုက်ကြောင်း”ဖြင့် ဋီကာအကျယ်မချဲ့ဘဲ၊ ရိုးသားလှသော နိဒါန်းဖြင့် တင်ပြလိုက်ပြီး ပထမအကြိမ်ရိုက်နှိပ်စဉ်က နိဒါန်းကိုလည်း ပထမ ပူးတွဲဖော်ပြ လိုက်သေး၏။

( ၃ )

# မန်းတောင်လက်ယာ

ဤကျမ်းကြီးထွက်ပြီးနောက် "မန်းတောင်လက်ယာ" တေးသီချင်းတစ်ပုဒ်မှာ ထူးခြားစွာပြောင်းလဲခဲ့ရလေသည်။ မူလမဟာဂီတကျမ်းများတွင် ပါရှိခဲ့သော "ကုဏ္ဍာ .. ကုဏ္ဍာ အိုင်မြတ်မင်းငယ် မင်းငယ်လေ၊ ငါးမည်ကြာနံ့ သင်းတယ် သင်းတယ်လေ၊ ရှင်ရင်းဗုဒ္ဓါမြတ်စွာ၊ ဓမ္မစကြာတရားကိုလှ ဟောမိန့်သံကြားပါလို့ (ဖော်များတဲ့မိဂဒါဝုန်) ၂သည်တောမှာ၊ မောင်ရဲ့သာလို့စုံ" ဟူသော စာသားအတိုင်း သီဆိုခဲ့ကြ၏။ ရန်ကုန်မြို့ရှိ ရွှေအဆိုကျော်ကြီး လှည်းတန်းဦးလူကလေး၊ ပုလဲဆရာလှကြီး၊ ဦးဘအိုကြီး စသူများသည် ယင်းစာသားများအတိုင်းသာလျှင် သီဆိုခဲ့ကြ၏။

ပုလဲဆရာလှကြီးကမူ "သည်တောမှာ မောင်ရဲ့သာလို့စုံ" သည် ယုတ္တိ မတန်ဟုဆိုကာ "သည်တောမှာ မျှောင်ရဲ့သာလို့စုံ" ဟု ပြင်ဆင်သီဆိုခဲ့ဖူး၏။

စောင်းဆရာကြီး မဟာဂီတဦးပြုံးချို၊ စောင်းဆရာညိမ်း၊ စောင်း ဆရာကျော်၊ စန္ဒရား ဦးဘလတ်ကြီး စသော ရှေး တူရိယာ ပညာကျော် များကလည်း ဤနည်း အတိုင်းပင် တီးခတ်ခဲ့ကြလေသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ပင် ငယ်ရွယ်စဉ်က ဤသို့ပင် တီးခတ်သီဆိုခဲ့ကြသည်။

၁၉၃၅ ခုနှစ်ထုတ် ဂီတဝိသောဓနီ ထွက်ပြီးနောက် အထက်ဖော်ပြပါအပိုဒ်မှာ အလိုအလျောက်ပပျောက်သွား က "ဒုမ္မာလေ ဒုမ္မာကြိုင်ပျံ့မွှေးတယ်လေး၊ နန္ဒာကန်သာ ရေမြအေးတယ်အေးတယ်လေး၊ ဟိုရှေးလေရာဇဂြိုဟ်ပြည်လို၊ စည်ဗဟိုတော်ကဟိန်းတာမို့၊ ဘေးရန်ခပ်သိမ်းလေတို့ငြိမ်း လေငြိမ်းလေပါလို့၊ ကြာတံဆိပ်နှင့်ဗျာဒိတ်တော်လာ၊ မိန့် ခွန်းလေ၊ ခွန်းလေချိုမြသာ" ဟူသောအပိုဒ်က လွှမ်းမိုးခေတ် စားလာတော့သည်။

ပထမမူကို အတိုဟုခေါ်ကြပြီး၊ ဒုတိယမူကို အရှည်ဟု အလွယ်တကူခေါ်ခဲ့ကြ၏။ ဂီတသမားတစ်စုဘို့ ပေါင်းစု သီဆိုတီးမှုတ်ကြရဝယ် မန်းတောင်လက်ယာကို ဆိုမည်၊ တီးမည်ပြုသောအခါ ဂီတသမားအချင်းချင်း "အတိုလား အရှည်လား" ဟု မေးယူကြသည်အထိ ဖြစ်ခဲ့ဖူးသေး၏။ သို့နှင့် မူလအဆိုအတီးများသော အတိုနည်းမှာ တစ်စတစ်စ နှင့် တိမ်ကောသွားတော့၏။

ဒီးဒုတ်ဦးဘချိုသည် "ရှင်ရင်းလေဗုဒ္ဓါမြတ်စွာ၊ ဓမ္မ စကြာတရားကိုလှ၊ ဟောမိန့်သံကြားပါလို့၊ ဖော်များတဲ့

မိဂဒါဝုန်'' စာသားကို မူလကတည်းက ဘဝင်မကျခဲ့ပေ။ ရှမ်းပြည်မှဆင်းလာကြသော ဦးတင်နှင့် ဒေါ်စောမြအေးကြည် ဇနီးမောင်နှံတို့ သီဆိုကြသည့် အရှည်စာသားကို နားဆင်ရသောအခါ "အဲဒါမှ မန္တလေးဘွဲ့ ယိုးဒယားဖြစ်တော့မှာပေါ့ဗျာ၊ ပထမစာသားထဲက ဖော်များတဲ့မိဂဒါဝုန်ဆိုတာက ဘယ်ကနေ ဘယ်လိုရောက်နေမှန်းမသိပါဘူး'' ဟုပြောဆိုပြီး ဒေါ်စောမြအေးကြည် ဇနီးမောင်နှံထံမှ အရှည်စာသားကိုကူးယူကာ ဂီတဝိသောဓနီကျမ်းတွင် ထည့်သွင်းရိုက်နှိပ်ခဲ့ခြင်း ဖြစ်လေသည်။

ဒီးဒုတ်ဦးဘချို၏ စေတနာကား ကြီးမားလှပေ၏။ မူလစာသား ပယ်ပျောက်ကာ ဦးဘချို ကြိုက်နှစ်သက်သောစာသား ခေတ်စားလာစေရန်အတွက် ဂီတဝိသောဓနီ ဒုတိယနှိပ်ခြင်းထွက်ပေါ်လာပြီးသည်နှင့်မြန်မာသက္ကရာဇ် ၁၂၉၇ ခု၊ ခရစ်နှစ် ၁၉၃၅ ခုနှစ်တွင် ရန်ကုန်မြို့၌ မန်းတောင်လက်ယာသီချင်းဆိုပြိုင်ပွဲ ကျင်းပခဲ့လေသည်။

ပြိုင်ပွဲစည်းကမ်းချက်တွင် "သီချင်းအဆို ပြိုင်လိုသူများသည် ဂီတဝိသောဓနီကျမ်းတွင်ဖော်ပြပါရှိသော စာသားအတိုင်းဖြစ်ရမည်။ ထိုစာသားအတိုင်းမရရှိကြလျှင် ဒီးဒုတ်ဦးဘချို၊ ဒေါ်စောမြအေးကြည်နှင့် တယောကိုတင်ထံတွင် တက်ယူနိုင်ပါသည်''ဟူ၍ ဖော်ပြထားသဖြင့် ပြိုင်ပွဲဝင်လိုသူတိုင်းဖော်ပြပါပုဂ္ဂိုလ်များထံတွင် လာရောက်တက်ယူယှဉ်ပြိုင်ကြရာမှ မူလမန်းတောင်လက်ယာမှာ အလိုအလျောက်ခေတ်တိမ်သွားတော့သည်။ ဒီးဒုတ်ဦးဘချို၏ ရည်မှန်းချက်မှာ

ရာနှုန်းပြည့်အောင်မြင်သွားတော့၏။ မူလမန်းတောင်လက်ယာကို ယနေ့တိုင် မည်သူမျှ မဆိုကြတော့ပေ။

အရှည်မန်းတောင်လက်ယာကို တယောဦးတင်သည် မဗိုသဒ္ဒရွှေတောင်ကျော်စွာ ဦးလူကြီး၏တပည့် မန္တလေးမြို့၌ အထည်ဆေးဆိုးလုပ်ငန်း လုပ်ကိုင်နေသူ ကိုမောင်ဘဆိုသူထံမှ မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်၊ ခရစ်နှစ် ၁၉၁၂ ခုနှစ်တွင် စတင်ရရှိခဲ့သည်။ ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်သည် ထိုသီချင်းရရှိလာခြင်းအကြောင်းရင်းဗျူပွတ်ကို ဆရာဖြစ်သူ ဦးလူကြီးထံတွင်မေးမြန်းရာ ဦးလူကြီးက "မောင်ဘသီဆိုတဲ့ မန်းတောင်လက်ယာက မူရင်းပဲကွယ့်၊ စင်တော်ကြီးမင်းသားတွေ ဆိုရင်းဆိုရင်း တဖြည်းဖြည်း တိမ်းပါးသွားတာ ဖြစ်လိမ့်မယ်။ ရုပ်သေးမင်းသမီးရုပ်ဆောင် မောင်ထွန်းအိုင် (အဆိုတော် ဦးထွန်းအိုင်)တို့၊ မင်းသားကြီးကိုစိန်အုပ်တို့ ဒီမန်းတောင်လက်ယာကို ကောင်းကောင်းရကြတယ်" ဟုဖြေဆိုမိန့်ကြားခဲ့လေသည်။

ဒေဝဣန္ဒာ မောင်မောင်ကြီး၏ တပည့်ရင်း စောင်းဦးမောင်မောင်လတ်သည် သူ၏ ဂီတ ဝိသောဓနီ ကျမ်းကြီးအောင်မြင်ကျော်ကြားသွားသောအခါသုတ်သင်တည်းဖြတ်ပေးသူ ဒီးဒုတ်ဦးဘချိုအား "ကိုရင်ချိုရဲ့ ကျေးဇူး ကြီးပါပေတယ်။ ကိုရင်ချို ပင်ပန်းရကျိုး နပ်ပါပေတယ်" ဟူ၍ ချီးကျူး ကျေးဇူးတင်စကားပြောခဲ့သည်။

ဂီတဝိသောဓနီ ပေါ်ထွက်ခဲ့ပြီးနောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသည်အထိ နောက်ထပ် မဟာဂီဘကျမ်းများ မထွက်လာတော့ပေ။

သို့သော် ဂီတဝိသောဓနီကျမ်းမထွက်မီ လေးနှစ်ခန့်က ထွက်ခဲ့သော ကျမ်းတစ်ကျမ်းကားရှိသေး၏။ ထိုကျမ်း၏ အမည်အပြည့်အစုံမှာ....

"ရွှေနန်းထွက် မဟာဂီတကျမ်းကြီး" ဟူ၏။

စန္ဒရားဆရာမှိုင်ကြီး ကြပ်စီ စဉ်ပုံ နှိပ် ထုတ် ဝေ ခဲ့ပြီး ၁၉၃၀–၃၁ ခုနှစ်အတွင်း တစ်အုပ်လျှင် သုံးကျပ်နှင့်ရောင်းချခဲ့ရာ စီစဉ်ပုံအတန်သေသပ်သဖြင့် သုံးစွဲသူအတော်ပင်များပြားခဲ့သည်။ အထားအသိုသပ်ရပ်၏။ စာလုံးများသန့်ပြန့်၏။ အတောခုရမည့်နေရာ၊ ဆွဲငင်သီဆိုရမည့်နေရာ စသည်ဖြင့် ထင်ရှားသော အမှတ်အသားများကို စနစ်တကျဖော်ညွှန်းထား၏။ နတ်ချင်းများကိုမူ မင်းကြီး၊မင်းကလေး၊သမားစဉ် အဆိုအကမျှသာ ဖော်ပြထားလျက် ကျန်နတ်ချင်းများကို စာအုပ်၏ နောက်ဆုံးပိုင်းတွင် သီးခြား တင်ပြထားပုံမှာ တစ်မူထူးခြားလေသည်။

မဟာဂီတပေါင်းချုပ်တွင် ဦးပြုံးချိုကိုယ်တိုင်ရေး ပုလဲသံစဉ်တေးများ ဖော်ပြထားသလိုပင် ရွှေနန်းထွက်တွင် စန္ဒရားဆရာမှိုင်ကြီးရေးဖွဲ့သော "နတ်နန်းဝေယန်" အစချီ ရန်ကုန်မြို့ဖွဲ့ ပတ်ပျိုးတစ်ပုဒ်ရိုက်နှိပ်ပါရှိ၏။ သီချင်းခေါင်းစဉ်တွင် "ဥက္ကလာပမြို့တော်ချီးသောပတ်ပျိုး၊ ၁၂၈၅ ခုနှစ်၊ စန္ဒရားဆရာမှိုင်ရေး" ဟု ဖော်ပြထားသည်။ ဂီတပညာရှင်များသာ မဟုတ်ချေ။ ထိုသီချင်းကိုအောက်ပြည် အောက်ရွာရှိ ပုဂ္ဂိုလ်တိုင်းပင် နှင်ခြိုက်ကြ၏။ မဟာဂီဘကျမ်းလာ တေးမှန်သမျှ အထက်နိုင်ငံမန္တလေးရွှေမြို့တော်ကို ချီးပသော

တေးချင်းများသာပါရှိကာ ရန်ကုန် ရွှေမြို့တော်ကိုဖွဲ့ခဲ့သည့် ဆရာမြိုင်၏ တစ်ပုဒ်တည်းသော "နတ်နန်းဝေယံ" နှင့်ပင်လျှင် အကြေသားများခမျှ ဝမ်းသာမဆုံးရှိကြပြီး ရွှေနန်းထွက် မဟာဂီတကျမ်းမှာလည်း အောက်မြန်မာနိုင်ငံတစ်ဝန်း၏ လက်သုံးတော်ဖြစ်ခဲ့ရလေသည်။

ဆရာမြိုင်သည် မူလအစက နှဲဆရာ ဖြစ်ခဲ့သော်လည်း ကျန်းမာရေးမကောင်းသဖြင့် စန္ဒရားဆရာဘဝသို့ကူးပြောင်းခဲ့သူဖြစ်သည်။ အသံတိတ် ရုပ်ရှင်ပေါ်ဦးစချိန်တွင် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီ တီးဝိုင်းအဖွဲ့ ခေါင်းဆောင် စန္ဒရားဆရာအဖြစ်နှင့် ဝမ်းရေးကို ဖြည့်တင်း နေရသူဖြစ်သဖြင့် သူ၏ "ရွှေနန်းထွက် မဟာဂီတ ကျမ်းကြီး" ကို ဒုတိယအကြိမ်ဆက်လက်ထုတ်ဝေခြင်း မပြုနိုင်ခဲ့ပေ။ မူလရိုက်နှိပ်ချိန်မှာ ဆရာမြိုင်ထံ၌ စန္ဒရား အတီးသင်ခဲ့ဖူးသူ ဆာဂျေအေမောင်ကြီး မြန်မာနိုင်ငံ၏ ခေတ္တ ဘုရင်ခံ ဘဝတွင် ချီးမြှောက်ရိုက်နှိပ် ထုတ်ဝေပေးခြင်းမျှသာဖြစ်သည့် အတွက် နှောင်းကာလတွင် ဒုတိယနှိပ်၊ တတိယနှိပ်များ ပေါ်မလာနိုင်ခဲ့တော့ပေ။

ရွှေနန်းထွက်ကို စီစဉ်ထုတ်ဝေသူ စန္ဒရားဆရာမြိုင်အား ဆရာမြိုင်ကြီးဟုခေါ်တွင်ခဲ့ကြပြီး ဆရာမြိုင်ကြီးကွယ်လွန်ပြီးနောက် ရန်ကုန်မြို့ ဓာတ်ပြားလောကတွင် ထင်ရှားလာသူ ပဲခူးမြို့မှဆရာမြိုင်ကို စန္ဒရား ဆရာမြိုင်ကလေးဟု ခွဲခြားမှတ်သားခဲ့ကြသည်။

ဆရာမြိုင်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး ၁၂၉၆ ခုနှစ်ခန့်၊ အသက် ၅၀ ခန့်တွင် ကွယ်လွန်ခဲ့လေသည်။ အသက် ၄၀ ကျော်လျှင် စန္ဒရားကောင်းစွာ မတီးတော့ဘဲ ကြည့်မြင်တိုင်မှ နဲမည်ကျော်ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဖွားခိုနှင့် အိမ်ထောင်ကျပြီးနောက် ဂီတလောကတွင် ဆရာမြိုင်ကြီးအား တစ်ခါတစ်ရံသာ တွေ့ကြရတော့သည်။ နိုင်ငံကျော် ဆိုင်းဆရာကြီး အလက်ာကျော်စွာ ဦးဘမောင် (မကြာမီက ကွယ်လွန်)သည် ဆရာမြိုင်ကြီး ရေးစပ်သော နတ်နန်း ဝေယံပတ်ပျိုးကို ဆရာမြိုင်ကြီးထံမှာပင် စန္ဒရားလက်ကွက်နှင့် နည်းနိဿယ ခံယူသင်ကြား ခဲ့လေသည်။

မြန်မာဘုရင် ပါတော်မမူမီငါးနှစ်ခန့်အလို ၁၂၄၂ ခုနှစ်မှ ဒုတိယ ကမ္ဘာစစ် မဖြစ်မီကာလအတွင်း မဟာဂီတ မေဒနီ၊ သူရိယမဟာဂီတအသစ်၊ ဦးပြုံးချို မဟာဂီတ ပေါင်းချုပ်၊ ဂီတဝိသောဓနီ ပထမနှိပ်၊ ဆရာမြိုင်ကြီး၏ ရွှေနန်းထွက် မဟာဂီတကျမ်းနှင့် ဒီးဒုတ်ဆရာချို ပြင်ဆင် မွမ်းမံရိုက်နှိပ်သော ဂီတဝိသောဓနီကျမ်း၊ စုစုပေါင်း မဟာဂီတကျမ်းကြီး ခြောက်မျိုး စက်တင် ပုံနှိပ်ထုတ်ဝေခဲ့သည်ကို တွေ့ရှိခဲ့ဖူးပါသည်။

သူမူနှင့်သူ စာလုံး အသုံးအနှုန်း အထားအသို မူကွဲ အမျိုးမျိုး ထွက်ပေါ်ခဲ့ရာ ပညာရှင်များကလည်း မိမိတို့နှစ်သက်ရာ မိမိသန်ရာတို့ကို သီဆိုတီးမှုတ် အသုံးပြုခဲ့ကြလေသည်။

▭<>▭

( ၄ )

# ရှားပါးကျမ်းအချို့

မဟာဂီတကျမ်းဟုအမည်မခံယူဘဲ ရှေးရေးတေးသီချင်းများ ပါဝင် ရိုက်နှိပ်ထားသောစာအုပ်များလည်း ထွက်ပေါ်ခဲ့သေးသည်။

အမှာတော်ရေးမင်း နေမျိုးမင်းထင်သခ်သူ စီစဉ်သော ၁၂၄၄ ခုနှစ်၊ မန္တလေး ရတနာပုံရွှေနန်းတော်ကြီးလွှတ်တော်ရှေ၊ စာပုံနှိပ်စက်ရုံတော်တွင်ရိုက်နှိပ်သည့် ကဝိရတနာကျမ်း။ ယင်းကျမ်းကို ၁၂၇၉ ခုနှစ်အတွင်း ရန်ကုန်မြို့ မောရဝတီသတင်းစာတိုက်က ထပ်မံပုံနှိပ်ရောင်းချခဲ့၏။စာမျက်နှာ ၁၁၇ ရှိပြီး၊ တန်ဖိုးနှစ်ကျပ်ခွဲနှင့် ထုတ်ဝေခဲ့ရာ အတန်ပင်အရောင်းသွက်ပြီး ယခုအခါ အလွန်ရှားရခက်သွားလေပြီ။

သည်ထက်စော၍ ကျမ်းတစ်စောင် ပေါ်ခဲ့ဖူးသေး၏။ မင်းတုန်းမင်းလက်ထက်၌ မင်းတုန်းမင်းကိုယ်တိုင် စေခိုင်းသဖြင့်မင်းတိုင်ပင်ပညာရှိ ဦးဖျော်ရေးသားစီကုံးပြီး ၁၂၃၇ ခုနှစ် ရတနာပုံနေပြည်တော် ရွှေနန်းတော် မြောက်ဥယျာဉ်၌ စာပုံနှိပ်တိုက်၌ ရိုက်နှိပ်သော "ဆွေတော်စဉ်တေးကဗျာ"

ကျမ်းဖြစ်၏။ မင်းအဆက်ဆက်တို့၏ အမည်နှင့် အတ္ထုပ္ပတ္တိများကို စုံလင်စွာ ဖော်ပြထားလျက် အားလုံးသောတေးများမှာ တေးထပ်ချည်းသာဖြစ်သည်။ ဤစာအုပ်ကိုခရစ်နှစ် ၁၈၁၇ ခုနှစ်တွင် ဟံသာဝတီစာအုပ်တိုက်က ထပ်မံရိုက်နှိပ်ထုတ်ဝေခဲ့သော်လည်း ယခုအခါ ရှာမရအောင် ရှားပါးလေပြီ။

ယင်း "ဆွေတော်စဉ်တေးဂဗျာ" ကိုပင် ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်မှ ၁၉၄၀ ပြည့်နှစ်တွင် "ရာဇဝံသတေးကဗျာ" အမည်ဖြင့် ရိုက်နှိပ်ထုတ်ဝေပြန်သည်။

"ကောဒသ သမ္မတရာဇဝင်သာကီဝင် ဆက်စဉ် နွယ်လာထိုကဖြာလျက်၊ မြန်မာနိုင်ငံ ပေါက္ကံမြင်းစိုင်း စစ်ကိုင်းအဝထိုကစ၍၊ ရတနာပူရစတုတ္ထမြို့တည် နန်းတည်မင်းတရားကြီးလက်ထက်တော်တိုင် ရောင်ဖြိုင်ရွှဲလုံး တညီတည်းကုံးသကဲ့သို့ပိုက်ကျုံးယူငင် ရာဇဝင်မင်းဆက်ကို မပျက်ကာရန် ရေးစပ်နည်းတေးထပ်သံတို့ဖြင့် မြန်သပြေဝယ် မင်းတိုင်ပင် ပညာရှိအမတ်ကြီးဦးဖျော်သည် နာပျော်အောင် အကျဉ်းချုံး၍စီရင်ရေးသားအပ်သော ရာဇဝံသတေးကဗျာ" ဟု အတွင်းမျက်နှာဖုံးတွင် ရိုက်နှိပ် ဖော်ပြပါရှိပါ၏။ ဤကျမ်းမှာလည်း ယနေ့ရှာမတွေ့နိုင်ပေ။ ရှားပါးလေပြီ။

၁၂၅၂ ခုနှစ် ဥက္ကလာပပုံနှိပ်တိုက်မှ မန္တလေးအရိုးအိုးမောင်မောင်ဆင်ရေးသားစီရင်သော "တေးမဟာတော်ဝင်" ၁၂၆၂ခုနှစ်၊ ရန်ကုန်မြို့ မြန်မာ့သြဘာ စာပုံနှိပ်တိုက်တွင်ပုံနှိပ်သည့် "မဟာကဗျာကျမ်း" နှစ်တွဲ၊ ၁၂၇၀ ပြည့်နှစ်၊ အထက်မြန်မာနိုင်ငံသတင်းစာ မီးဇက် ပုံနှိပ်တိုက်တွင် ပုံနှိပ်သည့် "ကဗျာသင်္ဂဟမေဒနီကျမ်း" စသည်ဖြင့် ကြိုးဘွဲ့

ပတ်ပျိုး၊ ယိုးဒယား တေးကဗျာတို့ ပါရှိသော ''မဟာဂီတ ကျမ်း''ဝင် တေးကဗျာစာအုပ်များလည်း ထွက်ပေါ်ခဲ့သေး သည်။

ကဗျာသင်္ဂဟမေဒနီကျမ်းကို ပြုစုသူမှာ ပညာဒါ့ပ်မင်း ဦးလှင် ဆိုသူဖြစ်၍ ဒုတိယနှိပ်ခြင်းကို ၅၇ နှစ်မျှကွာခြား လျက် ၁၃၂၈ ခုနှစ်ကျမှ ပျောက်လုနီးနီးဖြစ်နေသော ထို ကျမ်းကို စာရေးဆရာ ရဝေထွန်းက ဟံသာဝတီတိုက်သို့ ပေး ပို့သည်ကို သာသနမဇ္ဈ သိရိပဝရ ဓမ္မာစရိယ ဆရာကြီး ဦးခင်စိုး နှင့် ဦးသိန်းဟန်၊ ဦးတင်နွယ်၊ ဦးဟန်ထွန်း၊ ဦးပု၊ ဦးရွှေဖူး၊ ဦးသိန်းဟန်(၂)စသော ဟံသာဝတီပါဠိဆရာကြီး များအဖွဲ့က တည်းဖြတ်ကြပ်မတ် သုတ်သင်ပြင်ဆင်၍ထုတ်ဝေ ခဲ့လေသည်။

ထိုကျမ်းတွင် တေးကဗျာများသာမကပေ။ စာဆိုကျော် ကြီးများဖြစ်ကြသောရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အဂ္ဂသမာဓိ၊ ရှင်တေဇောသာရ၊ နဝဒေးမင်းကြီး၊ သုံး ထောင်လျော်ကားမှူး၊ ပဒေသရာဇာ၊ ဇေယျရန္တမိတ်၊ တွင်း သင်းမင်းကြီး မဟာစည်သူ၊ စိန္တကျော်သူ ဦးညို၊ ပလိပ်စား ဦးဖျော်၊ ဦးအောင်ဖြိုး၊ ရွှေတိုက်စိုး ဦးတိုး၊ လက်ဝဲသုန္ဒရ၊ ရွှေတောင် နန္ဒမိတ်၊ ဦးယာ၊ မယ်ခွေ၊ ဒုတိယ နဝဒေး၊ မြဝတီဝန်ကြီး ဦးစ၊ စာဆိုတော်ဦးမင်း၊ ကျည်းကန်ရှင်ကြီး၊ စလေဦးပုညု၊ ဆရာကြီး ဦးဝေ တို့၏ အတ္ထုပ္ပတ္တိများ လည်း အကျဉ်းအားဖြင့် ဖော်ပြထား၏။ အတန်ကောင်း သောကျမ်းပေတည်း။

ကဗျာလင်္ကာတေးချင်းများနှင့် ပတ်သက်လျှင် ချန်လှပ် ၍ မရကောင်းသော ကျမ်းတစ်စောင်မှာ ''မြန်မာစာ

ညွန့်ပေါင်းကျမ်း" ဖြစ်ပေ၏။ အင်္ဂလိပ် ဘာသာ ဖြင့် Anthology of Burmese Literature ဟု အမည်ပေးထားပြီး စုဆောင်းပုံနှိပ်ထုတ်ဝေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ လေးတွဲခန့်ရိုက်နှိပ်ကာ တစ်တွဲလျှင်စာမျက်နှာ ၃၀၁ ကျော် ၄၀၀ ခန့်နှင့် ဆိုက်ကြီး၊ အရွယ်ကြီး ချုပ်လုပ်ဖြန့်ချိခဲ့သည်။

တျာဘွဲ့၊ ကြိုး၊ ကာချင်း၊ အိုင်ချင်း၊ သာချင်း၊ အဲ၊ အန်၊ ရတု၊ ရကန်၊ ချောင်း၊ လွမ်းချင်း၊ ထုံးချင်းမှာတမ်း၊ လေးချိုးကြီး၊ စည်တော်သံ၊ လှေတော်သံ၊ တလိုင်းသံ၊ ကရင်ဩသံ၊ ဗုံကြီးသံ၊ သိင်္ဂါသံ၊ ဟန်ချင်း၊ဗိမ္မာသားလွှဲချင်း၊ တေးထပ်၊ ရှစ်ဆယ်ပေါ်၊ ကောင်းတုန်သံ၊ နဘေသံ၊ ဘောလယ်၊ သဖြန်၊ ကာလသံ၊ ထားဝယ်ဒိန်းသံ၊ပြည်ကြီးသံ၊ စောင်းချင်း၊ သီချင်းခံပတ်ပျိုး၊ ယိုးဒယား၊ ကျောက်စာ လင်္ကာ၊ မော်ကွန်း၊ သံချို၊ ပျို့၊ မေတ္တာစာ၊ လူးတား၊ ဆိုင်းဆင့်၊ ပတ်တိုက် စသည်တို့အပြင် ရာဇဝင်စကားပြေ၊ အတ္ထုပ္ပတ္တိ၊ အဓိပ္ပါယ်ရှင်းလင်းချက် စုံလင်ပြည့်ဝ စေ့ငှစွာ တင်ပြထားသည်။

ကျက်သရေဆောင် ရွှေစလွယ်ရမင်း (ကေ၊အကစ်၊အမ်) ဦးကျော်ထွန်း ကြီးကြပ်ပြင်ဆင်လျက် ၁၉၂၁ ခုနှစ်တွင် စ၍ ထုတ်ဖြန့်ခဲ့လေသည်၊ အဖိုးမဖြတ်နိုင်သော အဓိကရ တေး ကဗျာလင်္ကာ စာပေကျမ်းကြီးပေတည်း။ (ယခု နိုင်ငံတော် အစိုးရက ပြန်လည်ရိုက်နှိပ် ဖြန့်ချိနေသဖြင့် အားရဖွယ် ကောင်းလှပေသည်)

▭<>▭

( ၅ )

# ဆရာ ဇေယျနှင့်တွေ့ဆုံ

ကျွန်ုပ်သည် စမ်းချောင်းရပ်ကွက်၊ ကျွန်းတောလမ်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့် (စစ်ကြိုခေတ်)က နေထိုင်ခဲ့ရာ မိမိအိမ်နှင့်မနီးမဝေးရှိ ချမ်းသာလမ်း၊အိမ်အမှတ်(၅)၌ နေထိုင်လျက်ရှိသော ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ထိုပုဂ္ဂိုလ်ကြီး၏ သမီး ဒေါ်မြကြီးနှင့် ဒေါ်မြကြီး၏ခင်ပွန်း စာရေးဆရာကြီး ဆရာဇေယျတို့နှင့် မကြာခဏတွေ့ဆုံရ၏။ အထူးသဖြင့် ဒေါ်မြကြီးသည် ကျွန်ုပ်တို့အိမ်သို့ မကြာခဏ အလည်အပတ်ရောက်လာတတ်ပြီး စကားစမြည်ပြောဆိုလေ့ရှိရာမှ ဆရာဇေယျနှင့် ရင်းနှီးခဲ့ခြင်း ဖြစ်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် အသက်အရွယ်ကွာခြားလှသဖြင့် ကျွန်ုပ်နှင့် များစွာ မရင်းနှီးစေကာမူ စာပေဂီတ ကဗျာလင်္ကာတို့ကို ချစ်မြတ်နိုးလှသူ ဆရာဇေယျနှင့်မူ အလွန်သင့်မြတ်ခဲ့သည်။ ကဗျာ၊ လင်္ကာ၊ ဂီတ၊ စာပေ၊ စာအုပ်ပေါင်း မြောက်မြားစွာရှိနေ၏။ ထိုစာအုပ်များကို ထုတ်ပြလိုက် စာပေဂီတအကြောင်းကို ပြောပြလိုက်နှင့်

တစ်နေ့လုံးလိုပင် အချိန်ကုန်တတ်ကြ၏။ အသံတိတ် ရုပ်ရှင် တီးဝိုင်းတွင် စန္ဒရားတီး၊ အားလပ်သောအခါများတွင် ကျွန်ုပ်သည် ဆရာဇေယျအိမ်မှာပင် အချိန်ကုန်လေ့ရှိ၏။ မှတ်သား၍ မကုန်ခန်းနိုင်သော စာပေဗဟုသုတများ ဆရာ့ထံမှ ကြားနာခံယူရရှိသည်။

ဂီတအကြောင်းများဆွေးနွေးရာမှ မဟာဂီတကျမ်းများ အကြောင်းသို့ ရောက်ရှိသွားကာ အဖိုးအနဂ္ဃထိုက်တန်လှသော စကားတစ်ရပ်ကို ယနေ့တိုင်မမေ့နိုင်အောင်ရှိခဲ့ပါသည်။ မဟာဂီတနှင့်ဆက်စပ်ပြီး သိသင့်သိထိုက် မှတ်သားထိုက်သော အကြောင်းခြင်းရာဖြစ်သဖြင့် ဦးနှောက်၌ သံမှိုစွဲသကဲ့သို့ တန်းတန်းစွဲ အမှတ်ရရှိခဲ့ခြင်း ဖြစ်ပေသည်။ အချို့ကို ကူးယူရေးမှတ်ထားလိုက်သည်။

▭◁ ▷▭

( ၆ )

# ဘားနော့ဒ်ပေမူ

"ဒီလိုဗျ ကိုလှရွှေရ၊ မဟာဂီတကျမ်းတွေကတော့မနည်းလှပါဘူး။ ဒါပေမယ့် ဒီလောကနဲ့ နှစ်သိမ့်ကျေနပ်နေလို့ မဖြစ်သေးဘူးဗျ။ ကျုပ်ခပ်ငယ်ငယ်တုန်းက ဆရာမှိုင်းကြီးဟာ ဒဂုန်မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်နေတုန်းပေါ့။ ဆရာကြီးပြောဖူးတယ်ဗျ။ ရှေးမင်းအဆက်ဆက် နန်းတွင်းမဟာပညာရှင်ကြီးတွေသတ်မှတ်ခဲ့တဲ့ မဟာဂီတတေးတွေ တသီးတသန့်ရှိတယ်။ ဘားနော့ဒ်တိုက်မှာရှိလေရဲ့။ အဲဒီပေမှာရှိတဲ့ သီချင်းခေါင်းစဉ်တွေကူးယူပြုစုပြီး ပျံ့နှံ့နေတဲ့ ပေတွေထဲက တေးသီချင်းတွေနဲ့ ညှိနှိုင်းတိုက်ကြည့်ရင် ပြည့်စုံတဲ့ မဟာဂီတကျမ်းကြီး တစ်ဆူ ဖြစ်လာနိုင်တယ်လို့ ပြောတာနဲ့ ဒဂုန်မဂ္ဂဇင်းက ကျုပ်အပါအဝင် လူငယ်တစ်စုသွားပြီး ဘားနော့ဒ်တိုက်မှ ရှာဖွေခဲ့ကြတယ်"

ဤသို့ပြောရင်း အတွင်းခန်းသို့ဝင်သွားကာ မှတ်တမ်းစာအုပ်တစ်အုပ်ထုတ်ယူလာပြီး ဆရာဇေယျက ဆက်လက်ပြောကြားပြန်ပါသည်။

"ဟောဒီမှာ ကျုပ်မှတ်ထားတယ်၊ ဖတ်ပြမယ်၊ နားထောင်နော်။ အရေပ်ရေပ်သီချင်းခေါင်းစဉ်၊ သက္ကရာဇ် ၁၂၃၂ ခု၊ ကဆုန်လပြည့်ကျော် ၉ ရက်နေ့တွင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မန္တလေးရတနာပုံရွှေမြို့တော်ကြီး၊ မြို့တည်နန်းတည် မင်းတရားကြီးညီတော် တပယ်မြို့၊ မော်နိုင်းမြို့၊ ချောင်းဦးဆပ်ရွာစား၊ အရှင်မင်းသားအမိန့်တော်ကို နာခံရသည်ဖြစ်၍ မဟာသမ္မတမင်းလက်ထက်က ဆင်းသက်ပြီးလျှင် မန္တလေးရွှေမြို့တော်ကြီး မြို့တည်နန်းတည် မင်းတရားကြီးလက်ထက်တော်တိုင် တူရိယာငါးပါး သံများနှင့် မင်းပွဲသဘင် ကျင်းပရာ ရှေးရိုး စဉ်မပျက် သီကုံးတီးမှုတ်သည့် သီချင်းများကို မပျောက်ပျက်စေရ၊ သိတော်မူလိုသည်ကြောင့် ကောင်းမွန်သေချာစွာ မှတ်သားထားရမည်။ အမိန့်တော်ကိုနာခံရသည့်အတိုင်း တူရိယာငါးပါးသံများကို အဘိဓာန်ကျမ်းထွက်နှင့်အညီ မတိမ်းမယိမ်းစေရအောင် ကျွမ်းကျင်လိမ္မာသောကြောင့် မင်းလေးဆက်မြောက် သူကောင်းပြုတော်မူသည်။ အမရပူရရွှေမြို့တော်ကြီး ကွမ်းဘိုးထိန်း နေမျိုးသီရိဇေယျကျော်စွာ၊ အကြီးစာရေး နေမျိုးသီရိ ကျော်ထင်နှင့် ရှေးမင်း အဆက်ဆက် သီကုံးရေးသားထားခဲ့သည့် အရပ်ရပ်သီချင်းဟောင်းမှ လက်ထက်တော်တိုင် ဖွဲ့စီရေးကုံးသည့် သီချင်းများကို သိတော်မူလိုသည်ဖြစ်၍ မှတ်သားရေးထားရသည်။ သီချင်းပုဒ်ရေမှတ်စုတော်လို့ နိဒါန်းရေးထားတယ်ဗျ"

"နိဂုံးမှာတော့ ၁၂၃၂ ခု၊ နယုန်တန်ခူးလဆန်း ၆ ရက်နေ့၊ ၂ ချက်တီးကျော်အချိန်တွင် ဒုတိယတွဲမှစ၍ ဒသမတွဲ

တိုင်အောင်ရှိသည့် သီချင်းများကို အစကောက်ယူပြီးလျှင် ခေါင်းစဉ်ရှိရေးသားသောစာပြီး၏လို့ ရေးထားတယ်''

ဤသို့ပြောပြီး ဆရာသည် သူ၏လက်စွဲတော် ဆေးပြင်းလိပ်ကို ကောက်ယူမီးတို့ကာ အား ၊ ၊ ါ တရဖွာနေ၏။

ဆရာ၏စကား ဆက်လာပြန်ပါသည်။

"စာထဲမှာ ဒုတိယတွဲကစတယ်လို့ ဆိုထားတယ်ဗျ။ ပထမတွဲ ဘာကြောင့်မထည့်တာလဲ။ သို့မဟုတ် ကျုပ်တို့ရှာမတွေ့တာလား မဆိုနိုင်ဘူး။ စာရင်းထဲမှာတော့ သီချင်းခံကြီး၊ သီချင်းခံလတ်၊ သီချင်းခံငယ် ၅၀။ တတိယတွဲ ဘွဲ့ကြီး ဘွဲ့လတ်၊ ဘွဲ့ငယ် ၁၁၁။ စတုတ္ထတွဲ ကြိုးကြီး၊ ကြိုးလတ်၊ ကြိုးငယ် ၁၇၉။ ပဥ္စမတွဲ ပတ်ပျိုးကြီး၊ ပတ်ပျိုးလတ်၊ ပတ်ပျိုးငယ်၊ ဇာတ်လိုက်ပတ်ပျိုး ၁၀၅။ ဆဋ္ဌမတွဲ ဇာတ်လိုက်ပတ်ပျိုး၊ တေးပြောင်း၊ တေးဘွဲ့၊ တေးထပ်၊ ရာသီဘွဲ့ သံထောက်၊ တောရှာသူတို့ဘဝသံထောက်၊ ဘောလယ်၊ ဘောလယ်ပြောင်း၊ ကျောက်စာလုံးသံ၊ ပုလွေကြီးချင်း ၁၆၇။ သတ္တမတွဲ တေးကြီး၊ လေးထွေသံကာပ်၊ ဆွေးဘွဲ့၊ နတ်ပင့်လူးတား၊ နတ်ပင့်ကြိုး၊ နတ်စေးကျူး၊ ဆို၍ကောင်းသည့် နတ်ချင်း၊ ပူဇော်တော်မူသည့် နတ်ကြီး ၁၅ ပါး၊ လင်္ကာ ၁၂၅။ အဋ္ဌမတွဲ တလိုင်းသံ၊ ထားဝယ်သံ၊ သိင်္ဂါသံ၊ လောကနတ်၊ ယိုးဒယားသံ၊ နတ်လဲ့ကြာကြူး ကြာထွက်၊ သံတိုင်သံပေါက်၊ ဒိန်းရတု၊ လူးတား ၁၃၉။ နဝမတွဲ ပတ်ယိုင်၊ မြင်းခင်းကြိုး ၄၆ တွဲ၊ ဒသမတွဲ ၁၇ မင်း နတ်ချင်း၊ နတ်ချာဇာင်၊ နတ်ရုပ်တုဝတ်ဆင်ပုံ၊ နတ်သံပစ်ပုံ၊ တင်ပုံ၊ တီးပုံ၊ ဆိုပုံ၊ဟာန်ယူမာန်နွဲ့ပုံ ၁၅၅။ စုစုပေါင်းသီချင်းပေါင်းစုံ ၁၀၅၇ ပုဒ်ပါရှိတယ်ဗျ။ နည်းတဲ့တေးတွေလား ကိုလှရွှေရာ"

ထိုအခိုက် နာမည်ကျော်စတန့်မင်းသား ရဲခေါင်ချစ်ရွှေကြီးတို့၊ ရုပ်ရှင်သမားတစ်စု စမ်းချောင်းဈေးမှ ထွက်ပြေးလာကြသဖြင့် ဆရာဇေယျတို့ အိမ်သားစုများမှာ လန့်ဖျပ်သွားကြရ၏။

ပဲရော့ရုပ်ရှင်၏ သတ္တိခဲဇာတ်ကား ဇာတ်ဝင်ခန်းအတွက် ရဲခေါင်ချစ်ရွှေနှင့် သူ့တပည့်လူရွှင်တော် နီတွတ်တို့က စမ်းချောင်းဈေးထဲမှ လုသွားသည်ဆိုပြီး လိုက်ဖမ်းကြသည့်အခန်းကို ရုပ်ရှင်ရိုက်ကူးကြကြောင်း သိရှိသွားမှသာ မိသားစုအားလုံးနှင့် ကျွန်ုပ်ပါ ရင်အေးသွားကြရတော့သည်။

ကျွန်ုပ်သည် ရုပ်ရှင်အလွန်နှစ်ခြိုက်၏။ ဝါသနာအလွန်ပါ၏။ သို့သော် ရုပ်ရှင်ထက်နှစ်သက်သော ဂီတအကြောင်းကို ဆွေးနွေးနာယူနေရသောကြောင့် ဆရာဇေယျတို့အိမ်ပေါ်မှ ဆင်းပြေးလိုက်သွားခြင်းမပြုနိုင်ဘဲ ခပ်ငြိမ်ငြိမ်သာ နေလိုက်ရပေသည်။

ဆရာသည် သူ၏ပြောလက်စ စကားကို ဆက်ပြန်သည်။

"ကျုပ်နဲ့အတူ စာရေးနှစ်ယောက်ခေါ်ယူပြီး ဘားနော့ဒ်တိုက်ထဲက ကင်းဝန်မင်းကြီးရဲ့ ပေပုရပိုက်တွေ ရှာဖွေကူးယူကြတာပေါ့။ ဒါပေမယ့် ခရီးသိပ်မရောက်သေးခင်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ဒဂုန်မဂ္ဂဇင်းမှာ နာယက အယ်ဒီတာဘဝက နုတ်ထွက်သွားလို့ ဆက်လက်လုပ်ခိုင်းမယ့်သူလဲ မရှိတော့တဲ့အတွက် အဲဒီမှာပဲ ကျုပ်တို့လုပ်ငန်းလဲ ရပ်ဆိုင်းသွားတာပဲဗျာ"

ယင်းလုပ်ငန်းသာ ပြီးစီးခဲ့လျှင် အဖိုးတန်မဟာဂီတကျမ်းကြီးတစ်ဆူ ဖြစ်ပေါ်မြောက် အောင်မြင်ရမည် ဖြစ်ကြောင်းကို ဆရာသည် နှမြောမဆုံး ယူကျုံးမရ ပြောပြရှာလေသည်။ ထိုကျမ်းကြီးသာ ပေါ်ထွက်ခဲ့လျှင် သီချင်းဖြစ်ပေါ်လာသည့် အကြောင်းရင်းနှင့်တကွ သီချင်းရေးဖွဲ့သည့်သက္ကရာဇ်၊ ရေးဖွဲ့သီကုံးသူ၏ တိကျသောအမည်စသည်များကို စုဆောင်းရှာဖွေကာ ဖော်ပြကြမည်ဟူသော အစီအစဉ် ရှိလေသည်။ သို့သော် ထိုအကြံအစည်မှာ ယနေ့တိုင် အကောင်အထည် မပေါ်နိုင်ပါသေးချေ။

ဆရာဇော်ဂျီ တို့နှင့် မဟာဂီတ အကြောင်း ဆွေးနွေးနားထောင်ပြီး မကြာမီပင် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ အင်္ဂါနေ့နံနက် ၁၀ နာရီ သာသာခန့်တွင် ရန်ကုန်မြို့ကို ဂျပန်များဦးစွာပထမ ဗုံးကြဲချပြီးနောက် ကျွန်ုပ်မှာမိဘများရှိရာ နေရင်းစစ်ကိုင်းမြို့သို့ အဆောတလျင် ပြန်ပြေးခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့လေပြီ။ လုံးဝအကောင်အထည် မဖော်နိုင်ခဲ့ပါ။ ကျွန်ုပ်မှာဝမ်းရေးအတွက် ရုပ်ရှင်ဂီတအလုပ်နှင့်သာ လုံးလည်လိုက်ခဲ့ပါသည်။ ဆရာဇော်ဂျီမကွယ်လွန်မီ ခြောက်လခန့်က ဆရာ့အိမ်သို့ရောက်ခဲ့ရာ ဆရာသည် လွန်ခဲ့သော နှစ်ပေါင်းအတော်ကြာက ပြောခဲ့သည့်စကားကို မမေ့မလျော့နိုင်သေးဘဲ "သီချင်းပုဒ်ရေ တစ်ထောင်ကျော်၊ စာမျက်နှာရှစ်ရာလောက်နဲ့ အကြောင်းအချက်ပြည့်ဝစုံစေတဲ့ ရောမ မဟာဂီတကျမ်းကြီး တစ်စောင်ဖြစ်အောင် ကြိုးစားကြပါဦးဗျာ" ဟုပြောခဲ့ရှာသေး၏။ သို့သော် လွယ်ကူသည့်ကိစ္စ မဟုတ်သည့်အပြင် တစ်ဦး တစ်ယောက်ကောင်းနှင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်သဖြင့် ဂီတပညာရှင်များ၊

စာပေပညာရှင်များ တက်ညီလက်ညီ ဆက်လက်ဆောင်ရွက်ရန် တာဝန်များ ရှိပေသေးသည်။

အမျိုးသားစာပေမြှင့်တင်ရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး၊ မြန်မာ့ရိုးရာဂီတ ထိန်းသိမ်းရေးဟူသည်မှာ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကောင်းနှင့် လုပ်ဆောင်ကောင်းသော ကိစ္စမဟုတ်ပါလေ။ ယနေ့လက်ရှိ ဂီတပညာရှင်ဟောင်းများနှင့် လူလတ်လူငယ်မကျန် မဟာဂီတတတ်ကျွမ်းသိနားလည်သော ပုဂ္ဂိုလ်များ စိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါမှ မြန်မာ့မဟာဂီတ၏ ဇာစ်မြစ်နှင့် မဟာဂီတ၏ တီးကွက်တီးလက် သီဆိုမှုဟန်ပန်တို့ကို နိုင်ငံသားများ နားလည်မှုပိုမိုနက်နဲလာပြီး တိုင်းတစ်ပါးသားများပါမကျန် မဟာဂီတ၏ နက်ရှိုင်းသော ရှေးမူရှေးဟန်အယူအဆ၊ မြန်မာတို့၏ ပီပြင်သော ရသနှင့်တကွ မူလဘူတတီထွင်ခဲ့သော တီးဟန်နှင့် ဆိုဟန် တစ်ပြေးညီညွတ်မှုကို အခြေခံခဲ့ရာမှ တီးကွက်နှင့် ဆိုဟန်ကွဲပြားလာပုံ၊ တီးကွက်ကို မည်သို့မည်ပုံ မြန်မာ့နည်းမပျက် ချဲ့ထွင်လာနိုင်ပုံ၊ ဆိုဟန်ကို မြန်မာ့မူဟန်မပျက် မည်သို့ခွဲခြားချဲ့ကားသီဆိုနိုင်ပုံ၊ မြန်မာတို့၏ ရှေးကန္နဲပုံ၊တွဲ့ပုံ၊အဆွဲအရစ်အဝိုက် မည်သို့ပြောင်းမြောက်ပုံ၊ အာဒျန့် လျှာဒျန့် နှာဒျန့် မည်သို့ကျွမ်းကျင်လိမ္မာပုံ စသည်ဘို့ကို သဘောပေါက် သိရှိနားလည် လာကြလိမ့်မည်ဟု ထင်မြင် ယူဆမိသည်။

မြန်မာတို့၏ စာပေသည် သိမ်မွေ့ နက်နဲ ခက်ခဲလှ၏။ ပရိယာယ်ကြွယ်ဝမြားမြောင် ပြည့်စုံလှ၏။ ရှေးမြန်မာဘုရင်လက်ထက်တော် ပဒေသရာဇ်ခေတ်မှ အစပြုခဲ့ရသည့် တေး၊

ရတု၊ ကဗျာ၊ လင်္ကာများသည် ယင်း ပဒေသရာဇ်တို့၏ ဘုန်းတော်ဘွဲ့၊ ကံတော်ဘွဲ့များ သက်သက်ကိုသာဖွဲ့သော စာပေလင်္ကာတေးသီချင်းများမဟုတ်ပါဘဲ မြန်မာတို့၏ ယဉ်ကျေးမှု အနှစ်သာရတို့ကို ဖော်ကျူးသော ကဗျာ-ဂီတ သုခုမအနုပညာရပ်တို့ ဖြစ်သည့်အကြောင်းရင်းကို မြန်မာတိုင်းရင်းသားမှန်သမျှ ကောင်းစွာသိနားလည် သဘောပေါက်သင့်လှပေသည်။

ဒေါသခြောက်ပါး၊ ရသကိုးပါး၊ ဂုဏ် ၁၀ ပါး စသည် စသည်ဖြင့် နည်းဥပဒေအမျိုးမျိုး ဘောင်ခတ်ထားသော မလွယ်ကူလှသည့် ပညာရပ်ပေတည်း။

တေးဂီတ သီဆိုတီးမှုတ်ရာတွင်လည်း ရှေးခေတ် မဟာဂီတ ပညာ ကျော်ကြီးများ၊ ဂီတ စာဆို ကျော်ကြီးများ စည်းကမ်းချမှတ် ပြုအပ်ခဲ့သည့် စည်းဝါး အကန့် အသတ် အရစ်အဖွဲ့ အလှည့်အပြောင်း အကျယ်အကျဉ်း စည်းမျဉ်း စည်းစနစ်တို့ကို တိကျစွာလိုက်နာသီဆိုတီးမှုတ် အပ်ကြပေ၏။ ရှေးပညာကျော်ကြီးများ စီရင်ချမှတ်ပေးခဲ့သော တေးကြီး ဘွဲ့ကြီးများသည် ယနေ့ခေတ်အခါနှင့် သင့်လျော်ခြင်း မရှိတော့ဟုဆုံးပြီး ပြင်ဆင်ခြင်းမပြုအပ်ပေ။ မကြိုက်မနှစ်သက်လျှင် မဆိုနှင့် မတီးနှင့် ဟုသာ ပြောရပေမည်။ ၎င်းပြီး စည်းအကျဉ်းအကျယ်များအပြင် နောက်ထပ်တိုးချဲ့မှု မပြုအပ်ပေ။ သီချင်း သံကျများ ထပ်နေ၍ ဟိုအသံ သည်အသံ ပြောင်းရွှေ့မချသင့်ပေ။

ရှေးပညာကျော်ကြီးများ၏ နည်းစနစ်သည် သူတို့၏ ခံစားမှု၊ ခံစားချက်အပြည့်ဖြင့် စီရင်ရေးသား တေးဖွဲ့ခဲ့ခြင်း

များ ဖြစ်ပေ၏။ မဟာဂီတတေးများကို စကားပြေအဓိပ္ပာယ် နားမလည်နိုင်ပါက တတ်သိ ကျွမ်းကျင် သူများ ထံတွင် လေ့လာမှတ်သား နာယူကြည့်သင့်၏။ တေးသီချင်းတိုင်း၌ လေးနက်သော အဓိပ္ပါယ် ပါရှိနေသည်။ ခံစားချက်ကို လိုက်လျော၍ သံကျကိုလည်း ဆိုလိုရင်းအဓိပ္ပါယ်နှင့်အညီ သင့်တော် လျော်ကန်သည့်အသံကို ရှာဖွေချပေးထားသည့် အကြောင်း စကားပြေအဓိပ္ပါယ်ဖွင့် ဆိုလိုချက်များသိရသည့် အခါ ပိုမိုရှင်းလင်းလာနိုင်ပေလိမ့်မည်။

စာသား စကားလုံး များနှင့် ပတ်သက်၍မူ မဟာဂီတ ကျမ်းအသီးသီးတို့၏ မူကွဲအမျိုးမျိုးတို့ကြောင့် သီဆိုသူများ မှာလည်း မူအမျိုးမျိုး ခြားနားကွဲပြားနေကြ၏။

အချို့ကမူ စာသားတွင်မပါရှိသော်လည်း အဆက်ဆက် က နှုတ်ကျိုးခဲ့မှုကြောင့် (တျော-တေ-တျာ)ကို(တျော-တျော- တျာ) ဟူ၍ လည်းကောင်း၊ (တေတျာ) သပ်ပေးခြင်းကို (တျော-တျာ)သပ်သည်ဟူ၍ လည်းကောင်း၊ လောကနတ်သံ ကို လျော်ကနတ်ဟူ၍လည်းကောင်း လွဲမှားခြင်းအမျိုးမျိုး ရှိနေတတ်သည်။

ဒေသစွဲဖြင့် သီချင်းမူဟန်ကွဲလွဲကြသေး၏။ မြေလတ်မူ၊ ရန်ကုန်မူ၊ မန္တလေးမူစသည်ဖြင့် အယူသီးမှုရှိကြ၏။ ထို့ပြင် ရဝေနန်းသီချင်းခံကြီးနှင့် ပတ်သက်၍ ကျွန်ုပ်တို့ငယ်ရွယ်စဉ် အခါက အဆိုတစ်မျိုး ပေါ်ရှိခဲ့ဖူး၏။ (မန်းရဝေ-နန်းရဝေ- ရှမ်းရဝေ)ဟု သုံးမျိုး အသိအမှတ် ရှိခဲ့ကြရာ ဆိုလိုရင်း အဓိပ္ပါယ်မှာ မန်းရဝေဟူသည် မန်းမြို့(မန္တလေး)မူ။ နန်း ရဝေဟူသည် နန်းတွင်းမူ။ ရှမ်းရဝေဟူသည် ဒေါ်စောမြအေး

ကြည်တို့ ရှမ်းပြည်ဘက်မှ ပြန့်ပွားလာသောမှုဟူ၍ ခွဲခြား သိမှတ်ခဲ့ကြ၏။ အတိအလင်းဆိုရသော် ထိုမှုသုံးမျိုးစလုံးမှာ ခြားနားလှသည်ဟု မဆိုသာပေ။ အစွဲကြီးမားခြင်းမျှသာ ဖြစ်ချေ၏။

ဆရာဇော်ဂျီ မိန့်ကြားခဲ့သည့် မဟာဂီတကျမ်းကြီးမျိုး ထွက်ပေါ်စေချင်စမ်းပါဘိ။ အလုံးစုံသောကိစ္စအဝဝပြေလည် သွားလိမ့်မည်ဟု မဆိုနိုင်သော်လည်း မဟာဂီတလောကကြီး အဖို့ တစ်မျိုးတစ်ဖုံဂုဏ်ယူနိုင်ဖွယ် ကောင်းပေလိမ့်မည်ဟု ယူဆမိသည်။ တစ်စုတစ်စည်း၊ တစ်မူ တစ်ကျမ်းတည်းနှင့် ညီနိုင်း၍ လွယ်ကူအဆင်ပြေလာအံ့ဟု မျှော်တမ်းမိပါသည်။

□<>□

(၃)

# မုံရွေးမဟာဂီတ

ပေမူ၊ ပုရပိုက်မူတို့မှ စာအုပ်အဖြစ်သို့ ရောက်ရှိမလာခဲ့သေ‌သော အခြားမဟာဂီတသီချင်းအစဉ်များ ရှိသေး၏။ မုံရွေးဆရာတော်၏ ပေမူတစ်ခုမှာ လက်နှိပ်စက်ဖြင့်ရိုက်နှိပ်လျက်စာအုပ်အဖြစ်ပေါ်လာခဲ့ဖူးသေးရာ ထိုကျမ်းအမည်ကို "ဟာသဇဝနည္ဟဏမဥ္စရီ" ဟု ဖော်ပြကာ အိမ်ရှေ့ ရွှေတိုက်စိုး နန္ဒမိတ်ကျော်စွာ လျှောက်ထားချက်အရ မုံရွေးဆရာတော် စီစဉ်ရေးသားတော်မူသည်ဟူ၍ လက်နှိပ်စက်ဖြင့် မျက်နှာဖုံးတွင် ရိုက်နှိပ်တင်ပြထားသည်ကို တွေ့ရှိရသည်။ လက်နှိပ်စက်ကျမ်းစာအုပ်အဖြစ် စီစဉ်ပြုစုသူမှာ "ရွှေဟောင်း စာမေသုတေသီတစ်ဦး" ဟု ဖော်ပြပါရှိလေသည်။

ကျမ်းအဖွင့်တွင် နန္ဒမိတ်ကျော်စွာအမည်ရှိ ပုဂ္ဂိုလ်က မုံရွေးဆရာတော်ထံ တောင်းပန်ချက်ကို ဦးစွာတင်ပြထား၏။

"ဇေယျတု အိမ်ရှေ့ရွှေတိုက်စိုး နန္ဒမိတ်ကျော်စွာ လျှောက်ပါသည်။ မုံရွေးဇေတဝန်ဝိဟာရ၌သီတင်းသုံးနေတော်မူသော အရိယဝံသအာဒိစ္စရံသီပုဂ္ဂိုလ်

အရှင်မြတ်ဘုရား။ ဒကာတော်တို့ မင်းခယောကျ်ား မင်းပါး၌ ရှိနေသောသူတို့သည် အရှင်မင်းစိုးတို့ အလိုတော်ရှိရာ မည်သည့်ပညာမဆို အရှင်အလိုသို့ လိုက်လျက် လေ့ကျင့်မှတ်ထား၍ မေးတော်ရှိလျှင် တင်လျှောက်ရပါသည်။ ကြိုးစုအခြင်းခံကြီးများကို လေ့ကျက်မှတ်သားလို၍ ရှာဖွေရှုံးစုမည် ကြံပါငြား သော်လည်း လူသားဖြစ်၍ မအားလပ်နိုင်ပါ၍ ကိုယ်တော်မြတ်သည် ဗဟုသစ္စဗဟုလ္လပုဂ္ဂိုလ်ဖြစ်၍ ရှုံးစုတော်မူသော အလွယ်တကူပင် ပြည့်စုံရ ပါသည်။ ရှုံးစု၍ သနားတော်မူပါဘုရား ”

ဤတောင်းပန်ချက်အဆုံး၌ မုံရွေးဆရာတော်၏ပြန်ကြား ချက်ကို ဤသို့ရှည်လျားစွာ ဖော်ပြထား၏။ မှတ်သားနာယူ ဖွယ် ကောင်းလှပေ၏။

“မုံရွေးဇေတဝန်ဆရာတော် အရိယာဝံသအာဒိစ္စ ရံသီ ပုဂ္ဂိုလ်သူမြတ် မေတ္တာစကားကြားရောက်အပ် သော ဒကာရွှေတိုက်စိုး ရန္တမိတ်ကျော်စွာ၊ ဒကာ လျှောက်ထားသော စကားတွင်ဒကာတော်တို့မှာ လူ သားဖြစ်၍ မအားမလပ်နိုင်ဆိုပါလျှင်လည်း ရဟန်း တော်တို့မှာ အားလပ်ရာစကား ကူးရောက်ချေသည်။ ရဟန်းတော်တို့မှာလည်း အတ္တဟိတအလို့ငှာ စေတိ ယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်တို့ကို ပြည့်ရခြင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ သမထ ဝိပဿနာတို့ကို ပွါးစေရခြင်း လစ်ဟင်းသော ကာလပင် မရှိ၊ ဒကာလျှောက်သောအရာတို့ကို ရှာကြံ၍နေလျှင်

ယခင်ဆိုခဲ့ပြီးသော အတ္တဟိတဝတ် ပဋိပတ်များသည် နည်းပါး ယုတ်လျော့ရာသော အကြောင်းပင်ရှိသည်။ ၎င်းအတ္တဟိတဝတ် ပဋိပတ်များကိုလည်း မကင်းလွတ်စေကောင်းဟု ဆင်ခြင်လျက်ရှိသည့် အရာတွင် ရှင်သာရိပုတ္တရာသည် နှစ်ဖြာသော ဟိတအလိုငှာ ဖြည့်ကျင့်ကြောင်းကို ပါရမီခန်းတွင် (လေးတော်အင်စုံ၊ ကိုယ်ဖို့ကုန်မှ၊ ရှာဘုံသူအား၊ ဖြန့်ကာပွားသည်၊ ထေရ်များအကြီး၊ မည်ထီးထင်စွာ၊ သာရိပုတ္တရာ) ဟူ၍ လည်းကောင်း၊ သုမေဓာက ပညာရှိသည် အတ္တဟိတ၊ ပရဟိတ နှစ်ပါးကိုဆောင်ရွက်ကြောင်းကိုလည်း ဆုတောင်းခန်းတွင် (ကြံတွေးယုတ်မြတ်၊ နောင်နာဂတ်လည်း၊ ချွတ်အံ့မရှိ၊မိမိစီးပွား၊သူ့အားကုန်အောင်၊မြင်ကျယ်ဆောင်၍)ဟူ၍လည်းကောင်း၊ သံဝရမင်းသားသည် အတ္တဟိတ၊ ပရဟိတနှစ်ပါးကို ဆောင်ရွက်ကြောင်းကိုလည်း သံဝရပျို့တွင် (ညီမင်းမြတ်မူ၊ ကောင်းထွဋ်တိုင်အောင်၊ ကိုယ်ကိုဆောင်မှ၊ ရံအောင်ဆွေဝါး၊ သားချင်းများ၏၊ စီးပွားအညွန့်၊ အရှည်ဖြန့်သည်၊ အဘုန့်အဝှာ၊ ကိုးကွယ်ရာဖြင့်၊ အံ့အာသရဲ၊ ဘုန်းရိပ်ဝှဲသည်၊ ဆကဲမိုးရှည်မျှပင်တည်း)ဟူ၍ လည်ကောင်းစပ်သည်နှင့်အညီ အရှင်သာရိပုတ္တရာ၊ သုမေဓာပဏ္ဍိတ၊ သံဝရမင်းသားတို့ကဲ့သို့ အတ္တဟိတကိုလည်း မယုတ်စေရ၊ ပရဟိတကိုလည်း မကင်းစေရအောင်ကြံဆောင်၍ ပါရမီခန်းတွင် (ဖရဏာလောကီ၊ ပီတိဆီနှင့်၊ ဝသီစည်ပင် ဤယင်းရှင်ကား ကူးမြင်

ချက်တွေ့၊ယခု နေ့စင်၊မစေ့ နှစ်ဖြစ်၊ကိုယ်အညွှစ်ဟူး
အသစ်အလောင်း၊မိုက်မျက်ဟောင်းကို၊ အိုင်ကောင်း
သီတာ ဂျူဂ်မနိုက်၊ပြွပ်ကာလက်မှန်၊ခဏဝန်ဖြင့်၊စင်တန်
ကောင်းစွာ၊ ကျွတ်လေရာလျက်၊ တွယ်တာသနား၊
လူသုံးပါးကို၊ မသွားခေါက်ရက်၊ ကြည့်ငဲ့ကွက်၍၊
အသက်လူလူ၊ ဆုကြီးယူ၏၊ ဟုဆိုသည်နှင့် အညီ
သုမေဓာပညာရှိသည် ကိုယ်သားကု လုံ ကျွတ်လိုတို
သော်ကား ကျွတ်ရသည်ပင် ဖြစ်တော်မူလျက်
သူကိုငဲ့ကွက်၍ အသက်ကိုလူလျက် ဆု ယူ သော
နည်းကို နိဿရည်းခံ၍ ရံဖန်အားလပ်ခိုက် ရှုံးစု
လိုက်ရတော့မည်။ သို့ပင် ရှုံးစုသော်လည်း အလုံးစုံ
အကုန်အစင်၊ ရှုံးစုနိုင်ရာသော အကြောင်းမရှိ။ ငုံရာ
သရွေ့ကိုသာ ရေးပေအံ့သည် ဒကာ ရွှေတိုက်စိုး
ရန္တမိတ်ကျော်စွာ’’

မုံရွေးဆရာတော်၏ ပြန်ကြားချက်အဆုံး၌ စုဆောင်း
ရိုက်နှိပ်စာပြုသူ၏ အောက်ခြေမှတ်ချက်ဖြင့် ဤသို့တင်ပြ
ထားသည်။

နန္တမိတ်နှင့် ရန္တမိတ်ကို အလဲအဖယ်ပြု၍ သုံးစွဲမှုပြုခဲ့ပါ
သည်။ မင်းဇေယျရန္တမိတ်၊ မင်းဇေယျ နန္ဒမိတ်၊ နန္ဒမိတ်
ကျော်သူ၊ ရန္တမိတ်ကျော်သူစသည်ဖြင့် သုံးနှုန်းခဲ့ကြပါသည်။
နန္တပစ္စည်း၊ ရန္တပစ္စည်းစသည်ဖြင့် တွဲဖက်၍အသုံးပြုခဲ့ရာမှ
နောင်တွင် နန္ဒမိတ်နှင့်ရန္တမိတ်ကို တစ်သားတည်းပြု၍သုံးနှုန်း
ခဲ့ခြင်း ဖြစ်ဟန်တူသည်။ (တည်းဖြတ်သူ)

ပြုစုသူ၏အမည်ကို "ရွှေးဟောင်းစာပေ သုတေသီ တစ်ဦး" ဟု ဖော်ထားရာ ယင်းပုဂ္ဂိုလ်မှာ၊ မူလက ဘဏ္ဍာ လက်ထောက်မန်နေဂျာ လုပ်ကိုင်နေရာမှ နုတ်ထွက်ပြီး မိမိ ဝါသနာကြီးလှသော မြန်မာစာပေအဆီအနှစ်တို့ကို ရှာဖွေ ပြုစုနေသူ သုတေသီ ဦးထွန်းရီဖြစ်ကြောင်း နောက်မှ သိရှိ ရသည်။ မည်သူ့ထံမှ မည်သို့သော ငွေရေးကြေးရေး အကူ အညီများကိုမျှ မယူပါဘဲ မြန်မာ့ ယဉ်ကျေးမှု အမွေအနှစ် မြန်မာစာပေတို့ကို အစဉ်တစိုက် လိုက်လံရှာဖွေစုဆောင်း သုတေသနပြုနေသူ ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်နှင့် တစ်ကြိမ် တစ်ခါမျှ မဆုံဖူးသေးပါ။ သာကေတတွင်နေထိုင်သည်ဟု သိရသည်မှလွဲ၍ ဖြူသလား မည်းသလားပင် မဆိုနိုင် သေးချေ။

အမျိုးသားစာကြည့်တိုက်မှူး ဦးခင်မောင်တင်ပြောပြ ချက်အရ သီချင်းပုဒ်ရေ အလွန် စုံလင်များပြားလှသော ထိုကျမ်းကို ၁၉၇၄ ခုနှစ်ခန့်က လက်နှိပ်စက်ရိုက်၍ စာအုပ်ရေ ၁၀၀ ခန့်သာ ထုတ်ဖြန့်နိုင်ခဲ့ကြောင်း သိရပေသည်။ ကံအား လျော်စွာ ကျွန်ုပ်မှာ ထိုကျမ်းတစ်ဆူကို လက်ဝယ်ရရှိလိုက် ပါ၏။

ဟာသဇာဝနည်ာဏ မဥ္ဇရီကျမ်းသည် သီချင်းပုဒ်ရေမနည်း လှပေ။ ထွက်ပြီး မဟာဂီတကျမ်းများ၌ မတွေ့ရသော သီချင်းခေါင်းစဉ်များလည်း ပါရှိနေ၏။

ရှင်လက်ာကိတ္တိ သီချင်းခံ၊ မယ်တော်လက်နမ်းသီချင်းခံ၊ ဆရာညွန့်အခြင်းရိုး၊ နရည်းဆရာခတ်၊ ရသေ့စိတ်ဖြေခြင်း၊ ရွှေနန်းသဘင်ခြင်း၊ဇမ္ဗူသပြေသီးကြွေခြင်း၊အိမ်ဦးသာခြင်း

သမဖြူအမေးခြင်း၊ ပုဆိုးမဝါဂွမ်းပစ်သံ၊ မြင်းလှစာ တောင်းခြင်း၊ သတိုးမင်းစောသီချင်းခံ၊ ဆရာသွား၊ ဆရာပန်းကြီး၊ မြင်းဆိုင်းဆရာပန်း၊ ရှင်လှင်ဆရာပန်း၊ တောင်ငူဆရာပန်း၊ ပန်းတည်ခွက်ခြင်း၊ ဒက်လည်လျှောက်၊ ငှက်ကြီးဝန်ဘိုအခြင်း၊ နဂါးပွက်သံအခြင်း၊ ငှက်ကြီးစာဝင်ခြင်း၊ ငှက်ကြီးစာခွံ့ခြင်း၊ တျာဒုံဖိုအခြင်း၊ တျာဒုံမအခြင်း၊ ကြက်ခွပ်အခြင်း၊ခြသေ့်မင်းရွှေဂူထွက်အခြင်း၊ခြသေ့်မင်းရွှေဂူဝင်အခြင်း၊ ရွက်လက်ဖွင့်အခြင်း၊ ရွက်ကြိုးချအခြင်း၊ စစ်ကိုင်းအခြင်း၊တောင်ပုပ္ပါးခြင်း၊တောဆင်ဖမ်းဘွဲ့ခြင်း စသည်ဖြင့် အတော်ပင် မျိုးစုံလှပေသည်။

ကျမ်းအပြီး၌ "ဤတွင်အခြင်း၄ဖြစ်သော ဟာသဇဝနညာဏမဥ္ဇရီကျမ်းပြီး၏။ သက္ကရာဇ် ၁၂၃၃၊ နတ်တော်လဆန်း ၁၄ ရက် စနေနေ့ နေ့တစ်ချက်မတီးမီအချိန်တွင် ဟာသဇဝနညာဏပဥ္ဇရီကျမ်းကို ရေးကူး၍အပြီး။ ပုဒ်အားနှင့် ပြည့်စုံပါလို၏။ ဣဒံမေပုညံ ဝဟံဟောတု၊ နိဗ္ဗာနပစ္စယောဟောတု"ဟု တင်ပြနိဂုံးချုပ်ထားလေသည်။

လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သော ယင်းကျမ်းကို ရှေးဟောင်းစာပေ သုတေသီ ဦးထွန်းရီသည် မန္တလေး ခင်မကန်တိုက်ဆရာတော် ဦးဝါလဝံထံမှ တွေ့ရှိခဲ့သောပေမူအတိုင်း ရိုက်နှိပ်ခဲ့ခြင်းဖြစ်သည်။

မုံရွေးဆရာတော်ပေမူကို ခဲတပ်ပုံဖြင့် ကူးရိုက်ထားသော မူကွဲတစ်ခုသည် ယခုအမျိုးသားစာကြည့်တိုက်တွင် ထပ်မံတွေ့ရှိရပြန်ပါသည်။ ပေမူအမည်မှာ "ဟာသဇဝနိဘညာဏမဥ္ဇရီ" ဟု ဖော်ပြပါရှိသည်။ ခေါင်းကြီးမျက်နှာစာတွင်

ဖော်ပြပါရှိသော အမည်အပြည့်စုံမှာ "မုံရွေးအရှင် အရိယာဝံသ အာစရိယဒိသိ စုရုံးသော အခြင်းစုံပါသည့် ဟာသဇဝနိဘာ ညာဏမဉ္ဇရီ" ဟူ၏။ သို့သော်သီချင်းပုဒ်ရေအားဖြင့် ဦးထွန်းရီထုတ်ဝေခဲ့ဖူးသည့် မုံရွေးဆရာတော်၏ "ဟာသဇဝနမဉ္ဇရီ" လောက် မစုံလင်ပေ။ စာသားအချို့လည်း ကွဲလွဲချက်များ တွေ့ရှိရသည်။ မုံရွေးပေမူ နှစ်မျိုးကွဲပြားနေခြင်းကို လေ့လာရန်လိုပေလိမ့်မည်ဟု ထင်မြင်မိသည်။

ပေမူများ အဘယ့်ကြောင့် ဤမျှ ကွဲပြားနေရခြင်း အကြောင်းရင်းကို စိစစ်ရန်လည်း လိုအပ်လှပေ၏။ဒေါ်စောမြအေးကြည် သိပေါဟော်သို့ မရောက်မီကပင် စော်ဘွားကြီး စောခွန်ဆိုင်သည် နန်းတွင်းပေမူများကို အပတ်တကုတ်လိုက်လံရှာဖွေခဲ့၏။

▭◁▷▭

( ၈ )

# သဗ္ဗဂီတက္ကမ

ဒေါ်ဘွားကြီးသည် မြန်မာ့ဘုရင်ရှိစဉ်ကပင် ရတနာပုံနန်းတွင်းသို့ မကြာခဏရောက်လာလေ့ရှိပြီး မြန်မာ့ထီးသုံး၊ နန်းသုံး၊ ထီးမှုနန်းဟန်များ၊ မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့ကို များစွာနှစ်ခြိုက်သဘောကျခဲ့သူ ဖြစ်သည့်အလျောက် မြန်မာ့ဂီတကိုလည်း အလွန်မြတ်နိုးပြီး ကိုယ်တိုင်ဆိုရုံ တီးရုံမျှသာ မဟုတ်ပါဘဲ သဟာသံပတ်ပျိုးနှင့် မိန်ရာသီပတ်ပျိုးသီချင်းတို့ကို ကိုယ်တိုင်ရေးသားသီဖွဲ့ခဲ့လေသည်။ စောင်းကောက်ဗျူရိယာကိုလည်း ကောင်းမွန်စွာ တီးခတ်နိုင်ခဲ့သူဖြစ်သည်။

မင်းတုန်းမင်း၏ သမီးတော် သီပေါမင်း၏ အစ်မတော်ကြီး ပုခန်းကြီး စုဖုရားကြီးနှင့် စောခွန်ဆိုင်တို့ ထိမ်းမြားလက်ဆက်ခဲ့ကြရာ ဗမာနှင့် ရှမ်းတို့ချစ်ကြည်ရေးသည် အဆမတန် ခိုင်ကျည်ခဲ့ကြောင်း ပေါ်လွင်လှပေသည်။

ပုခန်းကြီး စုဖုရားကြီးသည် ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းကြီး၏ သမီးတော်ဖြစ်၍ မယ်တော်ကား

မင်းတုန်းမင်းတရား၏ ဘခွေးတော်၊ ချွန်းတောင်းမြို့စား မိုးနဲဗိုလ်မှူး၏သမီးတော် လောင်းရှည်မိဖုရား သီရိမဟာ မင်္ဂလာ သုပဘာဒေဝီ ဖြစ်သည်။

မြန်မာဘုရင် ပါတော်မူသွားသည်နှင့် တစ်ပြိုင်နက် စောခွန်ဆိုင်သည် မဟာဂီတပေမူများကို လိုက်လံရှာဖွေ မွေနှောက်သော်လည်း မရရှိလိုက်တော့သဖြင့် မျက်ရည် ဖြိုင်ဖြိုင်ကျခဲ့ရရှာသည်။

စောခွန်ဆိုင် မရှိတော့သည့်နောက်တွင် အရိုပ်အရာ ဆက်ခံသူ သီပေါစော်ဘွားကြီး ဆာစောချယ်ကိုယ်တိုင် ပေမူအစကို လိုက်ကောက်လေသော် တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးထံ၌ သိမ်းဆည်း ထားရှိကြောင်း သတင်းရသည်နှင့် ရွတ်ခြည်းပင် ဆရာတော်ထံသွား၍ မိမိဖခင်ကြီး စောခွန်ဆိုင်ရှိစဉ်က ယင်းပေမူကို အပတ် တကုတ် လိုက်လံရှာဖွေခဲ့သော်လည်း လုံးဝမရရှိခဲ့ဘဲ ယခုမှ သတင်းအစအနရရှိ၍ ဆရာတော်ဘုရားထံ ရောက်လာခဲ့ရခြင်း ဖြစ်ကြောင်း တင်လျှောက်လေသည်။

တောင်ခွင်သာသနာပိုင်ဆရာတော်ကြီးက “ ကျုပ်မှာလဲ ကျုပ်တို့မြန်မာဘုရင်မင်းမြတ်ရဲ့ လက်သုံးအမွေအနှစ်ဆိုရင် အဲဒီဂီတပေမူတစ်ဆူတည်းသာ အလွမ်းပြေရှုစရာကျန်တဲ့ အတွက် ဒကာတော်ကိုမပေးအပ်ပါရစေနဲ့ ” ဟု မိန့်တော်မူ လေရာ စော်ဘွားဆာစောချယ်သည် မရအရတင်လျှောက်

လေသဖြင့် ပေမူရင်းကို ပေးအပ်ခြင်းမပြုဘဲ ပေမူကို တစ်ဆင့်ကူးယူခွင့်ပေးတော်မူလိုက်သည်။

ဆာစောချယ်သည် ပေမူရေးကူးတတ်သူများ လိုက်လံရှာဖွေကာ ပေထက်တွင်ကူးယူစေရာမှ သင်္ဂီဘက္ကမကျမ်း တစ်ဆူကို ဆာစောချယ်၏ကြင်ရာတော် စောမြအေးကြည် လက်သို့ ပိုင်ပိုင်ရောက်ရှိလာရခြင်းဖြစ်၏။ မူရင်းပေမူမှာမူ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားသို့ ပြန်လည်အပ်နှင်းခဲ့ရလေသည်။

▭◁▷▭

(၉)

# ဒေဝဣန္ဒာ

သီပေါဟော်၌ မဟာဂီတပညာကျော်များ စုံလှသည့်အနက် ဒေဝဣန္ဒာမောင်မောင်ကြီးသည် စွဲမြဲရှည်ကြာလှပေသည်၊ လူဘာမှ ရဟန်းဘောင်သို့ ရောက်သွားသော်လည်း မပြတ်ကြွရောက်ကာ ဂီဘာညာချပ်များ ဖြန့်ပေးတော်မူပြန်သည်။

သက္ကရာဇ် ၁၂၁၆ ခုနှစ်တွင် အမရပူရမြို့၌ ဒေဝဣန္ဒာမောင်မောင်ကြီး (ငယ်မည်မောင်လုံး)အား ဖွားမြင်သည်။ ဖခင်သည် အမရပူရ နေပြည်တော်ဘုရင် မင်းတုန်းမင်းတရားထံ၌ လွှတ်တော်စာရေးကြီးအဖြစ် တာဝန်ထမ်းဆောင်ရသူဖြစ်၏။ စောင်းပညာကို စောင်း ဗုဒ္ဓေါ အမည်ခံ ဦးဖူးခေါင်ထံတွင် စတင်သင်ကြားခံယူခဲ့ပြီး နှမဖြစ်သူ ခင်ပုံနှင့်အကြောင်းပါရသူ ရွှေတော်ပြေးမှူး ဦးသိုက်ထံ၌ ဆက်လက်သင်ကြားရသည်။ ဦးဖူးခေါင်ထံတွင် ဆက်လက် မသင်ကြားနိုင်ခြင်းမှာ ပညာရည်မြင့်မားသလောက် မာန်မာနကြီးလှသူ ဦးဖူးခေါင်၏ဒဏ်ကို မခံနိုင်၍ ယောက်ဖ

တော်စပ်လာသူ ရွှေတော်ပြေးမှူးဦးသိုက်ထံတွင် ဆက်လက် ပညာခံယူခဲ့ရကြောင်းကို ဒေဝဣန္ဒာ မောင်မောင်ကြီး ကိုယ်တိုင်ပင်လျှင် စော်ဘွားကြီးဆာစောချယ်နှင့် ဒေါ်စော မြအေးကြည်တို့အား ဖွင့်ဟမိန့်ဆိုခဲ့ကြောင်း ဒေါ်စော မြအေးကြည်က ကျွန်ုပ်တို့အား အကြိမ်ကြိမ် ပြောကြား မိန့်မြွက်ခဲ့ပေသည်။

ဦးဖူးခေါင်၏ မူကား ခက်ခဲလှ၏။ သားနိုးပျော်ဖွယ် ကိုးငါးပုဒ်ဖြစ်သော စံရာတောင်ကျွန်း၊ ရွှေပြည်ကြီးရော၊ မြို့နန်းငယ်လေ၊ ကိုးပါးပေါင်းစုနှင့် ရွှေဘုန်းကြိုးတို့ကို ဒေါ်စောမြအေးကြည်က သင်ပြပေးသော်လည်း မည်သူမျှ မယူနိုင်အောင် ခက်လှ၏၊ သို့နှင့် မှတ်ဉာဏ်ကောင်းလှသည် ဆိုပြီး ဂီတာဦးစိမ်းမောင်နှင့် ကျွန်ုပ်တို့နှစ်ဦးအား တက်ပေး ပြန်ရာ ဒေါ်စောမြအေးကြည် မရှိသည့်နောက် ကျွန်ုပ်တို့မှာ ထိုမူအတိုင်း သီဆိုပေးနိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိ တော့သဖြင့် ယနေ့ဆိုလျှင် ဦးဖူးခေါင်၏ ပညာမူမှာ လုံးဝ ပျောက်ဆုံးခဲ့ရလေပြီတည်း။

ဒေဝဣန္ဒာသည် ဦးဖူးခေါင်ထံပါးပညာရပ်များ ဆက်လက်မယူနိုင်သော်ငြားလည်း ဦးသိုက်ထံတွင် သင်ကြား ရာ၌ မူလပါရမီထူးချွန်သူ ဖြစ်သည့် အလျောက် များစွာ တိုးတက် အောင်မြင်ကျော်ကြားလာခဲ့ရသည်။

ဦးစွာပထမ မင်းတုန်းမင်းထံပါး၌ မိကျောင်းတီးအဖြစ် အမှုထမ်းခဲ့ရာမှ သီပေါမင်းလက်ထက်တော်အခါ ကွမ်းရေ တော်ကိုင်အဖြစ် ခံစားနေရသူ ယောက်ဖဖြစ်သူ ဦးသိုက် ရာထူးပြောင်းရွှေသွားချိန်တွင်လူပျိုတော်ကွမ်းရေတော်ကိုင် စောင်းဆရာဖြစ်လာရတော့သည်။

အသက် (၂၀) အရွယ်တွင် ဘုရင်မသိစေဘဲ လက်သုံးတော်စောင်းကို မဟာမြတ်မုနိဘုရားမှာလှူပြီး စစ်ကိုင်းဘက်၌ ရဟန်းခံခဲ့လေသည်။ ဘွဲ့တော်မှာ ဦးပညာဟူ၏။ သီပေါမင်း ကြားသိလေသော် အတင်းအဓမ္မ လူဝတ်လဲစေပြီး စောင်းတော်တီးအဖြစ် ပြန်လည်အမှုထမ်းရပြန်သည်။ ပုဂံမင်းလက်ထက် စောင်းဆရာကြီး ဣန္ဒာဒေဝါဘွဲ့ကို ပိုင်ပြန်လျက် ဒေဝဣန္ဒာဘွဲ့ကို အပ်နှင်းခြင်း ခံခဲ့ရလေသည်။

မြန်မာဘုရင်ပါတော်မူပြီးနောက် နှမငမ်းကွဲတော်စပ်သူ မခနှင့် လက်ဆက်ပြီး မောင်လေးခင်၊ မောင်လေးရင် ဟူသော သားနှစ်ဦးရရှိခဲ့၏။

ဘုရင်မရှိသည့်နောက် သီပေါစော်ဘွား၏ ပင့်ဖိတ်ချက်ဖြင့် ဟော်တွင်းသို့ ရောက်လာပြီး မဟာဂီတ ပညာများဖြန့်ဝေ သင်ကြား ပေး နေ ရာ မှ စစ် ကိုင်း မင်း ကျောင်း ဆရာတော်ထံတွင် သက်န်းစည်းပြန်သည်။ သက်န်းဝတ်ဖြင့် ဂီတပညာကို သင်ကြားပေးထိုက် မပေးထိုက် လျှောက်ထားတင်ပြရာ မင်းကျောင်း ဆရာတော်ကြီးက ပညာပါရမီ အလိုငှာ သင်ပေးထိုက်ကြောင်း ဆုံးဖြတ်ပေးတော်မူသဖြင့် ကံကောင်းလှသော ဒေါ်စောမြအေးကြည်မှာ မဟာဂီတ ပညာရပ်များ ဆက်လက်သင်ကြား နည်းနိဿယ ခံယူရလေတော့သည်၊ ဒေါ်စောမြအေးကြည်သည် အဆိုပညာရပ်ကို ငယ်ဆရာ မဥသဒ္ဒါရွှေတောင်ကျော်စွာ ဦးလူကြီးထံတွင် စတင်လေ့လာသင်ကြားခဲ့ရပြီး တပယ်ခင်ဥ၊ တပယ်ခင်သစ်ထံမှ ဆက်လက်ခံယူရုံမျှမက ရှေးနန်းတွင်းဆရာ အကျော်အမော်မှန်သမျှထံ ဆည်းပူးခဲ့ရသည့်အပြင် ဒေဝဣန္ဒာထံ၌ စောင်းအတီးပညာရပ်ကိုပါ သင်ကြားခဲ့ရသည်မှာလည်း အလွန်

ကုသိုလ်ကောင်းလှသည်ဟု ဆိုနိုင်၏။ အသံနားလည်သမျှ အဆိုဘက်တွင် လွန်စွာနိုင်နင်းစေတော့၏။ ဒေါ်စောမြ အေးကြည် အသက် (၇၀) ခန့်က စောင်းတီးပြီး အသံသွင်း ယူထားမိသောတိပ်ခွေကိုစနစ်တကျသိမ်းဆည်းထားရပါ၏။ ထူးခြားသော စောင်းသံရှင်ပေတည်း။

ဒေါ်စောမြအေးကြည်၏ ဆရာဖြစ်သူ ဒေဝဣန္ဒာ၏ စောင်းသံကား ပြတ်သားလှပါဘိ။ ဆိုင်းပညာကျော် စိန်ဗေဒါကြီးပင်လျှင် ဒေဝဣန္ဒာ၏ စောင်းသံကိုကြားလတ် သော် စောင်းပညာကိုအထင်မကြီးခဲ့လေသမျှ တကဲတက်စင် လွဲမှားကြောင်း သိရှိဝန်ချကာ ဒေဝဣန္ဒာထံမှ စောင်း အတတ်ပညာကို လက်ထပ်သင်ကြား ခံယူခဲ့ရသည်။

စောမြအေးကြည်အား စောင်းပညာသင်ကြားပေးရသူ ဒေဝဣန္ဒာ ကိုယ်တိုင်က "ကြည်ကြည့်လက်မဟာ သာမန် ယောကျာ်းကြီးတစ်ဦး ရဲ့လက်မလောက် သန်ပါပေတယ်။ လက်မလက်ကျပြောင်ပါပေတယ်"ဟု ချီးကျူးခဲ့ရလေသည်။ စောင်းဘုရင် ဒေဝဣန္ဒာ၏တပည့်ရင်း စောမြအေးကြည်၏ စောင်းလက်သံကား ဆရာကောင်းတပည့် ပီသလှသည်။

ထူးမခြားနားသီချင်းခံမှ "သုံးပါးလောက" အပိုဒ် သည်လည်းကောင်း၊ ချစ်သမျှကို ပတ်ပျိုးမှ "မှန်သရွှေကိုလ- ဖန်စေ့ငယ်ရေ" အပိုဒ်သည်လည်းကောင်း၊ ရှစ်စုံရွက်ကြာ ပတ်ပျိုးမှ "အခန်းခန်းငယ်နှင့် ဆောင်နန်းမ" အပိုဒ်သည် လည်းကောင်း၊ စုံသာမြိုင်သီချင်းခံကြီးမှ "တိမ်လွှာငွေနှင်း" အပိုဒ်စသည်တို့မှာ မူလလက်ရင်းစည်း အကျဉ်းတီးခဲ့ကြရာမှ စည်းနှင့်ဝါး နှစ်ဆပိုမိုကြဲလာရသည့် အကြောင်းရင်းသည်

ဒေဝဣန္ဒာဖန်တီးခဲ့ကြောင်းဖြင့် စန္ဒရားနှင့် ပတ္တလားအတီးကျော် ဆရာမောင်နှင့် ဒေါ်စောမြအေးကြည်တို့က ဖွင့်ဟပြောကြားခဲ့ဖူးလေသည်။

ဒေဝဣန္ဒာ သည် စောင်း အတတ် တွင် ထူး ခြား ပြောင်မြောက်သကဲ့သို့ မဟာဂီတကိုနိုင်နင်းရာတွင်လည်း နှစ်ယောက်မရှိသူပင်တည်း။တီးကွက်နှင့်ဆိုကွက်အံဝင်ခွင်ကျမှုကို အထူးသိနားလည်၏။ ဆိုဟန်မကုန်လျှင် တီးကွက်ကို ချဲ့ပေး၏။ ယင်းပုဂ္ဂိုလ်ထူး၏ စိရင်ချက်ဖြင့် အဆိုဟန်ကုန်သီဆိုနိုင်သလိုပင် တီးကွက်မှာအထူးပြောင်မြောက်၍ အကွက်အလက်အနေအထား အတွဲအဖက်တို့မှာ ပိုမိုခံ့ညားလှပအဆင်ပြေစေတော့၏။ ထို့ကြောင့်ပင်လျှင် ယနေ့မြန်မာ့မဟာဂီတလောက၌ဒေဝဣန္ဒာ၏ အကွက်သည်သာလျှင် မယွင်းမချို့ စို့စို့စွဲစွဲ ခိုင်မြဲနေခြင်း ဖြစ်ပေတော့သည်။

မိမိထက် တတ်ကျွမ်းသိနားလည်သူများဆိုလျှင် အလွန်လေးစားရိုသေကိုင်းရှိုင်းလှ၏။ မြန်မာဘုရင်ပါတော်မူပြီးစအချိန် သီပေါဟော်တွင် တပယ်ခင်ဥ၊ တပယ်ခင်သစ်နှင့် ဒေဝဣန္ဒာတို့ပြန်လည်တွေ့ဆုံကြရာ ဒေဝဣန္ဒာသည် တပယ်ခင်ဥတို့ညီအစ်မအား ပုဆစ်ဒူးတုပ်လျက် "မမဥ၊ မမသစ်၊ ညီအစ်မတို့နန်းတွင်းဂီတပညာရပ်များ သင်ကြားပို့ချ ဖြန့်ဝေထိန်းသိမ်းပေးတော်မူပါအုံး၊ အရှင်မများ "ဟု ပြောကြားကန်တော့ရင်း မျက်ရည်ဖိုင်ဖိုင်ကျခဲ့ရှာသည်။ ဤတွင် တပယ်ခင်ဥက "မှန်ပါပေတယ်ကွယ်၊ သို့သော် အတီးကျော်ဖြစ်တဲ့ကိုရင်လုံး (ဒေဝဣန္ဒာ၏ငယ်မည်) မှာလဲ သည်တာဝန်တွေရှိသေးတယ်" ဟု ပြန်လည်ပြောကြားခဲ့လေသည်။

ဒေဝဣန္ဒာကျေးဇူးကား အတိုင်းမသိကြီးပါဘိတကား။ မိမိအသက်နှင့်မိခဲ့သော မင်းတုန်းမင်းနှင့် သီပေါမင်းတို့ လက်ထက်မှရှာဖွေသိမ်းခဲ့ရသည့် နန်းတွင်းတေးမဟာဂီတများ မပျောက်ပျက်စေရန် ထိန်းသိမ်းရုံမျှမက နောင်လာ နောက်သားများ ခေတ်အဆက်ဆက် အရှည်ကာလ တည်ရှိစေခြင်းအလို့ငှာ လက်ဆင့်ကမ်း ဖြန့်ဝေပေးအပ်ခဲ့သော စေတနာကား အံ့ချီးဖွယ်ရာပေတည်း။

ဒေဝဣန္ဒာ မောင်မောင်ကြီးကို ၁၂၁၆ ခုနှစ်၊ ပုဂံမင်း နတ်ရွာမစံမီ နှစ်နှစ်ခန့်အလိုတွင် ဖွားမြင်ခဲ့ပြီး၊ ၁၂၉၁ ခုနှစ် အတွင်း ကွယ်လွန်အနိစ္စရောက်ခဲ့ရာ အသက်(၇၅) နှစ်အရွယ် အထိ နေထိုင်ခဲ့ရသည်ကိုတွေ့ရ၏။ ပိန်ပိန်သေးသေး၊ အသား အရေဖြူဖြူသန့်သန့်၊ ရဟန်းမဝတ်မီ ဆံပင်အရှည်မှာ မိမိအရပ် ခန့်ရှည်လျား၏။ အလွန်ယဉ်ကျေးသိမ်မွေ့နူးညံ့ပြီးနန်းတွင်း တော်သား ပီသလှသည် ဟူ၏။

ကုန်းဘောင်ပရမေ ပတ်ပျိုးကြီးမှ “အဆင်းငါးဖြာ” အပိုဒ်ကို စောင်းဖြင့်တီးသောအခါ ဆိုင်းဆရာကြီးများ ပတ်ရင်းကိုမွေ့နှောက်ဘိသကဲ့သို့ စောင်းဒိုးကြိုးကြီးများဖြင့် မွေ့နှောက်တီးခတ်သွားပုံမှာ နားဆင်သူများအဖို့ အသက်မရှူ နိုင်လောက်အောင် အံ့ဖွယ်ကောင်းလှသည်ဆို၏။ ဤအကွက် တစ်ခုတည်းဖြင့်ပင်လျှင် ဆိုင်းပညာကျော် စိန်ဗေဒါကြီးမှာ ဒေဝဣန္ဒာစောင်းပညာကျော်အား မျက်ရည်ဝိုင်းလျက် ထိုင် ကန်တော့ရင်း “အရှင့်အားပြစ်မှားမိခဲ့သမျှ ဝန်ချပါသည်။ အကျွန်ုပ်အား စောင်းအတတ်ပညာ သင်ကြားပေးပါလော့။ တပည့်အရင်းကဲ့သို့မှတ်ပါလော့” ဟု ဝပ်စင်းခယကန်တော့ ရသည်အထိ ထူးခြားသောအကွက်ဖြစ်ပေသည်။

ယင်းအကွက်ကို ဒေဝဣန္ဒာသည် တပည့်ရင်းဖြစ်သူ ဦးမောင်မောင်လတ်အား သင်ပြပေးခဲ့၏။ ဒေါ်စောမြအေး ကြည်သည်လည်း ထိုအကွက်ကို ရရှိခဲ့၏။ ဒေါ်စောမြအေး ကြည်က မကြာမီကကွယ်လွန်သွားရှာသူ အလက်ာကျော်စွာ စောင်းဦးဘသန်းအား ပြသပေးခဲ့ပြန်ရာ စောင်းဦးဘသန်း သည် သူမတူအောင်တီးကွက်တီးချက်ကစားတတ်သူဖြစ်သော် လည်း ဒေါ်စောမြအေးကြည်ထံမှ ရရှိသော ဒေဝဣန္ဒာ၏ တီးချက်ကိုမူ တစ်ချက်တလေမျှအပိုမဆောင်းဘဲ မြတ်နိုးစွာ ဖြင့် ရင်ဝယ်ပိုက် သိမ်းဆည်းတီးခတ်ခဲ့လေသည်။

ဒေဝဣန္ဒာသည် စောင်းမတီးမီက မိကျောင်းတူရိယာကို တီးခဲ့ရာတွင်လည်းထူးချွန်ပြောင်မြောက်လှသည်ဟူ၏။ မြန်မာ သက္ကရာဇ် ၁၂၈၂ ခုနှစ် အတွင်းက ရန်ကုန်မြို့မှ စောင်းဆရာ ကြီးဆရာညိမ်း (အလင်္ကာ ကျော်စွာ) နှင့် တူတော်သူ အသက်(၁၂)နှစ်အရွယ် တင်မောင်အေးဆိုသူတို့သည် မဟာ ဂီတနှင့်ပတ်သက်ပြီး နာမည်ဟိန်းနေသည့် သီပေါဟော်သို့ သွားရောက်ကြရာ လမ်းခုလတ် စစ်ကိုင်းတောင်ရိုး၌ သီတင်း သုံးနေသူ ရဟန်းဘွဲ့တော် ဦးပညာခေါ် ဒေဝဣန္ဒာ မောင်မောင်ကြီးထံ ဦးစွာဝင်ရောက် ဖူးမြော်ကန်တော့ ကြလေသည်။

ဆရာညိမ်းက မိမိနှင့်ပါလာသောသူမှာ ဂီတဝါသနာကြီး လှပြီး မယ်ဒလင်အတီး၊ တယောအတီးနှင့် အဆိုပညာကို ဆည်းပူးနေသူဖြစ်ကြောင်း၊ အရွယ်နှင့် မလိုက်အောင် ဂီတ ဘက်တွင် ပါးနပ်သူဖြစ်ကြောင်း တင်လျှောက်လေရာ ဆရာတော်သည် တင်မောင်အေးဆိုသူ ယူဆောင်လာသော

မယ်ဒလင်ကို ပေါင်ပေါ်သို့ပက်လက်အနေအထား တင်လိုက်ပြီး မိကျောင်း တူရိယာတီးသကဲ့သို့ တစ်ဖက်မှ ကြိုးများကို တီးခတ်သျှက် ကျန်လက်တစ်ဖက်ဖြင့် မယ်ဒလင်အကွက်များသို့ လက်မဖြင့်ဖိ၍ ဖိ၍တို့စမ်းသွားရာ အလွန်သာယာနားဝင်ချိုလှသည်ဆို၏။ သဘောမှာ ဂီတာစမ်းမောင်တီးသော ဟာဝေယံဂီတာတီးခတ်သည့် ပုံစံပင်တည်း။ သို့သော် ထိုအချိန်က ဂီတာစမ်းမောင်မှာ ၎ါးနှစ်သား အရွယ်မျှသာရှိသေး၏။

ထို့နောက်ဆရာတော်သည် ၁၂နှစ်သားအရွယ်တင်မောင်အေးဆိုသူအား "သီချင်းတစ်ပုဒ်လောက်ဆိုစမ်းကွယ်" ဟုစေခိုင်းရာ တင်မောင်အေးသည် ကြောက်ရွံ့စိတ် အလျှဉ်းမရှိဘဲ စည်းနှင့်ချပ်ကိုင်လျက် "ညို့ညို့ ဆိုင်းဆိုင်း" ပတ်ပျိုးကိုသီဆိုလိုက်သည်တွင် ဆရာတော်ကမိကျောင်းတီး သကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မကိုင်တွယ်ဘူးသေးသော မယ်ဒလင်ဖြင့် တီးပေးလေသည်။

သီချင်းဆုံးသောအခါ ဆရာတော်က စောင်းဆရာကြီးဆရာညိမ်းအား "ဒကာညိမ်း၊ သည်ကလေးကို ကောင်းစွာသင်ပေးရော့၊ ဂီတအရာတွင် ထိပ်ထိပ်ကြဲဖြစ်မည့်သူပေပဲ" ဟု မိန့်တော်မူလေ၏။ ယင်းကလေးကား နောင်သောအခါ ဂီတလောက၌ ဟိုးဟိုးကျော်ခဲ့သော စန္ဒရား ရွှေပြည်အေးပင်တည်း။ မယ်ဒလင်ကိုမြင်ရုံမျှနှင့် ပီပီပြင်ပြင်တီးနိုင်ရုံသာမဟုတ် အခြေခံကိုရှုလျက်တစ်ချိန်သောအခါတွင် လျှမ်းလျှမ်းတောက်လာမည့်သူဟု အတပ် ပြောနိုင်သူ ဒေဝဣန္ဒာ သည်

ရှာမှရှား ဂီတပါရမီရှင်တစ်ဦး ဖြစ်ကြောင်း ထင်ရှားလှပြီ ဖြစ်ပါသတည်း။

သို့သော်ဒေဝဒတ္တသည် မိမိကိုယ်မိမိ တတ်သည်၊ ကောင်းသည်ဟု ဘယ်သောအခါမျှပြောဆိုလေ့မရှိချေ။ "ကျုပ်ကမိကျောင်းတီးသမားဘဝကလာတာဆိုတော့လက်ညှိုးကောင်းပေမယ့်လက်မအတီးကျတော့ တယ်အားမရလှဘူး"မိန့်ကြားတတ်သည်။ အမှန်စစ်စစ် ဒေဝဒတ္တ၏လက်မသည် ထန်လှသည်ဟူ၏။ ဒိုးကြိုးကြီးများနှင့် မွေ့နှောက် လိုက်သည့်အခါ ပတ်ဝိုင်းကြီးများ မွတ်လိုက်လေသလားဟုထင်မှတ်ရလောက်အောင် ပြောင်မြောက်ပီသလှချေသည်တကား။ ဆိုင်းဘုရင် စိန်ဗေဒါကြီး ကြက်သီးထလောက်စေသည်မှာ ဒေဝဒတ္တ၏ တီးချက်သည် နှယ်နှယ်ရရ တီးချက် မဟုတ်ကြောင်း ထင်ရှားစေပြီတည်း။

(၁၀)

# သဗ္ဗဂီတက္ကမကျမ်းအကျော်

သဗ္ဗဂီတက္ကမပကာသနီကျမ်းကြီးတစ်ဆူကို ဆာဝေခုချယ် ရရှိလိုက်ခြင်းမှာလည်း ဒေဝက္ကန္ဒာ၏ ကျေးဇူးမကင်းလှပေ။ သီပေါဘုရင်၏ အမွေအနှစ်ဖြစ်သော ဂီတပေမူ ရလိုပါလျှင် တောင်ခွင် သာသနာပိုင် ဆရာတော်ကြီးထံ မေးမြန်းပါက သင့်မည် ဖြစ်ကြောင်းဖြင့် ဒေဝက္ကန္ဒာ၏ ညွှန်းဆိုချက်အရ ဆာဝေခုချယ်ကိုယ်တိုင် ဓမ္မသေနာပတိ မဟာသဃ်ရာဇာ တောင်ခွင်ဆရာတော် အပါး ညွှတ်တွား တောင်းဆိုရမှသဗ္ဗ ဂီတက္ကမကျမ်းကို ကူးယူခွင့်ရရှိခဲ့သည်ဆိုလျှင်လည်း မမှားလှ ပါချေ။

ဆာဝေခုချယ်သည် ဒေဝက္ကန္ဒာက ညွှန်းဆိုပြီးနောက် ဝက်မစွတ်ဝန်ထောက်ထံ သွားရောက်ဆွေးနွေးသည့် အခါ ဝက်မစွတ် ဝန်ထောက်ကလည်း တောင်ခွင် ဆရာတော်ကြီးထံ ဆက်လက် ပန်ကြားချက်အရ ယင်း“ သဗ္ဗဂီတက္ကမပကာ သနီကျမ်း”ကို ရရှိလိုက်ခြင်းဖြစ်ပေသည်။

သဗ္ဗဂီတက္ကမပကာသနီ၏ ဆိုလိုခြင်း အဓိပ္ပယ်ကား သဗ္ဗ အလုံးစုံသောဂီတကို ကမ အစီအစဉ် ပကာသနီ ဖွင့်ဆိုခြင်း ဖြစ်ပေ၏။ ပေမူ၏ အစပထမ၌ ဤသို့ ဖော်ပြထားသည်။

"သဗ္ဗဂီတက္ကမ ပကာသနီကျမ်း" (အစအဆုံး ပေမူသတ်ပုံအတိုင်း တင်ပြပါမည်) သီပေါအုံးပေါင် ၄ မှို့ သခင်ကြီးဘုရား စာတော်ကြိုးခြင်း၊ ပထမတွဲ။ ရှေးပညာရှိ ကဝိပုဂ္ဂိုလ်တို့ ဖွဲ့ဆိုသီကုံးရေးသားခဲ့သော သီချင်းကဗျာများသည် နှစ်ကာလရှည်ကြာသဖြင့် အကူးအယူ အရေးအသား မှားယွင်းတိမ်းစောင်းလေရကား တစ်ပုဒ်နှင့်တစ်ပုဒ် တစ်စောင်နှင့်တစ်စောင်မညီမညွတ်ချွတ်ယွင်းဖောက်ပြန်လျက် စပ်ဆိုရေးသားရင်း ပုဂ္ဂိုလ်၏အာဘော် အဓိပ္ပာယ်သို့ မကျမရောက် တီးလုံးတီးချက်မဖြောင့်မမှန် အချို့အရာ၌ ပိုသည်၊ အချို့အရာ၌လိုသည်။ အနက်အဓိပ္ပာယ်သဘောသကန်ဖောက်ပြန်ချွတ်ယွင်းပျက်စီးသည်။ ယင်းသို့ စာပျက်မှုမှား အသွားအလာမမှန်၊ သဘောသကန်မကျ အဓိပ္ပာယ် မရောက်သည့် သီချင်းကဗျာတို့ကိုလေ့လာကြည့်ရှုသင်အံလေ့ကျက်သဖြင့် နောက်နောက်သင်ကြား လေ့လာသူတို့လည်း ကောင်းမွန်စွာ နည်းနာမရရှိမည်ကို မျှော်ထောက်သောအားဖြင့်ဝန်ထောက်တော်ဝက်မစွတ်မြို့စားမင်းမင်းကြီးမင်းထင်မဟာ စည်သူသည် သုတေသနသုတသန္နိစ္ဆယအဖြစ်ဖြင့် ယင်းသည့် သီချင်းကဗျာများကို ရှေးအထက်ခါက လေ့လာခဲ့သည်နှင့် မန္တလေး

ရတနာပုံ ဒုတိယနန်းစံ ဆဒ္ဒန်ဆင်မင်းသခင်အသျှင် ဘဝရှင်မင်းတရားကြီး ဘုရား၏ ရှစ်သောင်းညာတင် အရှင်မိဖုရားခေါင်ကြီး တွင် မြင်တော်မူသော ရွှေရင်တော်နှစ် သမီးတော်ချစ် သုံးပါးတို့အား ဒေါလကရဏ မြပုခက်တော်တင် မင်္ဂလာအခမ်း အနားတွင် အသျှင် ဘဝရှင်မင်းတရားကြီး ဘုရား စေခိုင်းတော်မူအပ်သော အမိန့်တော်မြတ် အရ မင်္ဂလာချောင်းသုံးစောင်နှင့် တကွ မြပုခက်တော်တင် လူးတား ပိုဒ်စုံ ၉ ယင်တော် ကျူးချင်း လွဲချင်း တီးချက်၊ ယိုးဒယားကြေးသွားသီချင်းမျိုးစုံများကို သုံးကြိမ်တိုင်တိုင် စီကုံးရေးသားဆက်သွင်းထမ်းရွက် ခဲ့ရသည့်အတိုင်း သီပေါ၊ အုံးပေါင်၊ သုံးဆယ်၊ မိုင်းလုံ၊ မိုင်းတုံလေးမြို့စော်ဘွားကြီးသခင်ဆာစော ချယ်သည်ယင်းသည့်သီချင်းကဗျာများကို လေ့လာ ကျွမ်းကျင်ရင်းအတိုင်း နောင်အမွန့်ရှည်စွာ တည်တံ့စေခြင်းငှာ သဘောတူရာ ပေါင်းစည်းစုရုံး စီရင်စေလိုကြောင်းနှင့် ဝန်ထောက်တော် ဝက်မစွတ် မြို့စားမင်းအား တောင်းပန်တိုက်တွန်း အပ်သည် ဖြစ်၍ သီချင်းကဗျာ စပ်ဆိုဖွဲ့နွဲ့စီကုံးရေးသားသော အရာ၌ ပြောင်မြောက် ပုဂ္ဂိုလ် ဆိုဘန် ဆိုတိုက်၊ ချီးမွမ်းထိုက်သော ပြင်စည်မြို့စားမင်းသား သုသီရိမဟာဓမ္မရာဇာမြဝတီမြို့စားမင်းကြီး၊ မင်းကြီး သီရိမဟာ သီဟသူရတို့၏ အထံမှ လင်္ဒွေါ၊ ပဒေသာ၊ နည်းခံလက်စောင် တပည့်ကြီးဖြစ်သော မှူးမတ် အရာရှိ၊ အတီးအမှုတ် အတတ်သည် ပညာသည်တို့နှင့်

နှစ်လရှည်စွာ အကြိမ်ကြိမ် နှီးနှော တိုက်ဆိုင်စုံစမ်း မေးမြန်း စမ်းသပ်ညှိနှိုင်းပြီးလျှင် ကိုယ်လည်းမှတ်သား၊ နောက်သားနောင်လာ မှတ်နာလေ့ကျက်လိုသူတို့ ကောင်းစွာ နားလည်တတ်မြောက်လွယ်စေခြင်းဟူသော အကာရှည်စိတ်၊ ဖိုလ်ဟိတ်သွယ်ခတ်ထောက်ထားတတ်သဖြင့်ရေးသားဖွဲ့ဆိုရင်း ပုဂ္ဂိုလ်၏ အလိုအာဘော်ရည်မှတ်ရင်း အဓိပ္ပာယ်ကျန၍ ယုတ္တာယုတ္တိ အသွားအလာ အင်္ဂါဖြောင့်မှန် စေ လျက်တီးချက်တီးလုံး အသုံးအစွဲနေရာ တည့်မတ်ညီညွတ်သဖြင့် ရစ်ပင့်သတ်လတ် ပုဒ်ဗျည်းအက္ခရာ သဝေအမြွက် ဝိသဇ္ဇနီမှစ၍ ချွတ်ယွင်းတိမ်းပါးမရှိရအောင် စွမ်းနိုင်သမျှ အားထုတ်သန့်ရှင်း ပြင်ဆင်သုတ်သင်ရေးသားပြီး ပြေနှင့်သည် ကြိုးဘွဲ့သီချင်းခံ ပတ်ပျိုး ယိုးဒယား ကြေးသွား၊ မွန်သံ၊ ဒိန်းသံ၊ သိင်္ဂါသံ ဒေကေရိသံလည်ချိုက်၊ မီးခွက်ဘ၊ လောကနတ်စသော သီချင်းမျိုးစုံများကို အစဉ်အတိုင်း ကောင်းမွန်စီစဉ် သန့်ရှင်း ရေးသား တင်ထားသတည်း။ ဤစာတွင် ပါရှိသည့် သီချင်းကဗျာများတွင် တစ်စုံတစ်ရာ သဘောသကန် အယူအဆ သံသယမရှင်း၍ ထည့်သွင်း နုတ်ပယ် ပြင်ဆင်လိုသောသူတို့သည် ရှောင်တခင် ပြင်ဆင် နုတ်ပယ် ထည့်သွင်းခြင်းကို မပြုမူ၍ အထက်ဆိုခဲ့သည့် လဒ္ဓေါပဒေသ နည်းခံ တပည့်ကြီးတို့တွင် တစ်ဦးဦးသောသူတို့နှင့် နှီးနှောစုံစမ်း မေးမြန်းတိုင်ပင်ပြီးမှ

ပြင်ဆင်နုတ်ပယ်ထည့်သွင်းခြင်းများကို ပြုလုပ်ကြပါစေသတည်း။ ဤကား သင်္ဂီတကမ္မပကာသနီကျမ်း နိဒါန်းတည်း။ ရှေးဦးကြိုးသီချင်းကို ပြအံ့။

ဤသို့ နိဒါန်းဖွင့်ဆိုပြီးနောက် ကြိုးသီချင်းစုပေါင်း (၁၉၉) ပုဒ်ကို ဦးစွာဖော်ပြပါရှိသည်။

ယင်းကြိုးများအနက် ကြိုးကွေ့၊ ကြိုးလည်၊ ဒက်လည်လျောက် ကြိုး၊ တုရ စမ မြင် ကြိုး၊ ဇယ် စေ့ ဆုပ် ကြိုး၊ နေ့ပြင်ကျသတ်ကြိုး၊ ရတုသတ်ကြိုး၊ ဆိုသူ မင်းလက်ဝဲ နော်ရထာ၊ ပိုးတောင်တဲ့တဲလွန့်ကြိုး၊ ပင်းကလဲဝန်ဆိုသားနိုး ပျော်ဘွယ်ကြိုးတစ်ရပ်၊ ဆောင်ခန်းသာချင်းကြိုး၊ အိမ်ဦး သာချင်းကြိုး၊ သမားဖြူ အမေးချင်းကြိုး၊ သိကြားမင်း အမေး ချင်းကြိုး၊ သိကြားမင်းအုပ်ဆောင်းကြိုး၊ သိကြား မင်းလေးညှိချင်းကြိုး၊ ပုဏ္ဏမဝါဂွမ်းပစ်သံကြိုး၊ မြင့်မိုရ် တောင်လည်ကြိုး၊ ပန်းတည်ခွက် ချစ်ကြိုး၊ ဒက်လည်လျောက် ပျည်း ပွင့် ကောက် ကြိုး၊ သု ဇီ တ လင် ဆု တောင်း ကြိုး၊ လွဲ ကျော် ကြီး ကြိုး စ သည် ဖြင့် အ တန် ထူး ခြား သော ကြိုးအတော်များများ ဖော်ပြထားသည်ကို တွေ့ရှိရ၏။

ထို့နောက် ဆက် လက် ၍ ဖော် ပြ ပြန် သည် ကား “နောက်ကာလသီဆိုကြသည့် ကြိုးချင်းစုဟူ၏၊”

“ထံ တျာ၊ သီ တာ၊ သာ ယာ၊ စံ ရာ တောင် ကျွန်း၊ ရွှေ ပြည် ကြီး ရော၊ မြို့ နန်း ငယ် လေး ကိုး ပါး ပေါင်း စု၊

ရွှေဘုန်း''မှအစချီ၍ မြသွင်ပြင်ဆင်၊ ပိုးဝိုးဝါဝါး၊ လေချို သာလာသည်၊ ညှင်းညှင်းအထိ ကြိုးသီချင်းပေါင်း ၆၃ ပုဒ် တင်ပြထား၏။ ယင်းကြိုးချင်းစုတွင်လည်း မဟာဂီတ ကျမ်းများနှင့် အဘန်စိမ်းသော မြနန်းသိင်္ဂါ၊ ဘုန်းတန်းတိုး၊ သယ်ဟိုဆောင်မှာ၊ ဖြူးပြန်လွင်နှင့်၊ မင်းလောင်းစိုးလောင်း မှန်မှန်ပီပီ၊ မိုးကညိုဝန်း၊ ရွှင်မပျော်လို့၊ အောင်ခြာမြေသံ မှန်ယွန်းစံရာ၊ ရေညိုတောင်ဖွေးဖွေး အစချီထားသည့် ကြိုးများ ပါရှိနေ၏။

ပထမတွဲ ပြီးသည့်နောက် ဒုတိယတွဲဟုခွဲခြားလျက် ဘွဲ့ချင်းစုများ ဖော်ပြထား၏။

ရတနာပူရ အဝမြို့တွင် ခေါင်းစဉ်နှင့် မင်းဝံတောင်ညွန့် အစချီထားသော ဘွဲ့မှစ၍ တမ်းချင်းဘွဲ့ခေါင်းစဉ်ပါ လွမ်းပူသူ ညှိုးသည်နှင့်လေး အစချီ ဘွဲ့ချင်းပေါင်း ၆၃ ပုဒ် ဖော်ထုတ်တင်ပြထား၏။

ယင်းဘွဲ့ချင်းစုတွင်လည်း ထူးခြားသော ဘွဲ့သီချင်း များကို တွေ့ရပြန်သည်။ ခွန်ယူစိုးရ၊ သကမဥ္စူ၊ ဆိုင်းတော် ရတနာငယ်လေ၊ နော်ဒတ်ငယ်ရေညို၊ ရွှေဗိမာန်ငယ်လေ၊ တူပွိုင်ယှဉ်ပွိုင်၊ စိမ်းဝှန်ညိုလဲ့၊ လွမ်းပူသူညှိုး၊ ဘုမ္မိငယ်လေ နက်သန်၊ မဟာသမတ ဆက်စဉ်လာ၊ မင်္ဂလာကောင်းချီး၊ ပွင့်ချိန်နီးလှရင့် မုံအာ စသည်တို့ပင်တည်း။

ကျမ်းအသီးသီး တို့၌ ဂန္ဓာမာတောင်ဘွဲ့ သီချင်းကို မြဝတီဝန်ကြီးရေးသည်ဟု ဖော်ပြထားလျက် သဗ္ဗဂီတက္ကမ

ပကာသနီပေမူတွင်မူ ဖျသီးဆယ်ရွာစား ဦးလွှမ်းပြေရေးသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဆက်လက်၍ တတိယတွဲအဖြစ်သီချင်းခံစုကို ဖော်ပြထား၏။ သီချင်းပေါင်း ၅၀ ပါရှိ၍ ၁၂၇၉ ခု၊ တပေါင်းလဆန်း တစ်ရက်နေ့ ရေးကူးပြီးစီး အောင်မြင်သည်ဟု ပါရှိသည်။

သီချင်းအမှတ် (၁) အဖြစ် ရောင်ခြည်တော်ဘွဲ့ သီချင်းခံခေါင်းစဉ်နှင့် ထူးမခြားနားကို ဦးစွာတင်ပြထား၏။

ထို့နောက် မြဝတီမင်းကြီးဆို သတိုးမင်းစော သီချင်းအလိုက် ဇမ္ဗူကျွန်းလုံး၊ ရွှေးတရုတ်ဝန်ဆို ဘုန်းဘွဲ့ရတနာပူရအဝမြို့ဘွဲ့ ဇမ္ဗူမြန်ခြာ၊ ရွှေးဘုန်းဘွဲ့ ကျွန်းလုံး သိမ်းကြုံး၊ တောင်ငူမင်းဆို ရွှေးဘုန်းဘွဲ့ ဘုန်းမိုးသွန်းလောင်း၊တောင်ငူမင်းဆို ရတနာပူရအဝမြို့ဘွဲ့ ဘုန်းထူးဝေဆာ၊ ဖျသီးဆယ်ရွာစား ဦးလွှမ်းပြေဆို သန်းခေါင်သီချင်း စန္ဒာရောင်သို့သာ၊ မြဝတီမင်းကြီးဆို ဘုန်းတော်ဘွဲ့ ထောင်ရောင်နေ၊ မြဝတီမင်းကြီးဆို ရာသီဘွဲ့ဘုံ့ချနေနန်း၊ယော်တိုးဝန်ဆို တောတောင်ဘွဲ့စုံသာမြိုင်နုယ်ဧသော သီချင်းများမှအစချီပြီး မင်းလက်ဝဲနော်ရထာဆို ရွှေးချင်းကင်းပတ်ငယ် ရွှေဘောင်တော်စံခါ၊ ကျွန်းမကြီးရေသောက်၊ ဆောင်းတွင်းရောက်ခါ၊ ကျွန်းမငယ်ရေသောက်၊ ရွှေဘုန်းကျော်လှိုင်၊ တောတောင်ဘွဲ့ တောဟေဝန် တောင်သီချင်းအဆုံးအထိ ပုဒ်ရေပေါင်း ၅၀ ဟု ဖော်ပြထား၏။

ယင်းသီချင်းခံ အစု၌ ရှားပါး သီချင်းပေါင်း များစွာ ပါရှိလျက် ဘုံပျံနေနန်းနှင့် ဟောဝန်စုံမြိုင် ပတ်ပျိုးချင်းစု နှစ်ပုဒ်ကို သီချင်းခံစုထဲ၌ ဖော်ပြထားခြင်း မှာ မူလအစကပင် ပါရှိခြင်းလော၊ သို့တည်းမဟုတ် ကူးရေးကူးယူသူများ၏ ချွတ်ယွင်းချက်လောဟု တွေးတောဖွယ်ရှိသည်။ သို့သော် ဂီတမိခင်ကြီး အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည် ကိုယ်တိုင်က မူလပေမူ၌ ဤအတိုင်းပင် ပါရှိခဲ့ကြောင်း မိန့်ကြားခဲ့လေသည်။

သီချင်းခံစု ဖော်ပြပြီးနောက် စတုတ္ထတွဲအဖြစ် ပတ်ပျိုးချင်းစုပေါင်း ၁၈၂ ပုဒ် ဆက်လက်ပါရှိသည်ကို တွေ့ရ၏။ မဟာဂီတကျမ်းများ၌ မပါရှိသော ပတ်ပျိုးသီချင်းအတော်များများကို ဤသဗ္ဗဂီတက္ကမ ပကာသနီကျမ်းပေမူ၌ တွေ့ရှိရသည်။

မြဝတီမင်းကြီးရေး ပတ်ပျိုး၏ ခေါင်းစီးအမည် တစ်ခုမှာ အတန်ထူးခြားပါဘိ။ မြဝန်းပေါ်ရစ်သီအစချီ "ဒေကောရီသံ" ဟု ဖော်ညွှန်းထား၏။ မည်သို့သော အကြောင်းကြောင့် ဤသို့ခေါ်ဆိုထားသည်ကို သတိချပ်သင့်၏။ ဤတစ်ခုတည်းသာမဟုတ်ပေ။ မဟာဂီတ ကျမ်းများ၌ ဖော်ပြပါရှိပြီးဖြစ်သော ကြိုးသီချင်းစုများ၏ ခေါင်းစီးအဓိပ္ပာယ်များစွာတို့ကိုလည်း မဟာဂီတပညာရှင်များနှင့် မြန်မာစာပေပညာရှင်များ စုပေါင်းညှိနှိုင်း ရှင်းလင်းသင့်ပေသည်၊ ဤကိစ္စတွင်မူ ဂီတပညာရှင်များထက် မြန်မာစာပေ ပညာရှင်ကြီး

များ ပါဝင်ဦးဆောင်ဦးရွက် ပြုမှသာလျှင် ပိုမိုပီပြင်ပေလိမ့်မည်။

၁၉၂၄ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သော ဦးပုံးချို၏ မဟာဂီတပေါင်းချုပ်ကျမ်းမှ ကြိုးသီချင်းစုများကိုပင် ရှုပါဦးလော့။ ခိုမင်းကြိုး၊ ရွှေဒေါင်းမင်းကြိုး၊ ဂဠုန်မင်းတောင်သံ၊ ခါမင်းကြိုး၊ ငါးကြင်းရေဆန်၊ ငါးကြင်းရေစုန်၊ ငုံးမင်းကြိုး၊ ညှန့်တက်သံသာကြိုး၊ ဗောဓိရွက်သံကြိုး၊ အတွင်းတီးပြေး၊အပြင်တီးပြေး၊ တောင်တမံလိုင်းကြက်ခွပ်၊ ဘီလူးမစည်သံ၊ ငပြေတက်သက်စသည်ဖြင့် သီချင်းခေါင်းစီးနာမအမျိုးမျိုးတို့ များပြားလှသော်လည်း သီချင်းစာသားနှင့်ခေါင်းစီးကို အဓိပ္ပာယ်ဖော်၍ မရနိုင်လောက်အောင် အခက်အခဲ ကြုံတွေ့ကြရ၏။ ယင်းပြဿနာကို တတ်ကျွမ်းနားလည်သူ ပညာရှင်များ စုစည်းညှိနှိုင်း ဖော်ညွှန်းသင့်ကြလေသည်။ ရှေးဂီတစာဆိုကြီးများသည် အကြောင်းမဲ့စွာဖြင့် သီချင်းအမည်ကို မှည့်ခေါ်မည်မဟုတ်ပါပေ။ သဗ္ဗဂီတက္ကမ ပကာသနီကျမ်း၌ တစ်ပုဒ် တည်းသာ ပါရှိသော ဒေဘကေရီသံပတ်ပျိုးကို ဖော်ပြလိုက်ရပေသည်။

"မြဝန်းငယ်ရစ်သီ၊မှိုင်းရီညှိုလို့၊ဘုန်းရို့ဆီကသာ၊ ရွာတိမ်ဆိုင်းငယ်၊ တိမ်လှိုင်းလေ၊ မျှော်တိုင်းဝေမှို၊ နန်းမြို့ငယ်ဆီကသာ၊ ရွာမကျူးတောင်၊ရိုက်ညောင်းငယ်၊ ရွှေစည်တံမြွာ၊လွမ်းတာပိုလှည့်ပြိုငယ်ဘွယ်သာ မှိုင်ကြီးမှောင်တဲ့၊ တောင်ငယ်ဘီလာ၊ အိုမိုးမာန်ဘွဲ

ညို၊ ခိုးဘန်ခဲ့နှဲ့နိုင်ဆုံးငယ်လေ၊ ဘယ်ဘုန်းတော်နှင့်
သာမှာ၊နန်းလဲ့လဲ့ညာ၊ဆန်ရာကပျိုးစေသနှင့်လေ၊
စနစ်ကယ် မပြေလှပါဘူး၊ သစ်သစ်ငယ် မထွေပါနှင့်၊
ညာကြွေခါနွေလှနှင့် သိန်မြူမိုး''

ထိုကျမ်း၌ ထံတျာတေရှင်အစချီ ပုစဉ်း တောင်သံကြိုး အံပြင် မလွှာရွှေပွင့်အစချီ ပုစဉ်းတောင်သံကြိုး၊ ဆောင်ဆောင်သာအမချီ ပုစဉ်းတောင်သံကြိုး တစ်ရင်ဟူ၍လည်း ပါရှိ၏။

ဆက်လက်၍ ယင်းပေမူတွင် ယိုးဒယား(ထိုင်း)၊ မွန်နှင့် မုံရွေးဆရာတော်၏ ပျို့များလည်းပါရှိသည့်ပြင် ဝက်မစွတ်ဝန်ထောက် ရေးဖွဲ့သီကုံးသော စိန်ဇာကွန့်ခြူးငယ် အစချီ ထိပ်စုမြတ်ဘုရား ယဉ်တော်ဘွဲ့၊ စိန်ကြောင်ညီးလင်း၊ မြခိုး ရည်မှင်လွှာခြယ်ရှုံ၊မှုံငွေနှင်းမင်းလွင်မို့၊ မြန်လေညှင်းငယ်က တေးချင်း ငါးပုဒ်လည်း ပါဝင် ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။

သဗ္ဗဂီတက္ကမ ပကာသနီကို ဆာစောချယ် ကူးယူသည့် အချိန်မှာပင် မန္တလေးမြို့နေ ရွှေပြည်ဦးဘတင်က လက်ရေးမူနှင့်ကူးရေးပြီး ဝက်မစွတ်ဝန်ထောက်ကလည်း ပေမူနှင့် အသစ်ကူးစေခဲ့ရာ ဝက်မစွတ်ကူးယူသောပေမူမှာ မြေးဖြစ်သူ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးထံမှာ ရှိကြောင်းဖြင့် ဒေါ်စောမြအေးကြည်နှင့် ခင်ပွန်းဆရာတင်က ပြောပြခဲ့သည်။

ဒေါ်စောမြအေးကြည် (၁၂၅၃-၁၃၂၉) ကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူ ဆရာတင်မှာ ငွေကြေး အကျပ်အတည်းကြောင့် သင်္ဂီတဘက္ကမပေမှုကို ဆရာဝန်ကြီးဦးဘသန်းထံ သို့ ကျပ်ငွေ တစ်ထောင်နှင့် ရောင်းချလိုက်ရာ ဆရာဝန်ကြီးဦးဘသန်း ကွယ်လွန်သည့်အခါ ထိုပေမူမှာ ဆရာဝန်ကြီးဦးဘသန်း၏ ပတ္တလားနှင့် အမြဲတမ်းလိုလို တွဲဖက်သီဆိုပေးရသူ ဒေါ်လှိုင်ထံသို့ ရောက်ရှိသွားလေသည်။

ဒေါ်လှိုင်က မြန်မာညွန့် ဦးချစ်မောင်၏ဇနီး ဝဏ္ဏကျော်ထင် ဒေါ် အောင်ကြည် အား ပေး အပ် ခဲ့ ရာ ဒေါ်အောင်ကြည်သည် ယင်းပေမူကို ယဉ်ကျေးမှုဗိမာန်သို့ လှူဒါန်းခဲ့ပြီးနောက် ယခုအခါ ထိုပေမူမှာ အမျိုးသားစာကြည့်တိုက်သို့ ရောက်ရှိနေပေပြီ။

# (၁၁)

# မြဝတီစာစု

သဗ္ဗဂီတက္ကမ္မပေမူကို ဆာစောချယ်ရရှိခြင်း၌ ဝက်မစွတ်ဝန်ထောက်၏ အဆက်အသွယ်လည်း ပါရှိခဲ့ရာ ဝက်မစွတ်ဝန်ထောက် သိမ်းဆည်းခဲ့သော မြဝတီစာစုနှင့်သီချင်းစုပေမူအကြောင်းအရာကိုလည်း အကျဉ်းအားဖြင့် ဖော်ပြလိုပေသည်။ ဤမူမှာ ဆာစောချယ်ကူးယူစဉ်က ဝက်မစွတ်ကူးယူသည့် ဂီတက္ကမ္မမူမဟုတ်ပေ။ မြဝတီစာစု ပေဖြစ်သည်။

ဤပေမူကို မြေးဖြစ်သူ ဒဂုန်ခင်ခင်လေးက သိမ်းဆည်းခဲ့ရာမှ စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးက မိမိတစ်ဦးတည်း လက်ဝယ်ပိုင်ပိုင်သိမ်းယူထားခြင်းထက် ပြည်သူအများလက်သို့ ဖြန့်ချိခြင်းက ပိုမိုအကျိုးသက်ရောက်မည်ဟု ယူဆကာ အနစ်နာခံ၍ထုတ်ဝေပေးမည့် စာပေသမားဖြစ်သူ ဇွဲဦးထွန်းရှိန်နှင့် တိုင်ပင်လျက် မဟာသိရိဇေယျသူရ မြဝတီမင်းကြီးဦးစ၏ မြဝတီစာစုနှင့် သီချင်းစု အမည်ဖြင့် မဟာဂီတ ကျမ်းတစ်စောင်ကို ဇွဲစာပေရိပ်မြုံမှ ၁၉၆၇ ခုနှစ်အတွင်း ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိ ရောင်းချ ခဲ့လေသည်။

စာမျက်နှာ (၂၅၀) ကျော်ရှိပြီး အရွယ်ကြီး၊ ဆိုက်ကြီးနှင့် သပ်သပ်ရပ်ရပ်ရှိလှသည်။ တန်ဖိုးမှာ(၇)ကျပ်ဖြစ်သည်။

ဒဂုန်ခင်ခင်လေး၏ မှာကြားချက်၊ ဇွဲဦးထွန်းရှိန်၏အမှာ၊ ချစ်ဆွေ (မြောင်းမြ) ၏ မြဝတီမင်းကြီး ဦးစ(၁၁၂၈-၁၂၁၅) အကြောင်းခြင်းရာ အတ္ထုပ္ပတ္တိများဖြင့် စာအုပ်အဖွင့်တွင် ခံ့ညားစွာပါရှိ၏။ ချစ်ဆွေ (မြောင်းမြ)၏ မြဝတီ ဦးစ အကြောင်းမှာ စာမျက်နှာ ၃၀ ခန့်ရှိပြီး အလွန်စုံလင်စွာ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရသည်။ သူရိယတိုက်ထုတ် မဟာဂီတအသစ်ကျမ်း၌ ဖော်ပြပါရှိခဲ့သော ထူးမခြားနား သီချင်းခန့်အကြောင်း ဖြေရှင်းချက်ကိုလည်း ကျမ်းအဖွင့်တွင် ထပ်မံတင်ပြထားသည်။

ကျမ်းစလျှင်စချင်း ဤသို့ပါရှိ၏။

"မြဝတီမင်းကြီးဦးစ၏ စာစု (ပေမူ) န မော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ဝန်ကြီ မြဝတီ မြို့စားမင်းကြီး မဟာသီဟသူရ ယယ်ရွယ်ပျိုမျစ် စဉ်ကသည် အသက် ၇၃ နှစ်တိုင်မင်းဧကရာဇ်အဆက်ဆက် ချီးမြှင့် တိုက်တွန်းတော်မူ၍ သီကုံးဖွဲ့ဆိုဆက်ရသည့် ရတု၊ လူးတားနှင့် တူရိယာ၊ တျာသံ၊ တေးသံမှစ၍ ခုနှစ်သံဘွဲ့ဆို တီးမှုတ်သမ္ဘာသာ အသံမျိုးနှင့်တကွ ဘွဲ့ဆိုသည့် သီချင်းစုများ"

"သက္ကရာဇ် ၁၁၉၉ ခု၊ တန်ခူးလ ရတနာသိင်္ဃ ပြည်များ တန်ဆောင် ကုန်းဘောင်ဘုန်းဖွင့် ဆဒ္ဒန်ဆင်မင်းသခင် မဟာအမရပူရ တတိယရွှေပြည် ရွှေနန်းသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား၊ သားတော်ရင်နှစ် ဖြစ်တော်မူသော အနောက်တစ်မျက်နှာ မင်းတုန်းမြို့နှင့်တကွ တောင်စဉ်ခုနှစ်

ခရိုင်ကို အစိုးရသော အသျှင်ပင်းတရားကြီး ခမည်းတော် မင်းကေရာဇ်၊ နောင်တော်အသျှင် ဆဒ္ဒန်ဆင်မင်းသခင် မင်းကေရာဇ် (၂)ဆက် တိုင်းရေးပြည်မှုကို လွှဲအပ်တော်မူ၍ ရွှေလှေတ်တော်သို့ တက်သက်ဆုံးဖြတ်တော်မူသော ဒါန၊ သီလ၊ ပညာ၊ သမာဓိတရားနှင့် ပြည့်စုံတော်မူသော မင်းတုန်း တောင်စဉ်ခုနှစ်ခရိုင် ကိုယ်တော်က ဝန်ကြီး မြငတီမြို့စား ဟောင်း စီကုံးရေးသမျှ ရတု၊ လူးတား၊ လင်္ကာ၊ ကဗျာ၊ ပဥ္စင်တူခိုယာတီးမှုတ်သမျှအသံ တေတျာဘာသာမျိုး သီချင်းများ သိတော်မူလိုသည်။ မင်းကြီး ငယ်ရွယ်ပျိုမျစ်စဉ် အသက် ၂၅ နှစ်ကစ၍ ဘွဲ့စု သီကုံးသည့်စာ ယခု အသက် ၈၃ နှစ်ရောက်မှ စီကုံးသည့် စာများကို ကြားသိတော်မူ လေသည်။ သက္ကရာဇ် ၁၂၁၁ ခု၊ ဝါခေါင်လဆန်း ၅ ရက်နေ့ အမိန့်တော်ရှိ၍ အထက်ဘွဲ့စုသည့် စာစုနှင့် မင်းကေရာဇ် အဆက်ဆက်ကသည် ယခု ရွှေလက်ထက်တော် မြင်းမှူးရွာစား မဟာသီရိဇေယျသူရ အသက် ၈၃ နှစ်တိုင် ရွှေနန်းတော် ရွှေအိမ်မှာ ချမ်းသာစွာ သားသမီး မြေးမြစ်တို့နှင့် ဒါန၊ သီလ၊ ဘာဝနာတို့အားထုတ်၍ နေရသည့်အိမ်တွင် အမိန့် တော်နှင့် ရေးရသည့် စာစု”

“ဝန်ကြီး မြဝတီမြို့စား မင်းကြီးမဟာသူရသည် ငယ်ရွယ် ပျိုမျစ်စဉ်က အမရပူရပထမမြို့နန်းတည် ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ပေါက်မ ရတော်မူသော ဘဝသခင်အရှင်ကေရာဇ်မင်းမြတ် သားတော်ကြီး ဘုန်းတော် ကြီးလှသော အိမ်ရှေ့ဘုရား အပါးတော်တွင် မြဲစွာခယမ်း စေသုံးတော်မူ၍ သက္ကရာဇ် ၁၁၆၀ ခုနှစ်၊ အရှင်မင်းတရားကြီး ဘုရား တောင်ငူမြို့သို့ ရွှေစက်တော်ဖြန့်၍ ရေကြည်အရပ်

စံနန်းတော်တွင် စံတော်မူသည်။ ရွှေမြို့တော်တွင် အိမ်ရှေ့ဘုရား စောင့်တော်မူရသည့်အခါ မဟာဝင်ကျမ်းထွက် ဝိဇယကုမ္မာမင်းသား လင်္ကာကျွန်းသို့ ကူး၍ ဘီလူးတို့ကို နှိမ်နင်းပြီးလျှင် ထိုတမ္ဗပါဏိယလင်္ကာကျွန်းတွင် တိုင်းပြည်တည်ထောင်သည်ကစ၍ သဘင်ကျင်းပရန် ဇာတ်ထုပ်တော် စကားပြေသီချင်းပါ စဉ်ဆက်အတိုင်း ဆင်းသက်ခဲ့လျှင် နောက်နောင်သောမင်းတို့ လက်ထက် ဇမ္ဗူဒိပ်မင်းတို့နှင့် ဆက်လက်၍ ဝင်္ဂရာဇ်မင်းသို့ လင်္ကာဒီပမင်းသမီးကို သဘော်နှင့် အခြွေအရံများစွာ ဇမ္ဗူဒိပ်ဝင်္ဂရာဇ်မင်းသို့ပို့သည့်အခါ ပင်လယ်သို့ သဘော်လွှင့်ခြင်းကို စီကုံးရေးရမည် အမိန့်တော်နှင့် အိမ်တော်တွင် ဘဏ္ဍာစာရေးဆရာနှင့် ခယမ်းနေရသည့်အခါ အသက် ၂၅ နှစ်က စီကုံးဆက်ရသည့်သဘော ပင်လယ်လွှင့်ချင်း'' ဟု စကားချီးကာ (သည်ပင်လယ်ရေနယ်ရှိညံ့ညံ့ ကျူး မြူးပျော်သံ) သီချင်းဖြင့် စတင်ထားသည်ကို တွေ့ရှိရသည်။

ဤပေမူသည် ယခုအခါ အမျိုးသား စာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့တွင် ရှိနေကြပေပြီ။ သို့သော် ဒေါ်စောမြအေးကြည် ပြောပြချက်အရဆိုလျှင် ဆာ စော ချယ် ပေ မူ ကူး ယူ စဉ် က ရွှေပြည်ဦးဘတင် က လက်ရေးမူနှင့် ကူးယူရေးပြီး ဝက်မစွတ်က ပေမူနှင့်ထပ်မံကူးယူသေးသည် ဆိုထား၏။ ဝက်မစွတ်ကူးသည့်ပေမူသည် အသေအချာရှိသည်ဟု သိရသော်လည်း ယင်းပေမူမှာ ယနေ့ရှာမရတော့ချေ။ စာကြည့်တိုက်မှူးများ၊သုတေသီများလည်း ကြိုးကြိုးပမ်းပမ်း ရှာဖွေဆဲပင်ဖြစ်၏။ သို့သော် အစပျောက်နေသဖြင့် ဆက်လက်စူးစမ်းမွှေနှောက်ကြဆဲပင်တည်း။

မြ ဝ တီ ဦးစ ကိုယ် တိုင် စု ဆောင်း ရေး သား ခဲ့ သော တေးချင်းစုပေမူ ၁၇ အင်္ဂါကျော်တွင် ထူးမခြားနားသီချင်း ခံမပါရှိခဲ့သည့်အလျောက် ဇွဲဦးတွန်းရှိန် ရိုက်နှိပ်ထုတ်ဝေသည့်မြဝတီစာစုနှင့် ဘွဲ့ချင်းစုစာအုပ်မှာလည်း ထူးမခြားနား ပါဝင်ခြင်းမရှိချေ။

ယင်းပေမူကို ထိန်းသိမ်းထားခဲ့သူ ဒဂုန်ခင်ခင်လေးက ပင်လျှင် သူ၏စကားချီး၌ မြ ဝ တီ မင်း ကြီး မရေးခဲ့သော အကြောင်းကြောင့်သာလျှင် ခြွင်းချန်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ပမာဒလေခ၍ မေ့လျော့သဖြင့် မထည့်ခဲ့ဟု ယူဆရန်မှာလည်း မင်းကြီးရေးဖွဲ့ခဲ့သော ဒွေးချိုးသဖြန်မှအစ အသေးအဖွဲ့တို့ပင် မြဝတီစာစု၌ ပါဝင်လျက်ရှိလေရာ ဤမျှကြီးကျယ် လေးနက် ခံ့ညားသော မြတ်စွာဘုရား ရောင်ခြည်တော်ဘွဲ့ သီချင်းခံကြီးတစ်ပုဒ်လုံးကို မေ့လျော့နိုင်မည် မဟုတ်တန်ကြောင်းဖြင့် ဖော်ပြထားသည့်အပြင် ၁၉၂၃ ခုနှစ်ထုတ် သူရိယ မဟာဂီတ အသစ်တွင် တင်ပြထားသော "ထူးမခြားနားသီချင်း အဆုံးအဖြတ်" ကိုပင် ထပ်မံဖော်ပြထားသည်ကို ဖတ်ရှုရပြန်ပါသည်။

သို့သော် ပုံနှိပ်စာအုပ်၏အဆုံး၌ မြဝတီမင်းကြီးမရေးစပ်ခဲ့စေကာမူ ထူးခြားခံ့ညားထည်ဝါလှသော ထူးမခြားနား သီချင်းခံ့ကို သီးသန့်ရိုက်နှိပ်ဖော်ပြပါရှိသည်။

▭◁▷▭

( ၁၂ )

# ထူးမခြားနားအငြင်းပွားမှု

ကျွန်ုပ်တို့အနေနှင့်မူ ထူးမခြားနားသီချင်းခံကို မည်သူ ရေးစပ်ခဲ့ကြောင်း တပ်အပ်မဆိုနိုင်ပါပေ။ ယနေ့တိုင်လည်း ပြတ်သားမှုမရှိသေးဟု ဆိုချင်သည်။ ဆရာဇော်ဂျီမကွယ်လွန်မီက ထူးမခြားနားရေးသူသည် တော်တန်ရုံ သာမည ပုဂ္ဂိုလ်မဟုတ်တန်ရာ။ မြန်မာစာလွန်စွာတတ်ကျွမ်းသူ ဖြစ်ရမည်ဟူ၍ မိန့်ကြားခဲ့၏။

ဆရာမင်းသုဝဏ်ကလည်း မိမိအနေဖြင့် ဂီတ တီးကွက်၊ တီးချက်၊ တီးလက်၊ စည်းဝါးတို့ကို မကျွမ်းကျင်ကြောင်း။ သို့သော် စာသားအနေနှင့်မူ အလွန်အဆင့်မြင့်လှကြောင်း၊ မည်သူရေးဖွဲ့ကြောင်းကို တိကျစွာမပြောရဲကြောင်းစသည်ဖြင့် ကျွန်ုပ်က နှီးနှောမေးမြန်းကြည့်ရာ၌ ထူးမခြားနားသီချင်းစာကို အပြန်ပြန်အလှန်လှန်ဖတ်ရှုပြီး ယင်းသို့ပြန်လည်မိန့်ကြားမြွက်ဟခဲ့ပေသည်။

မိမိသိထား မှတ်ထားခြင်းများကို မိမိတစ်ဦးတည်းသိရှိထားခြင်း မပြုအပ်။ အခြားသူများကိုလည်း သိစေအပ်၏။

ဖွင့်ဟ တင်ပြလျက် ဆွေးနွေးတိုင်ပင်သင့်၏ စသည်ဖြင့် မုံရွေးဆရာတော်၏ သမန္တစက္ခုဒီပနီ၌ ဖွင့်ဆိုထား၏။ ဆရာမင်းသုဝဏ်ကလည်း ဤသို့ပင်ဆို၏။ ထို့ကြောင့် ထူးမခြားနားအဆုံးအဖြတ်ကို မတင်ပြဘဲမနေအပ်ကြောင်း သဘောပေါက်သိနားလည်စွာဖြင့် သိမှတ်သရွေ့ တင်ပြရခြင်းပေတည်း။

ထို့ပြင် မုံရွေးဆရာတော်မှတ်စုကို ဖတ်ရှုရာတွင်လည်း အတုယူဖွယ် ကောင်းလှသော ရှားပါးအံ့ဖွယ်မှတ်စု၊ မှတ်တမ်း မှတ်ရာ၊ အဖြာဖြာကိုတွေ့ရှိရပြီး ပိုမိုအားကျလာ၏။ ပိုမိုစိတ်ဝင်စားလာ၏။

"ဒီကနေ့ဒီအခါမှာ ထူးမခြားနဲ့ပတ်သက်ပြီး တိကျတဲ့ မှန်ကန်တဲ့အဖြေကို မရသေးဘူးလို့ပြောကြပေမယ့် တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ မှန်ကန်တဲ့ရလဒ်အဖြေတော့ ထွက်လာနိုင်လိမ့်မယ်လို့ ထင်တယ်ဗျာ။ လူငယ်တွေကလဲ ကြိုးစားကြပါလိမ့်မယ်၊ အင်မတန်ခေါင်းကောင်းပြီး သုတေသနပညာနဲ့ပတ်သက်ပြီး ဝါသနာအာရုံ အလွန်စူးစိုက်ရှာဖွေကြမယ့် ပုဂ္ဂိုလ်ကျော်ကလေးတွေ ထွက်လာ လိမ့်မယ်လို့ ယုံကြည်မျှော်လင့်တယ်ဗျာ၊ ဒီတော့ ဒီနေ့မတင်မကျဖြစ်နေတဲ့ ထူးမခြားနားပြဿနာကို တင်ပြထားခဲ့ပေါ့၊ ဆက်လက်ပြီး တိကျတဲ့အဖြေမှန်တွေကို ကျွန်တော်တို့ ခင်ဗျားဘို့မမီပေမယ့် တဖြည်းဖြည်းတစ်စတစ်စနဲ့ ပေါ်လာနိုင်ကောင်းပါရဲ့ဗျာ"

ဤကား ဆရာမင်းသုဝဏ်က ကျွန်ုပ်အားမြွက်ကြားသော ဆိုမိန့်ချက်ပင်တည်း။

မဟာဂီတလောက၌ လုပ်ဆောင်ဖွယ်ရာ မြားမြောင်လှပေ၏။ ဖတ်ရှုခဲ့ရဖူးသော ပေမူ၊ ပုရပိုက် မူများသည်ပင် မူကွဲအမျိုးမျိုးရှိနေ၏။ တီးမှုတ်သီဆိုကြသော တေးချင်းများသည်လည်း မူမတူကြချေ။ သံကျသံရောက်များ ကွဲလွဲပြီး စည်းဝါးအကျဉ်းအကျယ် အမျိုးမျိုးအဖုံဖုံရှိနေကြ၏။ ပေမူပုရပိုက်များ၌ တေးပြုသူ၏အမည်နာမများ တစ်ဆူနှင့်တစ်ဆူ မတူညီကြပါချေ။ချစ်သမျှကိုပတ်ပျိုးကို နန်းမတော်မမြလေးရေးသည် ဟူ၍လည်းကောင်း၊ ပဲ့နင်း ဦးနေဦးရေးသည်ဟူ၍လည်းကောင်း၊ လှေသူကြီး ဦးဆိုးရေးသည်ဟူ၍လည်းကောင်း အမျိုးမျိုး ဖော်ပြထားကြလေ၏။ မည်သူတစ်ဦးတစ်ယောက်မျှ မမီခဲ့သော အထိုထိုသော ကိစ္စအဝဝတို့ကို မည်သို့ဖြေရှင်းကြပါအံ့နည်း။

သို့သော် ပြဿနာတစ်စုံတစ်ရာကို ပေါ့ပေါ့ဆဆ နှင့် ပစ်ပယ်မထားကောင်းပါပေ။ အချိန်ကာလများ မကုန်ဆုံးနိုင်သရွေ့ တစ်နေ့မဟုတ် တစ်နေ့၌ အဖြေရ ကောင်းစမြဲတည်း။ ဆက်လက်ကြိုးပမ်းသွားရသည်မှာ ဂီတပညာရှင်တိုင်း၊ ဂီတဝါသနာရှင်တိုင်းနှင့် သုတေသီအားလုံးတို့၏ တာဝန်ဖြစ်ပေ၏။

ထူးမခြားနားနှင့်ပတ်သက်၍ ၁၉၂၃ ခုနှစ်ထုတ် သူရိယ မဟာဂီတအသစ်၌ ဤသို့ဖော်ပြထား၏။ (ထိုကျမ်းမှသတ်ပုံအတိုင်း ဖော်ပြထားပါသည်။)

"ထူးမခြားနားသီချင်းကြီး အဆုံးအဖြတ်....အထက်ကပါရှိသောထူးမခြားနားသီချင်းကြီးနှင့်ဇမ္ဗူကျွန်းလုံးသီချင်းခံဟောင်းကြီးများကို ရန်ကုန်မြို့ အစိုးရ ဘားနာ့ဒ်ပိဋကတ်

တိုက်၍၊ ကင်းဝန်မင်းကြီးပုရပိုက်များ ဆူရေနံပါတ် ၁၅၉၅
တွင် ရေးသူအမည်မပါ တွေ့ရှိသည့်အပြင်၊ ၎င်းပုရပိုက်
နံပါတ် ၁၅၉၇ တွင် ထူးမခြားနားသီချင်းကို ဦးလွန်းမြေ
ရေးသည်ဟူ၍၎င်း၊ ပုရပိုဒ်နံပါတ် ၁၅၇၇ တွင် စာဆိုသူကို
မသိ၊ ရှေးအလွန်ကျသော စာပေါင်းကြီးဟူ၍၎င်း၊အချို့
သော ပေစာမူများနှင့် ပုံနှိပ်စာအုပ်အများတွင် မြဝတီ
မင်းကြီးရေးသည်ဟူ၍၎င်း၊ သောင်းပြောင်းရောယှက်ခဲခက်
စွာတွေ့ရှိရသော်လည်း၊ ၎င်းကင်းဝန်မင်းကြီးပုရပိုက် နံပါတ်
၁၅၇၇ တွင်ပင် ထူးမခြားနားကို မင်းနှင့်စပ်၍ဖြစ်စေ သူ
ခပ်သိမ်းတို့နှင့်စပ်၍ဖြစ်စေ၊ သဘင်ပွဲလမ်း ခင်းကျင်းကပြ
တီးမှုတ်သည့် အခါများမှာ ဘေးရန် အန္တရာယ်ကင်းခြင်း၊
ဆုလာဘ်ပဏ္ဏာစသော ကောင်းကျိုးချမ်းသာ ရောက်ခြင်း
စသည်ဖြင့် ပေးအပ်သော အကျိုးများကို ရှေ့ရှုသဖြင့်
အခြားသီချင်းများကို မတီးမမှုတ်မီ ရှေးဦးစွာ တီးမှုတ်လေ့
ရှိကြောင်း၊ သည်ကဲ့သို့ တီးမှုတ်ခြင်းကိုလည်း နောက်သား
နောက်လူတို့မှတစ်ပါး၊ ရှေးအတီးအမှုတ် ပညာသည် ဆရာ
ကြီးတို့မှာ အလေးပြု၍ တီးမှုတ်ကြကြောင်းများနှင့် ပဉ္စမ
သင်္ဂါယနာတင် မင်းတရားကြီးလက်ထက်တော်တွင် ထင်ရှား
ရှိသေးသော အသီးသီးလေ့ကျင့် တီးမှုတ်ရင်း ပညာတွင်
လွန်စွာလိမ္မာတတ်မြောက်သူ အတွင်းအငြိမ့်တော် အမှုထမ်း
စောင်းဆရာကြီး ဦးဘူးခေါင်၊ မိကျောင်းဆရာကြီးဦးသင်း၊
စာပေါဆရာကြီးဦးမျိုး၊ပြွေဆရာကြီးဦးငိုက်တို့ တညီတညွတ်
ပြောဆိုကြသည့်၄င် မြဝတီမင်းကြီးနှင့် နီးနှောဆက်ဆံနည်း
ခံခဲ့ဖူးသူ မြောင်းလုဝန်ထောက်မင်း ပြောကြားဖူးသည်ဟု
ဝက်မစွတ် ဝန်ထောက်တော်မင်းက ကင်းဝန်မင်းကြီးအား

လျှောက်ထားကြောင်းနှင့် တွေ့ရှိရသည်။ ထို့ပြင်မြဝတီဝန်ကြီး အသက် ၂၅ နှစ် အရွယ်ကစ၍ အသက် ၈၃ နှစ်တိုင်အောင် ရေးသားသမျှ အရပ်ရပ်သီချင်းများကို မြဝတီဝန်ကြီးကိုယ်တိုင် စုဆောင်းရေးမှတ်သည့်ပေစာ ၁၇ အင်္ဂါ ကျော်တွင်လည်း ၎င်းထူးမခြားနားသီချင်း မပါမရှိ ဖြစ်ရကား ၎င်း ထူး မ ခြား နား သီ ချင်း ကြီး သည် မုချအမှန် မြဝတီဝန်ကြီးမရေးကြောင်း၊ အလွန်ဟောင်းလျက် ရှေးကျလွန်းသော သီချင်းဖြစ်၍ ရေးသူကိုမသိနိုင်ကြောင်း ထင်ရှားစေသည်။ (အထူးမှတ်ရန်) ၎င်းအထက်ပါ အဆုံးအဖြတ်အရ ဤမဟာဂီတ နန်းတွင်းမူသစ် စာအုပ်တွင် ရတနာသုံးပါးဂုဏ်တော်နှင့်စပ်လျဉ်း၍ ထည့်သွင်းဖော်ပြ လိုက်ပေသည်။”

သူရိယတိုက်မှထုတ်ဝေသော မဟာဂီတ အသစ်ကျမ်းကို ကြီးကြပ်တည်းဖြတ် အမှာစာရေးသူမှာ ဆရာလွန်းခေါ် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဖြစ်သည်ဟု သိရှိရသည်၊

အချို့ကမူ ဦးသွမ်းပြေရေးခဲ့သော “များမဝေးလွန်း” အစချီ သီချင်းခံကြီး၏ တေးသွားကိုယူ၍ မြဝတီဝန်ကြီးက စာသားထည့်သွင်းရေးစပ်သည်ဟုဆိုကြ၏။

အချို့ကလည်း ဘကြီးတော်သက်ထက်တော်၌ နန်းဦးစွယ်ခတော်စင်ဘုရားဆောင်မှ ရောင်ခြည်တော်များ ကွန့်မြူးသည့်အကြောင်းကို မြဝတီမင်းကြီးအား တေးဖွဲ့စေသောအခါ မြဝတီမင်းကြီးသည် မောင်းထောင် သာသနာပိုင်ကျောင်းတိုက်သို့ ထွက်လာခဲ့ရာမှ ခရီးလမ်းရှိ စေတီရင်ပြင်တစ်ခုပေါ်၌ သက်ကြီးရွယ်အို တစ်ဦးက စောင်းကိုင်လျက်ဂန္ဓမာတောင်ကိုတီးပြီး လုံမယ် တစ်ဦးက သီဆိုပေးနေ

သည်ကို တွေ့ရှိရသည်ဟူ၏။ သဘောမှာ သက်ကြီးရွယ်အို အဘိုးအိုနှင့် လုံမငယ်တို့သည် စေတီမြတ်အပေါ် တေးသံဖြင့် ပူဇော်နေခြင်းဖြစ်၏။

ထိုအခြင်းအရာကိုမြင်တွေ့ခါမှ မြဝတီဦးစသည် ပီတိပွားများလာကာ အဘိုးအိုလက်မှ စောင်းကိုယူငင်၍ စောင်းတူရိယာကို အသံများ ဟိုသည်စမ်းကြည့်ပြီး ထူးမခြားနားကို ဆိုတီးလိုက်တော့၏။ ယင်းထူးမခြားနား သီချင်းကိုပင်လျှင် နောက်တစ်နေ့ညီလာခံ၌ ဘုရင်အား မြဝတီဦးစကိုယ်တိုင် ဆိုတီးပြလိုက်ရာမှထူးမခြားနားသီချင်းခံဖြစ်ပေါ်လာခဲ့သည်ဟု ဆိုကြပြန်၏။

ယုတ္တိတန်သည် မတန်သည် အပထား၊ ထိုဇာတ်လမ်းကလေးကို ဒုတိယကမ္ဘာစစ် အတွင်း (ဂျပန်ခေတ်) က ဒါရိုက်တာ ဦးဉာဏ တင်ဆက်သော ဗမာသစ်ပြဇာတ်တွင် ပြသခဲ့ဖူး၏၊ ထိုပြဇာတ်ကို ဗဟန်းကန်တော်မိတ်ရုံ၌ရုံတင်ခဲ့ရာ ကြည့်ရှုသူမနည်းလှပါချေ။ စောင်းတီးသူကိုပြလိုက်၊ သီဆိုသူကို ပြလိုက်၊ စေတီတော်မှ ဆည်းလည်းသံကလေးများ ထွက်လာသောအခါ ယင်းဆည်းလည်းသံ ကလေးများကို မီးမောင်းထိုးပြလိုက်နှင့် ပြကွင်းသရုပ်ဖော် ရှုခင်းအောင်ကောင်းလှ၏။ သရုပ်ဆောင်သူများမှာ ကျွန်ုပ်မှတ်မိသရွေ့ စောင်းဦးဘသန်း၊ အဆိုကျော်ဦးအလီ၊ ဦးဘဇင်၊ ဒေါ်လှိုင်တို့ပင်တည်း။

ဇာတ်ကွက်တင်ဆက်ပုံမှာ မတူညီပါ။ မြဝတီဝန်ကြီးဦးစနှင့် ဝန်စာရေးခမျိုတို့ မြဝတီ၏အဆောင်၌ စစ်ရေးစစ်ရာများဆွေးနွေးနေခိုက် ဂန္ဓာမာတောင် ဘွဲ့ချင်းသံကိုကြား၍

တင်းမာနေသောမျက်နှာများ ပျော့ပျောင်းသောအသွင်သို့ ပြောင်းလာကြသည်။ စွယ်တော်စင်ဘုရားရင်ပြင်မှသက်ကျားအိုတစ်ဦးနှင့် လုံမငယ်တစ်ဦးဘို့ တီးမှုတ် ဘွဲ့ဆိုနေကြောင်း သိသည်နှင့် ဝန်ကြီးသည် သူ၏ခန်းမရှိ စောင်းကိုယူငင်လျက် ဝန်စာရေးအား ပုရပိုက်နှင့်ကံ့ကူဆံကိုယူစေပြီး စေတီရှိရာသို့ ဆင်းလာကြသည်။

ရင်ပြင်သို့ရောက်သော် သက်ကျားအိုနှင့် သမီးဖြစ်သူတို့ သီဆိုတီးမှုတ်နေကြသောဂန္ဓာမာတောင်ဘွဲ့ကို ဆုံးသည်အထိ နားထောင်ပြီး သက်ကျားအိုတို့ထွက်သွားခါမှ စောင်းကိုပိုက်လျက် ''ထူးမခြားနား မီးရေစုံသား'' စ၍ တီးခတ်သီဆိုလိုက်သည်။ ဝန်ကြီးသီဆိုသမျှကို ဝန်စာရေးက ပုရပိုက်တွင်လိုက်၍ ရေးယူမှတ်သားရာမှ ထူးမခြားနားသီချင်းဖြစ်ပေါ်လာကြောင်းကို ဇာတ်ဝင် တစ်ဇနေရာဘွင် ဒါရိုက်တာ ဦးဉာဏက ဗမာ့သစ် ပြဇာတ်တင်ဆက်ရာ၌ ထည့်သွင်းပြသခဲ့လေသည်။

ယင်းဇာတ်ဝင်ခန်းများမှာ ဘကြီးတော်ဘုရား လက်ထက်ဟုအဆိုပြုထားရာ ဘကြီးတော်ဘုရား လက်ထက်တော်တွင် သီချင်းခံများထက် မြဝတီဦးစ၏ သံဆန်းဟု ခေါ်ဆိုအပ်သော ပတ်ပျိုးတေးများ ခေတ်စားလာပြီး ဖြစ်ကြောင်းသတိပြုရာ၏။

ဂီတကျမ်း အချို့၌ တောဟောဝန်တောင်သီချင်းခံကြိုးနှင့် ရွှေစံပယ်ချုံ သီချင်းခံကြိုးတို့ကို ဟံသာဝတီရောက်မင်း၏ ဘိုးတော် ဘုရားလက်ထက် ဖျာသီးဆယ်ရွာစား ဦးလွမ်းပြေရေးသည်ဟု ဖော်ပြထားရာ ထိုဖော်ပြချက်မှာ များးစွာယုတ္တိတန်သည်ဟု ဆိုရခဲမည်ဖြစ်၏။

ယင်းကာလသည်ကား သီချင်းခံခေတ်ပေတည်း။

ဦးတရုတ်ရေး ထူးမခြားအလိုက် ရသီဘွဲ့ "မှိုင်းအဆန်းဆန်း" သီချင်းခံဟု မဟာဂီတကျမ်းများ၌ တွေ့ရှိရ၏။ ဦးတရုတ်သည် ဘိုးတော်မင်းတရားကြီးလက်ထက် လက်ဝဲဆိုင်းဆရာကြီးဖြစ်၏၊ မြဝတီဦးစသည် ဦးတရုတ်၏ တပည့်ရင်းဖြစ်၍ ဦးတရုတ်ဆိုင်းအဖွဲ့၏ ကြေးတီသမားဘဝမှ ဂီတလောကသို့ စတင်ဝင်ရောက်လာခဲ့သူဖြစ်ရာ မြဝတီဦးစ၏ ထူးမခြားနားသည် ဘကြီးတော်လက်ထက်ရောက်မှ ရေးခဲ့သည် မှန် ပါ က ယင်း ခေတ် သို့ ရောက် မှ ဦး တ ရု တ်သ ည် ထူးမခြားနားကိုလိုက်၍ ရေးပါမည်လောဟု တွေးတောသင့်ပေသည်။

အချို့ပညာရှင်များက ဦးလွမ်းပြေသည် ထူးမခြားနားသီချင်းကဲ့သို့ အဆင့်မြင့်လှသော မြတ်စွာဘုရားရောင်ခြည်တော်ဘွဲ့ကို ရေးစပ်သီကုံးနိုင်လောက်အောင် စာပေထူးချွန်ပါ၏လောဟူ၍ စောဒကတက်ခဲ့ဖူးကြသည်။ တောဟောဝန်တောင်၊ ရွှေစံသယ်ရှုံသီချင်းခံမှ စာများကိုရှုသျှင် ဦးလွမ်းပြေ၏အချည်အသွေးမှာ အဆင့်မြင့်လှကြောင်း သိသာနိုင်ပေ၏။

ဦးလွမ်းပြေသည် ထူးမခြားနားကိုစပ်ဆိုရာ၌ မြတ်စွာဘုရားသခင်အား သဒ္ဓါကြည်ညိုတရားပွားရန် အလို့ငှာ ဗုဒ္ဓဝံသအဋ္ဌကထာ ယမကပါဠိမဟာရိယ ဉာဏ်တော်အဖွင့်၊ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ရောင်ခြည်တော် အဖွင့်ကထာဝတ္ထုကျမ်းများကို မှီး၍ ဖွဲ့ဆိုခြင်း မဖြစ်နိုင်ပါလောဟူ၍ တွေးတောဖွယ်ရှိလေသည်။

စနေမင်းလက်ထက်တွင် ထူးမခြားနားသီချင်းခံကို ဖျသီး ဆယ်ရွာစား ဦးလွမ်းပြေသည် တရုတ်ပြည်ဥဒည်ဘွားမင်းက ဘိုးတော်ဘုရားအား ဆက်သလိုက်သော စွယ်တော်ပွားကို အကြောင်းပြု၍ ရေးဖွဲ့စပ်ဆိုဖြစ်မည်ဟု ယူဆဖွယ်ရှိသည်။ ဂန္ဓာရတိုင်းမှ ဆက်သရောက်ရှိလာသော စွယ်တော်ပွားမှ ရောင်ခြည်တော်များ လွှတ်သည်တွင် သဒ္ဒါယိုဖိတ်ကာ ဖွဲ့ဆိုခြင်းဖြစ်နိုင်ပေသည်။ "စွယ်တော်ကျောင်းက ခြောက်ဖြာရောင်ခြည် လွှတ်သည်နှင့်သာ" ဟူသောစာသားကို ထောက်ရှုနိုင်၏။ ၁၁၅၇ ခုနှစ်အတွင်း ယင်းစွယ်တော်မြတ်ကို မင်းကွန်းပုထိုးတော်ကြီး၌ ဌာပနာခဲ့လေရာ ဘကြီးတော်လက်ထက်တွင် နန်းတွင်းဇေတဝန်ဆောင်၌ စွယ်တော် မရှိတော့ပြီဟူ၍ တွက်ဆမိပေသည်။

ဤအကြောင်းခြင်းတများကို မဆွကပင် သုတေသီ နန်းညွန့်ဆွေကလည်း ရေးသားတင်ပြခဲ့ဖူးလေပြီ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြဝတီဝန်ကြီးကိုယ်တိုင် စုဆောင်းရေးမှတ် ပြုစုသောပေမူတွင် ထူးမခြားနားမပါရှိသည်ကို သတိပြုသင့်ပေသည်။ မြဝတီဦးစရေးစပ်သော ဘုရားသခင်အား ပူဇော်သည့် "ခြောက်သွယ်ရောင်ရှိန်" အစချီ တေးချင်းကိုပင် မိမိပြုစုသည့်ပေမူ၌ ထည့်သွင်းခဲ့လေရာ ထူးမခြားနားကဲ့သို့သော အထင်ကရတေးကို ရေးသွင်းရန်မေ့အုံ့မထင်ပေ။

တစ်ဖန်တုံ ၁၉၃၀–၃၁ ခုနှစ်အတွင်း စန္ဒရားဆရာမှိုင်ကြီး စီစဉ် ထုတ် ဝေ သော "ရွှေ နန်း တွက် မ ဟာ ကျမ်း ကြီး" တွင်မူ ထူးမခြားနားနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း တင်ပြခဲ့လေသည်။ (မူလသတ်ပုံအတိုင်း တင်ပြပါသည်။)

"ထူးမခြားနားသီချင်းခံ့ကို အမှန်ရေးသူ ကဝိတစ်ဆူ၏ အထွေးပွေတ္တိ။ ပဥ္စမသင်္ဂါယနာတင် အရှင်မင်းတုန်းမင်း၏ ဘိုးတော်မင်းတရားကြီးသည် ရတနာပူရပြည်၌ မဟာရာဇ ဌာနီမြို့တည်နန်းတည်သောနှစ်၊ မြန်မာသက္ကရာဇ်မှာ ၁၁၄၃ ခုနှစ်၊ နန်းစံ ၃၈ နှစ်၊ ၎င်းနောက် မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်သို့ ရောက်ရှိရာတွင် အရှင်မင်းတုန်းမင်းကြီး၏ ဘကြီးတော်ဘုရား ဖလ်နန်းရှင် မင်းတရားသည် ဆက်ခံစိုးတည် ရွှေပြည်ပူရထီးနန်းတော် စံရသည့်အခါတွင် တဘောင်တော် ပေါ်လာသည်မှာကား (အိုအိုအေတွိခရေ၊ နေရာဟောင်း၊ ပြောင်းကြစို့လေ) ဟူ၍သီဆိုကြသော ယင်းအငြေကြောင့် မသွေခြင်းရာများ မကြာငင် တနင်းလာန် ဆူပွက်ညံ၍ ရောဂန္တတချ ကပ်ဆိုက်ကြသဖြင့် ပြောင်းကွစံမြန်း၊ မှန်နန်း စတုတ္ထပြည်အင်းဝတွင် ဖလ်နန်းရှင်ဘုရားသည် စံနေတော် မူသောအခါ၌သိုက်မြိုက်တည်ထား စွယ်တော်စင်ဖြူတ်ဘုရားမှ ခြောက်ပါးရောင်တော် ကွန့်မြူးတော်ပျော်ခိုက်တွင် ဖလ်နန်း ရှင်မင်းတရားကြီးက ချီးပဖွဲ့ရန်သီချင်းခံကို အမြန်ဦးစ အမိန့် တော်ကျခြင်းကြောင့် မင်းကြီးဦးစသည် ကောက္ခဏမသွေ သီကျူးအစဦး၍ဖြင့် ထူးမခြားနား ရေးသားစီကုံး နေတန္ဆုန်း သို့ ရွှေဘုန်းဘုရင် ဖလ်နန်းရှင်ကို တင်ဆက်သွင်းရသော သီချင်းကြီးဖြစ်သဖြင့် အမှန်မြဝတီမင်းကြီးရေးကြောင်းကို ထင်ရှားသိသာနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သံယုတ် ဆရာတော် ဘုရားကြီးသည် ဗြဟ္မာဘုံနန်း မြန်းမကြွခင် ခုတွင် သက္ကရာဇ်ထောင်နှစ်ရာရှစ်၊ ကျော်သုံးနှင်တွင် ဆန်းစစ် လျှောက် ထား ရာ ဆ ရာ ဘု ရား ကြီး က မြွက် ကြား မှန် စွ မင်းဦးစပင် ရေးသွင်းသောသီချင်းခံဟု သိရှိရပြန်ပါ

ကြောင်း။ ၎င်းနောက်တွင် အမည်တင်ပေါ် အသက်တော် မှာ ခုနစ်ဆယ်ကျော်ရှစ်ဆယ်တွင်းရှိ ရန်ကုန်မြို့ စကားစိမ်း မိဖုရားအိမ်တော်၌ ပုဂ္ဂိုလ်ကျော် အဆိုတော်ကြီး ဦးကြွေ သည် မသေ့ထပ်တူ ဆရာတော်ဘုရားကြီးနည်းတူပင် မိန့်လျှင် ယူဆ ညီမျှကြ၍ ကျွန်ုပ်စန္ဒရားဆရာမြိုင် သိရှိရပါသော ကြောင့် (ထူးမခြားနား)သီချင်းခံ့ကို အမှန်မြဝတီမင်းကြီး ရေးသည်ဟု ယုံကြည်ဆိုက်ပါကြောင်း''

ဤကား စန္ဒရားဆရာမြိုင်ကြီး၏ အာဘော်ပင်တည်း။ သတိပြုရန်တစ်ချက်မှာ (သီချင်းခံ့) ဟု အဆိုရှိသလိုပင် အချို့ကျမ်းနှင့်အချို့ပညာရှင်တို့က (သီချင်းခံ)ဟု ခေါ်ဆို ဖော်ပြကြလေသည်။ သီချင်းခံခေါ်ဆိုခြင်းထက် သီချင်းခံ့ ဟုခေါ်ဆိုခြင်းက ပိုမိုယုတ္တိတန်ပေ၏။ အဘယ့်ကြောင့်ဆို လျှင် ယင်းကဏ္ဍမှသီချင်းများ၏ တီးကွက်သည် ပတ်ပျိုး၊ ယိုးဒယား၊ မွန်သီချင်း တီးကွက်များကဲ့သို့ ကစားချင်တိုင်း ကစားကာ အရော်အဖျောက်များ လက်များ ထည့်တီးသော တီးချက်များသွတ်သွင်း၍ မသင့်တော်ပေ။ စည်းစနစ် ကြီးမားလှပြီး တည်ကြည် ခံ့ညား ဂုဏ်ရွှန်ကြီးလှစွာသော တီးကွက်တီးချက်များ၊ အဘွဲ့အဖက်များနှင့် တီးခတ်ရသည့် အပြင် ဆိုပုံဆိုနည်းဆိုပေါက်မှာလည်း တွဲ့ချင်၊ နွဲ့ချင်၊ ဖွဲ့ချင် တိုင်းဖွဲ့နွဲ့ဆိုရသော တေးအမျိုးအစားမဟုတ်ပါဘဲ ဟန်ကြီး ပန်ကြီး၊ ကန်းကြီးခန်းကြီးနှင့် တည်တံ့ခံ့ညားစွာသီဆိုရ သဖြင့် ''သီချင်းခံ့''ဟု ခေါ်ဆိုသင့်ကြောင်း ဂီတဒိုခင်ကြီး ဒေါ်စောမြအေးကြည်က မိန့်ဆိုခဲ့၏။ ဂီတပညာရှင်သုတေသီ ဆရာကြီး ဒီးဒုတ်ဦးဘချိုကမူ သီချင်းခံဟု ပြောဆိုရေးသား

လေ့ရှိသည်။ ရှင်းလင်းချက်မပေးခဲ့သဖြင့် အဓိပ္ပာယ်ကိုဖွင့်ဆိုခြင်းမပြုနိုင်ပါပေ။

စန္ဒရားဆရာမှိုင်ကြီး၏ မဟာဂီတကျမ်းတွင် ထူးမခြားနားနှင့် ပတ်သက်ပြီး ဤသို့ဆက်လက်ဖော်ပြထားပြန်သည်။

"ဆရာကြီး ဦးကြွေသည် ထူးမခြားနား အမှုးထား၍ လူးတားတစ်ပုဒ် ရေးထုတ်သောအခါ နိဒါန်းမင်္ဂလာတေးကဗျာဟု ရေးကာပြု၍ ခုသက္ကရာဇ် သတ်သတ်နှစ်ဘွင် ထင်ထင်ပေါ်ပေါ် လူးတားခေါ်သော နိဒါန်းမင်္ဂလာ ကို နောင်လာနောင်သား သိဆိုခြင်းတင့်တယ်လှ၍ ဤစာအုပ်၌ ထည့်သွင်းဖော်ပြလိုက်ရပါကြောင်း"

"ခုသက္ကရာဇ် သတ်သတ်နှစ်" ဟူသည်ကား ၁၂၆၆ ဟု ဆိုလိုခြင်းဖြစ်ရာ ယင်းလူးတားမှာ ဆရာကြီး ဦးကြွေသည် ၁၂၆၆ ခုနှစ်တွင် ရေးစပ်ခဲ့သည်ဟု တင်ပြခြင်း ဖြစ်ပေသည်။ ယင်းလူးတားကို ထူးမခြားနားသီချင်းမဆိုမီ ရှေးက အဆိုတော်ကြီးများသည် အကြိုအဖွင့် သီဆိုလေ့ရှိခဲ့ကြသော်လည်း စစ်ပြီးခေတ်တွင် ထိုလူးတားကို သီဆိုသူ ရှားပါးလာပေပြီ။

ယင်းလူးတားမှာ—

"နိဒါန်းမင်္ဂလာ ညွှိတန်းဖြာ၍ ရတနာပူရရွှေစက်ကြွလို့၊ စတုတ္ထနန်း၊ ဝကြွင့်နန်းကို စံမြန်းစိုးလျက် ဖလ်ကနက်၏ ရွှေလက်ထက်တွင် စွယ်တော်စင်မှ ထင်ထင်တမွတ် ရောင်တော်လွှတ်၍ အထွဋ်ရွှေဗျာမိန့်အာဏာနှင့် ကြေညာနှံ့ သိအမည်ရှိ၊ မြဝတီမေ ဝန်ရှင်တော်သည် နာဖွယ်ကြည်နူး ကုးသီကျူးသား၊ ထူးမခြားနား သီချင်းများကို မြတ်ဖျားစံနွှေ

ပရမေအား ရှိသေပွားအောင် နတ်သားပုံချိန် ပဥ္စသိန်နှင့် သောတိမြွေ နှစ်ထွေညွှတ်ပြောင်း နာ ဖွယ် ကောင်းအောင် ရွှေစောင်းသံဝါ တူရိယာဖြင့် ခါခါဝႃလီ ယှဉ်ဘွဲ့မှီ၍ ကျူးသည်သံသာ ဆိုလိုက်ပါမည် လာလာသူ အများ ကဗျာတူဘက်ချွားတည့်လေ ဘုရင်မှူးခေါင်ဖျား”

ဦးကြွေရေးစပ်သည့် ဖော်ပြပါ လူးတားတွင် ဦးကြွေ ယုံကြည်ချက်အတိုင်း မြဝတီဦးစ ရေးစပ်ကြောင်း ထည့်သွင်း ဖွဲ့ဆိုထားသည်ကို တွေ့ရှိနိုင်ပေ၏။ ဟော်နန်းတွင်းရှိ သီပေါ စော်ဘွား၏ ကြင်ရာတော်များအနက် စောမြအေးကြည်၊ စောမြဂွမ်း၊ စောရွှေမြူတို့သုံးဦးသည် စောင်းတူရိယာကို အထူးဝါသနာစူးစိုက်ကြသလိုပင် အဆိုပညာရပ်ကိုလည်း ခိုင်ခိုင် မင်မင်ရှိကြပေသည်။ သင်ပြပေးသူ ဒေဝဣန္ဒာမောင်မောင် ကြီးကလည်း ထိုသုံးဦးတို့အား အထူးဝါယမစိုက်၍ ပြသ သင်ကြားပေးရာတွင် စောင်းအတီးတွင် စောမြဂွမ် က ပိုမို လက်ကောင်း၍ စောမြအေးကြည်က စောမြဂွမ်းနှင့်မနီးရိုးစွဲ လိုက်နိုင်သူဖြစ်သည်။ အဆိုပညာပိုင်းတွင်မူ စောမြအေး ကြည်သည် အကောင်းဆုံးဖြစ်သဖြင့် မည်သူမျှမီအောင် လိုက်နိုင်သူ မရှိပါပေ။

တပယ်ခင်ဥနှင့် တပယ်ခင်သစ်တို့ ညီအစ်မနှစ်ဖော်နှင့် တွေ့ပြီးသည့်နောက်တွင်မူ စောမြအေးကြည်အဖို့ ထိပ်တန်း သို့ ရောက်ရှိသွားလေတော့သည်။

သို့သော် စောမြအေးကြည်သည် စောင်းကို ဘယ်သော အခါမျှလက်ကမချပေ။ သံရိုးညီလျက် ထူးမခြားနားသီချင်း ခံ့ကို အရှုဏ်ကျင်း အလင်းသို့ရောက်သည်နှင့် ကိုယ်တိုင်တီး၊

ကိုယ်တိုင်သိဆိုလေ့ရှိသည်။ အနီးမှ စောမြဂွမ်းက စည်းတီးပေးမြဲဖြစ်၏။ စောမြအေးကြည်အလှည့်ပြီးလျှင် စောမြဂွမ်းက စောင်းကိုပွေ့ပိုက်ယူငင်လျက် ထူးမခြားနားသီချင်းခံကိုပင် ကိုယ်တိုင်တီး ကိုယ်တိုင်ဆိုပြန်ရာ စောမြအေးကြည်က စည်းလိုက်ပေးပြန်သည်။ ဤကိစ္စကား တစ်နေ့မပြတ် ကျင့်သုံးကြသော စောမြအေးကြည်နှင့် စောမြဂွမ်းတို့၏ နိစ္စဓူဝကိစ္စပင်တည်း။

ဆာစောချယ်၏ သီပေါရှိဟော်မှ တစ်ခါတစ်ရံ စိတ်ပြေလက်ပျောက် အနားယူစိတ်အပန်းဖြေရန် စခန်းသာ ယာယီနန်းတော်ကလေးတစ်ဆောင် ဆောက်လုပ်၍ ကြင်ရာတော်များနှင့်အတူ သွားရောက်စခန်းချလေ့ရှိသည်။ သီပေါဘူတာမှ မီးရထားစီးနင်းလိုက်ပါလာပြီး ဘော်ကြို၊ ကျောက်မဲကျော်လွန်၍ ပြောင်ခေါင်းဘူတာသို့ရောက်လျှင် ထိုဘူတာမှာဆင်းလျက် အရှေ့တောင်ယွန်းယွန်းသို့ နွားလှည်းများဖြင့်သွားရ၏။ ခရီးတစ်မိုင်နီးပါးခန့်ရှိ အလွန်သာယာစိမ်းလန်းစိုပြည်သောနေရာ၌ ယာယီဟော်ငယ်တည်ဆောက်ကာ စခန်းသာအမည်ဖြင့် နေထိုင်လေ့ရှိကြ၏။ နောင်သောအခါတွင် ယင်းလှည်းလမ်းကို မော်တော်ကားလမ်းဖောက်လိုက်လေသည်။

စခန်းသာ ယာယီဟော်မှာ မြန်မာဆန်လှပေ၏။ သစ်၊ သံ လုံးဝမပါရှိပေ။ ဝါးဘိုးဝါးကြီးများနှင့် သံရိုက်ခြင်းအလျဉ်းမပြုဘဲ ခိုင်မာသောဝါးကို သပ်အဖြစ်ပြုလုပ်ကာ အပေါက်ထွင်း၍ သပ်လျှိုထားပြီး နှီးကြိုးကိုမသုံးဘဲ ကြိမ်နှင့်ချည်တုပ်လျက် ကြိမ်ကြိုးနှုတ်ခမ်းသပ်ရာတွင် ပန်းပွင့်ကြီးများ

သဏ္ဌာန်ဖော်ထားသဖြင့် အလွန် ကြည့် ရှု လှ ပ တင့်တယ်ပေသည်။ ဘိလပ် မှညော့်သည်များရောက်လာလျှင် ယင်းဟော်ကိုကြည့်၍ ချီးကျူးမဆုံးရှိတော့သည်၊

ဤတွင် ဘိလပ်ဟူသောစကားနှင့်ပတ်သက်၍ အလျဉ်းသင့်စွာ ဖော်ပြလိုက်ရပေ၏။ ရှေးအခါက အင်္ဂလန်နိုင်ငံကို အိန္ဒိယနိုင်ငံသားများက ဝိလရတ်၊ ဗိလရတ်၊ ဘိလပ်ဟုခေါ်ဆိုကြ၏။ နိုင်ငံခြားဟု အဓိပ္ပါယ်ဖော်ဆောင်၏။ ယင်းစကားလုံးကိုလိုက်၍ မြန်မာတို့ကလည်း အလွယ်တကူ ဘိလပ်ဟု ခေါ် ဆို ခဲ့ ကြ ၏။ ယင်း နိုင်ငံမှလာသော ဆိုဒါရေကို အိန္ဒိယနိုင်ငံမှ ဘိလပ်တီပါနီဟုခေါ်ရာမှ မြန်မာတို့က ဘိလပ်ရည်ဟုခေါ်ကြ၏။ ယခုသော် ဤစကားလုံးများ အသုံးနည်းလေပြီ။

စောမြအေးကြည်နှင့်အတူ ကြင်ရာတစ်စုစခန်းသာတွင် နေထိုင်ကြခိုက် စောင်း ကြိုး ကို ညှိ ပေး မည့် သူ လည်း မရှိ။ ထိုအထဲတွင် စောင်းကြိုးများမှာ ဟောင်းနွမ်းဆွေးမြည့်ပြီး ပြတ်တောက်ပြန်သဖြင့် စောင်းကြိုးကျစ်ပေးမည့်သူကလည်း မရှိပြန်ရာ စောင်းတီးမည့်သူများ အခက်အခဲတွေ့ကြကုန်တော့သည်။ ဦးပဥ္စင်း ဦးပညာခေါ် ဒေဝဏ္ဏဝန္တာဆရာကြီးမှာ ထိုအချိန်အတွင်း သီပေါနှင့် စခန်းသာသို့ ရောက်မလာနိုင်ဘဲ စစ်ကိုင်းတောင်ရိုး၌ တရားထိုင်ချိန်မှာ ကာလအတော်ကြာ မြင့်ခဲ့လေပြီ။

( ၁၃ )

# စောင်းပညာကျော်

ဆာစောချယ်သည် စောင်းကြိုးပြဿနာ အကြောင်း သိရှိပြီး သီပေါဟော်သို့ ပြန်သွားကာ စောင်းကြိုးကျစ်ပေးနိုင်မည့်သူရှိက ဆုတော်ငွေများချီးမြှင့်မည် ဖြစ်ကြောင်းကို ဟော်တွင်း အမှုထမ်း များ သိရှိရန် ကြေညာလိုက်ရာ ထိုအချိန်က သီပေါဟော်၏ ဝန်းကျင်တစ်ဝိုက်၌ ဂျုံစိုက်ခင်းများ အတွက် ထွန်ယက်ပြုစုရန် ရွှေဘိုနယ် တစ်ဝန်းမှ လုပ်သားကြီးများ စုပေါင်းခေါ်ဆောင်ထားခိုက်ဖြစ်သဖြင့် ထိုလုပ်သားကြီးများထဲမှ ဆင်းဆင်းရဲရဲနှင့် အသက် ၆၀ ကျော် ၇၀ ခန့်ရှိ အဘိုးအိုတစ်ဦးအား လုပ်သားခေါင်း တစ်ဦးက သီပေါစော်ဘွား ဆာစောချယ်ထံ ပို့ဆက်လိုက်သည်။ ထိုလုပ်သားအား စခန်းသာသို့ ခေါ်ဆောင် သွားတော့သည်။

စောမြအေးကြည်နှင့် စောမြဂွမ်းတို့ ရွှေမှောက်သို့ ရောက်လာသောအခါ အဘိုးအိုသည် ကတုန်ကယင်နှင့် မိမိမှာ စောင်းကြိုးကောင်းစွာ ကျစ်တတ်သူမဟုတ်ကြောင်း၊

သို့သော် ဖြစ်ရုံမျှ ကြိုးစားကြံဆောင်ကျစ်လုပ်ပေးပါမည်ဟု ပြောဆိုပြီး ပိုးကြိုးကလေးများကို ယူဆောင်ခဲ့လေသည်။

နောက်တစ်နေ့ ထိုအဘိုးအို ရောက်လာသောအခါ ဝတ်ဆင်ထားသော ဆွေးဟောင်းလုပြီဖြစ်သည့် အပေါ် အင်္ကျီအိတ်ထဲမှ ကျစ်ယူလာသော ကြိုးများကို ထုတ်ပေးလေရာ စောမြဂ္ဂမ်းနှင့် စောမြအေးကြည်တို့မှာ အံ့အားသင့်သွားကြတော့၏။ ယူဆောင်လာသော ကြိုးများမှာ သာမန်အဖြစ်မျှ စောင်းကြိုးမဟုတ်ပါဘဲ ပကတိကောင်းမွန်သေသပ် အဆင့်အတန်းမြင့်လှသော ပုစွန်နွတ်ခမ်းမွေးကဲ့သို့ ကော့ထောင်နေသည့် ပထမတန်းစားစောင်းကြိုးများ ဖြစ်နေသောကြောင့်ပင်တည်း။

"ဒီကြိုးတွေကို ဘကြီးကျစ်ခဲ့တာပဲနော်"

စောမြဂ္ဂမ်းက ကြိုးများကို ကြည့်ပြီး မေးလေသည်။

"မှန်ပါတယ်၊ ဘကြီးကိုယ်တိုင်ကျစ်လာခဲ့တာပဲ၊ အဆင့်မမီရင်အပြစ်မတင်ပါနဲ့"

စောင်းကြိုးကို မြင်ရုံမျှနှင့် ထိုအဘိုးအိုသည် စောင်းပညာရပ်တွင် ခေမည့်သူမဟုတ်ကြောင်းကို စောမြအေးကြည်နှင့် စောမြဂ္ဂမ်းတို့ အတပ်သိလိုက်လေပြီ။ စောင်းကြိုးကိုယူ၍ စောင်းတွင်တပ်မည့်ဟန်ပြုပြီး ခက်ခဲသယောင်ဖြင့် စောင်းနှင့် စောင်းကြိုးများကို အဘိုးအိုထံသို့ လှမ်းပေးလိုက်ကာ—

"ရော့.. ဘကြီး၊ စောင်းကြိုးတပ်မရလို့ တစ်ဆိတ်တပ်ပေးစမ်းပါ။ ပြီးတော့ ကြိုးလဲနည်းနည်း ညှိပေးပါဦး"

အဘိုးအိုသည် စောင်းကိုလှမ်းယူလိုက်သည်။ စောင်းကို လှမ်းယူလိုက်ပုံ၊ စောင်းကို ကိုင်တွယ်ပုံ၊ ပေါင်ပေါ်သို့

စောင်းကို တယုတယ တင်လိုက်ပုံတို့မှာ အာဂစောင်း ဆရာကြီးများ စောင်းကိုင်တွယ်ပုံ ကိုင်တွယ်နည်းစနစ်ပုံစံ အတိုင်းပင် ဖြစ်သည်။ မည်သည့် ကြိုးများကြောင်နေ၍ မည်မျှ တင်း ပေး ပါ၊ လျှော့ ပေး ပါဟု မ ပြော ဘဲ နှင့် ကြိုး များကို စ နစ် တ ကျ တပ် ဆင် ကာ ကြောင် နေ သော ကြိုးများကိုညှိရင်း ညာလက်မ လက်ညှိုးတို့ဖြင့် အသာအယာ တို့သျက် ဘယ်လက်မဖြင့် ထောက်ထောက်ပြီး အသံစမ်း သွားပုံမှာ မညာပါလှချေ၏။ ကျစ်ပြီးကြိုးများကို မြင်သည် နှင့်ပင် သက်ာမကင်းဖြစ်ရကား ဤသို့ အဘိုးအိုအားအမှတ် မထင် စောင်းကိုပေး၍ ပညာစမ်းလိုက်ခြင်းဖြစ်ရာ အဘိုးအို က လည်း အ မှတ် တ မဲ့ စမ်း သပ် တီး ခတ် လိုက် မိ ခြင်း ဖြစ်ပေသည်။

"ကဲ-ဘကြီး၊ ဘကြီးဟာ တော်ရုံတန်ရုံ စောင်းဆရာ ထဲက မဟုတ်နိုင်ပေဘူး၊ ဘာ့ကြောင့် လျှို့ဝှက်နေရပါသလဲ၊ မှန်တာ သိပါရစေဘကြီးရယ်"

အဘိုးအို လန့်ဖျပ်သွားသည်။ မိမိတတ်ကျွမ်းသော စောင်းကိုမြင်သည်နှင့် သတိလက်လွတ်ဖြစ်ကာ ဝမ်းသာ အားရ စမ်းသပ်တီးလိုက်မိလေပြီကော။

"ဟာ .. မဟုတ်ရပါဘူး။ ဘကြီး စောင်းကောင်းကောင်း မတီးတတ်ပေဘူး။ ရုတ်တရက် မတောက် တခေါက်ကလေး ဟိုတို့ ဒီတို့စမ်းလိုက်မိတာ"

သို့သော် စောမြအေးကြည်တို့သည် ထိုအဘိုးအိုအား ဆာစောချယ်နှင့် ဆုံတွေ့ပေးလိုက်တော့သည်။ ထိုအခါမှ အ ဘိုး အို က မိ မိ သည် စောင်း ကို ကောင်း စွာ သင် ကြား ခဲ့ကြောင်း၊ စောင်းပုဒ္ဓေါ်ဦး ဖူးခေါင်၏ လက်ရင်းတပည့်

ဖြစ်ကြောင်း၊ ဆရာဖြစ်သူမှာ နန်းတွင်း၌ မခစားရသလိုပင် မိမိမှာလည်း နန်းတွင်းနှင့် ကင်းဝေးခဲ့ရကြောင်း၊ မြန်မာ ဘုရင်ပါတော်မူပြီးနောက် စောင်းနှင့် ကင်းကွာလျက် အသက်အရွယ် ထောက်လာကာမှ အိမ်ထောင်ကျ၍ သားကလေးတစ်ယောက်နှင့် ဝမ်းရေးကို ဖြစ်သလိုလုပ်ကိုင် စားသောက်နေရာမှ ထွန်ယက်မြေတူး အလုပ်သမားဘဝနှင့် ဤဌာနသို့ ရောက်ရှိလာခဲ့ရကြောင်းများကို မျက်ရည် စမ်းစမ်းနှင့် ဝမ်းနည်းပက်လက် ဖွင့်ဟပြောရှာတော့သည်။

"ဆရာကြီးအမည် ဘယ်လိုခေါ်ပါသလဲ"

အဘိုးအိုသည် အတန်ကြာတွေဝေနေပြီးမှ မိမိအမည်ကို ပြောကြားပြောပြလိုက်သည်။

"မောင်ခန့်"

ဆာစောချယ်နှင့်တကွ စောမြအေးကြည်၊ စောမြဂွမ်းတို့ အံ့ဩမဆုံးရှိတော့သည်။

"ကျုပ်ဆရာကြီး၊ ဆရာဖူး(ဦးဖူးခေါင်ကို ဆိုလိုသည်)ရဲ့ တပည့်ရင်းတစ်ယောက် ရှေးတုန်းက ရှိခဲ့ဖူးတယ်၊ အင်မတန် တော်တဲ့ပုဂ္ဂိုလ်ပါ။ ဆရာဖူးရဲ့ပညာကို ကျုပ်လက်လျှော့ခဲ့ ရတယ်၊ သူကတော့ ဆရာဖူးနဲ့ တစ်သက်မခွဲတမ်း လိုက်ပြီး ပညာယူခဲ့သူပေပဲ၊ ရှားပါးပုဂ္ဂိုလ်ပါ။ နာမည်က ကိုခန့်လို့ ခေါ်တဲ့ဆရာခန့်တဲ့၊ ကျုပ်ထက်တောင် တစ်နှစ်၊ နှစ်နှစ် လောက် ကြီးပေလိမ့်မယ်"

ဤကား တစ်ချိန်က သီပေါဟော်၌ ဒေဝဣန္ဒာ မောင်မောင်ကြီး မိန့်ကြားခဲ့ဖူးသော စကားပေတည်း။ "မောင်ခန့်"ဟူသောအမည်ကို ကြားလိုက်သည်နှင့် ဆာစော

ချယ်နှင့် စောမြအေးကြည်တို့ တစ်မုဟုတ်ချင်း သတိရမှတ်မိလိုက်တော့သည်။

ဤတွင်ဆာစောချယ်က ကြင်ရာတော် စောမြအေးကြည်၊ စောမြဂွမ်း၊ စောရွှေမြူတို့အား စောင်းပညာဆက်လက်သင်ပြပေးရန်နှင့် သီပေါဟော်၌ တစ်ကိုယ်တည်းစံနေသော မဟာဒေဝီ၏ သမီးတော်အား စောင်းတီးပညာသင်ကြားပေးရန် ဆရာခန့်အား စောင်းဆရာကြီးအဖြစ် သူကောင်းပြုလိုက်လေတော့သည်။

မဟာဒေဝီ၏ သမီးတော်မှာ ဆိုင်းဆရာကြီး စိန်ဗေဒါ၏ဘထွေးတော်စပ်သူ မြန်မာဘုရင် သီပေါမင်းလက်ထက်ကကြေးတီးကောင်း၍ နေမျိုးသူရဘွဲ့ကို ဆွတ်ခူးခဲ့သည့် ဆရာနွဲကြီးထံ၌ ပတ္တလားအတီးသင်နေရာမှ ဆရာခန့်ထံမှလည်း စောင်းပညာအခြေခံကို ရယူလိုက်တော့၏။

စောင်းဆရာကြီး ဆရာခန့် (သီပေါ) နှင့် စခန်းသာသို့ ရောက်လာချိန်တွင် စောမြအေးကြည်မှာ အသက် ၂၀ ကျော်ခန့်သာရှိသေးသဖြင့် ထက်ထက်မြက်မြက်နှင့် ပညာယူကောင်းချိန်ပင်ဖြစ်သည်။ ဆရာခန့်ထံမှ သာနိုးပျော်ဘွဲ့ကြိုး ငါးပုဒ်မှ ထူးမခြားနား၊ ထောင်ရောင်နေ၊ စုံသာမြိုင်လယ်နှင့် ပတ်ပျိုးလေးငါးခြောက်ပုဒ်ခန့် ပိုင်ပိုင်နိုင်နိုင် တက်ယူထားလိုက်သည်။

ဒေဝက္ကန္ဒာသည် ရက်ပေါင်းလပေါင်း အတန်ကြာရင့်မှ သီပေါသို့ ရောက်လာသည်တွင် စောမြအေးကြည်က ထူးမခြားနားတီးခိုက်နှင့် ကြုံကြိုက်နေရာ ဒေဝက္ကန္ဒာမှာ ရင်သပ်လျက်ဆုံးသည့်တိုင် နားထောင်နေပြီးမှ "ခင်ကြည်ကြည်၊ သည်ထူးမခြားနားကို ဘယ်ကရသတုံး။ ကျုပ်ပြပေးတဲ့

ထူးမခြားနား မဟုတ်တော့ပါကလား''ဟု မေးမြန်းတော်မူရာ စောမြအေးကြည်က ဆရာခန့်ထံမှရရှိလိုက်သော ထူးမခြားနားဖြစ်ကြောင်း လျှောက်ကြားလိုက်သည်။

"ကိုခန့်ဟုတ်လား။ အမယ်မင်း တွေ့ချင်လိုက်တာကွယ်။ အဲဒီထူးမခြားနားဟာ ဆရာဖူးရဲ့ထူးမခြားနားပဲ။ အင်မတန်ကောင်းပါပေတယ်။ အကွက်အလှန်လှပြီး စည်းနှင့်ဝါး အဖမ်းရအင်မတန်ခက်တဲ့ တီးကွက်တီးချက်တွေပဲ။ ကိုခန့်နဲ့ တွေ့ချင်လိုက်ပါဘိကွယ်''

သို့သော် ဒေဝဣန္ဒာနှင့် လွဲခဲ့လေပြီတကား။ ဒေဝဣန္ဒာ မရောက်မီတစ်လခန့်အလို အသက် ၇၀ ကျော်ကျော်မျှတွင် ဆရာခန့်သည် စခန်းသာ၌ ကွယ်လွန်ခဲ့ရှာလေပြီဖြစ်၏။ ဆရာခန့်၏ရုပ်အလောင်းကို စခန်းသာမှာပင် ဂူသွင်း မြှုပ်နှံခဲ့လေသည်။

ဆရာခန့်နှင့် မြေတူးထွန်ယက်လုပ်ကိုင်ရန်အတူပါလာသူ ဆရာခန့်၏ သားဖြစ်သူ မောင်ကျော်ဆိုသူမှာ သီပေါ ဟော်၏ နရီဝိုင်းတွင် ကြေးတီးသူဒရဖြစ်နှင့် ဆက်လက်လုပ်ကိုင် နေခဲ့ရလေသည်။

စောမြအေးကြည်က စောင်းတီး၍ စောမြဂွမ်းကသီဆိုပြီး သာနိုးကြိုးငါးပုဒ်ကို ဒေဝဣန္ဒာက တီးခိုင်းဆိုခိုင်းသဖြင့် ဆရာခန့်ထံမှ ယူထား လိုက်သော တီးချက် ဆိုချက် များ အတိုင်း ငါးပုဒ်စလုံးကို မနားတမ်းဆက်တိုက် ဆိုပြတီးပြ လိုက်ရာ ဒေဝဣန္ဒာသည် ချီးကျူးမဆုံးနိုင်ပြီး "အဲဒါ.... ဆရာဖူးအကွက်စစ်စစ်ပဲ။ မပျောက်ပျက်အောင် မြဲမြဲသိမ်း ထားကြပေရော့''ဟုပြောကြားလိုက်သည်။ သို့သော် ယနေ့ ယင်းသာနိုးမှာ အစပင်ရှာမရလောက်အောင် ရှားပါးလေ

ပြီ။ ဂီဘာဦးငိမ်းမောင်သည် မကွယ်လွန်မီက ကျွန်ုပ်နှင့်အတူ ဖော်ကြသေးသည်။ သို့သော် ပေါ်အောင်မဖော်နိုင်ကြပေ။ သခင်ကြီးမြင့်တစ်ယောက် ဂီတမိခင်ကြီး စောမြအေးကြည် ထံမှ စောင်းနှင့် ပိုင်ပိုင်နိုင်နိုင် တက်ယူနဲ့ဖူးသေး၏။ ယခု သူသည် အသက် ၇၀ ကျော်လေပြီ။ ဖော်နိုင်ပါဦးမည်လား အတပ်မဆိုနိုင်ပေ။

ကိုလံဘီယာဓာတ်ပြား ခေတ်ဦးအစပိုင်းတွင် ချန်ပီယံ မောင်ကျော် စန္ဒရား တီး၍ မတင်အုန်း သီဆိုသော ထူးမခြားနား ကွက်ဆန်းအမည်ဖြင့်ဓာတ်ပြားတစ်ပြားထွက် လာခဲ့ရာ ပညာရှင်အများကပင် နှစ်ခြိုက်လက်ခံ ခဲ့ကြသည်။ ချန်ပီယံမောင်ကျော်သည် ယင်းတီးကွက်ကို ဘယ်ကရသနည်း ဆိုလျှင် သူ၏ဆရာတစ်ဦးဖြစ်သူ ဦးဘာလတ်ထံမှရရှိသည်ဟု ဆိုရပေလိမ့်မည်။ သို့သော် မူရင်းလက်သည်ကား အသူနည်း ဟုမေးလာသော် ဆရာဖူးနှင့် သူ၏တပည့်ရင်း ဆရာခန့်တို့ သာလျှင်တည်း။

ရန်ကုန်မြို့မှ စောင်းဆရာကြီး ဆရာညိမ်းသည် မန္တလေး သို့ ရောက်သွားပြီးနောက် ဘာဂျာနှင့် ပတ္တလား ဆရာကြီး ဆရာလွှားအား ရန်ကုန်သို့ ပင့်ဖိတ်ခေါ်ဆောင်လာခဲ့သည်။ ပညာရှင်အချို့ သီချင်းတက်ကြသည်။ သီချင်းအများဆုံး တက်သူမှာ အဆိုတော်မအေးမိ၊ တယောနှင့် စန္ဒရားကိုအေး (နောင်အခါ ရွှေပြည်အေး) တို့ဖြစ်၏။

ဆရာလွှားသည် အစားထက် အရက်ကို စွဲစွဲမြဲမြဲ သောက် သူဖြစ်သဖြင့် စောင်းဆရာညိမ်းသည် ဆရာလွှားသောက်သမျှ သော အရက်ဖိုးကို ရေရှည်မတတ်နိုင်တော့ချေ။ ထို့ကြောင့် ငွေကြေးချောင်လည်သူ အငြိမ်းစားဆိပ်ကမ်း မှတ်ပုံတင်

အရာရှိ အပျော်တမ်း စန္ဒရားဆရာကြီး ဦးနုအိမ်သို့ ပို့ထားရသည်။ ဦးနုသည် စန္ဒရားရွှေပြည့်အေး၏ ဖခင်ရင်း ဖြစ်သည်။ ဦးနုအိမ်၌ ရန်ကုန်မြို့ရှိ ရွေးခေတ်တူရိယာသမားများ စုံလင်လှ၏။ စာရေးဆရာအဆိုကျော် လှည်းတန်း ဦးလူကလေး၊ တယော ဦးဘသွင် (နိုင်ငံကျော် တယောဝိဇ္ဇာ ဦးဘရီ၏ ဆရာ) ဘာဂျာနှင့်စန္ဒရားဦးဘလတ်၊ ဆိုင်းပတ္တလား၊ စန္ဒရားဆရာဦးသာဒင်၊ ဘာဂျာ ဦးပြာလောင်၊ အဆိုကျော် မင်းသမီးကြီး ကျိုက်လတ်မယ်သင် စသူတို့သည် စန္ဒရားဦးနု အိမ်သို့ မပြတ်သွားလာဝင်ထွက်ကာ သီချင်းကြီး၊ သီချင်းခံ့များ ဆိုကြတီးကြ၊ ဆွေးနွေးကြသည်။ ဆရာလွှားရောက်လာသောအခါ ဝိုင်းမှာ ပိုမိုစိုပြည်သွားတော့သည်။ ကလေးအရွယ်သာသာမျှသာရှိသေးသော ဦးနု၏ သားငယ် မောင်အေးကလေး (ရွှေပြည့်အေး) နှင့် မအေးမိတို့သည်လည်း စောင်းဆရာညိမ်းနှင့်တွဲ၍ ပုလဲပိုင်းများကို အလှည့်ကျလျှင် မနွဲ့ရစတမ်း သီဆိုကြ၏။ ထိုအချိန်က တီးကြသော ထူးမခြားနားသီချင်းခံ့ဘီးကွက်မှာ ရိုးတာလှပေသည်။ ဆရာလွှားသည် ပတ္တလားခွင်၌ထိုင်ပြီး ကျိုက်လတ်မယ်သင်ကြီးက ထူးမခြားနားကို ကျကျနန သီဆိုတော့ရာ ဆရာလွှားတီးလိုက်သည့် တီးကွက်မှာ အတန်ပင်ထူးခြားနေသဖြင့် သီချင်းအဆုံးတွင် ယင်းတီးကွက် အကြောင်းကို ဝိုင်းဝန်း မေးမြန်း ကြတော့သည်။

ဆရာလွှားက ထူးမခြားနားတီးချက်သည် မိမိ၏ဘတော်ကြီး (ဖခင်ကိုဆိုလိုသည်) အကွက်ဖြစ်ကြောင်း၊ မိမိဘတော်ကြီး၏တီးကွက်ကို မိမိသည် လက်ထပ်တကဲယူထားရကြောင်းဖြင့် ပြန်လည်ပြောကြားလေသည်။

ဆရာလွှား၏ဖခင်ကား မင်းတုန်းမင်း လက်ထက်တော်မှ စ၍ ကူးတို့အုပ်မင်းအဖြစ် အမှုတော်ထမ်းရသူ ဦးရွှေဂန် ဟူသော အထင်ကရပုဂ္ဂိုလ်ဖြစ်၍ မဟာဂီတကျမ်း အချို့၌ ဖော်ပြပါရှိသော မန္တလေးမြို့ဘွဲ့ အောင်မြေမြမန်း ပတ်ပျိုး သီချင်းကို ရေးသီပြီးနောက် ပို၍ထင်ရှားလာရသူဖြစ်သည်။ သားဖြစ်သူဆရာလွှားအား ထူးမခြားနားတီးကွက်ကို တစ် ထပ်တည်းတီးနိုင်အောင် သင်ပြပေးရာမှ ထူးခြားသည့် တီး ချက်တီးလက်ဖြစ်သဖြင့် စန္ဒရားဦးဘလတ်ကိုယ်တိုင် ထိုတီး ကွက်ကို အရတက်ယူလိုက်သည်။

ယင်းအချိန်က ယင်းတီးကွက်မျိုးကို မည်သူမျှမတီးကြ သေးပေ။ ထို့ကြောင့် လူငယ်စန္ဒရားဆရာကလေး ချန်ပီယံ မောင်ကျော်အား တက်ပေးပြီး အဆိုတော်မတင်အုန်း သီဆို စေ၍ ၁၉၃၁-၃၂ ခုနှစ် ရောက်မှ ကိုလံဘီယာဓာတ်ပြားတိုက် မှ သွင်းလုပ်ရောင်းချခဲ့ရာ "ထူးမခြားနားကွက်ဆန်း" အမည် ကြားသည်နှင့်ပင် ဓာတ်ပြားမှာ အတန်အရောင်းသွက်ခဲ့ပြီး တီးကွက်ကလည်းထူးခြားသည့်အလျောက် တစ်စတစ်စနှင့် မိုမိုရောင်းကောင်း သွားတော့သည်။

သီခ်ပါဟော်အဘွင်း စောင်းဆရာညိမ်း၊ တယောဆရာ ကုလားမောင်တင် (နောင်အခါ ရကန်ဦးတင်) ဘာဂျာ ဆရာလွှား၊ စောင်းဆရာကြီးဆရာခန့်တို့ ၁၂၇၃ ခုနှစ်အတွင်း ဆုံဆည်းမိကြသည်။ ပညာရှင် အစုံရှေ့တွင် ကြင်ရာတော် စောမြအေးကြည်က ထူးမခြားနား တီးပြလိုက်ရာ ပညာ သည်အားလုံး အံ့ဩမဆုံး ရှိကြတော့သည်။

ဆရာညိမ်းက "တစ်ချိန်က ဆရာလွှား တီးပြသွားတဲ့ တီးချက် အဘိုင်းပါပဲကလား။ သခင်မလေး ဘယ်ကရတဲ့

တီးချက်တီးကွက်ပါလဲ၊ သိလိုလှပါတယ်" ဟု စတင်စကား ဖောက်လိုက်တော့သည်။

ဤတွင် စောင်းဆရာခန့်က "ဒီတီးချက်ဟာ ကျုပ်ဆရာဖူး (ဦးဖူးခေါင်) တီးချက်ပေါ့" ဟုဖြေလိုက်၏။

(ညိမ်း) "ဘယ့်နှယ်လဲ၊ ဆရာလွှားကပြောတော့ ခင်ဗျားရဲ့ ဘတော်ကြီး ဦးရွှေဂုန်တီးကွက်တွေဆို"

(ခန့်) "ဩော်.... ကူးတို့အုပ်မင်း ဦးရွှေဂုန်ပြောတာ ထင်ပါ့။ ဟုတ်ပေတယ်၊ ဟုတ်ပေတယ်၊ ဦးရွှေဂုန်ကိုယ်တိုင် ကျုပ်နဲ့အတူ တက်ကြတာပေါ့။ သို့သော် ကူးတို့အုပ်မင်းက စောင်းမတီးဘဲ ပတ္တလားနဲ့ တက်ယူတာဆိုတော့ ဆရာဖူး လိုချင်တဲ့ စောင်းသန္ဓေအရှုပ်တို့ အဟိုက်တို့တော့ အကုန်စုံစင် မရလိုက်ရှာပေဘူး။ ဒါပေမယ့် ကူးတို့အုပ်မင်းလဲ အတော် ကောင်းအောင် တီးနိုင်ပါပေသဗျား"

ထိုအခါမှ ဆရာလွှားလည်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာပြီး ထိုအကြောင်းများကို ယခုမှသိရှိရသဖြင့် ကျေးဇူးအလွန်တင် ကြောင်း၊ မူလအစက မိမိဘတော်ကြီးအကွက်ဟူ၍ ထင်ရှား ယူဆခဲ့မိကြောင်း၊ ဆရာဦးဖူးခေါင်နှင့်ဆရာခန့်တို့၏ကျေးဇူး ကြီးမားလှကြောင်းတို့ကို ပွင့်လင်းစွာ ဖွင့်ဟဝန်ခံပြောဆို လိုက်တော့သည်။ ထိုတီးချက်မှာ ယခုအချိန်တွင် မဆန်း ကြယ်တော့ပေ။ ထူးမခြားနားကွက်ဆန်းခေတ်ပြား ထွက်ပြီး နောက် မကြာမီအချိန်ကလေးမှာပင် မဟာဂီတသမားတိုင်း လိုပင် တီးခတ်လျက်ရှိကြပေပြီ။ ၁၂၇၀ ပြည့်နှစ် ခန့် က ဆိုင်းဘုရင် စိန်ဗေဒါကြီးကိုယ်ဘိုင် ယင်း ထူးမခြားနား တီးကွက်ကို ဘာဂျာနှင့် ပတ္တလားဆရာလွှားထံမှ တက်ယူခဲ့ သေးကြောင်း သိရှိရပေသည်။

(၁၄)

# ဦးဖူးခေါင်

ဆရာခန့်၏ ဆရာဖြစ်သူ ဦးဖူးခေါင်သည်ကား နှယ်နှယ်ရရ ပညာရှင်မဟုတ်ပါပေ။ မဟာဂီတကျေးဇူးတော်ရှင် မြဝတီဝန်ကြီး၏ လက်ရင်းတပည့်တစ်ဦးဖြစ်၍ မြဝတီဝန်ကြီး စောင်းကောက်ပိုက်၍ တီးလေသမျှကို အမြဲတမ်း ငြင်းနှင့်ဝါးကိုင်လျက် မပြတ်သီဆိုပေးရသော လက်စွဲအဆို တော်ကြီးဖြစ်သည်။ နန်းမတော်မမြလေးနှင့်အတူ မြဝတီဝန်ကြီးထံပါး ခစား ပညာယူဖက် ဖြစ်ကြသည်။ ဦးဖူးခေါင်သည် တေးသီချင်းများသီဆိုရင်း ရင်ကျပ်ပန်းနာရောဂါ စွဲကပ်လာသဖြင့် မြဝတီဦးစကိုယ်တိုင်ကပင် "မောင်ဖူးခေါင် သီချင်းမဆိုနဲ့တော့၊ စောင်းသာလျှင် ဆက်လက်တီးပေရော့" ဟုဆိုကာ စောင်းအဘတ်ပညာကို မြဝတီ ဝန်ကြီး ကိုယ်တိုင် လက်ထပ်ပြပေးခြင်း ခံရသူဖြစ်သဖြင့် စောင်းအတတ်တွင် သူမတူအောင် ထူးခြားပြောင်မြောက်သည်မှာ ဆန်းကြယ်သည်ဟု မဆိုသာပေ။

မြဝတီဦးစသည် ၁၁၂၈ ခုနှစ်တွင် ဖွားမြင်သူဖြစ်၍ ဆင်ဖြူရှင်မင်းတရား (၁၁၂၅–၁၁၃၈)၊ စဉ့်ကူးမင်း (၁၁၃၈–

၁၁၄၃)၊ ဖောင်းကားစားမောင်မောင် (၁၁၄၃)၊ ဘိုးတော်ဘုရား (၁၁၄၃–၁၁၈၁)၊ ဘကြီးတော် (၁၁၈၁–၁၁၉၉)၊ သာယာဝတီ ကုန်းဘောင်မင်း (၁၁၉၉–၁၂၀၈)၊ ပုဂံမင်း (၁၂၀၈–၁၂၁၄)၊ မင်းတုန်းမင်း (၁၂၁၄–၁၂၄၀) ပေါင်း မင်းရှစ်ဆက်ဘိုင်ဘိုင် မီခဲ့သူဖြစ်၍၊ ၁၂၁၅ ခုနှစ်၊ မင်းတုန်းမင်းနန်းတက်ပြီး တစ်နှစ်အကြာ သက်တော် ၈၇ နှစ်တွင် အနိစ္စရောက်ခဲ့ရှာသည်။

စောင်းဗုဒ္ဓါဦးဖူးခေါင်သည် ၁၁၈၀ ပြည့် နှစ် တွင် ဖွားမြင်၍ မြန်မာနိုင်ငံကျွန်ဘဝရောက်ပြီး ၁၂၆၇ ခုနှစ်ကျမှ မန္တလေးမြို့ ဗိန္ဒော ဆရာကြီး ဦးပေါနေအိမ်၌ အသက် ၈၇ နှစ် အရွယ်မှာပင် ကွယ်လွန် ဆုံးပါးခဲ့ရရှာလေသည်။ ဦးဖူးခေါင်သည် ဘကြီးတော်ဘုရားလက်ထက်၌ မွေးဖွားခဲ့သူဖြစ်ပြီး သာယာဝတီကုန်းဘောင်မင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် မြန်မာနိုင်ငံ၏နောက်ဆုံး ပါတော်မူဘုရင် သီပေါမင်းအထိ မင်းလေးဆက်တိုင်တိုင် မီခဲ့သူဖြစ်ပေသည်၊

ဒေဝဣန္ဒာမောင်မောင်ကြီးသည် ၁၂၁၆ ခုနှစ် မင်းတုန်းဘုရင်လက်ထက်တွင် ဖွားမြင်၍ ၁၂၉၁ ခုနှစ် အသက် ၇၅ နှစ်အရွယ်တွင် ကွယ် လွန် အ နိ စ္စ ရောက် ခဲ့သူဖြစ်ရာ မြဝတီဝန်ကြီးကိုမမီခဲ့ရရှာဘဲ မြဝတီဝန်ကြီး ၁၂၁၅ ခုတွင် ကွယ်လွန်ပြီး နောက်တစ်နှစ် ၁၂၁၆ ခုနှစ်ရောက်မှ မွေးဖွားခဲ့ရသူဖြစ်သည်။

ဦးဖူးခေါင်မှာ မြဝတီဝန်ကြီး၏ တပည့်ရင်းဖြစ်လျက် ဦးဖူးခေါင်အသက် ၃၅ နှစ်ကျမှ မြဝတီဝန်ကြီးကွယ်လွန်ခဲ့သဖြင့် မြဝတီဆီမှ ပညာရပ်များကို နန်းမတော် မမြလေးနှင့်အတူ ဂဃနဏ ဆည်းပူးခဲ့သူဖြစ်ပေသည်။

ယိုးဒယားတို့၏ဣန္ဒာဝုခေါ် သိကြားလက်နက်ဇာတ်တော်ကို မြဝတီဝန်ကြီးအပါအဝင် မြန်မာဘာသာသို့ ပြန်ခဲ့သော အိနောင်ဇာတ်တော်အား သီပေါဘုရင်လက်ထက်တွင် ရှုစားလိုသည်ဟုမိန့်တော်မူသဖြင့် အိနောင်ဇာတ်ကို နန်းတွင်း၌ ကပြကြရ၏။ ဣန္ဒာဝုဟူသောစကားလုံးကို မြန်မာ့နားဖြင့် အိနောင်ဟုကြားသဖြင့် အိနောင်ဇာတ်တော်ဟု တွင်လာခဲ့သည်ဟု သုတေသီဒီးဒုတ်ဆရာချိုက မိန့်ဆိုတင်ပြရေးသားခဲ့ဖူးသည်။ ဣန္ဒာဝုကိုမြန်မာလိုပြန်လျှင် သိကြားလက်နက်ဟု အဓိပ္ပာယ်ရသည်ဟုလည်း ဆိုခဲ့၏။

ယင်းဇာတ်တော် ခင်းကျင်းရာ၌ ပန်းရည်(အိနောင်)နှင့် ဉဏ္ဍာကံ (ပွတ်စပါး) တို့ ကာလ ပြည့်တွင် ဆုံတွေ့ကြသည်။ ပန်းရည်ကို အိနောင်နှင့်တူသကဲ့သို့ ဉဏ္ဍာကံကိုလည်း ပွတ်စပါးနှင့်တူလှသည်ဟု တစ်ဦးနှင့်တစ်ဦး သက်ာမကင်းဖြစ်နေကြသည်။ ထိုအခန်းတွင် မြဝတီဝန်ကြီးကိုယ်တိုင် ဇာတ်ဝင်တေးဖြစ်သော "သဲလောင်ကြွေကျွမ်းအောင်လို့" အစချီ ပတ်ပျိုးကို ဇာတ်ရုပ်ဆောင် အိနောင်နှင့်ပွတ်စပါးတို့ သီဆိုရန် ရေးစပ်ပေးခဲ့သည့်အတိုင်း ယင်းအခန်း၌သီဆိုကြရသည်။ ဤအခန်းသို့ ကျရောက်သည်မှာပင် စောင်း ဦး ဖူး ခေါင် ၏ ဇာတ်လမ်း အစပျိုးခဲ့ရရှာလေတော့၏။

သဲလောင်ကြွေကျွမ်းပတ်ပျိုးကို ဒေဝဣန္ဒာမောင်မောင်ကြီးသည် မရဖူး၍လော၊ သို့တည်းမဟုတ် မတီးရသည်မှာ ကြာမြင့်၍ မေ့လျော့ပင်နေရော့သလား မ သိ ရ ချေ။ ကိုယ်တိုင်မတီးခတ်ဘဲ ဦးဖူးခေါင်အား ပင့်ဖိတ်၍ တီးခတ်စေလေသည်။ သို့သော် ဦးဖူးခေါင်သည် လူတကာမြင်နိုင်

လောက်သောနေရာ၌ မတီးပါဘဲ ကန့်လန့်ကာနောက်ကွယ်မှ တီးခတ်ပေးလေသည်။

သီပေါဘုရင်သည် အီနောင်ဇာတ်ကို ကြည့်ရှုပြီး ဒေဝဣန္ဒာအား ရှေ့တော်သို့ ခေါ်၍ "မောင်မောင်ကြီးရဲ့ လက်သံက ယခုပင် တီးခတ်သွားတဲ့ သဲလောင်ကြွေကျွမ်း ပတ်ပျိုးချင်းမှာ အလွန်ကို ထူးခြားပြောင်မြောက် လှပေတယ်ဗျား" ဟူ၍ မိန့်တော်မူရင်း မိမိလက်ထဲမှ အသပြာ ထောင်ထုပ်ကို လက်ထဲမှ မြောက်ချီကြွချီ မတင်လိုက်ရာ ဒေဝဣန္ဒာသည် ပျာပျာသလဲနှင့် "မှန်လှပါ၊ သဲလောင်ကြွေကျွမ်း ဇာတ်ဝင်ပတ်ပျိုးချင်းကို တီးခတ်သူမှာ ကျွန်တော်မျိုးမဟုတ် ကြောင်းပါ။ ကျွန်တော်မျိုး၏ ငယ်ဆရာဖြစ်သူ ဆရာ ဦးဖူးခေါင် တီးခတ်ခြင်းဖြစ်ကြောင်းပါ" ဟု တင်လျှောက် လိုက်တော့သည်။

သီပေါဘုရင်သည် ဦးဖူးခေါင်ဟူသော အမည်ကို ကြားလိုက်လျှင်ပင် ရုတ်တရက် မျက်နှာအသွင် ပြောင်းသွားကာ ငွေအသပြာထုပ်ကို လုံးဝမချီးမြှင့်တော့သည့် အပြင် မည်သည့်စကားမျှ လုံးဝမိန့်ဟခြင်း မပြုတော့ဘဲ ပွဲကြည့်ဆောင်မှ ရုတ်ခြည် ထွက်ခွာတော်မူသွားတော့သည်။

အကြောင်းရင်းကားရှိပေ၏။ မင်းညီမင်းသား အချို့ ဦးဖူးခေါင်ထံပါး စောင်းတီးပညာ သင်ကြားကြစဉ်က သီပေါမင်းသားကလေးကလည်း ဦးဖူးခေါင်ထံ၌ စောင်း အတတ်သင်ကြားရန် အကြောင်းကြားဖူးလေသည်။ ထိုအချိန်က သီပေါမင်းသား၏ မယ်တော် လောင်းရှည် မိဖုရားမှာ မင်းတုန်းဘုရင်၏ မျက်နှာပေးဂရုပြုတော်မူခြင်း

အပြည့်အဝ မခံစားရရှာဘဲ အတန်ငယ်သူ့ိုးခိုက် ဖြစ်ပေရာ၊ ဦးဖူးခေါင်က "မင်းတို့ မင်းသားက စောင်းပညာသင်လို့ တတ်မှာတဲ့လား"ဟု ပြောလွှတ်လိုက် လေသည်။

ယင်းအချက်ကို သီပေါမင်းက အမှတ်အတေးထားပြီး၊ ရွှေတော်ပြေး မောင်မောင်သိုက်နှင့် ဒေဝဣန္ဒာမောင်မောင်ကြီးတို့မှာ ထီးသုံး နန်းသုံး စောင်းပညာ ကျော် ဘဝသို့ ရောက်ရှိ သွားကြသော်လည်း၊ အာဂ ပညာကျော် ဦးဖူးခေါင်မှာ ထီးဝေးနန်းဝေး ဖြစ်ခဲ့ရရှာသည်။ အိနောင်ဇာတ်ခင်းကျင်း ကပြရာဝယ် ဦးဖူးခေါင်၏ စောင်းလက်သံကို သီပေါမင်း နားဆင်ပြီးနောက် မျက်နှာတော်ညိုကာ ပွဲကြည့်ဆောင်မှ ထွက်ခွာသွားသည်နှင့် ပညာမာန်မာန ကြီးလှသူ ဦးဖူးခေါင်သည် " သည် ပညာနှင့် သည် ဘုရင် မတန် " ဟု ဆိုကာ စောင်းကို ပစ်ချခဲ့ပြီး အောက်ပြည် အောက်ရွာ ရန်ကုန်မြို့သို့ စုန်ဆင်းခဲ့သည်မှာ ကွယ်လွန်လုနီးနီး အချိန်ရောက်မှ မန္တလေးသို့ ပြန်တက်ကာ မန္တလေး၌ ခေါင်းချခဲ့လေသည်။

သီပေါစော့ဘွား ဆာစောချယ်ကဂီတပညာရှင် အပေါင်းကို သီပေါဟော်သို့ ပင့်ဖိတ် သူကောင်းပြုထားကြောင်း သိရသော်လည်း လုံးဝခြေဦးမလှည့်ခဲ့ပါတော့ချေ။

▭◀▶▭

( ၁၅ )

# မြန်မာ့ဂီတ သင်္ကေတ

နန်းသုံးစောင်းပညာကျော် ရွှေတော်ပြေးမောင်မောင်သိုက်နှင့် ဒေဝဣန္ဒာ မောင်မောင်ကြီးတို့သည် အမြဲတမ်းစောင်းပညာရှင်များဖြစ်ကြသော်လည်း ရံဖန်ရံခါပြင်ပစောင်းဆရာ အကျော်အမော် တို့ကိုလည်း သီပေါဘုရင်ရွှေတော်၌ တစ်ပုဒ်စ နှစ်ပုဒ်စ တီးခတ်ခွင့်ရရှိခဲ့ရာတွင် စောင်းဆရာကြီး ဆရာသိန်းဆိုသူလည်း တစ်ခါ တစ်ရံ ဖြေဖျော်မှု ပြုခဲ့ရလေသည်။

ဆရာသိန်း၏ စောင်းလက်သံ ကောင်းသလိုပင် သူ၏သမီးဒေါ်သူဇာသည်လည်း စောင်းတီးကျွမ်းလှ၏။မန္တလေးရှိမဟာဂီတကို အလွန်ချစ်မြတ်နိုးလှသူ ဝတ်လုံဦးခင်မောင်ဒွေ၏ ဇနီး စောင်းဆရာမကြီး"မေ"သည် ဒေါ်သူဇာ၏လက်ထွက်ဖြစ်ပေ၏။

ဘုရင်ရွှေတော်၌ စောင်းဆရာကြီးအချို့ တီးခတ်ဖျော်ဖြေခွင့် ရသူများအနက် မင်းတုန်းမင်း လက်ထက်တော်၌

ရွှေတော်မှောက် စောင်းတီး အခစားရောက်ရသူ ပညာကျော် တစ်ဦးရှိခဲ့၏။ အမည်မှာ ဦးဦးကာဟု ခေါ်တွင်သည်။ သို့သော် သေရည်သေရက် အသောက်အစား ကြီးလှချေသည်။ ဘုရင့် ရွှေမှောက် စောင်းတီးခိုက်မှာပင် ငိုက်မျဉ်းလေ့ရှိသဖြင့် နောင်အခါတွင် နန်းတွင်း၌ ခစားခွင့် မပြုတော့ပေ။

ထို အ ခါ ဦး ဦး ကာ သည် အောက် ပြည် ရန် ကုန် သို့ ဆင်းလာခဲ့ရာ ရန်ကုန်၌ စောင်းဆရာများ ရှိကြသည့်အနက် စောင်းဆရာကင်း၊ ဆရာညိမ်း၊ ဆရာကျော်တို့သည်။ ဦးဦးကာ ထံပါး ရောက်ရှိပညာယူကြ ဆွေးနွေးကြသည်။ သို့သော် ဦးဦးကာ၏ အလေ့အထအတိုင်း သင်ပြူးပေါ်တွင် လဲလျောင်းနေရင်း ဝိုင်သား ခြင်ထောင်ကလေး အတွင်းမှ သီချင်းဂီတအကြောင်းများ ပြောတတ်သည်။ သီချင်းတက် ယူသူများကိုလည်း ကိုယ်တိုင်ကိုယ်ကျ တီးပြလေ့မရှိဘဲ ခြင်ထောင်ထဲမှ "တေလုံး-တျောလုံး ဒလုန္စ်ခါပြန်-ဒွန့်နယ် ဒွန့်နယ်-ထပ်တျာတေတလေတေ" စသည်ဖြင့် နှုတ်မှ အသံကို ရွတ်ဆိုပြလေ့ရှိရာ သီချင်းလာရောက် ဆည်းပူးသူများမှာ ရှုတ်တရက် မည်သည့်ကြိုးကိုဆွဲ၍မည်သည့်ကြိုးကို နှိပ်ရခတ်ရ မှန်း မသိကြတော့ချေ။

ဦးဦးကာမှုကား ခြင်ထောင်တွင်း၌ တစ်ခွက်ပြီးတစ်ခွက် သောက်သုံးရင်း နှုတ်မှရွတ်ပြနေမြဲသာတည်း။ စောင်းဆရာ များ အလုံးရှာမတွေ့ဘဲ ဟိုကြိုးသည်ကြိုး မည်သည့်ကြိုးကို ခတ်ရမှန်းမသိရှာဘဲ စမ်းတဝါးဝါး ဖြစ်နေလျှင် နှုတ်မှ တတွတ်တွတ် ရေရွတ်နေတတ်၏။ ကြိမ်းမောင်းမဆုံး ရှိတော့၏။

ယင်းအကြောင်းအရာများနှင့် ပတ်သက်လာသောအခါ မြန်မာ့ မဟာဂီတအခြေခံကို ပြန်လည်တွေးဆဖွယ်ရာ ဖြစ်လာရတော့သည်။

မြန်မာ့ဂီတသည် အနောက်တိုင်း ဂီတကဲ့သို့ မျက်စိဖြင့် သင်ကြား တတ်မြောက် လာ ရခြင်း မဟုတ်မူဘဲ နားဖြင့် တတ် မြောက် လာ ခြင်း ဖြစ်၏။ ယင်း တို့ သည် သင်္ကေတ (NOTE) ကိုကြည့်၍ သင်ကြားကြရသော်လည်း မြန်မာ့ဂီတမှာအသံပြအမှတ်အသားကို ကြည့်၍ သင်ပေးသောနည်းစနစ် မရှိခဲ့ချေ။ သို့တစေ မြန်မာ့ ဂီတ၌ လုံးလုံးလျားလျား အသံပြသင်္ကေတ နည်းစနစ် မရှိခဲ့ဟု မဆိုနိုင်ချေ။ အသံပြအမှတ်အသားကို မျက်စိဖြင့် ရှု၍ တီးနည်း မဟုတ်ပါဘဲ တျာတေတျောဒျန့်အစရှိသော အသံကို နားဆင်၍ တီးနည်း ရှိခဲ့သည်မှာ သေချာလှပေသည်။

၁၉၃၀-၃၁ ခုနှစ်ထုတ် စန္ဒရားဆရာမှိုင်ကြီး၏ ရွှေနန်းထွက် မဟာဂီတကျမ်းတွင် သီချင်းအဲမှတ် (၁) အဖြစ် ဖော်ပြပါရှိသော ရွှေဥဒေါင်းမင်းကြီးကို ရှုလော့။ (မူလကျမ်းပါ သတ်ပုံအတိုင်း ဖော်ပြထားပါသည်။)

ထပ်တျာထပ်တျာ ဒြမ့်ပင်ဒြမ့် ထပ်တျာမှိုင်သာ
မှိုင် သာ တောကောင်း၊ ရွှေ ဥ ဒေါင်း ငယ် မှာ ပင်၊
ပင်တိုင်းပြောင်း၊ နွဲ့နှောင်းဆင်းဝါ၊ လှတည့်လှရာမှာ၊
လှ ရာ မှာ ငါ သာ လွန် ကျူး၊ မ ရှိ ဘူး လေမရှိဘူး၊
ယဉ်ကျူးထွေလာ၊ ငှက်တည့်ငှက်တကာ၊ ငှက်တကာ
တွင် ငါသာ လွန်ဆန်းထူးချည့်လေ၊ ငှက်တကာတွင်၊

ငါသာလွန်ဆန်းထူးချည့်လေး၊ ဒူတျောထပ်တျာတေ
ထံတျာ၊ ထပ်တျာတေတျော၊ ဒူလေတေလေတျော၊
(ကေဒူလေထံ ဖြဲ့ဖြဲ့)၂ တျောထပ်တျာလေဘည့်
တျောထပ်တျာ။

သီချင်း အမှတ် (၇) အဖြစ် စိတြဂီဝါ -ခိုမင်းကြီးကို
ထပ်ရှုပါသော် -

ဖြဲ့တျောထပ်တျာ ထပ်တျာတျော ထင်တျာ
ငယ်စွာ ငယ်စွာထွေးလေး ဇောင်းဖွေးဖွေး၊ ခြေမွေး
လက်ခမွှး နီတျာ မရောက်လာ ဖော်ကွာ ကိုယ်ထူး
မရှင်မြူးလေ မရှင်မြူး၊ ဒူတျော ထပ်တျာ ခိုတည့်
ခိုတကာ ခိုတကာတွင် ငါသာလှယဉ်ကျူးချည့်လေ၊
ခိုတကာတွင် ငါသာလှယဉ်ကျူးချည့်လေ၊ ဒူတျော
ထပ်တျာ တေထံတျာ ထပ်တျာ တေတျောဒူလေ
တေလေ တျောတေ ဒူလေထံဖြဲ့ဖြမ့် တေဒူလေထံ
ဖြဲ့ဖြဲ့၊ တျောထပ်တျာလေတည့် တျောထပ်တျာ။

ဖော်ပြပါ တေးချင်းများမှာ ၁၉၂၄ ခုနှစ်ထုတ် ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ်ကျမ်းတွင်လည်း ဦးစားပေးဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

မုံရွေးဆရာတော်၏ ဟာသဇဝနဥာဏမဥ္ဇရီ ကျမ်းတွင်မူ အသံပြတေးချင်းအများ ပါရှိလေရာ ပုံနှိပ် မဟာဂီတကျမ်းစာအုပ်များ၌ မပါရှိသော ကြိုးချင်းပေါင်းများစွာ ဖော်ပြထားလေသည်။ ပုဒ်ရေ များပြားလှသဖြင့် အနည်းငယ်ကို ဖော်ပြလိုက် ရ သည်။ ဤသို့တင် ပြ ဖော် ကျူး ရ ခြင်း မှာ

အကြောင်းမဲ့ကား မဟုတ်ပါလေ။ မြန်မာ့ မဟာဂီတတွင် အသံပြသင်္ကေတအမှတ်အသား ရှိခဲ့ဖူးကြောင်းကို သိစေခြင်းငှာ သက်သေပြဖော်ပြရခြင်း ဖြစ်သည်။

(မူလကျမ်းစာသတ်ပုံအတိုင်း ဖော်ပြထားပါသည်။)

တလေတြံ့တြံ့ တေတျော၊ ထံထံတျောတျော တြံ့တြံ့ တေတေတေ ထူတေတေ ထူတေတေ တျောတျော တြံ့တြံ့တျော၊ ထူတျောတေတျော၊ တျောတျောတေ ထံထံတျော တြံ့တျာတေ၊ တလေတြံ့တြံ့ တေ ထံထံတျော တေထူတြံ့တြံ့ တေထူတေထံ တေထံတေထူလေ၊ တလေထံဖျောတြံ့၊ လွမ်းသူ မောင်စောလေ ထံထံတေ၊ တေတလေ ထံတျော၊ တေထပ်တျော တေလေထံတျော တြံ့တြံ့ တျော ထူတျောတေ။

တေထူတေတြံ့တြံ့ ထူထံတျော တြံ့တြံ့ တေ ထူတေထူ ထံတျော ရှင်ထွေးငယ်ဖြူလေ၊ နေ့ထူလေ တေတျော၊ ထံတျောတေတေတေ တလေလေ တေထူ ထံတျော၊ တေထူထူထံတျော တေတလေထံတျော ထံတျောတေတလေ၊ ထူတေတြံ့တြံ့တျော ထူတျောတေ တလေထူထံ တြံ့တြံ့တျောထူတျော၊တေတလေထူထံ တြံ့တြံ့တြော ထူတျော၊ တေတလေထူထံ တြံ့တြံ့ တျော ချစ်တယ်လေ ချစ်တယ်ဆူငယ် တြံ့တြံ့တေ ထူတလေထံ၊ တေထူတလေထံတျော။

ဆက်လက်၍ ဂီတသမားအများသိပြီး ဖြစ်သော ပုစဉ်းတောင်သံကြိုးကို တျောတေတျာများဖြင့် ဤသို့ဖော်ပြထားပြန်သည်။

ထံတျာတေထံတျာတေတြုံ့တြုံ့ထံတျာတော၊တလေ
တလေထံတြုံ့တြုံ့တောလုံးနှံ့ပါလို၊ ပတ်ခြံကောင်း
ကင် မိုဃ်းတည့်မိုဃ်းတိမ်ပြင်၊ သာရှင်သာ ရှင်ပျော်
ပါး၊ရွှေဘော်တစ်စုများငယ်နှင့်၊ ကမ်းနားကမ်းနား
ဝန်းရံ တောင်ဖျားထံ၊ ထံတျာတေ ထံတျာတေ
တြုံ့တြုံ့ထံတျာတော၊ တလေတလေထံတြုံ့ တြော
ထပ်တျာ॥ ॥

ဤသို့ မုံရွေးမဟာဂီတပေမူတွင် တြောတေတျာဒလု ဒျန့်စသည်များကို ပြဆိုသောကြိုးချင်းပေါင်း ၆၄ ပုဒ် ဖော်ပြပြီးမှ အခြားစာသားများ ဖော်ပြသော အချင်းတို့ကို ဆက်လက်တင်ပြထားလေသည်။

ရွှေနန်းထွက် မဟာဂီတကျမ်းတွင် အများသိပြီး ဗောဓိ ရှက်သံကြိုးကို ဤသို့ ပြဆိုထား၏။

တေတလေ တေတလေတေ ဒြမ့်ဒြမ့်တော၊တေတ
လေတေတလေထံထံ၊ ဒြမ့်ဒြမ့်တော၊ တေလေထံ
တေလေထံ ဒူထံထံတျာ၊ တျာတျာ တျာတျာဒြမ့်
တေတျော ဒြမ့်ဒြမ့်၊ တေဒူ တျော၊ တေ တျော
တေ တျော၊ထံထံတျာ ဒူတျော၊ ထံထံ တျာ၊ ထံတျာ
ထံတျာ၊ တေ တျော တေ ဒူ ဒူ လေ တျော

ဤမျှနှင့်ပင် မဟာဂီတအချင်းတွင် အသံပြအမှတ်အသား များရှိဖူးကြောင်းကို သိလောက်ပေပြီ။ ရှေးရှေးပဝေသဏီမှ ပညာကျော်များသည် အထက် ဖော်ပြပါ အချင်းများကို အကြောင်းမဲ့ ရေးမည်ကား မဟုတ်တန်ရာ။ စောင်းတီး အမှတ်အသားနှင့် အသံပြအခေါ်အဝေါ်များကို အခြေခံ သင်ကြားသူများအဖို့ အလွယ်တကူမှတ်သားနိုင်စေရန် အသံ ဝေါဟာရများ ထားရှိခြင်း ဖြစ်ပေလိမ့်မည်။ မျက်စိဖြင့် သင်္ကေတကို ကြည့်ရန်မလိုပေ။ တေတျောဒူဒျန့်စသည်တို့ကို နားဖြင့် ကြားရုံမျှနှင့် ရွတ်ခြည်း တီးနိုင်သည့် နည်းစနစ် ဖြစ်သည်။

ထိုကြောင့်ပင်လျှင် စောင်းဆရာကြီး ဦးဦးကာသည် ခြင်ထောင်တွင်း လဲလျောင်းနေရာမှ "တေတာလေဒူတျော ဒျန့်ထံ" စသည်ဖြင့် ပြောကြား ညွှန်း ဆို ခြင်း ဖြစ်ပေ လိမ့်မည်။ သို့သော် ဂီတပညာရှင်အများတို့သည် လက်ဆင့် ကမ်း သယ်ဆောင် သင်ကြား မှတ် သား လာ ရင်း မှ ပင် ယင်း အခေါ်အဝေါ် အမှတ်အသားများကို မှတ်သားမှု လျော့နည်းလာရာမှ တစ်စတစ်စနှင့် မေးမှိန် ပျောက်ကွယ် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ထံတျာတေရှင်အစချီ ပုစဉ်းတောင် သံကြိုး တစ်ပုဒ်သာလျှင် အသင်အရှား ရှိနေသေးသည်ကို ချီးအံ့ရပေတော့သည်။ လေခနုယကျမ်းတွင်မူ တျောတေထံ ဒျန့်ဒလူ အစရှိသော အသံပြဝေါဟာရအဖွင့် ပါရှိသည်ကို တွေ့ရှိရသည်။

မြန်မာ့ဂီတတွင် သင်္ကေတအမှတ်အသား မရှိဘူးလားဟု မေးလာ ခဲ့လျှင် ရှိခဲ့ဖူးပါသည်ဟုပင် ဖြေရ ပေလိမ့်မည်။

ယင်းအမှတ်အသားများ အဘယ်မှာနည်းဟု မေးခဲ့သော် စာထဲမှာရှိ၍ အလုံးစုံအကုန်အစင် မသိကြတော့ချေဟူသော အဖြေ ပေးရမည်ကိုမူ ဝမ်းနည်းဖွယ် ရှက်ဖွယ်ကောင်းလှသည်ဟု ဆိုရပေတော့မည်။ ယင်းအခြေခံ အသံပြဝေါဟာရများကို ယနေ့ပင် ကောင်းစွာ မဖော်ကျူးနိုင် ကြတော့သဖြင့် လာလတ္တံ့သော ခေတ်များတွင် မဟာဂီတအခြေခံ ပညာရပ်များ အဘယ်သို့ရှိလေမည်ကို တွေးတောစဉ်းစားဖွယ် ကောင်းလှပေသည်။

( ၁၆ )

# ပဒေသရာဇာ

မဟာဂီတကျမ်းများ၌ ဦးစားပေး ဖော်ပြကြရသော ကြိုးချင်းများ အနက် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့သော ထံတျာ–သီတာ–သာယာ–ဝေဘာ သီချင်းလေးပုဒ်မှာ မပါရှိလျှင်မဖြစ်သော ကြိုးသီချင်းများဖြစ်သည်။ ဤကြိုးချင်းများကို ရေးသားရာ၌ အများတကာတို့ တီးရန်ဆိုရန်အတွက် သော်လည်းကောင်း၊ မိမိစိတ်တွင်းမှ ပေါ်ထွက်လာသော စိတ်ကူးအရ သော်လည်းကောင်း ရေးစပ်ခြင်းမျှသာဖြစ်၍ မိမိ၏ တေးများကို နောင်လာ နောက်သား ဂီတပညာ သင်ကြားသူများအတွက် အခြေခံသင်ရိုးအဖြစ် ပြဋ္ဌာန်း သင်ကြားရန် ရေးခြင်းကားမဟုတ်ပါလေ။

ဤကြိုးများကို မူလအခြေခံ သင်ရိုးအဖြစ် ထားရှိရန် အကြံပေးပျိုးထောင် ပြုစုခဲ့ကြသော စောင်း ဆရာကြီး၊ ဆိုင်းဆရာကြီးများသည် ကုန်းဘောင်ခေတ် အလယ်ပိုင်းသို့ ရောက်မှ ညှိနှိုင်းပြုစုကြခြင်းဖြစ်၍ ဝန်ကြီးပဒေသရာဇာခေတ်နှင့် လှမ်းလှပေသည်။ တီးကွက်များမှာ အတွဲ့ အဖက်ကို

အသားပေး တီးကွက်တီးချက်များ ဖြစ်သည့်အပြင် စည်းဝင်၊ စည်းထွက်၊ စည်းဝါးအနေအထား ကောင်းမွန်သေသပ်လှပတင့်တယ်၏။ အခြေခံသင်ရိုးအဖြစ် ထားရှိရန် အဆင်ပြေလှသဖြင့် မဟာဂီတပညာကျော်ကြီးများက မင်းတုန်းဘုရင်မင်းမြတ်အား အကြံပေးတင်ပြကြရာမှ ယင်းကြိုးချင်းငါးပုဒ်ကို ဘုရင်မင်းမြတ်ကိုယ်တိုင် ပြဋ္ဌာန်းအတည်ပြုလိုက်သော အခြေခံသင်ရိုး ကြိုးချင်းများအဖြစ် အစပြုခဲ့ပြီး ၁၉၃၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သော တူရိယာဂီတသင်ကျောင်းမှာပင် စတင်ခဲ့လျက် ယနေ့ယခုတိုင် ပန်တျာကျောင်းတို့၌ သင်ရိုးညွှန်းတမ်းအဖြစ် ခိုင်မြဲစွာ အတည်ပြုထားရှိ ရလေသည်။ ဝန်ကြီးပဒေသရာဇာသည် နတ်ရှင်နောင်ဘွဲ့၊ ပဒေသရာဇ်ဘွဲ့၊ ပဒေသရာဇာဘွဲ့၊ မြို့တွင်းနတ်ရှင်နောင်ဘွဲ့၊ မင်းရဲကျော်ထင်ဘွဲ့၊ မင်းရဲမင်းလှကျော်ထင်ဘွဲ့ စသည်ဖြင့် ဘုရင်မင်းမြတ်ချီးမြှင့်သည့် ဘွဲ့ထူးအထပ်ထပ်တို့ကို ထိုက်တန်စွာရရှိခဲ့သူဖြစ်သည်။ သင်ရိုးအဖြစ်ထားရှိအပ်သော ကြိုးချင်းငါးပုဒ်အနက် အထက်ပါလေးပုဒ်တို့မှာ ပဒေသရာဇာ၏ လက်ရာများ ဖြစ်သဖြင့် ထိုပုဂ္ဂိုလ် အရည်အသွေးကိုလည်း ကောင်းစွာ သိလောက်ပေသည်။

ပို၍ထူးခြားသည်မှာ ဝန်ကြီးပဒေသရာဇာ၏ တျာဘွဲ့များဖြစ်၏။ လက်လုပ်လက်စား လူတန်းစား၏ ဘဝသရုပ်ဖော်တေးများဖြစ်၍ မဟာဂီတကျမ်းလာ ထီးဘွဲ့၊ နန်းဘွဲ့၊ ရာသီဘွဲ့၊ တောတောင်ဘွဲ့ တို့နှင့် တစ်မူနဲလျက် လောကသားတို့၏ ဓလေ့စရိုက်ကို ပီပီပြင်ပြင် ဖော်ကျူးထားသော သံရိုးသံစဉ်တေးချင်းကောင်းများ ဖြစ်ပေသည်။

မဟာဂီတ ကျမ်းများအနက် ဂီတဝိသောဓနီ ကျမ်းတွင် ဝန်ကြီး ပဒေသ ရာဇာ ရေး ဖွဲ့ သော မိုး ဦး ကာ လ အစချီ တောင်တက်ပိန်းဝင်တျာ ဘွဲ့နှင့် နွေဦးကာလ အစချီ ထန်း တက် တျာဘွဲ့သီချင်း နှစ်ပုဒ်တို့ကို ဖော်ပြ ထားလေသည်။ ဝသန်ကာလအစချီ လယ်ထွန်တျာဘွဲ့နှင့် ဆောင်းဦးကာလ အစချီ တောင်ပိုင်တက်ချီ တျာဘွဲ့နှစ်ပုဒ်ကိုမူ ဖော်ပြထားခြင်း မရှိပေ။

သို့ဖြစ်၍ ဝသန်ကာလအစချီ လယ်ထွန်တျာဘွဲ့၏ တေး စာသားစာလာနှင့် အကြောင်းအရာကို ဖတ်ရှုနိုင်ရန် ဖော်ပြ လိုက်ရပေသည်။

"ဝသန်ကာလ မိုးကျတည့်သျှင် ပျော်ပျော် ပါးပါး မယားနှင့်ဆွေငယ်လင်၊လက်ဘွဲ့ခြေငင် ကိုယ်တွင်အဝတ်ပုဆိုး အင်္ကျီစုတ်ပြဲပြီ ချည်နီဗောင်း တွတ်တွတ်ကယ်နှင့်လေး။

မိုးရေစွတ်လို့ အဝတ်ကယ်မပါ၊ သားသမီးကို ကိုယ်ထီး ပွေ့လို့သာ ဆေးတံတစ်ထွာ ကိုက်ကာထွန်ရင်း၊ လယ်ကွက် ကယ်တစ်ခွင် ထွန်ရေးငင် ရေဝင်ပုစွန်တွင်း ငယ်နှင့်လေး။

ဖားပေါင်စင်းငယ် ခြင်းပလိုင်းဝယ်၊ ခရုပီလော ရောနှော ၍သာလွှယ်၊ ဟင်းရွက်ကယ်နုနယ် တသွယ်ကန်စွန်း၊ ဆူးပုပ် ကယ် ကင်းပုံ အလုံးစုံ ဖူးငုံသာရော၍ ပြွမ်းသည်နှင့်လေး။

ချိုလည်းချိုလွန်း ရည်ရွှမ်းများစွာ၊ ကြံ့ဟင်းကြွက်နား ပေါင်း သောင်းပြောင်း ရော၍သာ၊ အိမ်သို့ရောက်ကာ လျင်စွာချက်ပြုတ်၊ ထမင်းကပူ၊ ဟင်းကပူ၊ ရှူရှူသာ ရှမ်း ငရုတ်ကယ်နှင့်လေး။

အလုတ်ကယ် ရောသာ ငုံကာလေးတော့သည် သားမြေး ငယ်မာချာ ဘယ်ညာ ထွေးတော့သည်။”

ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့သော “ရွှေပင်ရွှေဘုန်း” အစချီ သိကြားခလုတ်ကြိုးသည်လည်း ထူးလှသည်။ ပန်းမျိုးပေါင်းစုံစေ့လှပြီး တေးသွားမှာ ကြွရှနေဘိ၏။ ဝန်ကြီးသည် အဘယ်တူရိယာကိုတီးနိုင်ပြီး အဘယ်မျှ ကျွမ်းကျင်သည်ကိုမူ ဖော်ပြထားခဲ့ခြင်း အလျဉ်းမရှိခဲ့ချေ။

ဘုန်းထူးဝေဆာ သီချင်းခံကြီးနှင့် ဇမ္ဗူမြန်ချာဗွေမှာ သီချင်းခံကြီးနှစ်ပုဒ်သည် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့သီကုံးအပ်သော သီချင်းခံကြီးများ ဖြစ်ပေ၏။ တူရိယာဂီတ တေးသီချင်းတို့၏ ထူးခြားပြောင်မြောက်သော ကျေးဇူးတော်ရှင်မျှသာမဟုတ်သေး။ ကဗျာလင်္ကာနှင့် စာပေအရာတွင်လည်း မဟာကျေးဇူးတော်ရှင် တစ်ဆူ ဖြစ်ပေ၏။ ပျို့ကြီး(၇)စောင်ဟု ခေါ်တွင်ရသော သုဇာပျို့၊ မဏိကက်ပျို့၊ ကျေးဇူးတော်ပျို့၊ ယိုးဒယား သံရောက်ပျို့၊ ကုမ္မာဘယပျို့၊ သမုဒ္ဒဃောသပျို့နှင့် မနော်ပျို့တို့အပြင် တောထွက်ခန်းပျို့၊ စန္ဒာသီရိပျို့၊ နုံအူပျို့၊ ကြာနတ်ဂေါသာပျို့၊ မဟာပတိပျို့၊ နမောလင်္ကာပျို့၊ ဆဒ္ဒန်ပြန်ပျို့နှင့် ချောင်းချား၊ ရတုများကား ဝန်ကြီးပဒေသရာဇာ၏လက်ရာများပင်တည်း။ ပြဇာတ်စာပေတွင် အစောဆုံးနှင့် ခေတ်အမီဆုံးဟု ဆိုအပ်သော “မဏိကတ်”ပြဇာတ်သည်ကား အံ့ချီးဖွယ်ရာ စံပြလက်ရာမွန် ဖြစ်ပေသည်။

ဝန် ကြီး သည် အင်းဝ ဘုရင် အင်္ဂါမင်း လက် ထက် ၁၀၃၄ ခုနှစ်ခန့်တွင် အင်းဝမြို့မှာပင်ဖွားမြင်ခဲ့ပြီး မှန်နန်းရှင်

ခေါ် တနင်္ဂနွေ မင်းလက်ထက်မှ စတင်မြောက်စားခြင်း ခံခဲ့ရ၏။ ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီရောက် မင်းတရားကြီးနှင့်အတူ ဟံသာဝတီသို့ပါခဲ့ရ၏။ အသက်အရွယ် (၇၀) ကျော် သက္ကရာဇ် ၁၁၁၆ ခုနှစ်အတွင်း သန်လျင်၌ကွယ်လွန် အနိစ္စရောက်ခဲ့ရရှာသည်။

ကျွန်ုပ်နှင့်တကွ ဂီတပညာရှင် စန္ဒရားဆရာတောက်၊ သန်လျင်ကိုကိုကြည်၊ မင်းသားကြီးဦးတောကျော်၊ ရန်နိုင်ဆွေ၊ စန္ဒရားပြည် ဦးမြမောင်စသော ကွယ်လွန်သူ ပုဂ္ဂိုလ်ကြီးများနှင့် ယနေ့ထင်ရှားရှိကြသေးသော ဒေါ်ကြည်ကြည်ဝင်း၊ ဂီတာဦးတင်၊ စောင်းကိုအုန်းလွင်နှင့် မဟာဂီတ ပညာရှင် အတန်များများလိုက်ပါကာ မြန်မာ သက္ကရာဇ် ၁၃၃၆ ခုနှစ် (၁၉၇၄) အတွင်းက သန်လျင်မြို့၌ ယခုတိုင်ရှိသေးသော ဝန်ကြီးပဒေသရာဇာ အုတ်ဂူကို ထုံးဖြူ သုတ်ခြင်း၊ ဂူပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းစသော အမှုကိစ္စများကို သွားရောက်ဆောင် ရွက်ကြပြီး ကျွန်ုပ်သည် ဝန်ကြီးပဒေသရာဇာ၏ ကျေးဇူး တော်များနှင့် သတိရမှတ်တမ်း စာတမ်းဖတ်ခဲ့၏။

ထံတျာ၊ သီတာ၊ ဘုံဆောင်၊ ဇေယျာစသော ကြိုးချင်းများရှိနေသရွေ့ ဝန်ကြီးပဒေသရာဇာကိုလည်း ဘယ်သော အခါမျှ မြန်မာ့မဟာဂီတလောကရှိ ပညာရှင်များ မေ့နိုင် စည်မဟုတ်ပါချေ။ မေ့လျော့၍လည်း မရစကောင်းသော ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။

( ၁၇ )

# ဂီတစာဆိုကျော်များ

ဝန်ကြီးပဒေသရာဇာသည် မြဝတီဦးစ မမွေးဖွားမီ ၁၂ နှစ် ကပင် ကွယ်လွန် အနိစ္စရောက်ခဲ့ရသူ ဖြစ် သည်။ သံဆန်းခေတ်ဟုဆိုအပ်သော မြဝတီ တီတွင်ခဲ့သည့်ပတ်ပျိုးတေးများ ထွန်းပေါ်လာခြင်းကို မမီခဲ့သောကြောင့် ဝန်ကြီးပဒေသရာဇာ၏ ပတ်ပျိုးချင်းများ လုံးလုံးလျားလျား မရှိခဲ့ချေ။

မဟာဂီတကျမ်းများ၏ တေးချင်းများအနက်လေးပုံလျှင် သုံးပုံးကျော်ခန့်မှာ မြဝတီ၏ လက်ရာများဖြင့် လွှမ်းခြုံထားရလောက်အောင် ရေးဖွဲ့နိုင်သူဖြစ်သည်။

၁၂၈၈ ခုနှစ် ပုဂံမင်းလက်ထက်၌ အိမ်ရှေ့အာတွင်းဝန်ဦးသင်က စာချိုး ခဲ့လေသည်။ ပဒေသရာဇာ ဘွဲ့ကြူး၊ အောင်ဖြိုးသာချင်း၊ မင်းလေးချို၊ တိုးရကန်၊ စံသူမှာစာ၊ ကြောလွမ်းချင်းတတွေ၊ မိခွေဆိုအဲ၊ ခမည်းတော်ဘုရားသိင်္ဂီ၊ မြဝတီသံဆန်း၊ လေန်းဆေးလက်ာ ဟူ၏။

စာချိုးရလောက်အောင်ပင် မြဝတီဝန်ကြီးသည် သံရိုးမှ တစ်ခေတ် ဆန်းသစ်တီထွင်လိုက်သော ပတ်ပျိုးခန်းသံဆန်းမှာ အသံများ စုံလင်လှပြီး တီးချက်ဘီးလက် ထက်မြက်စွာ စုံပြည့်လှပေ၏။ မဟာဂီတကျမ်း၏ထက်ဝက်ခန့်မှာ ပတ်ပျိုးများဖြင့်သာ ထုံမွမ်းလျက်ရှိနေ၏။ ပတ်ပျိုးသည် မဟာဂီတခေတ်၏ မျက်နှာအပွင့်ဆုံး ကဏ္ဍတစ်ခုဖြစ်ခဲ့ပေသည်။

သို့သော် သံရိုးပိုင်းဘွဲ့ချင်း၊ ကြိုးချင်းနှင့် သီချင်းခံ့ကြီးများလည်း မလွှတ်တမ်းရေးဖွဲ့ထားပြန်သည်။ သီချင်းခံ့ပိုင်းတွင် စုံသာမြိုင်လယ်သည် အံ့မခန်း ကောင်းမွန်ထူးခြား၏။ ၁၁၈၁ ခုနှစ် ဘကြီးတော်မင်းတရား လက်ထက်တွင် ယင်းစုံသာမြိုင်လယ် သီချင်းခံ့ကို မြဝတီဝန်ကြီး ရေးသားဆက်သွင်းရာ အတီးအတောများ ရှည်လျားလှသဖြင့် တီးကွက်အတောများနေရာ၌ စာသားဖြည့်စွက်သည့်သွင်းရန် ဘုရင်မင်းမြတ်က မိန့်ကြားတော်မူသဖြင့် ဇေယျာရွှေမြေကို ရေးဆက်ရလေသည်။

ဤအတိုင်းသာ မှန်ကန်ခဲ့သော် စုံသာမြိုင်လယ် တီးချက်အတိုင်းတီးပေးပြီး ဇေယျာရွှေမြေကို ဝင်ဆိုပါက ကိုက်ညီနေရမည်သာ ဖြစ်ပေသည်။ သို့သော် ကိုက်ညီခြင်း မရှိပါချေ။ ဤအချက်ကို လေ့လာပါလျှင် စုံသာမြိုင်လယ် တေးသွားအလိုက် ရေးခိုင်းခြင်း ဟူသော အချက်သည် ယင်းမှား နေခြင်း ပင်လော။ သို့မဟုတ် ဇေယျာရွှေမြေ တီးပုံတီးနည်း ဆိုပုံဆိုဟန်သည် အချိန်ကြာရင့်သမျှ၊ တစ်စတစ်စ ယွင်းချွတ်လာခြင်းပင်လောဟူ၍ တွေးဆဖွယ်ဖြစ်လာရလေသည်။ မည်သို့ပင်ရှိစေ ထိုသီချင်းခံ့ကြီးနှစ်ပုဒ်လုံးမှာ ချီးအံ့မဆုံးနိုင်လောက်အောင် အဆင့်မြင့်လှ၏။ မြန်မာ့မဟာ

ဂီတလောကအဖို့ ဂုဏ်ယူဖွယ်ကောင်းလှအောင် စာသား အဆင့်မြင့်လှပြီး တီးကွက်တီးချက် အတွဲအဖက် စည်းဝါး အသွားအသို ဆိုပုံဟန်ထား နက်နဲခက်ခဲလှချေ၏။

ထိုနှစ်ပုဒ်သာမကသေး သံဆန်း ပတ်ပျိုးပိုင်းတွင်လည်း မှိုင်းပြာမှုံဝေ အစချီ ရေလားပတ်ပျိုး၊ အဘူးထူး အစချီ တောတောင်ဘွဲ့ပတ်ပျိုး၊ ကုန်းဘောင်ပရမေအစချီ ဘုန်းဘွဲ့ ပတ်ပျိုး၊ ဘုံပျံနေနန်းအစချီ ရာသီဘွဲ့ပတ်ပျိုးကြီးလေးပုဒ် တို့မှာ မဟာဂီတ၏ အခရာများပင်ဖြစ်ရာ သံရိုးပိုင်း၌ စုံသာမြိုင်လယ်နှင့် ဇေယျာရွှေမြေတို့သည် သမားဂုဏ်ပြ တေးကြီးများဖြစ်သကဲ့သို့ သံဆန်းပတ်ပျိုးခန်းတွင် ဖော်ပြပါ ပတ်ပျိုးကြီးလေးပုဒ်တို့မှာလည်း အချုပ်အခြာသမားဂုဏ်ပြ တေးကြီးများ ဖြစ်ကြသည်။ ယင်းတေးများ အလုံးစုံတို့၏ လက်ရာရှင်မှာ မြဝတီဝန်ကြီး ဦးစပင် ဖြစ်ပေ၏။

မဟာဂီတ ကျမ်းအသီးသီးတို့တွင် ကြိုး၊ ဘွဲ့သီချင်းခံ ပတ်ပျိုး၊ ယိုးဒယား၊ မွန်ဒိုန်းသံ၊ ဘောလယ်၊ တေးထပ် ခွန်းထောက်သဖြန့်၊ ဒွေးချိုး၊ လေးချိုး၊ လေးချင်းစသည်ဖြင့် ပါရှိကြရာ တေးသီချင်းများ ဖွဲ့နွဲ့ရေးစပ်သီကုံးခဲ့ကြကုန် သော ဂီတ စာပို ပုဂ္ဂိုလ်ကြီးတို့၏ အမည်များမှာလည်း များစွာ တွေ့ စုံလှချေ၏။

ဝန်ကြီးပဒေသရာဇာ၊ ဖျာသီးဆယ်ရွာစားဦးလွန်းပြေ၊ ဆရာနှုန်း၊ ဆရာပန်း၊ ဇေယျတော့အမတ်၊ မြဝတီဝန်ကြီးဦးစ၊ ပြင်စည်မင်းသား၊ ပုခန်းမင်းသား၊ ပဲနှင်းဦးနေဦး၊ ဇာတ်ဆရာဦးကျောက်ခဲ၊ နားခံတော်ဦးခြုံ၊ ပင်းသာမြို့စား ခင်ဖူး၊ နန်းမတော်မမြလေး၊ လှိုင်ထိပ်ခေါင်တင်၊ အဆို

တော်မယ်လုဘ်၊ မင်းကြီးကတော်ခင်ဆုံ၊ ငယ်ဘိုးအဘွင်းဝန်၊ တဘက်သွဲ့ရွာစား မောင်မြတ်ရစ်၊ အခွန်တော်စာရေး ဦးဘေး၊ စာရေးတော်ကြီး ဦးမောင်ကလေး၊ မဘဲ၊ စလေ ဦးပုည၊ အချုပ်တန်းဆရာဖေ၊ ဝတ်မစွက်မြို့စား၊ မင်းကြီး မင်းထင်မဟာစည်သူ စသူများဖြစ်၏။

ထိပ်တန်းဂုဏ်ပြုသမားတော်စု ကျေးဇူးတော်ရှင် ဝန်ကြီး ပဒေသရာဇာ၊ မြဘိဝန်ကြီး၊ ပြင်စည်မင်းသားတို့သည်အဆင့် အမြင့်ဆုံးနှင့် အကောင်းဆုံးသော တေးသီချင်းများကို ရေးဖွဲ့ခဲ့ကြကုန်သော မဟာဂီတ ကျေးဇူးရှင်ကြီး များသာတည်း။

ပြင် စည်မင်း သားသည် သံရိုးကဏ္ဍ၌ နတ်စည်ငယ်လေ၊ ဇမ္ဗူရည်ပွင့်၊ မင်္ဂလာသီရိ၊ ခြည်ပန်းထောင်ကွန့်ဘွဲ့ချင်းများ ကိုရေးစပ်ခဲ့ပြီး ပတ်ပျိုးသံဆန်းကဏ္ဍ၌ ကုန်းဘောင်အာဟိန်၊ မရိုးငယ်တည့် ထက်စည်သံ၊ မြပန်းထိုက်ရုံ၊သိင်္ဂါရွှေရောင်၊ ပြယားငယ်ဘည့်၊ စိန် ဝေ လျံ၊ အို ကမ်း လေ ရေ ယမုန်၊ ယုဇနမာလာ၊ရင့်ကျူးငယ်မန္ဒာ၊ မျှော်တိုင်းခုဝယ်၊ သေသော် သာမြတ်လေသိ ၊ အမရပူရိန်နှင့် မြင်ကွန်းမင်းသားအမည်ဖြင့် မြန်ခြာမြေကို တေးချင်းတို့ကို ရေးဖွဲ့စပ်ဆိုခဲ့သည်။

တောင် ငူ မင်း ၏ သား တော် ပြင်စည်မင်းသားသည် ရွှေဘိုမင်းတရားကြီးလက်ထက် မြင်ကွန်းမြို့ကိုစားရလျက် "မဟာသီရိဓမ္မရာဇာ" ဘွဲ့နှင့် မင်းသားကြီးအဖြစ်ထားတော် မူခိုက် မြန်ခြာမြေပတ်ပျိုးချင်းကို ရေးဖွဲ့သဖြင့် ယင်းမြန်ခြာ မြေပတ်ပျိုးကို မြင်ကွန်းမင်းသားရေးသည်ဟု ဖော်ပြထား ခြင်းဖြစ်သည်။ ထိုမင်းလက်ထက်တော်မှာပင် ပြင်စည်မြို့ကို

ပေးသနားတော်မူပြန်သဖြင့် နောက်ပိုင်းတေးများကို ပြင်စည်မင်းသားရေးသည်ဟု ဖော်ပြလေသည်။ ငယ်မည်မှာ ထိပ်တင်ပုဟုခေါ်တွင်ကြောင်း သိရှိရသည်။ သို့သော် အချို့ကျမ်းတွင်မူ ငယ်မည်မောင်နဂါးဟု ခေါ်ဆိုကြောင်းနှင့် ဆင်ဖြူရှင်မင်း၏ ကိုယ်လုပ်တော် သန်လျင်မြို့စား သီရိဝတီဘွဲ့ခံ ခင်မင်းမှ မွေးဖွားပြီး မင်းရဲသီရိဘွဲ့၊ မင်းရဲသီဟကျော်ဘွဲ့များ ချီးမြှင့်ခြင်းခံရသည်ဟု ဖော်ပြထားသည်။ စောင်း၊ မိကျောင်းနှင့် တယောထိုးကောင်းသူဖြစ်ပြီး မင်းတုန်းမင်းလက်ထက်အတွင်း ပြင်စည်မင်းသားမောင်နဂါး (၁၁၇၅-၁၂၂၄)သည် သက်တော် ၅၀ အရွယ်တွင် ရွှေကြက်ယက်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်ဟု ရွှေပြည်ဦးဘတင်နှင့် ဒဂုန်နတ်ရှင်စသူတို့က ရေးသားတင်ပြခဲ့ကြ၏။

၁၉၅၀ ပြည့်နှစ်ခန့်က ကျွန်ုပ်သည် မန္တလေးတောင်ခြေသို့ ရောက်ရှိသွားရာ မြေပေါ်တွင်စိုက်၍ထိုးရသော မြန်မာတယောကြီးတီးလျက် ပိုက်ဆံတောင်းရမ်းစားသောက်နေရသော မျက်မမြင်ဘိုးဘိုးကြံဆိုသူ အဘိုးအိုနှင့်တွေ့ခဲ့ရသည်။ ကျွန်ုပ်ထံတွင်ပါရှိသော ဂိုင်ယာရက်ကော်ဒါနှင့် အဘိုးအို၏ တယောလက်သံကို ဖမ်းယူလိုက်ဖူးသည်။ ထိုအခါက တိပ်ရက်ကော်ဒါပင် မပေါ်သေးသဖြင့် ကက်ဆက်ရက်ကော်ဒါဆိုသည် ဝေလာဝေးပင်တည်း။

ထို့နောက်ရှေးဖြစ်နောက်ဟောင်းများ မေးမြန်းကြည့်ရာ ဘိုးဘိုးကြံက သီပေါမင်းလက်ထက်တွင် ဘုရင်၏အိပ်ပဲဖန်တော်ဆက် တယောဆရာအဖြစ် နန်းတွင်းစေားခဲ့ရကြောင်း၊ မန္တလေး၌ ကျောက်ရောဂါအကြီးအကျယ်ကျရောက်သော အခါ မိမိမှာ မျက်လုံးအိမ်ထဲ ကျောက်ရောဂါဖြစ်ပွားရာ၊

မျက်စိနှစ်လုံးကွယ်ခဲ့ရပြီးနောက် နန်းတွင်းသို့ တယောထိုး ပညာရှင်အဖြစ် ဖျော်ဖြေမှုမပြုရတော့ကြောင်း။ ယနေ့မိမိထိုး နေသောတယောကြီးမှာ သီပေါမင်း အမွေပေးခဲ့သော ပြင်စည်မင်းသား ထိပ်တင်ပု၏ တယောကြီးဖြစ်ကြောင်းနှင့် တယောတွင် ထိပ်တင်ပုဟု ကမ္ပည်းစာတန်းပင် ထွင်းရေး ထားကြောင်းကို ကျွန်ုပ်အားပြောသဖြင့် ကိုယ်တွေ့ဖတ်ရှု ခဲ့ရလေသည်။ သီပေါဘုရင်က မိမိအား လစာတော် အဖြစ် တစ်လလျှင် ရွှေဒင်္ဂါးငါးပြားချီးမြှင့်ပြီး၊ နှစ်ရက်လျှင် တစ်ကြိမ်၊ ဆန်တစ်ပြည်ကျ စားဖိုဆောင်မှ ထုတ်ယူခွင့်ပြု သည်ဟုဆိုသည်။ ထိုအခါကပင် ဘိုးဘိုးကြီး၏အသက်သည် တစ်ရာနီးပါးခန့်ရှိလေပြီ။

ကျွန်ုပ်ရောက်သွားပြီး မကြာမီပင် ဦးစိမ်းမောင် (ဂီတာ စိမ်းမောင်)လည်း ရောက်သွားကာ ဘိုးဘိုးကြီး၏ တယော လက်သံနှင့် ကိုယ်တိုင်ဆိုထားသောအသံများကို အခွေကြီး (ထိုအခါတွင် တိပ်ခွေကြီးပေါ်နေပြီ) နှင့်သွင်းယူခဲ့သေး သည်။ ယင်းပညာရှင်ကြီးက အတိအကျပင် ပြင်စည်မင်းသား ထိပ်တင်ပု၏တယောဖြစ်ကြောင်း ပြောခဲ့သည့်အပြင် သူ၏ လက်သုံးတော် တယောကြီးတွင်လည်း ထိပ်တင်ပုဟူ၍ အသေ အချာရေးထိုးထားသည်ကို တွေ့ခဲ့ရသည်။ ပြင်စည်မင်းသား အမည်သည် ထိပ်တင်ပုအမှန်ဖြစ်သည်ဟူသော ဗိုလ်ကြီး ဘသောင်း၏အဆိုနှင့် ကိုက်ညီနေပါတော့သည်။ မင်းတုန်း ဘုရင်လက်ထက်တော်တွင် မောင်နဂါးဆိုသူကား ရှိပါ၏။ သို့သော် အတီးအမှုတ်ဟူ၍ လုံးဝမတတ်မြောက်ဘဲ ပန်း ဥယျာဉ်နှင့်စိုက်ပျိုးခြင်း ဝါသနာကြီးလှသူတစ်ယောက်သာ ဖြစ်ချေ၏ဟူ၍ ၁၂၉၀ ပြည့်ထုတ် သူရိယမဂ္ဂဇင်းတွင် မြန်မာ

ပညာရှိ ဦးမောင်မောင်တင်က တိတိကျကျ ဆိုထားခဲ့ဖူးလေသည်။

ပြင်စည်မင်းသားကား ပဘ်ပျိုးအမျာ ရေးသားခဲ့ခြင်းသာမဟုတ်သေး၊ ယိုးဒယား ပုလဲပိုင်းတွင် ရွှေတည၁၊ နှင်းယွန်း သာ ဟော မန်၊ တောတောင် စွယ်၊ တော မြိုင် ခြေ၊ ပန်း မြိုင် လယ်၊ ခိုင် ပန်း စုံ၊ မှော် ရုံ ဟောဝန်၊ မှိုင်းမှုံပြာညို့ အစချီသော ယိုးဒယားသီချင်းပိုင်း ရှစ်ပုဒ်ကို အစပြုတီထွင်ခဲ့သဖြင့် "ရွှေနှင်း တောမြိုင် ပန်းခိုင် မှော်မှိုင်း ခြားပိုင်းရှစ်သံဖရိတင်ညွန်ခက်မွန်ခမိန့်ထနောင်းချိန်ဌြား ဖိန်းချားထပ်တွန့်ချွတ်ချုံငုငစ်အသံရှစ်မှတ်လစ်ဇင်ကာမာ"ဟု ကဗျာလင်္ကာစပ်ဆို မှတ်တမ်းတင်ထားကြရသည်။

ယိုးဒယားသံပိုင်းတွင် ယင်းရှစ်ပုဒ်သည် အဓိကခေတေးများပင်ဖြစ်၍ ပြင်စည်မင်းသား၏ ထူးခြားသောအနုပညာဉာဏ် မည်မျှနက်နဲသိမ်မွေ့ကြောင်း အလိုအလျောက်ဖော်ပြထားပြီး ဖြစ်ပေသည်။ သည့်နောက် တလိုင်းခေါ်မွန်သံပိုင်းတွင်လည်း တောင်ယံတောကလေး တောင်ယံတောကြီး၊ နှင်းယွန်းဂိမ္မာန်၊ ကောင်းကြီးသင်္ခါ၊ ညှင်းညှင်း၊ စိန်မြရံခြယ်၊ သောင်းကျေးဒီပါဘွေ တေးပေါင်းခုနစ်ပုဒ်စပ်ဆိုခဲ့သည်။

( ၁၆ )

# ဥက္ကလာပမြန်

၁၂၀၇ ခုနှစ်၊ တော်သလင်းလအတွင်း ရွှေဘိုမင်းသည် နှစ်စင်းတွဲ ပြည်ကြီးမှန် ဖောင်တော်ဖြင့် ဥက္ကလာပရှိ ဒဂုန်ဆံတော်ရှင်စေတီတော်မြတ်အား ရွှေသင်္ကန်းကပ်လှူရန် ရောက်ရှိလာတော်မူခဲ့ရာ ဥက္ကလာပမြို့တစ်ဂိုက်မှ ဂီတအနုပညာရှင်များသည် မင်းတရားထံပါး၌ ညစဉ်လိုလို တူရိယာ ဂီတတေးသံသာများဖြင့် ဖျော်ဖြေကြသည်။ ယင်းအနုပညာသည်များအနက် တလိုင်း (မွန်) တူရိယာပညာသည်များ၏ တေးသံသာများကို ပြင်စည်မင်းသား သဘောတွေ့အားရကာ တလိုင်းသံစုံဟု ခေါ်အပ်သော ကောင်းကြီးသခ်ါကို ရေးစပ်သီကုံးတော့သည်။

ရွှေဘိုမင်း ခေါ် သာယာဝတီမင်းသည် မိမိစိုးစံရာ ရွှေနန်းတော်မှ တော်သလင်းလ ရေလွှာ သင်ဖြူးခင်းချိန်မှ စတင်စုန်ဆင်းလာခဲ့ရာ သီတင်းကျွတ်လတွင် ဒဂုန်ဆံတော်ရှင် ခြေတော်ရင်းသို့ရောက်ရှိပြီး လွန်စွာစိတ်ကြည်လင် ကြည်နူး

တော်မူသဖြင့် နေပြည်တော်သို့ ပြန်ရန် မေ့လျော့နေသယောင်ပင်ရှိတော့၏။ ဤတွင် ရွှေဘိုမင်းနှင့်အတူလိုက်ပါလာကြကုန်သော မြဝတီဝန်ကြီး၊ ပြင်စည်မင်းသား စာဆိုတော်ဦးမင်း၊ စာဆိုတော်ဦးဘုန်း၊ နန်းမတော်မငြေလေးစသော စာဆိုရှင်များ တိုင်ပင်လျက် မိမိထီးနန်းနေပြည်တော်သို့ ပြန်လည်ကြွချီရန် သတိရစိမ့်သောငှာ တေးကဗျာလင်္ကာများစပ်ဆို၍ မင်းတရားရွှေတော်၌သီဆိုရန် စာဆိုတော် ဦးမင်း၊ ဦးဘုန်းတို့အား ရေးဖွဲ့ရွတ်သီစေလေသည်။

ဤမျှသာမကသေး ပြည်စည်မင်းသားသည် တောင်ယံတောမှန်သံနှောသီချင်းကိုရေးဆက်သည်။ ထိုအချိန်အတွင်း ရွှေသင်္ကန်းကပ်လှူရေးကိစ္စ၌ ဆောင်ရွက်ပါဝင်သူတို့နေထိုင်ရေးအတွက် ယာယီဆောက်လုပ်ထားသည့် ရင်ပြင်ပေါ်ရှိ တဲတန်းကို မီးခရာမှ ကုန်းတော်တစ်ဝိုက်လန့်ဖျပ်သွားကြပြီး ကစဥ့်ကလျားပြေးလွှားကြစဉ် တောင်ယံတောတေးစာသားမှာ ပျောက်ဆုံးသွားတော့သည်။ ပြင်စည်မင်းသားမှာ မိမိမှတ်သားမိသရွေ့ စာသားများဖြင့် ပြန်လည်ရေးစပ်သည့်အခါတွင် ခါးလယ်မှဖြတ်ပြီး မေ့ပျောက်နေတော့ရာ နောက်ပိုင်းတေးသွားနှင့်စာသားမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့သည်။ မီးလန့်သည့်ကိစ္စအေးချမ်းသွားပြီးမှ ပထမရေးစပ်သော တောင်ယံတောစာသားကို ပြန်လည် ရှာဖွေတွေ့ရှိသည်။ သို့သော် နှစ်ပုဒ်လုံးပင် မပစ် ရက်လောက်အောင်ကောင်းမွန်နေသဖြင့် မူလပထမရေးသောတောင်ယံတောကို တောင်ယံတောကလေးဟု ခေါ်တွင်ပြီး စာသား ပိုမိုရှည်

လျှားသော ဒုတိယမြောက်ရေးစပ်သော တောင်ယံတောကို တောင်ယံတောကြီးဟု ခွဲခြားသိမှတ်စေခဲ့သည်မှာ ယနေ့ ယခုတိုင် မဟာဂီတကျမ်း အသီးသီးတို့၌ ဤအတိုင်းပင် ဖော်ပြပါရှိနေသည်။

ရွှေဘိုမင်းသည် မင်းမိဖုရား၊ ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီး တို့ပါ မကျန် စိုင်းဝန်းကူသိုလ်ပါဝင်ကြသော ရွှေပိဿာချိန် ၃၂၀၀ ကို ရွှေပြားခတ်လုပ်စေပြီး ဒဂုန် ဆံတော်ရှင် စေတီ တော်မြတ်ထီးတော်အခြေမှ အောက်ဆုံးသို့တိုင် ရွှေလုံးပြည့် ဆက်ကပ်လှူဒါန်းပြီး မြင်တီ၊ ပြင်စည်နှင့်တကွ လိုက်ပါလာ ကြကုန်သော ရွှေနန်းတော်သား အမှုထမ်းများပါ မကျန် မိမိရပ်ရွာနေသို့ ပြန်လိုသောဆန္ဒအတိုင်း တပို့တွဲလဆန်းတွင် ဥက္ကလာမှ ပြည်ကြီးမွန်ဖောင်တော်ဖြင့် ပြန်လည်ဆန်တက် လာကြတော့သည်။

မွန်သံ တေးပေါင်း ခုနစ်ပုဒ်ရေးစပ်ခဲ့ရာ ယင်းခုနစ်ပုဒ် လုံးပင် ယနေ့တိုင် ဂီတပညာသည်တိုင်း လက်သုံးတေးအဖြစ် ထင်ရှားလျက်ရှိနေခြင်းအားဖြင့် ပြင်စည်၏ဂီတပညာရည်ကို ချီးအံ့ဖွယ် ကောင်းလှပေသည်။ တောင်ယံတောကလေး၊ တောင်ယံတောကြီးများမှ မိမိနေပြည်ကိုလွမ်းဆွတ်ဖွယ်စပ်ဆို ထားသော "စံရဝေ မန်း ဘေဒ္ဒရွှေတိုင်ခန်း နန်းအောင်မြေ မျှော်လေ ခါခါ ပန်းသွယ်သွယ် ငယ်လေ မျှော်တိုင်းပန်းငုံ ချွေ မှုံရွှေ ထုံလေပြေ တိုင်းဟံသာကျေး ဝေးမြေ သီခေါင် ကျွမ်းဖို့ လွမ်းဆည်ခြေ" စသော စကားလုံး အသုံးအနှုန်း များနှင့် လွမ်းဆွတ်အောက်မေ့ တမ်းတ စဖွယ် တေးသွား

များကြောင့် ရွှေဘိုမင်းမှာ မနေသာတော့ဘဲ မိမိနေပြည်တော်ကို သတိရအောက်မေ့လာပြီး ရွှေဖောင်တော်နှင့် အသော့ဆန်တက် ခဲ့ရသည် အထိ ပေါက်ရောက်သော ပြင်စည်မင်းသား၏ တေးများပင်ဖြစ်တော့သည်။

မှန်တေးကဏ္ဍ၌ မြဝတီဦးစသည် "စိန်ချယ်ညီး" အစချီတေးတစ်ပုဒ်တည်းသာရေးစပ်ခဲ့ရာ စာဆိုရှိသမျှ အဓိကပုဂ္ဂိုလ်ကြီးဖြစ်သည့် အလျောက် ယင်းတစ်ပုဒ်တည်းသော "စိန်ချယ်ညီး" မှာ ပညာရှင်အပေါင်းတို့ အကြိုက်ဆုံးထိပ်ခေါင်တေးအဖြစ် သုံးစွဲသီဆို တီးမှုတ်လာခဲ့ကြတော့၏။ တေးခေါင်းစဉ်ကိုလည်း ထူးထူးခြားခြား" ဥက္ကလာပမြုန်" ဟု တပ်ဆိုထားသဖြင့် ရွှေဘိုမင်း ဥက္ကလာပမှ နေရပ်ဌာနေဆီသို့ပြန်သည် ကြွချီနိုင်လောက်အောင် ရေးဖွဲ့သည့်တေးများအနက် စိန်ချယ်သည်လည်း တစ်ပုဒ် အပါအဝင် ဖြစ်ကြောင်းပေါ်လွင်နေဘိတော့သည်။

ပြင် စည် မင်း သား ၏ ငုငစ် ခေါ် ကျောက်ကောက်ယိုးဒယားမှာလည်း ထူးခြားသော တေးသွားတစ်ပုဒ်ပင်တည်း။ နရီ စည်းဝါးအနေအထားနှင့် အသံအကူး အပြောင်းအနွဲ့အယဉ်မှာ သူမတူအောင်ဆန်းသစ်နေ၏။ တေးသွားမှာသွက်လက်မြူးကြွနေ၏။

မြဝတီဝန်ကြီး၏ အိနောင်ဇာတ်ကို တင်ဆက်ရာ၌ ဇာတ်သိမ်းလုဆဲ အခန်းအထွက် မြဝတီက ပြင်စည်မင်းသားအားရေးစပ်စေရာ ပြင်စည်မင်းသားသည် ပျော်ပျော်ရွှင်ရွှင်နှင့်ဇာတ်သိမ်းခန်း ဖြစ်သည်နှင့် အညီ ရွှင်လန်း မြူးကြွသောတေးသွားနှင့် ကျောက်ကောက်ဟန်ကို သရုပ်ဖော်ထားသည်။

အီနောင်နှင့် ပွတ်စပါးအပြင် မင်းသား၊ မင်းသမီး၊ မောင်တော်၊ နှမတော်တို့သည် မယ်တော်ခမည်းတော်များ စံရာ ကူရေပန်ပြည်၊ ဒါဟာပြည် သိန်ဟတ်စာရီပြန်လုနီးတွင် ပိုးစိမ်းဖြူတောင်ဟု အစိပ္ပါယ်ရှိသော ခဇောပနကတောင်သို့ အရောက်တွင် မတူးမဆွရဘဲ အလိုအလျောက် မြေပြင်ပေါ်၌ ပြန့်ကျဲနေသော ကျောက်မျက်ရတနာများကို ပြင်စည်မင်းသား၏ မှိုင်းမှုန်ပြာညို အစချီကျောက်ကောက်ယိုးဒယားကို သီကျူးရင်း ပြေးကောက်ဟန်၊လုကောက်ဟန်၊ မကြိုက်၍ပစ်ပေါက်ဟန်၊ နှစ်ခြိုက်လွန်း၍ ဆုပ်ကိုင်ထားဟန်၊ တစ်ယောက်နှင့်တစ်ယောက် ကောက်ရသောကျောက်ကိုပြရင်း မြူးထူးပျော်ရွှင်ဟန်၊ ကောက်၍ရသော ရံရွှေတော်များက မိမိတို့အရှင်သခင်အား ဆက် သ ဟန် စ သည် ဖြင့် လန်းလန်းဆန်းဆန်း ကဟန်ဆိုဟန်တို့ကြောင့် ကြည့်ရှုသူများပါမကျန်စိတ်လက်ရွှင်မြူးစွာဖြင့် ကပြသီဆိုသူတို့နှင့် စိတ်ရောကိုယ်ပါ အတူကပ်ပါသွားရ လေတော့သည်။ ကွယ်လွန်သွားကြသူ အဆိုတော်ကြီးဒေါ်စောမြအေးကြည်(အသက်ာကျော်စွာ) ဆရာဖြိုး(ဘာဂျာဆရာစိုး၏ညီ) ဦးဘသက် (စိန်ပါတီ၏ ခင်ပွန်း) စသူတို့သည် မှိုင်းမှုန်ပြာညို ကျောက်ကောက်ယိုးဒယားကို ထိုင်ဆိုသီဆိုနေစဉ် စိတ်ဓာတ် ရွှင်ပျစွာဖြင့် တစ်ကိုယ်လုံးမှာ ထကမတတ် မြူးကြွနေသည်ကို တွေ့မြင်ခဲ့ရသည်။

မြဝတီဝန်ကြီးသည် အီနောင်ဇာတ်ဝင်တေး နေလားချင်းတင်ပုဒ်ရေးစပ်ရာ၌ ပွတ်စပါးမင်းသမီး ဝါလစ်စမာရာတောင်သို့ နတ်ပူဇော်ထွက်လာရာတွင် လမ်းခရီးရှိ ရေယာဉ်ချောင်းစပ်တွင် ရေကစားရင်းသီဆိုသည့် မှိုင်းပြာမှုန်ဝေ

ပတ်ပျိုးချင်းသည် အသက်အရွယ်ကြီးရင့်သူ၏ တေးပီပီ လက်ရာမှာ ခံ့ညားထယ်ဝါ ဂုဏ်ခြေကြီးမားလှချေ၏။ မြဝတီ သည် ၁၁၂၈ ခုနှစ်တွင် ဖွားမြင်ပြီး ပြင်စည်မင်းသားမှာ ၁၁၇၅ ခုနှစ် မွေးဖွားသူဖြစ်သဖြင့် မြဝတီသည် ပြင်စည် မင်းသားထက် အသက် ၄၇ နှစ် ကြီးသူဖြစ်သည်။ ကွယ်လွန် နှစ်အရဆိုသော် ပြင်စည်မင်းသားသည် မြဝတီအနိစ္စရောက် ပြီးကိုးနှစ်ရှိမှကွယ်လွန်အနိစ္စရောက်ရလေသည်။ ရေလားချင်း၊ မှိုင်းပြာမှုန်ဝေပတ်ပျိုးနှင့်ကျောက်ကောက်ယိုးဒယား၊မှိုင်းမှုန် ပြာညို့နှစ်ပုဒ်လုံးပင် ရသမြောက်လှပေသည်။

မဟာဂီတလောက၏ ဦးဆောင်စာဆို ကျေးဇူးတော်ရှင် ဝန်ကြီးပဒေသရာဇာ၊ မြဝတီဝန်ကြီး၊ ပြင်စည်မင်းသားတို့၏ နောက်တွင် ဇာတ်ဆရာ မောင်ကျောက်ခဲ၏ တေးများ၊ နန်းမတော်မမြလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့၏ တေးများ သည်လည်း တစ်မူဆန်းသစ်လှပေ၏။

ကိန္နရာချောင်းခြားစာရင်းဝင် မြူဝန်းလို့ခိုပတ်ပျိုး၊ပြာ ညိုရောင်မှိုင်းလို့ရီမှောင်ပတ်ပျိုး၊ရေပင်လယ်ပတ်ပျိုး၊ ငွေယင် ပေါင်ပတ်ပျိုး၊ လွမ်းရန်ငိုငို ချင်သားပတ်ပျိုး၊ ဒီ ပါ မြေ ပတ်ပျိုး၊ ဗိန်းဘုံဘွဲ့ပတ်ပျိုး၊ စက်လဲဘုံဘွဲ့ပတ်ပျိုး တေး များသည် ဇာတ်ဆရာ မောင်ကျောက်ခဲ၏ လက်ရာများ ဖြစ်ပြီး ပတ်ပျိုးချင်းများထဲ တေးသွားနှင့် စာသားမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေ၏။ အ ထူး သ ဖြင့် မောင် ကျောက်ခဲ၏တေးများတွင် ရေလားချင်း အတန်များများ ပါဝင်နေသည်ကို တွေ့ရှိရပေသည်။ ယင်းရေလားများသည် တစ်မူတစ်ဘာသာ ထူးခြားသည်ဖြစ်၍ အခြားပတ်ပျိုးချင်း များနှင့် နှိုင်းစာပါလျှင် နားဝင်ဆန်းနေသည်။ အရေအတွက်

အားဖြင့် ပုဒ်ရေမများလှသော မောင်ကျောက်ခဲ၏ ယင်းတေးများသည် အရည်အသွေးပြည့်ဝသော တေးများချည်းသာဖြစ်လေသည်။

နန်းမတော်မမြလေး (၁၁၇၁-၁၂၀၇)သည် အမျိုးသမီးစာဆိုများတွင် ထူးခြားပြောင်မြောက်သကဲ့သို့ပင် သူ၏သမီးတော် လှိုင်ထိပ်ခေါင်တင် (၁၁၉၅-၁၂၃၇)သည်လည်း မယ်တော်၏လက်ရာထက် မညံ့သူတစ်ဦးဖြစ်သည်။ အထူးသဖြင့် လှိုင်၏ဘောလယ်တစ်ခေတ်သည်ကား ရှာမှရှားကျော်ကြားထင်ရှားသော ခေတ်တစ်ခေတ် ဖြစ်ခဲ့ရချေ၏။ မမြလေး၏ချစ်သမျှကိုပတ်ပျိုး၊ ပြာပြာညိုရောင် မှိုင်းတန္တိန္တိပတ်ပျိုးများအထင်ကရ ကျော်ကြားရသလိုပင် လှိုင်ထိပ်ခေါင်တင်၏ ညဥ့်သုံးယံပတ်ပျိုးနှင့် ရေယမုန်ပတ်ပျိုးတို့သည်လည်း အမျိုးသမီးဂီတစာဆိုများ၏ စံထားရလောက်သော ပတ်ပျိုးချင်းများဖြစ်လေသည်။

မဟာဂီတကျမ်းဟူသရွေ့ ဤ စာ ဆို တော် ကြီး များ ၏ တေးလက်ရာများနှင့် ကင်းသည်ဟူ၍ မရှိနိုင်ချေ၏။ မြန်မာ့ မဟာဂီတကျမ်းကြီးတစ်စောင် မဖြစ်လာရသည့် တိုင်အောင် ပြောင်မြောက်သော တီးကွက်တီးချက်စံထားရလောက်သော တေးစာသားအဖွဲ့အနွဲ့အသုံးအနှုန်းနက်နဲလှသောအကြောင်းအရာ အချက် အလက် ဆိုဟန်၊ တီးဟန်များ တည်ဆောက်ဖန်တီးပေးခဲ့သည်မှာ ကြီးမားသော ကျေးဇူးအနန္တပါတကား။

▭<>▭

AYE S. MYINT

( ၁၉ )

# သဟာသံနှင့်မိန်ရာသီ

မဟာဂီဘကျမ်းများ၌ မပါရှိခဲ့သော်လည်း ယနေ့အခါတွင် မဟာဂီတသီချင်းကြီးစာရင်းအဝင်အပါအဖြစ်ထားရှိ၍ တီးမှုတ်သီဆိုအသံလွှင့်ခြင်း၊ ရုပ်မြင်ရိုက်ကူးလွှင့်ထုတ်ခြင်းပြုနေကြသော သံဆိုင်းပိုင်းအဖြစ်သော်လည်းကောင်း၊ ပဒေသာကဏ္ဍအဖြစ်သော်လည်းကောင်း၊ အများလက်ခံနိုင်သည့် ထွေထွေဆန်းဆန်း၊ ရုပ်ကြီးသူတို့၊ ပန်းစုံငုံကင်းဖူး၊ မြိုင်ကြီးဟေမာ၊ ဟေဝန်မြိုင်လမ်း၊ တောင်တောသာယာ၊ နုရန်းမြောင်၊ ဖလ်ထွေလာ၊ ဘုန်းတော်တေဇာ ဝေဖြာမိုးလို့ထွက်ရာဇိန်၊ မှုံပြာဝေ၊ ပန်းသလားမေပျို၊ မြောက်လေဆော်လာသွင်း၊ ဆိပ်ကမ်းငယ်သာ၊တောဟေမဝါ၊မိုးမင်းစိမ်းဖြိုး၊ စိန်ခြယ်ခြူးနွဲ့ နွေဂိမာန်အခါတွင်း၊ ခိုင်ပန်းစုံသံဆန်း၊ တောင်တောင်ခြေမြောင်မြောင်ခွေ၊ သတ္တာပဥ္စသည့်တေးမျိုးတို့သည်လည်း ပွားများလာလေပြီ။

မဟာဂီတ ကျမ်းများ၌လည်း ဖော်ပြပါဝင်ခြင်းမရှိဘဲ၊ သီဆိုသူလည်း မရှိလောက်အောင် ရှားပါးတိမ်မြုပ်လျှက်

ရှိသော တေးသီချင်းမျိုးလည်းရှိပေသေး၏။ ယင်းတေးချင်းများအနက် အလွန်အဖိုးထိုက်တန်လှသော ပတ်ပျိုးကြီးနှစ်ပုဒ်သည် စာသားများလည်း ကွယ်ပျောက်နေပြီး သီဆိုနိုင်သူလည်း လုံးဝမရှိလောက်အောင် တိမ်မြုပ်ဆုံးပါးရှာလေပြီဟု ဆိုရချိမ့်မည်။ ထိုတေးချင်းနှစ်ပုဒ်ကို နောက်ဆုံးသီဆိုသွားနိုင်သူနှစ်ဦး ရှိခဲ့ဖူးသော်လည်း ယခုကွယ်လွန်သွားကြပြီဖြစ်၏။

ယင်းပညာရှင်ကြီးနှစ်ဦးသည်ကား အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်နှင့် ဒေါ်ဒေလီသွန့်တို့ ဖြစ်ကြသည်။ ထိုပတ်ပျိုးကြီးနှစ်ပုဒ်ကို ရေးဖွဲ့သွားသူမှာ ဒေါ်စောမြအေးကြည်၏ ခင်ပွန်းဖြစ်သူ ဆရာစောချယ်၏ဖခင်ကြီး စော်ဘွားစောခွန်ဆိုင်ဖြစ်သည်။

စောခွန်ဆိုင်နှင့်ပတ်သက်၍ ၁၉၃၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် ကြာသပတေးနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဤသို့ ဖော်ပြထားလေသည်။

> "ဖော်ပြပါပုံသည် ယခု ရှမ်းပြည် မြောက်ပိုင်း သီပေါစော်ဘွား စောအုံကြာ (ဆရာစောချယ်၏သား) ဘိုးတော်စော်ဘွားကြီး စောခွန်ဆိုင်ဖြစ်သည်။ ထိုစော်ဘွားကြီးသည် သီပေါမင်းတရား လက်ထက်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ဧမ်းချောင်းရပ်တွင် ခေတ္တလာရောက် စံနေတော်မူသေးသည်။ ထိုစော်ဘွားကြီးသည် နောင်မကြာမီ ရှမ်းပြည် သီပေါမြို့၌ စိုးစံသည့် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းလက်ထက်အခါက ရွှေနန်းတော်ကြီး

ထဲ၌ နေထိုင်ကြီးပြင်းရခြင်းကြောင့် အပြောအဆို၊ အနေအထိုင်မှာ လွန်စွာထီးနန်းဆန်လှသည့် အပြင်၊ နှလုံးသား ယဉ်ကျေးသိမ်မွေ့လွန်းလှသည်။ သဒ္ဒါ တရားထက်သန်လှခြင်းကြောင့် အပေးအကမ်း အမ အစ များလှသည်။ ဂီတပညာတွင် ဝါသနာတော် ထုံလှသဖြင့် ကြိုးဘွဲ့သီချင်းခံ့ ပတ်ပျိုးယိုးဒယား စသည်တို့ကို ကောင်းစွာသီဆိုတတ်၍ စောင်းလည်း တီးတတ်သည်။ ကဗျာ၊ လင်္ကာ၊ တေးသီချင်းတို့ကို ကောင်းစွာသီကုံး ဖွဲ့နွဲ့တတ်ခြင်းကြောင့် သံစုံပါရှိ သော သဟာယံအစချီပတ်ပျိုးကြီး၊ မိန် ရာ သိ တွင် အစချီပတ်ပျိုးကြီးများကို ရေးသားတော်မူခဲ့သည်။ ထိုပတ်ပျိုးကြီးများအား ဘုံပျံနေနန်း၊ ကုန်းဘောင် ပရမေ ပတ်ပျိုးကြီးတို့ကဲ့သို့ အလွန်ခဲယဉ်းသော ကြောင့် ယနေ့အခါ သီရိဥက္ကဋ္ဌဝတီဘွဲ့ရ စောမြအေး ကြည်သခင်မနှင့် ဒေလီညွန့်တို့သာ သီဆိုနိုင်ကြတော့ သည်။ ထိုစော်ဘွားကြီးကား မင်းတုန်းမင်းတရား ကြီး၏ သမီးတော်၊ သီပေါမင်းတရား၏ အစ်မတော် ပုခမ်းကြီးစုဖုရားကြီးနှင့် လက်ထပ်ထိမ်းမြားစုလျား ရစ်ပတ်တော်မူသည်”

ဤအကြောင်းအရာကို ရေးသားတင်ပြသူမှာ မြန်မာ့ အလင်း ဦးစိန်ကြီး (၁၂၃၂-၁၃၀၄) ဖြစ်၍ ယင်း ဦးစိန်ကိုယ် တိုင်လည်း မြန်မာ့မဟာဂီတပညာကို စူးစူးစိုက်စိုက်ဝါသနာ ကြီးခဲ့သူဖြစ်သည့်ပြင် ဝါးပတ္တလားကို ကောင်းစွာတီးခတ် နိုင်သူဖြစ်သည်။

စော်ဘွားကြီး စောခွန်ဆိုင်သည် ဒေဝဣန္ဒာ မောင်မောင်ကြီးနှင့် အဆိုတော်ကြီးတာပယ်ခင်ဥ၊ တာယ်ခင်သစ်တို့အား မိမိရေးစပ်သော ပတ်ပျိုးကြီးနှစ်ပုဒ်ကို တက်ပေးသဖြင့် သီပေါဟော်တွင် စောခွန်ဆိုင်၏ လက်ရာသဟာသံ ပတ်ပျိုးကြီးနှင့် မိန်ရာသီတွင်ပတ်ပျိုးကြီး သီဆိုတီးခတ်သံတို့မှာ အခါမလပ် ဝေဝေစီစီရှိခဲ့၏။

စောခွန်ဆိုင်၏သားဖြစ်သူ ဆာစောချယ် လက်ထက်မှာပင် ထိုပတ်ပျိုးကြီးနှစ်ပုဒ်တို့မှာ ရှင်သန်ဆဲရှိလေသည်။

ရှားပါးသဟာသံပတ်ပျိုးကြီး၏ တေးစာသားမှာ ဤသို့ဖြစ်သည်။

"သဟာသံရောင်လျှံ ဘုံပျံဝေယံ မြန်း ခဲ့ ရာ ထိန် နန်းတဲ့ ပန်းဖြေကာ၊ ထူးလွန်စွာငယ်လေ မြူဆင်လာဝေဖုံ၊ မြေဒီပါသောင်းထိုက်ငဲ့ချုံး၊ ဝသန်တွေခါဘွင်း မိုးအုံ့ဖွဲ့သွင်း၊ မြစ်တွင်းငယ်တည့်ကမ်းယံ ဆွေးတဲ့ဆွေးသာဟန်၊ ဖန်ဆင်ခါရိုက်ဘည်း လွမ်းလွမ်းလှိုင်ငြီး၊ သာကီဝင်သွင် တစ်ပါးကိုလ တစ်ဆွေတွင် ရွှေဘဝင်မှားပြန်ခဲ့ မိုးထန်တဲ့ကြိမ်ကြိမ်ခါခါ၊ ပြိုးဟန်နဲ့သံဝဋ္ဋာလို ရွှာဆင်ကာသွန်းတယ်လေး လွမ်းဆွေးသည် ကို၊ မိုးဟန်ညှိုအုံ့ဖွဲ့တယ်၊ ငြိုးမာန်ပုံကြုံခဲ့တယ်ဖြိုးဟန်တဲ့ သွန်သွန်၊ ဒေဝါနတ်ကာယ်က ရွှာဆင့်စေ့ အို ... စိုးလှတာယ် တပြေစံ လွမ်းရန်သွယ်သွယ် ကြီးသည်မို့လေး၊ မပြေဟန် သဲလုံ့ရွှေရင်တီးစေဖို့လေး၊ သောင်း လုံး ငယ် ချုံ ပြန်သည် မုန်းမာန်ချီလို့ ရှစ်ခွင်ကျင်းတောင်မင်း ဟောဝန္တာ လေဟုန်ကာဖွဲ့ပြာပြာလောင်း လျှပ်ပန်းရောင် ရွှေထက်လွမ်းမှောင် ထွေးပဲ့တင်လေ ရိုက်ရိုက်ဆော်တီး မြေဝသုံတဲ့တုန်လှိုင်ယ်

ဟီး မရှင်လေ ရွှေရင်မှီး လွှမ်းဟန်ဟန်ကကြီး၊ မနီးတဲ့ သွင်၊ သဲဘွင်ရွှေရင်ချီပြုန်တဲ့လေး၊ ယူဇနာကွာ၊ သေလာ တောင်ကာဆီးပြန်တဲ့ခြေ၊ စက်အုန်းဘုန်းမပျော်၊ သုံးယံ ကျော်ခဲ့ဆော်လိုငယ်လင်း၊ ဟိုက်ဟိုက်ငယ်လေပန်းပန်း ဘုံရဝေငယ်လေစွေစွေ၊ ဆွေကြောင့် နွမ်းခါတကိုယ်ချမ်းတုံ ခဲ့ပြီလေးလေ လွှမ်းတွေကြုံခဲ့သည်။ မတည်လေနှလုံး စက်အုံး သဥ္စာခွေနှုန်း ခန္ဓာပျောင်းပျော့ကာ ဆွေး တကိုယ်ရေမှိုင် မိငေး ရွှေသဲကြွေရန် ရင်သဲဆူဝေလျှံ ပင့်သက်ထန် ဖန်ဖန် စော ရှုပ်နာမ်လျော မနေတော့ချင် သလေးလေ့ လူ့ရပ် ခွင်ပျော်မရှင်ပန်း။ မန်းဌာနီတန်းလိုလိုလွှမ်း မှန်းအလီလီ ပန်းအဆို့ဆို့ မိုးပစ္စုန်ငဲ့ကိန်းကုမ်ရာသီချွေ ဟေမာန်တွေ တဲ့ တင်ကာကူးသုံသုံ ဝေဖြာနှင်းမှုံ ချုံကာချမ်းလို့အို... မြင်ရသူပန်းလို့ရှူး၊ သဇင်ခွာပြာ ဂနိုင်ဟေမာ သင်းနံ့ လှိုင်စွာ မွှေးလို့ကြူ၊ ဆန်းထွေစုံမြိုင်ယံ ကျေးငှက်ပျော် ငံမြူးတဲ့မြူးပျော်ဟန်၊ ဆူညံဆူညံ ဒွန်တွဲဟန် နွဲ့စုံကာပင် ထက်မှာ သာလို့ငယ်မျှားရွှေ့ရွှေ့ငယ်လေ သန်းသန်းဘွေ အာကာ ရောင်ဖြာသည့်ခန်း၊ ဖြူပြာနီ၊ ရွှေရည်ညိုလို့တန်း ကွက်မကန်းဆင်နွဲ့ကာလေးလေ့ စိမ့်လဲ့လဲ့ ရောင်စုံဖြာ။ လွှမ်း ဖို့ဖွေရှာ၊ ဘွေအာကာရောင်လျှံဘုံ သိင်္ဂါစံနန်းမှာက ရှုမခန်း နိုင်ပေါ် ဆွေးပြန်တဲ့ပူဖို့ရာ ဆူလို့သာ ကူဖန်လာကူဖန်လာငေး လေ ဟိုက်ကာပန်းသည်မို့မြတ်မျို မြတ်နွယ်စဉ် မြင်လှည့်စမ်း နေဝင်ကွယ်ကာ၊ ငွေသွင်သော်တာ ထွန်းရောင်ခြည်ဖြာ ချမ်းလို့အေးလို့ အို... မျှော်တမ်းသူပူလို့ဆွေး နက္ခတ်တာရာ ကြယ်ဖြာ၍သန်း၊ သုံးယံကျော်ကြက်ဆော်သတယ် လွှမ်းစအို

ပန်းဟိုက်လိုင်ယ်ဖို ငိုက်ရက်နှင့်နွမ်းလှ နတ်သူနေနွယ် မြတ်ကို လွမ်းကပ်မှိုင်းခန်း”

စောခွန်ဆိုင်သည် မြန်မာမှုကို မည်မျှချစ်ခင်မြတ်နိုးကြောင်း မြန်မာ့ဂီတနှင့် စာပေအပေါ် မည်မျှတန်ဖိုးထားကြောင်းကို ဤစာပိုဒ်နှင့်ပင် အကဲခတ်နိုင်၏။ နောက်တစ်ပိုဒ်မှာ မိန်ရာသီတွင် ပတ်ပျိုးကြီးဖြစ်သည်။

“မိန်ရာသီတွင် မင်းလွင်သုံသုံဖွဲ့သည်မို့လေး၊ လွမ်းငွဲ့ထွေထွေ မှိုင်း ဝေ မှူ မှုံ တွဲ့ သည့်မို့ လေး၊ လွမ်းလိုင်ယ်ချိခါချိန်ညီ ရာသီဖွဲ့တယ် လွမ်း လောက် တဲ့ အိုး ပေါင် ပြည့်ဂိမ္ဘာန်ချီကြည်လို့ထူး ဂေါ်သဇင်ဆင်းလိုင်ယ်ဖူး၊ ကြည်နူးဖို့ဖန် မှိုင်ယံသွယ်သွယ်စန်းသည်မို့လေး၊ လွမ်းလိုင်ယ်လှိုင်ဂနိုင် ကြိုင် ကြိုင် ပန်း ထွေထွေလို့လှိုင်၊ မှိုင် မင်း ဂန္ဓမာဖြာဖြာလေ ဝါဝါရွှေ ရွှက်ညှာကြွေဆင့်လောင်း ဂန္ဓမာခတ္တာ ရွှေအင်ပြောင်လို့လေး ကြည်ဖို့ဖန် လွမ်း ရန် ပြိ ပြိကောင်းလို့လေး။ အာကာပေါင်ဗွေ နီဝါရောင် ရွှေတိမ်ခြေလေရွှေရွှေတန်း ပြုပြာပြာနှင့်ဖြာလိုင်ယ်သန်း။ အဘ္ဘာချယ်ကာမြန်း စိမ်းညို့လဲ့သန်း မကန်းကွက်ဆိုင် တွေမှိုင်ခွေယိုင် လွမ်းစေဖို့လေး။ မကြေနိုင်သဲဆိုင် ရွှေရင်ကျွမ်းစေဘို့လေး။ လွန်ကဲတဲ့ထဲမကြည်၊ ရေရှင်ချီလို့ပူပုံပန်း ထက်နန်းဘွေ့အာကာ လေယဉ်ဖြာလို့သာသည်ခန်း။ သွေ့သွေ့ငယ်လေပြောင်းပြောင်း ခါဂိမ္ဘာန်ရောင်လျှံထန်သည့်ကြောင်းလေအသွင်သွင် မှူ ဆင် ပိတ် ဖုံး နှုံးဘွယ် နှုံး ဘွယ် သည် ကို၊ ပန်း ဟိုက် လို့ ဖန် ဖန် ပို သ လေလေမှိုင်ရိပ်မှာ အိုမှိုင်ရိပ်မှာ နေရောင်ခို၊ သရဖီ ကြက်ရုံး ဂမုံး သဇင် ရာသီရာသီခါပင်၊ ပွင့်တဲ့ပင်ဆင့် မင်းဂနိုင်လေ ကြိုင်လို့ဝင်း စိမ့်စမ်းထွေထွေ

မြိုင်တွင်းရေယဉ်ခွေ၊ ပင်ထက်ဝေ ငွေဖြာလောင်း၊ သစ်ခွ ပေါင်းစုံစုံလေလေ့၊ မြရွက်ကယ်ဝေသွယ်သွယ်၊ ထွေထွေမြိုင် လယ်၊ မှိုင်းညို့ညို့ခွေ ရေယဉ်ဝိုင်းလို့လို့ နန်းမြင့်ပင် ငုံမြူး ရှင်တာသာပျော် ကြွက်ကြွက်လေဆူတယ် အော်လို့ပြေး ဘော်စင်တစ်မျိုးကြုံပါတယ်နွဲ့ခုံလို့ပြေး၊ အို–မြင်ရသူ သဲအူ ကာဆွေး စုံမြိုင်ဂန္ဓာ ထုံလှိုင် ဖြာ ဖြာ လွမ်း ဘို့ ငယ် သာ သင်းပျံ့မွှေး။ ပန်းအောင်မြိုင်ချော မှိုင်ယောင် ဘုန်းမောင် တွေ့ကာ ကြုံသည့်တာ။ သူရိန်ဖန်ရှိန်ပူနဲ့။ ဆူသံလောင် ကြွေရိပ် ဝေဆာဆာ စာနာသင့်ကောင်း။ သင်းသင်းထူးထူး ဂေါ်သဇင်ငယ်၊ မြိုင်ခွင်အင် ကြင်း ဖူး အင် ကြင်း ဖူး လေ အကြူကြူဆောင်ယူ မြူခိုးမြူး မြူခိုးမြူး တစ်ကိုယ်ထူးကြုံပြန် လာသလေလေ၊ ရတက်ကထွေထွေ ဘို့ရာ ရေ ယဉ် စိမ့် စမ်း ရိပ်နန်း ရိပ်နန်း မြိုင်လယ် စိမ့်ချမ်း စိမ့်ချမ်း ကြည်ဘွယ် ပွင့်ထပ်သွယ် လို့ ငင်း ဆော် ခါ လေ နံ့ သွင်း ထုံ လှိုင် ကာ ထွေးပါတဲ့ မွေးကြိုင်ကြိုင် နွမ်းခွေယိုင် နေမင်းရောင်ခြည် ဆိုင် ရွှေရင်ပြိုင် မှိုင်လို့ငေး နွေရာသီ ခါညီစွေ့စွေ့လောင် ပွေ့ပွေ့အောင်ဆောင်သည့်ရေး လေပြည်သွေး ဆော်ခဲ့ပြန် သလေလေ့ ကိုယ် တွေ့ ငယ် ကြုံ သည့် ဟန် ဘုန်း ရွှေ ဝေ ယံ လွမ်းဆင့်ဖန်လို့ထွေး၊ ဆွေးလေတယ် ရွှေသည်းကြွေလုဘွယ် နေညွန့်နွယ် ကြံသည့်ခင်း မြူမှုံ သွင်း ချုံ ခဲ့ ပြို လေ လေ့ လွမ်းဆင့်ဆင့်ဖန်ဖန် ဖန်ချီ အို–ခါညီ သရဖီ လောင်း စံပါယ်လေ သွယ်နွဲ့ပြောင်း”

ဤပတ်ပျိုးကြီးတွင် အုံး ပေါင် ပြည် ဟု ရေး ဖွဲ့ ပါရှိ၏။ သီပေါ၏ မှိုဟောင်းအမည်ဖြစ်၍ မြန်မာသက္ကရာဇ် ၁၀၇၆ ခုနှစ်၊ စော် ဘွား စပ် ဥက္ကာ ဇေယျက အုံးပေါင်၏ အရှေ့

ယွန်းယွန်း၌ သီပေါမြို့သစ်တည်ဆောက်ခဲ့ရာမှ ရှေးအခါက အုံးပေါင်သီပေါဟု ပူးတွဲခေါ်ခဲ့ပြီး နောင်တွင်အုံးပေါင် ပျောက်၍ သီပေါဟုတွင်နေခြင်းဖြစ်သည်။

နိုင်ငံကျော် အငြိမ့် မင်း သမီး ကြီး ထိုင်ဆို အဆိုကျော် ဒေလီညွန့် သီပေါသို့ရောက်လာသောအခါ ကံအကြောင်း မလှသဖြင့် ဟော်တွင်းသို့ဝင်ခွင့်မရရှာပေ။

သီပေါဟော်၌ နန်းတွင်းဂီတပညာအကျော်အမော်များ ရောက်ရှိကာ မဟာဂီတပညာရပ်များ ဖြန့်ဖြူးသင်ကြားပေး နေသည် ဟူသောသတင်းကြောင့် အညာ အကြေ အထက် အောက်ဒေသများမှ ဂီတပညာလိုလားသူများ ရောက်လာ မစဲ တသဲသဲ ရှိနေကြသည့်အထဲမှ ဒေလီညွန့်ကံဆိုးရပုံမှာ အကြောင်းရှိပေသည်။

ဆာစောချယ်သည် မိမိကြင်ရာတော်များကို ဂီတပညာ ရပ်များ သင်ကြားခံယူ စေရာ၌ အပေါ်ယံ သဘောဖြင့် ပေါ့ပေါ့ဆဆ ပညာဆည်းပူးခြင်း မပြုစေဘဲ လေးလေး နက်နက်နှင့် စိတ်ပါဝင်စားစွာ သင်ကြားလေ့လာစေ၏။ နေ့-ညမဟူ အားလပ်ချိန်များ၌ စောင်းကောက်ကိုတီး စေခြင်း၊ တေးဂီတသီဆိုစေခြင်းများကို အခါမလပ် ပြုစေ အပ်၏။

တစ်နေ့သ၌ ကြင်ရာတော် စောမြအေးကြည်အား ဘုံပျံ နေနန်းပတ်ပျိုးကြီးကို သီဆိုစေပြီး ကြင်ရာတော်စောမြ ဂွမ်းအား စောင်းတီးစေရာ၊ တစ်နေရာ၌ နှစ်ဦးစလုံး အနည်းငယ် ထစ်ငေါ့နေသဖြင့် စိတ်ဆိုးဒေါသထွက်ကာ မိမိက ဤမျှ ဂရုပြု လေ့ကျင့်စေပါလျက်ကယ်နှင့် ဤသို့ ထစ် ငေါ့ မေ့ လျော့ ရ ပါ ရန် ကော ဟူ သော က ရု ဏာ

ဒေါသဖြင့် "ဟော်တွင်း၌ မည်သူတစ်ဦး တစ်ယောက်မျှ ဆို တီး ခြင်း မပြုရ" ဟူ သော တား မြစ် ချက် ကြောင့် ဒေလီညွန့်ရောက်လာချိန်နှင့် တိုက်ဆိုင်ကာ ဒေလီညွန့်ခမျာ ဟော် တွင်း သို့ မ ဝင် ရ ရှာ ဘဲ အောက် ဟော် ဟူ သော အဆောက်အအုံ ငယ်တစ်ဆောင်၌ မသိမသာ ခိုဝင်ကပ်နေ ရရှာခြင်းဖြစ်၏။

သို့ သော် စော မြ အေး ကြည် သည် အ တီး တော် တစ်ဦးအား လျှို့ဝှက်စွာ စေလွှတ်၍ ဆာစောချယ်၏ ဖခင်ကြီး စောခွန်ဆိုင် ရေးဖွဲ့ သီကုံးထားသော သဟာသံ ပတ်ပျိုးကြီးကို ဒေလီညွန့်အားချပေးစေလျက် သီချင်းအစ အ ဆုံး ရ သော တစ် နေ့ တွင် အ တီး ကျော် ဆ ရာ စိန် က ဝါးပတ္တလားဖြင့် တီးပေးပြီး ဒေလီညွန့်က မိမိ၏ ကြည်လင် အောင် မြင် ပြတ် သား နွဲ့ နောင်း လှ သော အ သံ ဖြင့် အောက်ဟော်အဆောင်မှ သီဆိုပေးလိုက်ရာ ရေချိုးနေသူ ဆာစောချယ် ရေချိုးနေရာမှ ရုတ်တရက်ကြားလိုက်ရပြီး "တယ်ကောင်းတဲ့အသံချင်ပါကလား၊ ကျုပ်ဖခမည်းတော်ရဲ့ လက်ရာ သဟာသံပတ်ပျိုးကြီးကို သီဆိုနေကာ ဘယ်သူ တဲ့တုံး" ဟုမေးမြန်းသောအခါ အကွက်ချောင်းနေသူ စောမြအေးကြည်က အချက် ပိုင်ပိုင် ပြန်လည် ဖြေကြား လိုက်ရာမှ ဒေလီညွန့်လည်း အထက်ဟော်သို့ ဝင်ခွင့်ရပြီး သီပေါဟော် တစ်ဆောင်လုံး၌ ထိုနေ့ထိုအချိန်မှ အစပြု၍ ဂီတသံများ နေ့-ညမစဲ ပြန်လည်လျှံထွက်လာလေတော့သည်။

ဒေလီညွန့်၏ လိုဘလည်းပြည့်ဝကာ သီပေါဟော်ခန်းမ ကြီး တစ်ဆောင်လုံးမှာ မဟာဂီတအသံများ ဝေလျှံလျက် ကျက်သရေအပေါင်းနှင့် ပြည့်စုံလှပါဘိတော်း။

မဟာဂီတ တေချင်းစုများကား သီဆိုမှု ကောင်း သူ၊ ကျွမ်းကျင်သူနှင့် တွေ့က ပို၍ အ စွမ်းထက်မြက်လာစေ၏။ ဒေါ် စောမြအေး ကြည် သီဆိုသော ထောင်ရောင်နေ သီချင်းခံ့ကို ကြားလိုက်ရလျှင် မိမိကိုယ်တိုင် ဘုရင်မင်းမြတ်တို့၏ ရွှေနန်းတော်တွင်းသို့ တကယ်ပင်ရောက်သွားဘိသည့် အလားခံစားရ၏။ ရွှေရောင်တလက်လက်နှင့် မြန်မာဘုရင်မင်းမြတ်တို့၏ နန်းတော်ကြီးနှင့် ရာဇပလ္လင်ပေါ်တွင် ခံ့ညားစွာထိုင်ကာ မျူးမတ်အပေါင်းတို့နှင့် ညီလာခံကျင်းပနေသော မြန်မာတို့၏ အထွတ်အထိပ် ဘုရင်မင်းမြတ်အား မျက်စိထဲတွင် မြင်ယောင်လာသည်အထိ ခံစားရ၏။

ဒေါ်ဒေလီညွန့် ချစ်သမျှကို ပတ်ပျိုးသီဆိုလိုက်လျှင် မိဖုရားကြီးက မိမိမောင်တော် ဘုရင်မင်းတရားအားမည်မျှ ချစ်ခင်ကြင်နာ စုံမက်တော်မူကြောင်း ဖွင့်ဆိုနေသည့်အလား မြင်ယောင်လာစေ၏။ သီဆိုမှုအရာတွင် ဤမျှအသက်ပါလှပေ၏။ ပြောင်မြောက် ထိရောက်လှပြီး ပုလဲကုံးသဖွယ်စီကုံးရေးစပ်ထားသည့် မြန်မာစာအရေးအဖွဲ့အရာတွင် မဟာဂီတ တေးချင်းများကား ဆိုဖွယ်မရှိချေတကား။

▭◁ ▷▭

( ၂၀ )

# ပဒေသာအဆို

မဓုသဒ္ဒရွှေတောင်ဘွဲ့ရ ဦးလူကြီးသည် အငေါက်ဆိုတွင် ထူးခြားပြောင်မြောက်လှပေသည်။ တပါယ်ခင်ဥသည်လည်း အငေါက်ဆို ကောင်းလှသည်။ ယင်း ပညာ ကျော်များ၏ တပည့်ကျော် ဒေါ်စောမြအေးကြည် သည်လည်း ဆရာ ကောင်း တပည့်ပီပီ အငေါက်ဆိုအလှန့်ဆိုတွင် ကြက်သီးထ လောက်အောင် ကောင်းသူတစ်ဦးပေတည်း။

ဇာတ်မင်းသားကြီး ဘုရားဒကာ ဦးဖိုးစိန်တို့အဖွဲ့ သီပေါ သို့ ရောက်လာရာတွင် ဒေါ်စောမြအေးကြည်၏ သီဆိုပုံ သီဆိုနည်းတို့ကို နားသောတဆင်ကြရပြီး ဆာစော်ချယ် အား အောက်ပြည်အောက်ရပ် ရန်ကုန်ရွှေမြို့တော်တွင်လည်း အနှဲ့ဆို အပျော့ဆိုနှင့် အငေါက်ဆို ကောင်းလှသူ တစ်ဦးရှိ ကြောင်း ပြောကြားကြရာ ဆာစောချယ် အလွန်သဘော တွေ့ပြီး ထိုပုဂ္ဂိုလ်ကြီးအား သီပေါသို့ ပင့်ဖိတ်စေတော့၏။

ထိုပုဂ္ဂိုလ်ကြီးကား အခြားမဟုတ်။ ရန်ကုန်အနောက်ပိုင်း လှည်းတန်းလမ်းနေ မျက်မမြင် စာရေးဆရာ အဆိုကျော်

လှည်းတန်း ဦးလူကလေးပင်တည်း။ ဦးလူကလေး(၁၂၃၄– ၁၂၉၁) သည် သားငယ် တယောဆရာကလေး ကိုဘသီကို လက်တွဲလျက် သီပေါတို့ ရောက်လာချေတော့သည်။

အခန့်သင့်ပင် ရန်ကုန်မှ ပုလဲတီးကောင်းလှသူ စောင်းဆရာကြီး ဆရာညိမ်း (နောင်အခါ အလင်္ကာကျော်စွာ) (၁၂၄၀-၁၃၂၀)လည်း သီပေါသို့ ရောက်ရှိနေလေရာ လှည်းတန်း ဦးလူကလေးသည် မိမိရေးစပ်သော ယနေ့မဟာဂီတကျမ်းဝင်ဖြစ်သည့် ရွှေဘုန်းတော်ရောင်ဘွဲ့မှ စ၍ကာ မိမိရေးဖွဲ့သော တေဇာဂုဏ်ဘွဲ့ ပတ်ပျိုးသို့ဆက်ပြီး သင့်လျော်ရာပဒေသာများကို မနားတမ်း တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်လက်သီဆိုသွားလိုက်သည်မှာ ညနေခင်း ၅ နာရီခန့်မှစ၍ နောက်တစ်နေ့မိုးစင်စင်လင်းမှ မနည်းအဆုံးသတ်ချ လိုက်ရလေသည်။

ဆာစောချယ်က ချီးမွမ်းမဆုံးရှိကာ ရွှေဒင်္ဂါးပြားကြီးနှစ်ပြားအပြင် ကြိုးကြီးချိတ် တောင်ရှည် ပုဆိုး တစ်အုပ်ကို လှည်းတန်း ဦးလူကလေးအား ဆုချသိုက်ပြီး လိုက်ဖက်စွာ တီးပေးနိုင်သူ စောင်း ဆရာညိမ်း အားလည်း ရွှေဒင်္ဂါး တစ်ပြားနှင့် ကြိုးကြီးချိတ် တောင်ရှည်တစ်အုပ် ချီးမြှင့်လိုက်သည်။

မိုးလင်းသွားသည်ကိုပင် သတိမထား လိုက်မိကြအောင် ပြောင်မြောက်ကောင်းမွန်စွာ အသုံးတော်ခံသွားသူ လှည်းတန်း ဦးလူကလေးအား နားဆင်နေကြသော ပုဂ္ဂိုလ်များထံမှ စောင်းဆရာကြီး ဒေဝဣန္ဒာမောင်မောင်ကြီးမှာ မိုးစင်စင်လင်းသွားမှ သက်ပြင်း "ဟင်းခနဲ" ချနိုင်တော့သည်။

"တကယ် တော်တဲ့ ပုဂ္ဂိုလ်ကျော်တွေ ပဲကလား။ နိုင် နိုင် နင်းနင်း သီဆိုသွားတဲ့ ဦးလူကလေးဟာ အင်မတန်တော်ပါ ပေ တယ်။ သည့် ထက် ချီး မွမ်း စ ရာ ကောင်း တာ က တော့ ဒ ကာ ကြီး ဆ ရာ ညိမ်း ပေ ပဲ ဗျား။ ကျုပ် တစ် သက် မှာ ဒီလောက်ပုလဲတီးနိုင်တဲ့ စောင်းပညာရှင်ရယ်လို့ ဒီတစ်ကြိမ်ပဲ တွေ့ဖူးသေးတယ်။ ဒီသီချင်းတစ်ပုဒ်ကနေ နောက်တစ်ပုဒ် အလှည့်သင့်သလို မနားတမ်း ပဒေသာတွေ ဆိုကြတီးကြ လိုက်ကြတာ ငြီးငွေ့စရာလုံးဝမရှိပေဘူး။ အင်မတန်တော်တဲ့ ပညာကျော်တွေပဲကလား" ဟူ၍ နှုတ်မှဖွင့်ဟချီးကျူး လိုက် သူကား နန်းတွင်းအဆက်ဆက် အသုံးတော်ခံ စောင်းပညာ ကျော် ဒေဝဣန္ဒာမောင်မောင်ကြီးပင် ဖြစ်တော့သည်။

မဟာဂီတ တေးချင်းများ စုပေါင်း ဆိုတီး ကြသော အလေ့ ရှေးကရှိခဲ့ဖူး၏။ မန္တလေးမြို့ ဘီးလစ်စာရေးကြီး (နောင်အခါမြို့ပိုင်) ဦးထင်အမှူးပြုသော မန္တလေးမြို့ မဟာ ဂီတအဖွဲ့ကြီး ဖွဲ့စည်းပြီးနောက် စနေပတ်တိုင်း စုပေါင်း ဆိုတီးလေ့ရှိ၏။ အများဆုံး ဘီးလင်ဦးထင်နေအိမ် တရုတ် တန်းခေါ် လမ်း(၈၀)တွင် အများဆုံး ဆုံကြသည်။ အချို့ သီတင်းပတ်များတွင် ဝါသနာပါပြီး ငွေကြေးတတ်နိုင်သူ များက မိမိနေအိမ်များသို့ ဖိတ်ကြား၍ ဆိုကြတီးကြ စေ သည်။ ငွေကြေးတတ်နိုင်သူ များကသာလျှင် အဆိုအတီး ပညာရှင်တို့အား ကောင်းစွာဧည့်ခံ ကျွေးမွေးနိုင်ပြီး ဧည့်ခံ ရာ နေအိမ်ကလည်း ကျယ်ကျယ်ပြန့်ပြန့် ရှိမှသာ ဆိုရတီးရ ကျယ်ဝန်းလွတ်လပ်စွာ ရှိပေလိမ့်မည်ဖြစ်သည်။

နန်းတွင်းအသုံးတော်ခံ ဆရာနွဲကြီး ရန်ကုန်သို့ရောက်လာ ပြီးနောက် ရန်ကုန်ကရိလမ်းနေ ဦးသိုက်တို့ လူစုကလည်း

စနေပတ်တိုင်းလိုလို မဟာဂီတပညာရှင်များ စုပေါင်း၍ ဆိုကြတီးကြသောဓလေ့ကို ကျင့်သုံးလာခဲ့ကြရာ ဒေါ်စောမြအေးကြည် ရန်ကုန်သို့ပြောင်းရွှေ့လာသည့် ၁၉၃၁ ခုနှစ်အလွန်လောက်မှစပြီး ပိုမိုစိုပြည်လာခဲ့သည်။ ဆိုကြ တီးကြ စားကြသောက်ကြ ဆွေးနွေးညှိနှိုင်းကြသော ပွဲဖြစ်သဖြင့် အလွယ်ဆုံးအားဖြင့် "ဆိုတီးစားပြန်" ဟု ခေါ်ဆိုခဲ့ကြရာ ယင်းဆိုတီး စားပြန်ခေတ်မှာ ဒေါ်စောမြအေးကြည် ကွယ်လွန်သည့် ၁၃၂၈ ခုနှစ်အထိ တည်တံ့ခဲ့လေသည်။ ဤသို့ မဟာဂီတပညာကျော်များ စုပေါင်းဆိုတီးကြသော "ဆိုတီးစားပြန်" ဓလေ့ကြီးကား ဝမ်းနည်းဖွယ်ရာ ကွယ်ပျောက်စပြုခဲ့လေပြီဖြစ်သည်။

ပဒေသာဆိုကြတီးကြရာ၌ မဟာဂီတကျမ်းလာ အချင်းစုံသက်သက်ကိုသာ ဆိုတီးသောနည်းနှင့် မဟာဂီတကျမ်းထွက်မဟုတ်မူသော ရှေးခေတ် သံဆန်း တေးချင်း စုများကို စုပေါင်းရောနှောသီဆိုသော နည်းစနစ်ဟူ၍ နှစ်မျိုးနှစ်စား ရှိခဲ့လေသည်။ လှည်းတန်း ဦးယူကလေး၊ မန္တလေးမြို့မှ ရုပ်သေးမင်းသမီးကြီး ဦးထွန်းအိုင် စသူတို့သည် ရင်းနှီးသူများနှင့် စုပေါင်း ရောနှော တီးမှုတ် သီဆိုကြသောအခါ ရှေးသံဆန်းများ ထည့်သွင်း မွှေနှောက် သီဆိုလေ့ ရှိကြ၏။ သို့သော် သက်ကြီးရွယ်ကြီး ပုဂ္ဂိုလ်ကျော်များနှင့် တွဲဖက်တီးခတ်ပြီး နားဆင်သူတို့ကလည်း သက်ကြီးပုဂ္ဂိုလ်များဖြစ်နေပါက မဟာဂီတ အချင်းစုချည်း ဟိုဖောက်သည်ဘွက်နှင့် အခုန်အပျံ့အကူးအပြောင်း အမျိုးမျိုး ပြုလုပ်သီဆိုလေ့ရှိကြသည်။

ဒေါ်စောမြအေးကြည်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ပရိသတ်အခြေအနေကို ကြည့်လျက် မဟာဂီတ သက်သက် ပဒေသာဆိုချလိုက်သည့် အခါရှိသကဲ့သို့ ရွေးသံဆန်းများ ရောနှောသီဆိုလေ့လည်း ရှိခဲ့သည်။

၁၉၅၀ ပြည့်နှစ်အတွင်း နာမည်ကျော်ခဲ့သော ဖြေလျော့ခွေ ရုပ်ရှင်ဇာတ်ကားမှ "မအ တအ ကလေးလို မရ တရ တေးဆို" အစချီဂျာအေးသီချင်း၊ "ရောဝတီ"အစချီ မြစ်ကြီး ရောဝတီသီချင်း၊ စောရဝေဠု ဇာတ်ကားမှ"ညဥ့်နက်ကလေးရယ်တဲ့"အစချီကောက်ညှင်းပေါင်းသီချင်းနှင့် အချို မြန်မာသံ တေးသီချင်းများမှာ ဒေါ်စောမြအေးကြည် ရွေးကသီဆိုခဲ့သော ပဒေသာသံဆန်းစုများမှ သီချင်းများ ဖြစ်၍ ဒေါ်စောမြအေးကြည်၏ တပည့်ရင်း အလင်္ကာကျော်စွာ ရွှေပြည်အေးသည် စာသားအချို့ တီးကွက် ဒိုးချက် ပတ်မ ဆစ်များကို မိမိ၏ အစွမ်းထက်လှသော ပင်ကိုဉာဏ်နှင့် ပြုပြင်ပေါင်းစပ်လိုက်ရာတွင် ခေတ်မီခေတ်ဆန်း ရုပ်ရှင်တေးများအဖြစ် ကျော်ကြားခဲ့လေသည်။

ပဒေသာသီဆိုခြင်းသည် အသံကိုကောင်းစွာ နားလည်ရပေလိမ့်မည်။ မိမိသီဆိုနေသည့် အသံသည် မည်သည့် အသံကို ရောက်နေ၍ မည်သို့သော အသံရှိရာသို့ ရွတ်တရက် ကူး ပြောင်း ရ မည် ကို ကောင်း စွာ သိ နား လည် ရန် လိုပေသည်။ တစ်သံနှင့် တစ်သံတို့မှာ အဆင်ပြေသော ပိတ်သံဖြစ်ကြောင်းကို ခိုင်မြဲစွာ သိရှိရန်လိုပေမည်။

အထူးသဖြင့် စောင်းဘုရိယာနှင့် သီဆိုနေသည်ဖြစ်ပါမူ စောင်း၌ မည်သည့်သံစဉ်ကို ကြိုးညှိထားကြောင်း သိထား

ရပေလိမ့်မည်။ ညှိထားသော သံစဉ်မှလွဲ၍ သီဆိုရန်မဖြစ်နိုင်ပေ။ မည်သို့သော သီချင်းမျိုးဖြစ်စေကာမူ ပုလဲတစ်မျိုးတည်းနှင့် လာသမျှသီချင်းတို့ကို တီးခတ်နိုင်သော ကျွယ်လွန်သူ အသက်ကျော်စွာ ပုလဲဆရာညိမ်းကဲ့သို့သော ပုဂ္ဂိုလ်မျိုးကိုမူ ချွင်းချက်ထားရပေလိမ့်မည်။

ပတ္တလား၊ စန္ဒရားတို့နှင့်သီဆိုလျှင်မူ သံစဉ်ကိုဂရုပြုရန်မလိုဟု ဆိုရမည် ဖြစ်သော်လည်း တစ်ပုဒ်နှင့် တစ်ပုဒ်အကူးတွင် အဆင်ပြေသော အသံဖြစ်ရန် ပဒေသာသီဆိုသူများသိထားရန်လို၏။ အကြောင်းအရာကလည်း ဆက်စပ်အဆင်ပြေရန် လိုအပ်ပေသည်။ ထို့ကြောင့် ပဒေသာသည် သွားစည်းသွားကမ်းနှင့် ရှိပြီးဖြစ်ပေ၏။ "ရောက်ချင်ရာသို့ရောက်" ဟူ၍ ထင်တိုင်းဆို၍ မရနိုင်သော ပဒေသာနည်းလမ်း စည်းကမ်းကား ရှိပြီးဖြစ်သည်တမုံ။

▭<>▭

( ၂၁ )

# ရုပ်ရှင်နှင့် မဟာဂီတ

မဟာဂီတသည် အငြိမ့်သဘင်၊ ဇာတ်သဘင်လောက၏ ခေတ်ဦးအစကပင် နေရာရရှိခဲ့သည်။ အငြိမ့်နှင့် ဇာတ်သဘင် လောကကြီး၏ လှုပ်ရှားသရုပ်ဆောင်မှု အစကပင် မဟာ ဂီတ တေး ချင်း စု များ နှင့် အ စ ချီ ခဲ့ ခြင်း ဖြစ် သည်။ အသံတိတ်ရုပ်ရှင် စတင်ပေါ်လာကတည်းကပင် လွမ်းခန်း များ၌ မြိုင်ဂန္ဓမာယိုးဒယားမှ ဇင်မင်း၊ စိန်ခြယ်ချူးသန်း ပတ်ပျိုးမှ ရေနံ့သာဦး၊ တောတောင်စွယ် ယိုးဒယားမှ ညွတ်ပျိုခါ၊ မှိုင်းပြာမှုန်ဝေပတ်ပျိုးကြီးမှ အလိုရှေ့သွေး၊ အထူး ထူး ပတ်ပျိုး ကြီး မှ နန်း ကြာ ညိုကြော့ စ သည် ဖြင့် သင့်တင့် ဆီလျော်ရာ အပိုဒ် များကို ရွေးချယ်၍ လည်း ကောင်း၊ သားတင့်ဆုံးယိုးဒယား၊ ညဉ့်သုံးယံ ပတ်ပျိုး၊ ခန်းတွင်းရိပ်သာကြိုး၊ ရွှေပြည်တော်သည် ပတ်ပျိုး၊ ကြုံလေ ဘုံပွေ့ ပတ်ပျိုး၊ ကြုံသေးတယ် ကုန်ဆွေး ဗျာထုကြွယ် ယိုးဒယား၊ မြိုင်ဟေမာယိုးဒယားစသော တေးချင်းအစမှ စ၍ သော်လည်းကောင်း၊ ဇာတ်သဘင် လောကကဲ့သို့ပင်

ငိုချင်း၊ ငိုချင်းရှည်၊ ပြောငို၊ ပြေးငိုတို့ကိုသော်လည်းကောင်း အသံတိတ် ရုပ်ရှင်ခေတ်အစမှ အသံတိတ် ရုပ်ရှင်ခေတ် ပျောက်ကွယ် သွားသည့်တိုင် သုံးစွဲသီဆို တီးမှုတ်ခဲ့ကြသည်။

အသံတိတ် ရုပ်ရှင်တီးဝိုင်း အဖွဲ့များမှ တီးခတ်သီဆိုခဲ့သော မဟာဂီတ တေးစုများမှာ မြန်မာနိုင်ငံ အနှံ့အပြားပင် လွှမ်းမိုးခဲ့ပြီး ယင်းတေးစုများကို နားဆင်ရာမှ မဟာဂီတ ဝါသနာပါရှိလာသူများလည်း အများအပြားရှိခဲ့လေသည်။ ယင်းတေးသံများ နိုင်ငံ့အဝန်း လွှမ်းခြုံခဲ့သည်မှာ မည်သို့မျှ ငြင်းဆိုဖွယ်မရှိပါချေ။

ဝါသနာရှင် အရပ်သား အချို့တို့သည် အသံတိတ်ရုပ်ရှင် တီးဝိုင်းများမှ နားဆင်ပြီးရရှိသော မဟာဂီတ တေးချင်းများကို အဆီအငေါ် တည့် မတည့် မသိရှိကြဘဲ တစ်ပုဒ်နှင့် တစ်ပုဒ်ဆက်၍ ပဒေသာ သဘောမျိုး ဖန်တီးလုပ်ဆောင် သီဆိုတီးမှုတ်ကြသည်ကို အသံတိတ်ရုပ်ရှင် ဇာတ်ကားပြသ သော ရုပ်ရှင်ရုံရှိရာမြို့များတွင် အများဆုံး တွေ့ကြုံနားဆင် ကြရသည်။

မ ဟာ ဂီ တ စာ အုပ် ဝယ် ယူ ပြီး ရုပ် ရှင် ရုံ ၌ ဆို တီး ကြ သော ရေ နံ့ သာ ဦး၊ ဇင် မင်း၊ ညှတ် ပျိုခါ စ သော တေးသီချင်းများကို ရှာကြ၏။ သီချင်းအစမှ မဟုတ်မူဘဲ သင့်လျော်ရာကို ခါးမှဖြတ်ဆိုခြင်း ဖြစ်သဖြင့် မာတိကာတွင် ရှာဖွေမရသောအခါ မဟာဂီတကျမ်းသည် မစုံလင်သော ကျမ်းဟူ၍ အပြစ်တင်ကြ၏။ ဤမျှနားမလည်ခဲ့ကြသော အချိန်အခါ ဖြစ်ပေ၏။ နားလည်ခြင်းလည်း မရှိကြ သေးပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာရုပ်ရှင်ပေါ် ပေါက်လာသော သက္ကရာဇ် ၁၂၈၂ ခုနှစ်ပိုင်းက မဟာ

ဂီတ အချင်းစုများ ပြင်ပလောက၌ ကောင်းစွာ ဖြန့်ဖြူး ပေးနိုင်ခြင်း မရှိသေးချေ။ စနစ်တကျ ဖြန့်ဝေသင်ကြားပေး နိုင်သူဟူ၍ များများစားစား မရှိသေး။ ၁၉၃၀ ပြည့်(မြန်မာ သက္ကရာဇ် ၁၂၉၂) ခုနှစ် ခန့်တွင် မန္တလေး မဟာဂီတအဖွဲ့၊ ရန်ကုန် မဟာဂီတ အဖွဲ့တို့ ပေါ်ပေါက်လာသည့် အပြင် သီပေါဟော်မှ မဟာဂီတ ပညာရှင် ဒေါ်စောမြအေးကြည် ကိုယ်တိုင် မန္တလေးနှင့် ရန်ကုန်သို့ ရောက်ရှိလာပြီးခါမှ မ ဟာ ဂီ တ ပ ညာ ပို မို ခိုင် ခံ့ ပြန့် ပွား လာ တော့ သည်။ သည့်ထက်စော၍ မန္တလေး၌ မဟာဂီတ အဘိုးပညာကျော် ဆရာနွဲကြီး၊ ဆရာတာ၊ ဆရာဦးရင်မောင်ခေါ် ဆရာမောင်၊ ဆရာလွှား၊ ဆရာဘကြီး၊ ဆရာဘလေး၊ စိန်ပေဒါစသူတို့ အပြင် အဆိုပညာကျော် ဦးလူကြီး၊ ဦးပေါ်ဦး၊ ဆရာမှန်း၊ အညံ့ဖြူ ဦးတုတ်၊ ဦးထွန်းအိုင် စသူတို့နှင့် ရန်ကုန်မှ မဟာ ဂီတ ပညာရှင် ဦးနု (၁၂၂၅–၁၃၀၂) ဆရာညိမ်း၊ စန္ဒရား ဆရာခန့်၊ ဦးဘလတ်၊ လှည်းတန်းဦးလူကလေး၊ ဗလုတ် ဦးဖိုးလှ၊ ဦးဘအိုတို့ရှိခဲ့ကြ၏။ သို့သော် မဟာဂီတပညာမှာ ဗြိတိသျှအစိုးရ အုပ်ချုပ်ပြီးနောက် ပျောက်ကွယ်လုမတတ် ရှိခဲ့ပြီး စနစ်တကျ ဆည်းပူးရ ကောင်းမှန်း မသိကြဘဲ ထိုမှသည်မှ ကြားဖူးနားဝ အဘိုးအစ ကလေးများနှင့်သာ တင်းတိမ်နေခဲ့ကြလေသည်။ မဟာဂီတအဖွဲ့များ ပေါ်ပေါက် လာပြီးနောက် မဟာဂီတကို ဆိုကြတီးကြ ဆွေးနွေးကြနှင့် မဟာဂီတ၏ ရသကို ပီပီပြင်ပြင် သိလာကြသည်။ ဒေါ်စော မြအေးကြည်ကလည်း တစ်ဖက် တစ်လမ်းမှ ကူညီဖြန့်ဖြူး သင်ကြားပေးရာမှ မဟာဂီတ ပညာရပ်မှာ စနစ်တကျ ပိုမိုပြန့်ပွားလာရလေသည်။

ဒေါ်စောမြအေးကြည်၏နောက်မှ ဦးသာဒင်၊ ဒေလီညွန့် ဦးအလီ၊ စောင်းဦးထွန်းဖေ၊ ဆရာတ္တောက်၊ ဆရာခါ၊ ဦးဟုတ်ပိတ်၊ ဒေါ်အုန်းမေကြီး၊ ကျိုက်လတ်မယ်သင်တို့မဟာဂီတလောကအတွက် ဂုဏ်ယူဖွယ်ရာ ပေါ်ထွက်လာကြပြီးနောက် မဟာဂီတနယ်ပယ်မှာ ပိုမိုဝင့်ကြွား ကျယ်ပြန့်လာလာခဲ့သည်။

မန္တလေးမှ ဆင်းလာခဲ့သူ နိုင်ငံကျော် မြန်မာညွန့် ဦးချစ်မောင်နှင့် ဇနီးဒေါ်အောင်ကြည်တို့ ရန်ကုန်သို့ရောက်ရှိလာရာဝယ် မဟာဂီတပညာဆည်းပူးသူ အများအပြားတိုးတက်လာခဲ့ပြန်သည်။

▭◁▷▭

(၂၂)

# မဟာဂီတနှင့်ဓာတ်ပြား

ဒေါ်စောမြအေးကြည် ရန်ကုန်သို့ ရောက်ရှိလာပြီးနောက် မဟာဂီတပညာရပ်များ ပြန့်ပွား လာသောအခါ နိုင်ငံခြားသားများ ပိုင်ဆိုင်သော ဓာတ်ပြားကုမ္ပဏီများမှာလည်း မနေသာတော့ဘဲ မိမိတို့၏စီးပွားရေးကို ရှေးရှုကာ မဟာဂီတတေးချင်းစုများကို ဓာတ်ပြားသွင်းလုပ် ထုတ်ဝေရောင်းချကြတော့သည်။ မဟာဂီတသည် ဤမျှ ထင်ပေါ်ကျော်ကြားလူသိများလာသော အခြေအနေသို့ ဆိုက်ရောက်လာချေပြီဖြစ်ပေသည်။

ဓာတ်ပြားလောကတွင် အလွန်ဝါရင့်သော ပါလိုဖုန်းဓာတ်ပြားကုမ္ပဏီသည် နာမည်ကျော်ကြား ထင်ရှားလှသူဒေါ်စောမြအေးကြည်၏ အသံနှင့်ဆိုနည်းဆိုဟန်ကို ဓာတ်ပြားသွင်းလိုလှသဖြင့် လိုက်လံစုံစမ်းသောအခါ ရွှေနေကြီးဦးကျော်ဇံနှင့်ပတ်သက်ပြီး ရကန် ဦးတင်နှင့် အဆက်အသွယ်ရကာ ရကန်ဦးတင်၏ဇနီး ဒေါ်စောမြအေးကြည်နှင့်တွေ့ဆုံညှိနှိုင်း ဓာတ်ပြားသွင်းဖြစ်သွားတော့သည်။

ဒေါ်စောမြအေးကြည် ရန်ကုန်သို့ရောက်ရှိစအချိန် ၁၉၃၀ ပြည့်နှစ်မှာပင် ဓာတ်ပြားသွင်းယူပြီး ၁၉၃၁ခုနှစ်၊ဒီဇင်ဘာလသို့ ရောက်မှ ဖြန့်ဝေရောင်းချနိုင်လေသည်။ ထိုဓာတ်ပြားမှာ–

ဘီ၄၂၀၄၉ မြရည်နန္ဒာတွဲ၊ ဘီ ၄၂၀၅၀နန်းကြာညိုပတ်စာပိုးနှင့်တစ်တောရဲ့ဝင်တယောသံဆန်း ငါးပေါက် ဘီ၄၂၁၂၈ ပန်းပါဘီယိုးဒယားနှင့်ခြူးခြိုက်ယိုးဒယားဘီ၄၂၁၆၇ နှစ်ပြားတွဲ မိုးဒေဝါပတ်ပျိုးတို့ဖြစ်သည်။

နန်းကြာညို ပတ်စာပိုးမှာ အထူးထူး ပတ်ပျိုးကြီးမှ ဒေါ်စောမြအေးကြည်၏ပင်ကိုယ်ဉာဏ်ဖြင့်ညှို့ရုံတော်ထူးသို့ ဆက်ဆိုဆက်တီးရသော ပဒေသာဆိုတီးနည်းဖြစ်၍ထိုနည်းကို ဒေါ်စောမြအေးကြည်ထံမှ တိုက်ရိုက် သင်ကြားခံယူခဲ့ရသူ ဂီတာစိမ်းမောင်က ၁၉၃၅ခုနှစ်တွင် ဂီတာတစ်ဦးတည်း လက်စွမ်းပြလျက် အဆိုတော်မကြည်အောင်နှင့်တွဲ၍ နန်းကြာညို သီချင်းကြီးအမည်ဖြင့် ကိုလံဘီယာဓာတ်ပြားတိုက်မှ ပြန်လည်ထုတ်ဖြန့်ခဲ့ရာ တစ်နိုင်ငံလုံး ဟိုးဟိုး ကျော်သွားလေသည်။

တစ်တောရဲ့ဝင်သံဆန်းငါးပေါက်ဓာတ်ပြားမှာ ဒေါ်စောမြအေးကြည် သီဆိုပေးပြီး နောင်အခါ ဂီတာစိမ်းမောင်ဟု ကျော်ကြားလာမည့် ဒေါ်စောမြအေးကြည်၏ သားတပည့်ရင်း အသက် ၁၄ နှစ်အရွယ်မျှ ရှိသေးသူ မောင်စိမ်းမောင်ကလေးက တယောဖြင့် လက်စွမ်း ပြထားသော ပဒေသာသံဆန်း သီချင်းဖြစ်သည်။

ဓာတ်ပြား နယ်ပယ်တွင် မဟာဂီတသည် နေရာယူတွင်ကျယ်စ ပြုခဲ့လေပြီ။

၁၉၃၁ ခုနှစ်အတွင်းမှာပင် မြန်မာနိုင်ငံအတွင်း ကိုလံဘီယာဓာတ်ပြားများ စတင်ပေါ်ပေါက်လာရာ ပါလိုဖုန်း

နှင့်ခွေးတံဆိပ်ဓာတ်ပြားများကို ကျော်လွှား၍ ထိပ်တန်းနေရာသို့ ကိုလံဘီယာက တက်ရောက်နေရာယူလာခဲ့သည်။

ကိုလံဘီယာတိုက်မှာ ၁၉၃၁ခုနှစ်မှာပင် ပွဲဦးထွက်R.E. 1 အမှတ်ဖြင့် ကျိုက်လတ်မယ်သင်ကြီး သီဆိုသော မတူအောင်နွဲ့ခါ ခေတ်ပေါ်အငြိမ့်ဓာတ်ပြားဖြင့်စတင်ပေါ်ထွန်းလာပြီး ထိုနှစ်မှာပင် စောင်းဦးထွန်းဖေ၊ စန္ဒရား ဆရာတောက် စသည်တို့ အတီးနှင့်တွဲဖက်ကာ မင်းသမီး မစိန်ဆင်ကြီး၏ သာတင့်ဆုံး ယိုးဒယား၊ မစိန်ဆင်ကြီး၏ ကရင်သြ၊ မြန်မာညွန့်လှရင်၏ အောင်မြေမြမန်းပတ်ပျိုး၊ ကိုအလီ၏ ချစ်သမျှကိုပတ်ပျိုး၊ ကိုအလီ၏ မဲဇာတောင်ခြေပတ်ပျိုး၊ မောင်လှဖေ(မဟာဂီတဘုတ် လူကြီးဟောင်း)၏မြမန်းကိုက်ရုံပတ်ပျိုး မစိန်ကြီး၏ စိန်ဝေလျှံပတ်ပျိုးစသော မဟာဂီတတေးသီချင်းကြီးများ ဆက်တိုက်ထွက်လာသည်။ ရောင်းပန်းလည်းလှခဲ့ပေသည်။

၁၉၃၅ ခုနှစ်မှစ၍ စန္ဒရား ကိုအေးဇော် နောင်အခါ ရွှေပြည်အေး၊ စောင်းဦးဘသန်း၊ ဂီတာစိမ်းမောင်စသော လူငယ် အတီးပညာရှင်များနှင့် တွဲဖက်ကာ မအေးမိ၏ တောင်ယံတောမွန်၊ ညှင်းလေကသွေး ပတ်ပျိုး၊ အောင်မြေမြမန်းပတ်ပျိုး၊ ရဝိန်ဒေါင်းယာဉ်ပျံ ပတ်ပျိုး၊ စိန္တေကိုးသွယ် ပတ်ပျိုး၊ မင်းသားကြီး ဦးစိန်အုပ်ကြီး၏ ခြုံခြိုက်ဖြာ ယိုးဒယား၊မကြည်အောင်၏ စိန်ချယ်ဖြာရောင်လင်းကြိုး၊ရှစ်စုံရွှက်ကြာပတ်ပျိုး၊ နန်းကြာညိုငါးပေါက်ပတ်စာပိုး၊ မအေးမိ၏ ပန်းမြိုင်လယ်ဖိန်းချားကြီးနှင့် ပန်းဟောဝန်ဖိန်းချားလေး၊ စန္ဒရားချန်ပီယံ မောင်ကျော်နှင့်တွဲ၍ မတင်အုန်း၏ ကောင်းကြီး သင်္ခါ မွန် ဖော် ကွာ ဝေး ယိုးဒယား၊ ကြုံကြုံ ဖန်ဖန်

ယိုးဒယား၊ ကိုသာညွန့်၏ ရပ်ကြီးသူတို့ယိုးဒယား၊ နံ့သာနီ တောင် ပတ်ပျိုး၊ တရုတ် ကိုလူကလေး၏ လျှပ်ပန်းခွေနွဲ့ ယိုးဒယား၊ စိန်ခြယ်ခြူးနွဲ့ ပတ်ပျိုး၊ ရတနာမြစ်၏ ပန်းမြိုင် လယ်ဖိန်းခြားကြီး၊ မှော်ရုံတောနက်မြိုင်ယိုးဒယား၊ မှုန်မပြေ ယိုးဒယား စသည်ဖြင့် မဟာဂီတအချင်းစုအတော်များများ ၎င် ကိုလံဘီယာ ဓာတ်ပြားတိုက်မှ ထုတ်လုပ်ရောင်းချခဲ့ရာ ရောင်းတမ်း မျက်နှာပန်း အလွန်လှခဲ့သည်။

ဓာတ်ပြားလောကဥ္ မဟာဂီတသည် မျက်နှာမငယ်ခဲ့ရ သလိုပင် ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံဘုရင်ခံ စတင်ဖွင့်လှစ်ပေးခဲ့သော ၃၆ လမ်းတို ရှိ ဗဟိုကြေးနန်းရုံး အောက်ထပ်၊ မြန်မာနိုင်ငံ အသံလွှင့်ရုံ စတင်ဖွင့်လှစ်ခဲ့စဉ်ကပင် မြန်မာဂီတတီးဝိုင်း အဖွဲ့များအား ဖိတ်ကြား၍ အသံလွှင့်ခဲ့သည်ကို ထောက် ခြင်း အား ဖြင့် မဟာဂီဘသည် မျက်နှာမငယ်လှဘဲ အရေးပေးခြင်း၊ နေရာ ပေးခြင်းများ ခံယူခဲ့ရသည်မှာ ထင်ရှားလှပေသည်။

( ၂၃ )

# သုတေသနခေတ်ပြား

သို့သော် ဝင်ငွေမှာမူ မတူလှပေ။ မျက်နှာပေးခံရပုံချင်းမှာလည်း ခြားနားလှပေ၏။ ကာလပေါ်သီဆိုတီးမှုတ်သူများကား မျက်နှာပွင့်သလောက် မဟာဂီတသမားများကား မျက်နှာငယ်လှပေသည်၊ မဟာဂီတကို အခြေခံလိုက်စားပြီးမှ ကာလပေါ်သို့ ကူးပြောင်းခဲ့ရသည် မှန်သော်လည်း မဟာဂီတချည်းသက်သက် လိုက်စားသူများမှာ အရေးပေးခံရပုံချင်း မတူသည့်အခါ ကာလပေါ်သို့ ကူးပြောင်းကြကုန်၏။ သို့နှင့် ဂီဘကြေးစားနယ်ပယ်သို့ ခြေချသူတိုင်း လိုလိုပင် မဟာဂီတပေါ်၌ စိမ်းကားသလိုဖြစ်လာကြကာ တစ်စတစ်စနှင့် တိမ်ကောလုမတတ် ရှိခဲ့ရသည်။

စန္ဒရား ဦးဘလတ်၊ ဦးသာဒင်၊ ဆရာဖောင်၊ ဆရာတောက် စသူတို့မှာ သီချင်းကြီးတီးနေကာမျှဖြင့် ထမင်းမဝနိုင်ဟုဆိုကာ အသံတိတ်ရုပ်ရှင်နယ်သို့ ဝင် ရောက် ပြီး ထိုခေတ်နှင့်အမီ ကာလသံဆန်းများတီး၍ အသက်မွေးဝမ်းကျောင်း ပြုကြရှာသကဲ့သို့ပင် ဘာဂျာဆရာစိုး၊ စန္ဒရား

ဆရာခါ၊ မြန်မာညွန့် ဦးချစ်မောင်၊ ပတ္တလား ဦးထွန်းပေါ စသူတို့မှာလည်း အငြိမ့်အဖွဲ့များတည်ထောင်လျက် ကိုယ်တိုင် ဝင်ရောက်ပြီး ကာလအသံဆန်းအငြိမ့်တေးများဖြင့် တီးခတ် အသက်မွေးကြရပေသည်။ ထိုပုဂ္ဂိုလ်ကြီးတို့အား လုံးဝအပြစ် မဆိုသာပေ။ သို့သော် ယင်းပုဂ္ဂိုလ်ကြီးများ အားလုံးပင် မဟာဂီတကိုမူ ပစ်ပယ်ခြင်း မပြုနိုင်ရှာကြပေ။

အသံတိတ်ရုပ်ရှင်တီးဝိုင်း၌ လုပ်ကိုင် စား သောက် ကြ သူများနှင့် အငြိမ့်လောကတွင်းသို့ ဝင်ရောက်လှုပ်ရှားသူ များမှာ အချိန်အခါအလျောက် မိမိတို့၏ နောက်မှတက် လာသော လူငယ်များကို နေရာပေးရခြင်းဖြင့် ရုပ်ရှင်နယ်၊ အငြိမ့်နယ်တို့မှ အနားယူကြရပြန်သောအခါ မိမိတို့မူလ ဘူတ အခြေခံနယ်ပယ်ဖြစ်သည့် မဟာဂီတ လော က သို့ ပြန်လည် နေရာယူကာ မဟာဂီတ ပညာရပ်များ ဖြန့်ဝေ ပေးခြင်း၊ ထိန်းသိမ်းထားခြင်းစသည်ဖြင့် မြန်မာတို့၏ရိုးရာ တေးဂီတအစဉ်အလာ အစစ်အမှန်ဖြစ်သော မ ဟာ ဂီ တ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ပေသည်။ ဂုဏ်ယူဖွယ်ကောင်းသော ပညာရှင်များပေတည်း။ မိမိတို့ ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ကို အသက်ထက်ဆုံး ခိုင်မာစွာ ကျင့်သုံးဆောက်တည်သွားကြသူများ ဖြစ်ချေ၏။

မြန်မာတို့နန်းတွင်းသုံး မဟာဂီတ အ ချင်း စု များ ၏ အရေးကို အထူး ရင်လေးလျက်ရှိသူမှာ ဒီးဒုတ် ဦးဘချို ဖြစ်လေသည်။ မြန်မာဘုရင်မင်းမြတ်တို့ လက်ထက်တော် အတွင်း မြန်မာစာပေ ကဝိကျော်များနှင့် ဂီတအကျော် အမော်များ၏ လက်ရာသန့်သန့်များကား ကြာလေ ရှားပါး လေဖြစ်ကာ နှစ်ကာလရှည်ကြာခဲ့သည်နှင့်အမျှတစ်စတစ်စနှင့်

တိမ်ကောပျောက်ကွယ်သွားလျှင် ထီးသုံး၊ နန်းသုံး၊ ကြငှန်းသုံး တော်ဝင်တေးဂီတများ ဆိတ်သုန်းသွားလျှင် ခက်ရချည့်ဟုသောအတွေးဖြင့် ဒီးဒုတ် ဦးဘချိုမှာ ပူပင် သော က ရောက်နေရှာလေသည်။

ဆရာမင်းသုဝဏ်သည် ဒီးဒုတ် ဆရာချို၏အိမ်သို့ အလည်အပတ်ရောက်သွားရာမှ ယင်းအကြောင်းကို သိသောအခါ မြန်မာနိုင်ငံ သုတေသနအသင်းဝင်တစ်ဦးဖြစ်သူ ဦးခင်ဇော် (ကေ)နှင့် ဆက်သွယ်ပေးလိုက်သည်။

ထိုအချိန်က ဦးခင်ဇော်သည် မြန်မာ့သီချင်းကြီးများနှင့် ရှေးရေးကဗျာတို့ကို အသံသွင်း၍ ကမ္ဘာလုံးဂီတသင်္ကေတနှင့် ရေးမှတ် သုတေသန ပြုလုပ်ရှိသဖြင့် ဒီးဒုတ်ဦးဘချိုနှင့် မိတ်ဆက်ပေးလိုက်ခြင်း ဖြစ်သည်။ သုတေသန အသင်းတွင် တက္ကသိုလ်ကျောင်းမှ ဆရာများ ပါဝင်ဆောင်ရွက်လျက်ရှိရကား ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၊ တက္ကသိုလ်ဆရာ ဦးခင်ဇော်(ကေ)၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့လည်း ပါဝင်ကြလေသည်။

ဦးခင်ဇော်နှင့် ဒီးဒုတ် ဦးဘချိုတို့တိုင်ပင်ကာ မြန်မာ့ရှေးရိုး မဟာဂီတတေးချင်းစုတို့ မပျောက်ကွယ်မတိမ်ကောရေးကို ရှေးရှုလုပ်ကိုင် ဆောင်ရွက်ရန် လုပ်ငန်းကို စတင်အကောင်အထည် ဖော်တော့သည်။

သောတာလက်ာရနှင့်တကွ ဝစနာလင်္ကာရများပါမကျန်စေရန်အတွက် မြန်မာဘုရင်လက်ထက်တော်ကို မီလိုက်သူ အဝေးရောက်မင်း ဦးအောင်ကြီးကို ပင့်ဖိတ်လျက် ဝစနာလင်္ကာရ အစုဝင်ဖြစ်သော ရတု၊ ရကန်၊ အဲချင်း၊ အိုင်ချင်း၊ မော်ကွန်း၊ လူးတား၊လေးချိုးကြီးအစရှိသောအချင်းစုများ

အပါအဝင် ခေတ်ပြားသွင်းရန် ဆောင်ရွက် ကြိုးပမ်းကြတော့သည်။ ထိုအချိန်တွင် အဝေးရောက်မင်းမှာ အသက် (၇၇) နှစ်ရှိလေပြီ။ သို့သော် အဝေးရောက်မင်းသည် ရွှေနန်းတော်လက်ထက်သုံး ကဗျာ၊ လင်္ကာကြီးများမေးမှိန်နေသည့် အရေးကို ဘဝင်မကျသူတစ်ဦးဖြစ်သည့်အလျောက် စိတ်အားထက်သန်စွာဖြင့် အကြေအရပ် ရန်ကုန်ဆီသို့ အသက်အရွယ်ကို ပမာဏမထားဘဲ အရောက်လှမ်းခဲ့ရှာပေသည်။

ဆရာနွဲကြီးသည် ရန်ကုန်မှာပင်ရှိနေပြီး ဆရာမောင်မှာ မန္တလေး၌နေထိုင်လျက်ရှိရာမှမြန်မာနိုင်ငံသုတေသနအသင်းမှ မှာယူပင့်ခေါ်သဖြင့် အသက် (၆၀) ကျော်နေပြီဖြစ်သော်လည်း မဟာဂီတအရေးကိစ္စဖြစ်သဖြင့် စိတ်ထက်သန်စွာဖြင့် ရန်ကုန်သို့ လှမ်းလာခဲ့ရှာသည်။

မြန်မာနိုင်ငံ သုတေသနအသင်းကို ထိုစဉ်က အင်္ဂလိပ်ဘာသာဖြင့် Burma Research Societyဟု ခေါ်ဆိုသဖြင့် ဗြိတိသျှ ဘားမားရုပ်ရှင်ကုမ္ပဏီမှတာဝန်ယူ၍ ခေတ်ပြားသွင်းပေးရာ၌ ခေတ် ပြား အ မှတ် အ သား နံပါတ်ကို အင်္ဂလိပ် ဘာသာအတိုကောက် BRS 1-2-3-4 စသည်ဖြင့် ဖော်ပြထားလေသည်။

| | |
|---|---|
| **BRS 1** | ပ တ္တ လ ား ဆ ရာ နွဲတီး၍ဒေလီညွန့်.... ဆိုသည်။ ဆောင်းဟေမာန်ဘွဲ့။ |
| **BRS 2** | ပတ္တလားဆရာနွဲတီး၍ ဒေလီညွန့်ဆို ... ပုံနှုန်း ဝတိန်ကြိုး။ |
| **BRS 3.4** | စောင်း ဦးအောင်လှတီး၍ စောမြ အေးကြည်ဆို .... စုံသာမြိုင်လယ် သီချင်းခံ့နှစ်ပြားတွဲ။ |

| | |
|---|---|
| BRS 5.6.7 | စောင်း ဦးအောင်လှတီး၍ စောမြ အေးကြည်ဆို.... မှိုင်းပြာမှုံဝေပတ်ပျိုး သုံးပြားတွဲ။ |
| BRS 8 | ပတ္တလား ဆရာမောင်တီး၍ စောမြ အေးကြည်ဆို .... မှန်ညောင်သဥ္စာနှင့် ခေါ်ပါယောင်တော်ရှုံဘွဲ့။ |
| BRS 9 | ပတ္တလား ဆရာမောင်တီး၍ စောမြ အေးကြည်ဆို....မြတ်ပလ္လင်တော်ဘွဲ့။ |
| BRS 10 | ပတ္တလား ဆရာမောင်တီး၍ စောမြ အေးကြည်ဆို ... ကြောက်ဖွယ့်ဘုန်း တန်းကြိုး။ |
| BRS 11 | ပတ္တလား ဆရာမောင်တီး၍ စောမြ အေးကြည်ဆို....လွမ်းဝှန်ပို ယိုးဒယား။ |
| BRS 12.13 | ပတ္တလား ဆရာမောင်တီး၍၊ ဒေလီ ညွန့်ဆို .... ဇေယျာရွှေမြေ သီချင်းခံ့ နှစ်ပြားတွဲ။ |
| BRS 14 | ပတ္တလားဆရာနွဲ တီး၍ ဒေလီညွန့်ဆို.... မိုးလုံးပတ်လည်ပတ်ပျိုး။ |
| BRS 15 | အ ဝေး ရောက် မင်း ဆို .... ကုသိနာရုံ အိုင်ချင်းနှင့် ဘုန်းပဒေသာလူးတား။ |
| BRS 16 | အဝေးရောက်မင်းဆို....မင်္ဂလာမန်နည် မော် ကွန်း နှင့် ဘုန်း မ ကိုဋ္ဌ ပေ မို့ လေးချိုးကြီး။ |

BRS 17 တောလားစူးစူးနှင့် ကောက်တီးငယ် အိုင်ချင်း (တောလားစူးစူးကို အဝေးရောက်မင်းသီဆို၍ နောက်တစ်ဖက် ကောက်တီးငယ်ကို ဒေါ်စောမြအေးကြည် သီဆိုသည်)။

BRS 18 အဝေးရောက်မင်းဆို .... နေနတ်ကယ်မှ အဲချင်းနှင့် မင်္ဂလာချက်ဖွေ ....ချောင်း။

BRS 19 အဝေးရောက်မင်းဆို .... လေးကျွန်း မြင့်မိုရ်ရကန်နှင့်လှမြတ်ဦးစွန်းသာချင်း။

BRS 20 သီပေါနရည်းတော်သားများတီး၍ စောမြအေးကြည်ဆို .... စံရာတောင် ကျွန်းကြိုးနှင့် ရေကင်းသံ။

BRS 21 သီပေါနရည်းတော်သားများတီး၍ စောမြအေးကြည်ဆို....မြှောက်စည်သံ။

BRS 22 သီပေါနရည်းတော်သားများတီး၍ စောမြအေးကြည်ဆို... ဗုံကြီးသံ။

အထက်ပါဓာတ်ပြား ၂၂ ချပ် ထုတ်ဖြန့်ခဲ့သော်လည်း မူလဓာတ်ပြားသွင်းစဉ်က ၂၃ ချပ်ဖြစ်သည်။ ယင်းဓာတ်ပြား တစ်ချပ်မှာ စောင်းဆရာကြီး ဆရာညိမ်းတီး၍ ဒေလီညွန့် သီဆိုထားသော သောင်းကျေးဒီပါ မွန်သံသီချင်းဖြစ်ပြီး ပုံကြမ်းပရောင်းပြား ကျကွဲသွားသဖြင့် ဓာတ်ပြားအဖြစ်သို့ ရောက်မလာရခြင်းဖြစ်သည်။ ဓာတ်ပြားသွင်းခဲ့သူ စောင်း ဆရာကြီး ဦးအောင်လှဆိုသူမှာ ရန်ကုန်မြို့နေ အငြိမ်းစား ဘီးလစ်စာရေးကြီးဖြစ်၍၊ မြန်မာဘုရင်လက်ထက် အသုံး

တော်ခံ စောင်းပညာကျော် ဒေဝဣန္ဒာမောင်မောင်ကြီး၏ တပည့်ရင်းဖြစ်သည်။ စောင်း ပညာ နှင့် အသက် မွေး ဝမ်း ကျောင်းမပြုဘဲ မြတ်နိုးလှသော မဟာဂီတ ပညာ ရပ် ကို ကွယ်လွန်သည့်တိုင်အောင် ထိန်းသိမ်းခဲ့သူပေတည်း။

စောင်းဆရာကြီး ဦးအောင်လှဆိုသူတစ်ဦး ရှိသေး၏။ ထိုပုဂ္ဂိုလ်သည်လည်း မဟာဂီတကို ရင်ဝယ်ပိုက်၍ ထိန်းသိမ်းခဲ့သူဖြစ်ပေ၏။ မဟာဂီတ ပညာရှင် ရုပ် ရှင် မင်း သ မီး ဒေါ်မေသန်း၏ ခင်ပွန်းဖြစ်၍ တက္ကသိုလ်မှ သင်္ချာပါမောက္ခ ဖြစ်သည်။ သုတေသနဓာတ်ပြားသွင်းခဲ့သူ ဘီးလစ်စာရေး ကြီး ဦးအောင်လှနှင့် အသက်အရွယ်မှာမူ ကွာခြားလှပေ၏။ စာ ရေး ကြီး ဦး အောင် လှ သည် ၁၂၄၀ ပြည့်နှစ် တစ်ဝိုက် မွေးဖွားခဲ့သူဖြစ်၍ ပါမောက္ခဦးအောင်လှသည် ၁၂၅၇ ခု ဖွားဖြစ်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးတို့အား နှောင်းလူများ မကြာခဏ အမှတ်မှားတတ်ကြပေသည်။

ရှေးရိုးတီးနည်းများဖြစ်သော မြောက်စည်သံ၊ ဗုံကြီးသံ၊ ရေ ကင်း သံ များ ပျောက် ကွယ် သွား မည်ကို စိုးရိမ်၍ ဓာတ်ပြားသွင်းထားရန် ကြံစည်ပြီးနောက်သီပေါစော်ဘွား ၏ နရည်းဝိုင်းတော်သားများအား ပင့်ဖိတ်ရာတွင် သီပေါ စော်ဘွားက မိမိနရည်းဝိုင်းတော်သားများကို ဓာတ်ပြား သွင်းခွင့်မပြုနိုင် ဟူသော ပြန်ကြားချက်ကြောင့် ဒီးဒုတ် ဦးဘချို တို့မှာ အတန်ပင် စိတ်သောကရောက်ခဲ့ရသေး၏။

ထိုပြဿနာကိုဦးခင်ဇော်(ကေ)ကစော်ဘွား၏ကိုယ်ရေး အတွင်းဝန်ထောက် မစ္စတာဘားဇတ်ထံ ဆွေးနွေးညှိနှိုင်း တိုင်ပင်ရာမှ သဘောတူညီချက်ရပြီး နရည်းဝိုင်းတော်သား များ ဖြစ် ကြ သော ဆရာစိန်၊ ဆရာသင်၊ ဦးငွေကိုင်၊

ဦး မောင် ကို နှင့် အဖွဲ့သားများ ရန်ကုန်သို့ ဆင်းခဲ့ကြ လေသည်။

ရန်ကုန်၌ အစားအသောက်အနေအထိုင် အဆင်ပြေစေ ရေးအတွက်ထိုအချိန်ကဖွင့်လှစ်ပြုလျက်ရှိသော ၃၆ လမ်းတို ရှိ အသံလွှင့်ရုံကလေးမှ တစ်ရက်လျှင်တစ်ကြိမ်ကျ အသံ လွှင့်စေခဲ့ပြီး၊ တစ်ကြိမ်အသံလွှင့်လျှင် ခြောက်ကျပ် ငွေ တစ်ဆယ် ကျပေးအပ်ခဲ့သဖြင့် သီပေါ နရည်း ဝိုင်း တော် သားများ၏ နေထိုင်စားသောက်ရေးမှာ များစွာအဆင်ပြေခဲ့၏။ ဤသို့ ဖြစ်စေရန် စီမံဖန်တီးပေးသူမှာ အသံလွှင့်ရုံကို အုပ်ချုပ် ကြီးကြပ်သူ အစိုးရဝတ်လုံတော်ရကြီး ဦးတင်နှင့် အသံလွှင့်ရုံ ဝန်ထောက် ဦးတူးမောင်တို့ ဖြစ်လေသည်။

ဝစနာလင်္ကာရများကို အသက်ကြီးရင့်လျက်နှင့် စိတ်ဝင် စားစွာ သီဆိုပေးခဲ့သူ အဝေးရောက်မင်း ဦးအောင်ကြီးမှာ ဓာတ်ပြားများသွင်းပြီး အထက်အညာသို့ ပြန်သွားခဲ့လေ သည်။ ရွှေဘိုသို့ပြန်အရောက် ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ် တော်သလင်းလဆုတ် ၂ ရက်၊ စနေနေ့တွင် ရွှေဘိုမြို့မင်းရပ်၌ ကွယ်လွန်ခဲ့ရှာ၏။ အဝေးရောက်မင်းကား ၁၂၁၅ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့ပြီး ၁၃၀၄ ခုနှစ်၊ အသက် ၈၉ နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ ရလေသည်။ ယင်းအချိန်ကား မြန်မာနိုင်ငံမှာ ဂျပန်များ အုပ်စိုးလျက် ရှိလေပြီတည်း။

ဒုတိယကမ္ဘာစစ်ကြီးကား မီးဟုန်းဟုန်းတောက်လေပြီ။ မြန်မာနိုင်ငံမှာ ဗြိတိသျှကို တော်လှန်ပြီးနောက် ဂျပန်များ လာရောက်ကြီးစိုးနေသည့် ကာလအတွင်းဖြစ်၏။ စကော့

ဈေးဟု အမည်တွင်သော ယနေ့ဗိုလ်ချုပ်ဈေးကြီးမှာ ဂျပန်ခေတ်အတွင်းက ရန်နိုင်ဈေးဟု အမည်မှည့်ခေါ်လိုဆဲဆဲအချိန်အခါဖြစ်ပေ၏။

ကုန်တိုက်များမှ ဖောက်သူများ ဖောက်ထွင်းယူလာကြကုန်သော ပစ္စည်းမျိုးစုံတို့သည် ထိုဈေးကြီးရှေ့၌ အစုလိုက်အပုံလိုက် ချထားကြပြီး ဈေးအမျိုးမျိုးခေါ်ကာ အော်ဟစ်ရောင်းချလျက်ရှိပေ၏။ ယင်းအစုအပုံထဲတွင် ဓာတ်ပြားများအထပ်လိုက်ချထားလျက် "ဝမ်းဒေါ်လာ၊ ဝမ်းဒေါ်လာ" ဟု အော်ဟစ်ရောင်းချနေကြ၏။ ကိုလံဘီယာဓာတ်ပြားအချို့၊ ဗြိတိသျှဘားမားရုပ်ရှင် ကုမ္ပဏီထုတ် ဓာတ်ပြားအနည်းငယ်နှင့် သုတေသနအဖွဲ့ထုတ် မဟာဂီတဓာတ်ပြားများကား အများဆုံးပင်တည်း။ တန်ဖိုးမသိကြပါတကား။ နှမြောဝမ်းနည်းဖွယ် ကောင်းပေစွ။

စစ်ဖြစ်လုနီးအချိန် ၁၉၄၀ ပြည့်နှစ်ခန့်ကျမှ မြန်မာနိုင်ငံသုတေသနအသင်းကြီးမှ အကြံရကာ ဓာတ်ပြားသွင်းခဲ့ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံအနှံ့အပြား ထုတ်ဝေဖြန့်ချိမှု မပြုရမီမှာပင် ဆိုးရွားလှသောစစ်ကြီး ဝင်ရောက်လာခြင်းကြောင့် ကြိုးပမ်းမှုများ အလဟဿ ဖြစ်ခဲ့ရတော့သည်။ ကြိုးစားကြရသမျှ သဲထဲရေသွန်ဖြစ်ကာ ထိပ်သီးအဆို ပညာရှင်ကြီးများနှင့် ထိပ်တန်းအတီးကျော်များ သီဆိုတီးခတ်ထားသောအဖိုးတန်မဟာဂီတ ဓာတ်ပြားများကား ဆုံးရှုံးသွားရလေပြီဖြစ်၏။ ပြည်သူများလက်ထဲသို့ ကျကျနနမရောက်လိုက်ရဘဲတစ်စတစ်စနှင့် ပျောက်ကွယ်ခဲ့ရလေတော့၏။ ယနေ့သော်ထိုဓာတ်ပြားများမှာ ရှာဖွေမရလောက်အောင် ရှားပါးပျောက်ကွယ် သွားရလေပြီ။

သုတေသနအသင်းမှ ထုတ်လုပ်သော ဓာတ်ပြားများနှင့် ပတ်သက်၍ ရှေးအခါက စာတမ်းငယ်တစ်ခု ဖြန့်ဝေခဲ့သေး၏။ ယင်းစာတမ်းမှာ ယနေ့တိုင် ကျွန်ုပ်ထံ၌ ရှိသေးသော်လည်း တစ်ပိုင်းတစ်စမျှသာတည်း။ အစအဆုံး အလုံးစုံ အကုန် အပြည့် မရှိတော့သော်လည်း ကျန်ရှိသမျှကိုပင် အောက်တွင် တင်ပြလိုက်ရပေသည်။

## မြန်မာပြည် သုတေသန အသင်းကြီး၏ သီချင်းကြီး ဓာတ်ပြားစာရင်း၊ ရှေးခေတ်ဟောင်းအောက်မေ့ဖွယ်

"မြန်မာပြည်၏ သုခုမပညာတစ်ရပ်ဖြစ်၍ မြန်မာတို့၏ ယဉ်ကျေးမှုအဝင်အပါ ပျို့လင်္ကာကဗျာ မြန်မာစာကြီးပေကြီးတို့သည် တိမ်ကော ပျောက်ကွယ်ခြင်း မရှိသေးသော်လည်း မြန်မာမင်း အဆက်ဆက်တို့၏ ရွှေနားတော် သွင်းဖြစ်သော ထိုကဗျာ လင်္ကာတို့ ဖတ်ရွတ်နည်းကား တတ်ကျွမ်းသော ပုဂ္ဂိုလ်ကြီးတို့ ကွယ်လွန်ကုန်ကြခြင်းကြောင့် တစ်ကြောင်း၊ အားပေးချီးမြှင့်သူတို့မရှိကြသဖြင့် အလေ့အလာနည်းပါးကြခြင်းကြောင့်တစ်ကြောင်း တစ်စတစ်စ တိမ်ကော ပျောက်ကွယ်လာခဲ့ပေရာ ယခုအခါတွင် ရတု၊ ရကန်၊ အဲအန်၊ ချော်းစသော ကဗျာတို့ကို မှန်ကန်စွာ သီဆိုဖတ်ရွတ်နိုင်သူတို့ မရှိသလောက် ဖြစ်နေတော့သဖြင့် နောင်ခေတ်နောင်အခါတွင် နောက်သားနောင်လာတို့သည် ဤထီးသုံးနန်းလေ့ ဖြစ်သော မြန်မာ့

ယဉ်ကျေးမှုဆိုင်ရာ စာပေရွတ်ဖတ်နည်းတို့ကို အမွေခံနိုင်ကြတော့မည် မဟုတ်ဘဲ အရှုံးကြီးရှုံး၍ အဆုံးကြီး ဆုံးရတော့မည့် အခြေသို့ ရောက်ရှိ နေပေရကား မြန်မာပြည် သုတေသနအသင်းကြီးက နောက်သားနောင်လာတို့၏ အကျိုးကိုမျှော်ကိုး၍ ဤယဉ်ကျေးမှုဆိုင်ရာ ပညာရပ်တို့ကို မတိမ်ကောမပျောက်ကွယ်ရအောင်လုံခြုံစွာ သိမ်းဆည်းသိုမှီးရန် ရည်ရွယ်ချက်ဖြင့် မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းတရားကြီးတို့ ရွှေလက်ထက်တော် နှစ်ဆက်တိုင်တိုင် နေမျိုးမင်းထင်ကျော်ခေါင်၊ နေမျိုး ဇေယျကျော်ခေါင် ဟူသော ရွှေဘွဲ့တံဆိပ်ဖြင့် အဝေးရောက်ရာထူးကို ထမ်းရွက်ခဲ့ရသော အဝေးရောက်မင်း ဦးအောင်ကြီး အား ပညာအမွေ ပေးဝေဖြန့်ချိပါမည့် အကြောင်း တောင်းပန်ကာ ရတု၊ ရကန်၊ အဲချင်း၊ အန်ချင်း၊ လူးတား၊ မော်ကွန်း၊ တောလား၊ ချေ်င်း၊ သာချင်း၊ လေးချိုးကြီးတို့၏ မှုမှန်သီဆို ဖတ်ရွတ် နည်းတို့ကို ဓာတ်ပြားသွင်းယူ လိုက်ပါကြောင်း။ ထို့မှတစ်ပါး မဟာဂီတ ဆိုင်ရာ ရှေးကဗျာ သီချင်းကြီး များ၏ သီဆိုနည်း၊ တီးမှုတ်နည်းတို့ ချွတ်ယွင်း ပျောက်ကွယ်ခြင်း မရှိစေရန် ရှေးရှေးဆရာကြီးများ၊ အဆိုတော်ကြီးများကို မီလိုက်ကြသဖြင့် သီဆိုတီးမှုတ်နည်းတို့ကို အာစရိယဝါဒ၊ ဟတ္ထမုဋ္ဌိ လက်ဆုပ်လက်ကိုင် ရရှိလိုက်ကြသော အဆိုတော် စောမြအေးကြည်၊ အဆိုတော် ဒေလီညွန့်၊ ကွမ်းရည်တော် စောင်းတော်တီး၊ ဒေဝဣန္ဒာ၏ တပည့်ရင်း၊ စောင်းဆရာကြီး

ဦးအောင်လှ၊ ပတ္တလား ဆရာကြီးများဖြစ်ကြသော ဆရာနှဲကြီး၊ မန္တလေး ဆရာမောင်တို့နှင့် ရှေးသီချင်း ခေတ်ပြားများကိုလည်း နောင်လာ နောက်သားတို့ အတွက် မြန်မာ ပြည်သူ တော့ သန အသင်းကြီးက ခေတ်ပြားသွင်းလိုက် ..........''

မူရင်းစာရွက်ကား စစ် ကြီး အ ရေး ကြောင့် ဟိုပြေး သည်ပြေးနှင့် ဤမျှသာကျန်ရှိတော့သဖြင့် ဤရွေ့ဤမျှသာ ဖော်ပြလိုက်ရပေသည်။ ဤစာသားအရေးအသား၏ လက်ရာ ရှင်မှာ ဒီးဒုတ်ဦးဘချိုပင်ဖြစ်သည်။

( ၂၄ )

# မဟာဂီတပြိုင်ပွဲများ

၁၉၃၀ ပြည့်နှစ် အလွန်မှစ၍ မဟာဂီတတေးချင်းစု ဆိုပွဲ တီးပွဲများကို ဝါသနာရှင်များက ညှော်ခံကျေးမွေးကာ တစ်ပတ်လျှင်တစ်ကြိမ်ကျ ဆိုကြတီးကြသောအလေ့ကို ကျင့်သုံးခဲ့ကြသလိုပင် အဆိုပြိုင်ပွဲ၊ အတီးပြိုင်ပွဲများလည်း တတ်အားသရွေ့ ကျင်းပပေးခဲ့ကြသည်။

ထိုပြိုင်ပွဲများတွင် မဟာဂီဘကျမ်းလာ တေးချင်းစုများကိုသာလျှင် ဦးစားပေး ပြုလုပ်ခဲ့ရခြင်း အကြောင်းရင်းသည်ကား ထီးသုံးနန်းသုံး မြန်မာဘုရင်လက်ထက်တော်သုံး တေးကဗျာစုများ မပျောက်ပျက်စေရန် ဟူသော ရည်ရွယ်ချက်နှင့် မြန်မာ့ဂီတကို လေ့လာ လိုက်စားသူများ၊ အများအပြား ပေါ်ထွက်လာစေရန် ဟူသော ဦးတည်ချက်ဖြင့် ဂီတပြိုင်ပွဲများ ပြုလုပ်ကျင်းပခဲ့ခြင်းပင်တည်း။

ယင်း ပြိုင်ပွဲကြီးများကို ဦး စီး ခေါင်း ဆောင် အဖြစ်ရွက်ဆောင်ပေးခဲ့သူများမှာ မြန်မာ့အလင်း ဦးစိမ်းကြီး၊ ဒီးဒုတ် ဦးဘချို၊ ပညာအုပ် ဦးစိန်ရွက်စသူတို့ ဖြစ်ကြသည်။

မဟာဂီတ ပြိုင်ပွဲများမှ ပေါ်ထွက်လာသော ဂီတ ပညာရှင် ဘင်ဂျို ဦးဟုတ်ပိတ်၊ တယော ဦးဘရီ၊ စန္ဒရား ချန်ပီယံ မောင်ကျော်၊ စန္ဒရား ရွှေတိုင်အေး၊ စန္ဒရား သထုံ ဦးကြည်၊ မအေးမိ၊ မတင်အုန်း၊ ဆင်မ မအေးညွန့်၊ ဂီတာ စိမ်းမောင်၊ စောင်း မစိန်ရီ၊ စန္ဒရား မေစိန် စသည်ဖြင့် နောင်သောအခါ ထိုသူတို့မှာ နိုင်ငံကျော်အဆိုတော် အတီး ကျော်များအဖြစ် ထင်ရှားကျော်ကြား လာခဲ့ကြသည်ကို တွေ့ရှိရပေသည်။

ဂီတပြိုင်ပွဲများကား စစ်ကာလအတွင်း တွင် ကျင်းပခြင်း မပြုနိုင်ခဲ့သော်သည်း စစ် ပြီး စ အ ချိန် ၌ ရွှေတိဂုံဘုရား အနောက်ဘက် ကွက်လပ်ကြီးနေရာမှ စတင်ပြုလုပ်ခဲ့ပြီး ယနေ့တိုင် အခါမလပ် မဟာဂီတပြိုင်ပွဲများကို နေရာအန္တို့ အပြား၌ ကျင်းပကြ၏။ ထိုပြိုင်ပွဲများ ပြု လုပ် ခြင်း ဖြင့် ပြိုင်ပွဲမှာ အနိုင်ရလိုသောဆန္ဒကြောင့် မဟာဂီတအချင်း စုများ ပိုမို လိုက်စားလာကြသည်ကို အားတက်ဖွယ် တွေ့မြင် ရပေ၏။

ဤသို့ မဟာဂီတပြိုင်ပွဲများ မကျင်းပမီကပင် မြန်မာ တို့၏ ရိုးရာ ဓလေ့အရ ဆိုင်းအတီး ပြိုင်ပွဲများ ပြုလုပ်လေ့ ရှိခဲ့၏၊ ကျောက်ဖယောင်းတိုင်ကြီးများ ကိုယ်စီထွန်းညှိလျက် ဖယောင်းတိုင် မငြိမ်းမချင်း မနားတမ်း လက်စွမ်းကုန် တီးရ၏။ တစ်ဖက်ဆိုင်းမှလည်း ဤနည်းအတိုင်းပင် ဖြစ်၏။ ပြိုင်ပွဲကိုတိတိကျကျဆုံးဖြတ်ပေးသူဟူ၍ မရှိဘဲ နားထောင်သူ ပရိသတ်တို့က မည်သည့်ဆိုင်းကသာသည်၊ မည်သည့်ဆိုင်းက ညံ့သည်၊ မည်သည့်ဆိုင်းက လက်သံပြောင်သည် စသည်ဖြင့်

မိမိတို့စိတ်ကြိုက် အဆုံးအဖြတ်ပေးလေ့ရှိကြ၏။ သူ့ဘက်ကိုယ့်ဘက် နားဆင်သူအချင်းချင်း အငြင်းအခုံ ဖြစ်ရာမှ တစ်ဖက်နှင့်တစ်ဖက် ရိုက်နှက်သတ်ပုတ်ကြသည်အထိ ဖြစ်လေ့ရှိကြ၏။

တစ်ချိန်က မန္တလေး၌ ဆိုင်းဆရာကြီး ဆရာစိမ့်နှင့် စိန်ဗေဒါတို့ညီနောင်နှစ်ဦး အလှည့်ကျ ဖျော်ဖြေတီးခတ်ကြရင်း ပရိသတ်တို့က သူ့ဘက်ကိုယ့်ဘက် အပြိုင် ဖြစ်လာကြကာ "ဆရာစိမ့်ကလက်သံညက်သည်၊ စောင်းသံနှင့်တူအောင် တီးနိုင်သည်"ဟု ဆရာစိမ့်ပရိသတ်က ပြောကြသကဲ့သို့ စိန်ဗေဒါဘက်မှ နားဆင်သူများက "စိန်ဗေဒါ လက်သံကပြောင်သည်၊ တောက်တောက်ခါါးခါါးတီးနိုင်သည်"ဟူ၍ တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားပြီး ဆူဆူညံညံဖြစ်လာချိန်တွင် ဆရာစိမ့်နှင့် စိန်ဗေဒါတို့၏ ဖခင်ကြီး ဆရာဖေရောက်လာကာ ဝါးလက်ခုပ်ဆွဲပြီး နင်တန်၊ နင်တန်ဟု ပြောဆို ကြိမ်းဝါးရင်း ဆိုင်းအလုအယက်တီးနေကြသူ ညီနောင်နှစ်ဦးတို့အားဝင်ရောက်ခေါင်းခေါက်လိုက်မှ ထိုပွဲမှာ ပြီးသွားသည်ဟုသတတ်။

ဆိုင်းပြိုင် အများဆုံးတီးလေ့ရှိသော မြို့တစ်မြို့သည်ကား ဟင်္သာတမြို့ပင်ဖြစ်သည်။ ဈေးကြီးရပ်နေဦးဟန်ပနှင့်ဦးလှဖေ ညီအစ်ကိုတို့က တစ်ဖက်၊ ရွှေပြောင်ပြောင်ရပ်နေ ဆရာဝဲနှင့် ဆရာကဲတို့ ညီအစ်ကိုတို့ကတစ်ဖက် မပြတ်တမ်းလိုပင် ဆိုင်းပြိုင်တီးကြသည်မှာ အမောပင်တည်း။

ပြိုင်ပွဲတိုင်းမှာနားဆင်သူ ပွဲကြည့်ပရိတ်သတ်အချင်းချင်း ရန်ပွဲနှင့် အပြီးသတ်လေ့ ရှိ၏။ အသက်ကြီးရင့်လာသူ ဆရာဝဲနှင့်ဦးဟန်ပတို့ အပြိုင်အဆိုင်ရပ်သွားကြသော်လည်း ဆရာဝဲ၏ညီ ဆရာကဲနှင့်ဦးဟန်ပ၏ညီ ဦးလှဖေတို့နှစ်ဦးမှာ ဒုတိယ

ကမ္ဘာစစ်ကြီးဖြစ်ပွားလာသည့်တိုင် သူတို့၏ အပြိုင်တီးပွဲမှာ မရပ်မဆိုင်း မမောမပန်း အပြိုင်ကြဲကြဲဆဲပင် ရှိသေး၏။ အသက် ၅၀ ကျော်လာမှ ခြေကုန်လက်ပန်း ကျကြပြီး ပြိုင်ပွဲလာများ တုံ့ဆိုင်းသွားတော့၏။ သို့သော် ရပ်ကွက်ဒေသစွဲ ကြီးလှသော ပရိသတ်များကမူ မကျေမချမ်းနှင့် မြှောက်ပင့်ပေးလျက်ရှိသေး၏။

ယင်း ဆိုင်းပွဲ အပြိုင်တီးခြင်းများတွင် အကဲဖြတ် ဒိုင်ဟူ၍မရှိ။အမှတ်ပေးစနစ်ဟူ၍မရှိ။နားထောင်သူအချင်းချင်း သူ့ဆိုင်းကောင်းသည်၊ ငါ့ဆိုင်းကပိုကောင်းသည် ဟူသော အငြင်းအခုံနှင့်သာ ဆုံးဖြတ်ကြသည်။ အချို့ပွဲများတွင်မူ သူ့ဘက်ကိုယ့်ဘက်ပရိသတ်အချင်းချင်း ရန်ပွဲရိုက်ပွဲနှင့်ပြီးဆုံးလေ့ရှိသည်။ သို့သော် ယနေ့ ယခုအခါတွင် ထိုအလေ့အထများ ပျောက်ကွယ်စပြုပေပြီ။ စောင်း၊ ပတ္တလား၊ စန္ဒရား၊ ဂီတာ၊ မယ်ဒလင်၊ တယောနှင့်အဆိုပြိုင်ပွဲများကို အကဲဖြတ် ဂီတပညာရှင်များက စနစ်တကျ အမှတ်ပေးသည့် နည်းဖြင့် ကျင်းပပေးလျက်ရှိနေပေပြီ။ ၁၉၃၀ ပြည့်နှစ်ခန့်မှစ၍ ယနေ့တိုင်ပင် ထိုနည်းကို ကျင့်သုံးခြင်းဖြင့် မဟာဂီတပညာရပ်များသည်လည်း လုံးဝပျောက်ကွယ် ဆိတ်သုဉ်းသွားသည်ဟု မရှိပါဘဲ အချိန်အဟုန်မပျက် လက်ဆင့်ကမ်းသယ်ပိုး ကမ်းလှမ်းပေးလျက်ရှိသေးသဖြင့် မဟာဂီတအတွက် အားတက်ဖွယ်တစ်ရပ်ဟူ၍ မှတ်ယူရပေတော့သည်။

( ၂၇ )

# မဟာဂီတကျောင်း နှင့် ပန်တျာမှုမှန်ပြုစုရေး

မဟာဂီတ ပညာရပ် မညှိုးမမှိန်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးလျက်ရှိခြင်း အကြောင်းတစ်ရပ်မှာ ပန်တျာကျောင်းတည်းဟူသော မဟာဂီတ ပညာသင်ကျောင်းဖွင့် ထားပေးခြင်းသည်လည်း ကြီးမား ခိုင်ခံ့သော အကူအပံ့ပင်တည်း။

၁၉၃၉ ခုနှစ်မှစတင်၍ ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်ရှိ အစိုးရအသက်တန်းကျောင်းနှင့် ကပ်လျက် အနုပညာ မဟာဂီတ အခြေခံ သင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့၏။ ထိုစဉ်က မဟာဂီတကျောင်း၏ ပွဲဦးထွက် ဂီတနည်းပြဆရာများမှာ ဒေါ်စောမြအေးကြည်၊ ဦးအလီ၊ ဦးမောင်မောင်လတ်၊ ဦးထွန်းဖေ၊ ဦးချစ်မောင်၊ ဦးဘသန်း တို့ဖြစ်ကြ၏။ အဆို၊ စောင်း၊ ပတ္တလားနှင့် ကြိုးတပ်တူရိယာတို့ပါရှိကြပြီး စန္ဒရားသင်တန်းဟူ၍ မထားသေးချေ။

ဂျပန်ခေတ်အတွင်း ယခုဂျာမန်သံရုံး ဝင်းအတွင်း (ဒေါက်တာဘမော်နေအိမ်ဟောင်း) တင်းနစ်ကွင်း၌ ဖြစ်သလို အမိုးအကာများ တည်ဆောက်ကာ နည်းပြဆရာ ဦးထွန်းဖေ၊ ဒေလီညွန့်၊ ဦးအလီ၊ ရွှေတိုင်အေး၊ ဦးသန်း (ရွှေမောင်းကြီး) တို့ ပါဝင်ဆောင်ရွက်သော မဟာဂီတ ကျောင်းကို ဖွင့်လှစ်ပြန်သည်။ ဦးသိုက်က ကျောင်းအုပ်အဖြစ် ဆောင်ရွက်၏။ ထိုကျောင်းမှာလည်း စန္ဒရား သင်တန်း မရှိသေးပေ။

စစ်ပြီးခေတ် မြန်မာနိုင်ငံ လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင်ရရှိပြီးနောက် မဟာဂီတပညာရပ်များ စနစ်တကျ သင်ကြားဖြန့်ဖြူးပေးသော အနုပညာ ပန်းချီကျောင်းကို ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်ခဲ့ရာ စန္ဒရားအဘီးပညာရပ် အပြင် မြန်မာ့ဆိုင်းဝိုင်းတီး ပညာကိုလည်း တခမ်းတနား ဂုဏ်ယူဝင့်ကြွားဖွယ်ရာ သင်တန်းတစ်ရပ်အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

ရန်ကုန်မြို့၌ ၁၉၅၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ပန်းချီအနုပညာကျောင်းကို ဂျူဘလီဟော၌ စတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေးအနုပညာပန်းချီကျောင်းကို ၁၉၅၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ကိုယ်ပိုင် အလွတ်ပညာသင်ကျောင်းများ ဖွင့်လှစ်ခဲ့ကြသည်အနက် ဗမာ့ခေတ် သတင်းစာတိုက်ပိုင်ရှင် ခြေလျင် ဦးအုန်းခင်နှင့် ဇနီးဖြစ်သူ စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးတို့က စောင်းဦးဘသန်း ကိုယ်တိုင် အုပ်ချုပ်

သင်ကြားပေးအပ်စေသော စန္ဒရား သင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ရာ သင်ကြားသူအတန်များများ တက်ရောက်ခဲ့ကြသည်။ ထူးချွန်သူလည်း အတော်အသင့်ထွက်ပေါ်ခဲ့လေသည်။

မဟာဂီတ တေးချင်းစုများကား နှစ်ရှည်ရင့်လာသည်နှင့် အမျှ တစ်ဦးနှင့်တစ်ဦး မူများမတူကြတော့ဘဲ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်လာကာ သူ့မူကိုယ့်မူ အငြင်းအခုံပြဿနာများ ပေါ်ပေါက်လာကြ၏။ နန်းမူ၊ မန်းမူ၊ အညာမူ၊ အကြေမူ၊ မြေလတ်မူစသည်ဖြင့် မူအမျိုးမျိုးကွဲပြားလာကြပြန်၏။

ယင်းပြဿနာများကို ကျေလည်စေရန် ဝါနှင့် သမ္ဘာ အရင့်ဆုံးသော မဟာဂီတ ပညာကျော်ကြီးများကို စုစည်းစေလျက် ရန်ကုန်မြို့ဘွင် ဆုံတွေ့ညှိနှိုင်းရန် စိုင်းပြင်းကြရတော့သည်။ ဝါရင့်ပုဂ္ဂိုလ် ကျော်ကြီးများသည် ကြာလေရှားပါးလေ ဖြစ်ရချေတော့မည်ဖြစ်သဖြင့် မြန်မာ့နန်းတွင်း ပညာကျော်များထံမှ သင်ကြား ခံယူခဲ့ဖူးသူများ ရှိတန်သရွေ့ကို ရှာဖွေခြင်း၊ သက်ကြီးရွယ်အို မဟာဂီတပညာကျော်များကို ရတန်သရွေ့ စုဆောင်းခြင်းတို့ဖြင့် မဟာဂီတ ပန်တျာ မှုမှန် ပြုစုရေးကို နိုင်ငံတော်အုပ်ချုပ်သူများ ကိုယ်တိုင်ကာပင် အားပေးကြိုးစား လုံးပန်းကြတော့သည်။

၁၉၅၃ ခု၊ ဧပြီလ ၂၃ ရက်နှင့် ဇွန်လ ၁၀ ရက်နေ့စွဲပါ ပြန်တမ်းဖြင့် ပန်တျာမှုမှန် အကြံပေးအဖွဲ့ကြီးကို ဖွဲ့စည်းပေးကာ "ကြိုတင်စီစဉ်ရေးအဖွဲ့" ကို ဦးစွာ စီမံလျက် စတင်အကောင်အထည် ဖော်ကြတော့သည်။

ယင်းအဖွဲ့ဝင်တွင်—

ဦးဖိုးလတ် (ယဉ်ကျေးမှုဌာနအတွင်းဝန်)၊
ဦးသိုက် (လက်ထောက်ငွေစာရင်းအရာရှိ၊ ကောက်ပဲသီးနှံ)၊
ဦးအောင်လှ (ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)၊
သခင်သန်း (ပါလီမန်အတွင်းဝန်)၊
ဗိုလ်ဘတင် (ပါလီမန်အတွင်းဝန်)၊
ဒေါက်တာဘသန်း၊
ဦးသာဝင်း၊
ဦးမြဦး (ယဉ်ကျေးမှု အထက်တန်းအရာရှိ)၊
ဆရာမှိုင် (စန္ဒရားနည်းပြ၊ ပန်တျာကျောင်း)၊
ဦးစိမ်းမောင် (ကြိုးတပ်နည်းပြ၊ ပန်တျာကျောင်း)၊
ဦးဘသွန်း (စောင်းနည်းပြ၊ ပန်တျာကျောင်း)၊
ဒေါ်ဒေလီညွန့် (အဆိုနည်းပြ၊ ပန်တျာကျောင်း)၊

ဦးဟန်ပ (နိုင်ငံတော်ဆိုင်းအုပ်ချုပ်ရေးမှူး)တို့ ပါဝင်လျက် ဂျူဗလီအဆောက်အအုံ၌ ၁၉၅၃ ခုနှစ်၊ ဧပြီလ ၂၀ မှ မေလ ၆ ရက်နေ့တိုင် ခုနှစ်ကြိမ်စည်းဝေးပြီး လုပ်ငန်းစကြလေသည်။

ပထမဆုံးအကြိမ်မြောက် မြန်မာနိုင်ငံတော်လုံးဆိုင်ရာ ပန်တျာမှုမှန်ပြုစုရေးအဖွဲ့ အစည်းအဝေးကို ၁၉၅၃ ခု၊ မေလ ၁၁ ရက်တွင် ကျင်းပခဲ့ရာ ဦးထွန်းဖေ (ဥက္ကဋ္ဌ)၊ ဗိုလ်ခင်မောင်လေး၊ ဦးကျော်မြင့်၊ ဦးအောင်လှ၊ ဦးဘညွန့်၊ ဦးဖိုးလတ်၊ ဦးသိုက်၊ ဒေါ်စောမြအေးကြည်၊ ဦးဟန်ပ၊

ဒေလီညွန့်၊ ဒေါ်အောင်ကြည်၊ ဆရာဘလေး၊ ရွှေပြည်ဦးဘတင်၊ ဗိုလ်ဘဘင်၊ စောင်းဆရာညိမ်း၊ ဦးတင် (ရကန်)၊ ဦးချစ်မောင်၊ ဦးဘသန်း၊ မြို့မငြိမ်းနှင့် သန်လျင်မြဦးတို့ တက်ရောက်ကြသည်။

မေ ၁၁ ရက်မှ ၂၁ ရက်အထိ စနေ၊ တနင်္ဂနွေပါ မကျန် ဆက်တိုက် စည်းဝေးခဲ့ရာ ပေါင်း ၁၁ ရက် တိတိ ကျင်းပပြီးနောက် ကြိုတင်စီစဉ်ရေးအဖွဲ့မှ တင်ပြသော တေးချင်း ၇၃ ပုဒ် အနက် လျှပ်ပန်းခွေနှဲ့ ယိုးဒယားကို ချန်လှပ်ပြီးတပ်မံဖြည့်စွက်သော ဇေယျာရွှေမြေ၊ ဖြူပြာမူရာ၊ ဝေဇယန္တာ၊ တောမှိုင်ခြေလှမ်း၊ တောင်ဇမ္ဗူပိုင်၊ စိန်ရေနံ့၊ မြမန်းဂီရိ၊ ကရင်သြ နှစ်ပုဒ် အပါအဝင် တေးချင်းပေါင်း ၇၁ ပုဒ်ကို မူမှန် ပြုစု လုပ်ဆောင် ညှိနှိုင်းပေးကြသည်။

ဤအဖွဲ့တွင် ဦးမောင်မောင်ကျော်၊ ဦးသန်းတင်၊ ဦး ခင်မောင်ဒွေး၊ ဇော်ဂျီ၊ မင်းသုဝဏ် တို့ ပါ ရှိ ကြ သော် လည်း အခြားလုပ်ငန်းများကြောင့် အစည်းအဝေးသို့ မှန်မှန်မတက်နိုင်ကြပေ။

မူမှန်ပင်မအဖွဲ့ကြီးတွင် မပါဝင်သော်လည်း ကြိုတင်အဖွဲ့၌ပါရှိသူ ဦးဘသန့်၊ ဆရာမှိုင်၊ ဦး စိမ်း မောင် နှင့် ညွှန့်သည်တော် ဦးကြင်စော (စစ်ကိုင်း)၊ ဦးလှတင်တို့သည် ဖိတ်ကြားသည့်အကြိမ်များတွင် တက်ရောက်ကြသည်။

ကော်မတီ၏ တောင်းပန်ချက်အရ ရွှေပြည်ဦးဘတင်၏ စိမ့်ကြီးမှိုင်ကြီးရကန်နှင့် ပဥ္စမသင်္ဂါယနာတင် လေးချိုးကြီး၊ ဒေါ်စောမြအေးကြည်၏ စတုတ္ထသင်္ဂါယနာတင် အန်ချင်း၊

ဦးမောင်မောင်ကျော်၏ ရာမသာချင်းတို့သီဆိုကာ ကြိုးစက် အသံသွင်းကြသည်။

ယင်း သီ ချင်း စာ သား များ မလွဲမချော် တိုက်ဆိုင် ဆုံးဖြတ်ရေးအလို့ငှာ ရွှေပြည် ဦးဘတင်၊ ဦး ဖိုးလတ်၊ ဦးမောင်မောင်ကျော်၊ ဇော်ဂျီ၊ မင်းသုဝဏ်နှင့်ဦးအေးမောင် တို့အား တာဝန်ပေးအပ်၍ မန္တလေးသို့ သွားရောက်ကာ ကွမ်းရေခေါင်းမင်း မောင်မောင်ခန့် ပုရပိုက်မူ၊ မြဝတီ ဦးစ၏ အရပ်ရပ်သီချင်းစုပေမူ၊ မြင်းစုဝန်ကြီး၏ သားဖြစ်သူ မောင် မောင် ပြား ၏ လက် ရေး မူ၊ နန်း တွင်း ပု ရ ပိုက် မှ လက်ရေးဖြင့်ကူးယူထားသော ရွှေပြည်ဦးဘတင်၏ လက်ရေး မူများနှင့် တိုက်ဆိုင်ညှိနှိုင်းလျက် စာသားများကို ပြုပြင် သီဆို အသံသွင်းခဲ့ကြသည်။

၁၉၅၄-၅၅ ခုနှစ်ဘွင် ပန်တျာမူမှန်အဖွဲ့ကြီးကို ပြန်လည် ဖွဲ့စည်းသောအခါ ယခင်ပုဂ္ဂိုလ်အများစုပါဝင်လျက် ဥက္ကဋ္ဌ ဦးထွန်းဖေနေရာ၌ ဥက္ကဋ္ဌဦးဝင်း၊ အ တွင်း ရေး မှူး အ ဖြစ် ဦးသိန်းညွန့်နှင့် ဦးဘဝင်း၊ ဦးဘထွန်း၊ ဆရာမြိုင်၊ ဦးစိန္တာ၊ ဦးဘသက်၊ ဦးစိမ်းမောင်၊ ဒေါ်တင်အုန်းတို့ ထပ်မံဖြည့်စွက် ပါရှိလာကြ၏။

ဒုတိယအကြိမ်ဖွဲ့စည်းသော နိုင် ငံ တော် ပန် တျာ မူ မှန် အစည်းအဝေးကြီးကို ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှ နိုဝင်ဘာ ၁၈ ရက် အထိ ၂၄ ကြိမ် တိုင် တိုင် ကျင်းပပြီး သီချင်းပုဒ်ရေ နောက်ထပ် ၃၇ ပုဒ် မူမှန်ပြုလုပ် ကြသည်။

၁၉၅၇-၅၁ ခုနှစ် ပြန်လည်ဖွဲ့စည်းပြန်ရာ ယခင်ပုဂ္ဂိုလ်များအပြင် ဦးမြင့်၊ ဦးသာမြတ်၊ ဦးဘခင်၊ ဦးဘသော်၊ ဦးလှဖေ၊ ဦးကိုကိုကြည်၊ ဦးစိန်ညွန့်၊ ဦးထွန်းရင်၊ ဦးဘသင်၊ ဦးစိန်ရွှက်၊ ပုသိမ် ဒေါ်တင်တင်၊ ဦးဂုမ္ဘာန်တို့ပါဝင်ကြသည်၊ ယင်းတတိယအကြိမ် မူမှန်အဖွဲ့ကြီး၏ အစည်းအဝေးကြီးကို ၁၉၅၇ ခုနှစ်၊အောက်တိုဘာလ ၁၅ ရက်မှ နိုဝင်ဘာလ ၈ ရက် အထိ ၂၁ ကြိမ် ကျင်းပကာ ကြိုတင်အဖွဲ့မှ တင်ပြအပ်သော ပုဒ်ရေ ၄၇ ပုဒ်ကို မူမှန်စံပြအဖြစ် လုပ်ဆောင်ပြီးစီးခဲ့၏။

သင်ရိုးညွှန်းတမ်းပါ ကြိုး ၁၃ ပုဒ်ကို သင်္ကေတများပြုစုရန်နှင့် စကားပြေ အဓိပ္ပါယ်ရှင်းလင်းချက်များ ရေးသားဆောင်ရွက်ရန် အောက် မြန်မာ နိုင်ငံ ဒေသ အတွက် ဆရာဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးသာမြတ်၊ ဦးလှဖေ၊ ဦးဘခင်၊ ဦးဘထွန်း၊ ဦးစိန်ရွှက်၊ ဦးဂုမ္ဘာန်၊ ပုသိမ် ဒေါ်တင်တင်တို့အား တာဝန်ပေးအပ်၍ အထက်မြန်မာနိုင်ငံဒေသအတွက် ဦးမောင်မောင်ကျော်၊ ရွှေပြည်ဦးဘဘင်၊ ဦးခင်မောင်ဒွေး၊ ဦးဘသော်၊ ဦးဘသင်၊ ဦးစိန်ညွန့်တို့အား တာဝန်ပေးအပ်ကာ ကော်မတီငယ်တစ်ခု ဖွဲ့စည်းပေးလိုက်သည်။

ထိုအဖွဲ့ဝင်များသည် တာဝန် အချို့ကို ကြေ ညက် စွာ ထမ်းဆောင်ကြပြီးဖြစ်သော်လည်း မှတ်ဘမ်းမှတ်ရာ စာရွက်စာတမ်းများကို ယခုအခါ ရှာဖွေမရလောက်အောင် ခက်ခဲနေလေပြီ။

မူမှန်ပြုလုပ်ပြီးစီးသော သီချင်းစာသားများ၏ သတ်ပုံသတ်ညွှန်းသုတ်သင်တည်းဖြတ်ရန် ဦးသာမြတ်၊ ဦးဖိုးလတ်၊

ဇော်ဂျီ၊ မင်းသုဝဏ်၊ ရွှေပြည်ဦးဘတင်၊ ဦးဘခင်၊ ဦးထွန်းရင်တို့အား တာဝန်ပေးအပ်သည်။

အဆိုစံပြ မူမှန်ထားရှိပြုစုရေး ဆပ်ကော်မတီတွင် ဒေါ်စောမြအေးကြည်၊ ဒေလီညွန့်၊ ဒေါ်အောင်ကြည်၊ ရကန်ဦးတင်၊ ဦးဟန်ပ၊ ဦးလှဖေ၊ ဦးချစ်မောင်၊ ဦးကိုကိုကြည်၊ စောင်းဆရာညိမ်း၊ ဒေါ်ခင်မြင့်ကြီး၊ ဦးဘသက်၊ ဆရာမှိုင်၊ ဦးအောင်လှ၊ ဒေါ်မေသန်း၊ ဦးမြဦး။

စောင်းတီးကွက်၊ မူမှန်ပြုစုရေး ဆပ်ကော်မတီတွင် ဦးဘခင်၊ ဆရာညိမ်း၊ ဦးလှအောင်၊ ဦးခင်မောင်ဒွေး၊ ဒေါ်စောမြအေးကြည်၊ ဒေါ်မြသွင်၊ ရကန်ဦးတင်၊ ဒေါ်မေ၊ ဦးချစ်မောင်၊ ဦးစိန်ဖေ။

ဆိုင်းတီးကွက်ပြုစုရေး ဆပ်ကော်မတီတွင် ဗိုလ်ဘတင်၊ ဦးဟန်ပ၊ ဦးဘမောင်၊ ဆရာဘလေး၊ ဦးသာကြွင်၊ ဝိဇ္ဇာညွန့်၊ ဦးချစ်မောင်၊ ဆရာတောက်၊ ဆရာသိန်း၊ ဦးဘသစ်၊ ဦးစိန်နွဲ၊ စိန်ချစ်တီး၊ ဦးဘခိုင်၊ ဦးစိန်ရွက်၊ ဦးဘသက်။

စန္ဒရားနှင့်ပတ္တလားတီးကွက် ပြုစုရေး ကော်မတီတွင် ဆရာညိမ်း၊ ဆရာဘလေး၊ ဦးဟန်ပ၊ ဦးချစ်မောင်၊ ဆရာတောက်၊ ဆရာမှိုင်၊ ရွှေပြည်အေး၊ ရွှေတိုင်အေး၊ ဦးအေးမောင်၊ ဦးဘသင်၊ ဦးမြဦး။

ကြိုးတပ်တူရိယာ တီးကွက်ပြုစုရေး ကော်မတီတွင် ဆရာညိမ်း၊ ရကန်ဦးတင်၊ ဦးအောင်လှ၊ ဦးဘခင်၊ ဦးလှဖေ၊ ဦးချစ်မောင်၊ ရွှေပြည်အေး၊ ဦးကိုကိုကြည်၊

ဦးစိမ်းမောင် အစရှိသော ရှေးမီ မဟာဂီတပညာကျော်ကြီး များ စုပေါင်းပါဝင်ပြုစုရှာဖွေ လုပ်ဆောင်ကြသည်။

၁၉၅၀ ပြည့်နှစ် အလွန်တွင် အထက်ဖော်ပြပါရှိသော ပညာရှင်များသည် သမ္ဘာနှင့်ဝါအရင့်ဆုံး နိုင်ငံကျော်ပုဂ္ဂိုလ် ကြီးများဖြစ်ကြသဖြင့် အလွန်လျော်သင့်မြတ်စွာ လုပ်ဆောင် နိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။ ယင်း ပုဂ္ဂိုလ်များထဲမှ ယနေ့ ဆိုလျှင် ဦးမြဦးခေါ် သန်လျင် မြဦးနှင့် ဒေါ်မေသန်းတို့သာ လျှင် အသက်ထင်ရှားရှိပေတော့သည်။ အချို့ ပုဂ္ဂိုလ်များ ကျန်ရှိပါသေးသည်ဆိုဦးတော့ တစ်ဦးနှစ်ဦးထက် ပိုမိုမရှိနိုင် တော့ချေ။ ရှိမည်လည်း မထင်ပါတော့။ အထက်ပါအစည်း အဝေးများ ကျင်းပခဲ့သမျှ အခမ်းအနားများတွင် ပင်တိုင် မှတ်တမ်းရေးရသူ အဘွင်းရေးမှူးသည် ဦး မြဦး ခေါ် သန်လျင် မြဦးပင် ဖြစ်သည်။

ဖော်ပြပါ စာရင်းတွင် ပါရှိသော ဦးအောင်လှဆိုသူမှာ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ ဦးအောင်လှဖြစ်၍ ၁၂၄၀ ပြည့် နှစ် ဝန်း ကျင် ၌ မွေး ဖွား သူ ဘီး လစ် စာ ရေး ကြီး ဦးအောင်လှ ဆိုသူ မဟုတ်ပါပေ။ ဘီးလစ် စာရေးကြီး ဦးအောင်လှမှာ ထိုအချိန်က ကွယ်လွန်ပြီးခဲ့ ရှာလေပြီ။ ပါမောက္ခ ဦးအောင်လှ သည်လည်း စောင်း ပညာတွင် ထူးချွန်သူတစ်ဦးဖြစ်၍ မဟာဂီတပညာကို ခုံမင်မြတ်နိုးစွာ လေ့လာလိုက်စား ထိန်းသိမ်းခဲ့သူ တစ်ဦးဖြစ်သည်။

= ◁ ▷ =

( ၂၆ )

# တူရိယာဂီတအဖွဲ့ချုပ်

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည် ဦးဆောင်လျက် တူရိယာဂီတအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။ အကြံပေးလှုံ့ဆော်အားပေးသူကား နိုင်ငံကျော်ဒီးဒုတ် ဦးဘချိုကြီးပင်တည်း။

ဥက္ကဋ္ဌအဖြစ် ဒေါ်စောမြအေးကြည်က ဆောင်ရွက်ကာ အတွင်းရေးမှူး အဖြစ် သွက်လက်စွာ ဆောင်ရွက်နိုင်သူမှာ လူငယ်တယောဆရာကလေး ကိုဟန်ဝင်းဖြစ်ပေသည်။

မဟာဂီတပညာရှင် ဂီတမိခင်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တူရိယာဂီတအဖွဲ့ချုပ်တွင် မဟာဂီတပညာရှင်များ သာမက ထိုအချိန်ထိုအခါက ထိပ်တန်းကြေးစား ကာလပေါ်ဂီတပညာရှင် ရွှေပြည်အေး၊ ဒဂုန်ဆရာတင်၊ ဂီတာသောင်း၊ သဟာယ ဆရာတင်၊ ဂျူဘလီစိန်၊ တက္ကသိုလ်စိုး၊ ရန်နိုင်စိန်၊ အောဝမ်း ခင်မောင်၊ စက်ဆန်း ကိုမြမောင် (သွားခေါ်မြမောင်ဟု ချစ်စနိုးခေါ်ကြသည်။)၊ စိန်ဝေလျှံ၊ ဦးညွှ ဘသောင်၊ သထုံဘသိန်း၊ ပြည်ဘချင်၊ စိန်ပေါ်တီ၊ ရွှေမြိုင်

ကြည်၊ ဟသ်ာကြည်စသော ရုပ်ရှင်ဂီတလောကနှင့် ခေတ်ပြား ဂီတလောကမှ ကာလပေါ်သံဆန်း တူရိယာပညာရှင် အများအပြားပင် အဖွဲ့တွင်ပါဝင်ကြပြီး ဂီတလုပ်ငန်းများကိုညီညွတ်စွာ အားကြိုးမာန်တက်ဆောင်ရွက် ခဲ့ကြလေသည်။

နာယက လူကြီးများအဖြစ် ဒီးဒုတ်ဦးဘချိုနှင့် စောင်းဆရာညိမ်းတို့က တာဝန်ယူကြသည်။

၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံခေါင်းဆောင်ကြီးများကျဆုံးသောအခါ ဗျာပနနှင့် အာဇာနည်ဗိမာန်ရန်ပုံငွေအတွက် ဗိုလ်ချုပ်ဆောင်ရွက်ခဲ့သော လွတ်လပ်ရေးလမ်းစဉ် မော်ကွန်းတင်သတင်းကားကိုရန်ကုန်မြို့ရှိရုပ်ရှင်ရုံကြီးများဖြစ်ကြသော သွင်ရုံ၊ ကာဌေးရုံ၊ ကန်တော်ကြီးလဲ့ပေါက်အနီးရှိ ရန်ကုန်ရုပ်ရှင်ရုံနှင့် ကြည့်မြင်တိုင်ရှိ ရွှေတိုင်သိမ်ရိရုံ၊ စုစုပေါင်း ရုံကြီး လေးရုံတို့၌ တစ်နေ့လျှင် ငါးပွဲကျပြသခဲ့သည်။ ထိုစဉ်က ရုပ်ရှင်ပြဇာတ် အစည်းအရုံး (Union of Stage & Screen) ဥက္ကဋ္ဌ ဦးဘင်နွယ်၏ မေတ္တာရပ်ခံချက်အရ တူရိယာဂီတအဖွဲ့ချုပ်မှ ရုပ်ရှင်ရုံလေးရုံတွင် တီးမှုတ်သံဆိုကြမည့် တူရိယာတီးဝိုင်းအဖွဲ့များကို အစည်းအဝေးခေါ်ယူပြီး တာဝန်ခွဲဝေပေးခဲ့သည်။

တူရိယာအဖွဲ့၏ ဥက္ကဋ္ဌ ဒေါ်စောမြအေးကြည်က ရွှေပြည်အေးအား ဥက္ကဋ္ဌအဖြစ်နှင့် ဆပ်ကော်မတီ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်၏။ သွင်ရုံတွင် စက်ဆန်းရုပ်နေ စန္ဒရားကိုမြမောင်ကို ခေါင်းဆောင်စေလျက် အဆိုတော် ဥသြဘသောင်နှင့် ဟသ်ာကြည်တို့ ပါဝင်သောအဖွဲ့က နောက်ခံဇာတ်ပို့ သံဆိုကြ၏။

ကန်တော်ကြီး လှဲပေါက်အနီး ရန်ကုန် ရုပ်ရှင်ရုံတွင် ဗဟန်းနေ စန္ဒရားအောဝမ်း(ကို)ခင်မောင် ခေါင်းဆောင်ကာ အဆိုတော် ပြည်ဘရှင်နှင့် ရွှေမြိုင်ကြည်တို့ အဖွဲ့က တီးကြ ဆိုကြ၏။

ကာဒွေး (ယခု–ကေသွယ်) ရုံတွင် အနောက်ပိုင်းရပ်နေ ဆိုင်းဆရာစန္ဒရားဆရာဘိုကေသောင်းခေါ် စန္ဒရားဘိုသောင်း ခေါင်းဆောင်၍ အဆိုတော် သထုံဘသိန်းနှင့် စိန်ပါတီတို့ အဖွဲ့က တီးကြဆိုကြ၏။ (မူလအစက စိန်ဝေလျံတီးရန် ဖြစ် သော်လည်း နေမကောင်း၍ မတီးဖြစ်ပါ။)

ရွှေတိုင်သီရိရုံတွင် ကြည့်မြင်တိုင်နေ စန္ဒရားလှရွှေ (ယခု စစ်ကိုင်းလှရွှေ) ခေါင်းဆောင်၍ အဆိုတော်မောင်သန်းတင် နှင့် လွတ်လပ်ရေး အောင်သန်းတင်တို့ အဖွဲ့က တီးမှုတ်သီဆို ကြ၏။

ထိုအချိန်က ရုပ်ရှင်စန္ဒရားဆရာတစ်ဦးလျှင် တစ်နေ့တွက် ၁၈ ကျပ်နှုန်း၊ အဆိုတော်တစ်ဦးလျှင် ၁၄ ကျပ်နှုန်းဖြစ်သော် လည်း ဒေါ်စောမြအေးကြည် ၏ စီစဉ်ချက်အရ နိုင်ငံ ခေါင်းဆောင်ကြီးများအတွက် အခမဲ့ဆိုတီးပေးသင့်စေကာ မူ လမ်းစရိတ်နှင့် ထမင်းစရိတ်ဟုဆိုကာ အဆင့်မခွဲစေဘဲ တီးဝိုင်းသားမှန်သမျှ တစ်နေ့လျှင် လေးကျပ်ကျစီ ပေးခဲ့ လေသည်။

ဇာတ်ပွဲတေးများကို ရွှေပြည်အေး၊ သဟာယ ဆရာတင်၊ ဂျူဘလီစိန်၊ ရန်နိုင်စိန်၊ တက္ကသိုလ်စိုးတို့ ရေးစပ်၍ ငိုချင်း ရှည်ကြီးကို ဇာတ်မင်းသားကနက်စိန်က ရေးစီပေးခဲ့သည်။ အခကြေးငွေ တစ်ပြားတစ်ချပ်မျှ မယူခဲ့ကြပေ။

တီးဝိုင်းပညာရှင်များအတွက် ကျသင့်ငွေများကို နေ့စဉ်ညနေ ၆ နာရီခန့်တွင် ဂီတအဖွဲ့ချုပ်မှ ဦးဘသက်၊ ရန်နိုင်စိန်၊ ကံနက်စိန်စသူတို့က ရုပ်ရှင်ရုံအနှံ့ လိုက်၍ရှင်းပေးခဲ့၏။ ဂီတစာဆို ဂီတာသောင်းက တေးသီချင်းရေးစပ်ပေးရန် စီစဉ်ပြီးဖြစ်သော်လည်း မျက်စိကွယ်စပြုလာပြီဖြစ်သဖြင့် ကိုယ်တိုင်မရေးဖွဲ့နိုင်ခြင်းအတွက် မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရှာလေသည်။

ရုပ်ရှင်အစည်းအရုံးနှင့် ဂီတအဖွဲ့ချုပ်တို့ စုပေါင်းရန်ပုံငွေ ကျပ်ငါးသောင်းတိတိ (၅၀၀၀၀) လှူဒါန်းနိုင်ခဲ့ပေသည်။

ဒေါ်စောမြအေးကြည် ဥက္ကဋ္ဌအဖြစ် ရွက်ဆောင်သောတူရိယာအဖွဲ့ချုပ်သည် ၁၉၄၇ ခုနှစ် အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးအနိစ္စ ရောက်ပြီးနောက် ချီးမြှောက် အားပေးသူမဲ့ကာ မှေးမှိန် ကွယ်ပျောက်ခဲ့ရလေသည်။

၁၉၅၆ ခုနှစ်တွင် ဂီတအဖွဲ့ ပြန်လည်ပေါ်ပေါက် လာပြန်၏။ ယင်းအဖွဲ့သည်လည်း ဂီတဝါသနာရှင်များနှင့် ဂီတပညာရှင်တို့ ကိုယ့်အားကိုယ်ကိုးနှင့် ဖွဲ့စည်းဖြစ်ပေါ် လာရသော အဖွဲ့ပင်ဖြစ်၍ စစ်ပြီးစပေါ်ပေါက်ခဲ့ပြီးသော တူရိယာဂီတအဖွဲ့ကဲ့သို့ပင်တည်း။

အဖွဲ့၏ အမည်အပြည့်အစုံမှာ "ပြည်ထောင်စုမြန်မာနိုင်ငံတော်ဂီတ သုခုမသုတေသနအဖွဲ့ချုပ်" ဟူ၏။ တည်ရာဌာနကား အမှတ်(၆၆၆) ကုန်သည်လမ်း၊ ရန်ကုန်မြို့ဖြစ်၏။

အဖွဲ့၏ ရည်ရွယ်ချက်နိဒါန်းတွင် (ယခင်အသုံးအနှုန်းအတိုင်း) "ယဉ်ကျေးသောဗမာလူမျိုးတို့၏ ရှေးဘိုးဘေး

အစဉ်အဆက်မှ ဆင်းသက်ပြန့်ပွားလာသော ဂီတသုခုမ ပညာအမြုတေ အမွေအနှစ်များကို ဂီတနယ်ချစ်နယ်ချစ်လောကမှ ပုဂ္ဂိုလ်များ ခံစားခွင့်ခံစားထိုက်ရှိကြသည် အလျောက် ထိုအကျိုးတရားနှင့်အတူ ဗမာ့သုခုမပညာရပ်များ မတိမ်မြုပ်မပျောက်ပျက်အောင်နှင့် စနစ်တကျ တိုးတက်ပြန့်ပွားလာစေရန် တာဝန်လည်း ကျွန်ုပ်တို့အပေါ် တစ်ပြိုင်တည်း ကျရောက်လာသည်နှင့်အညီ ၁၃၁၈ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်။ ၁၉၅၆ ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ရွှေတိဂုံဘုရားခြေတော်ရင်းရှိ အောင်မင်္ဂလာ ဦးဘရီဇရပ်ကြီး၌ ဂီတနယ်ချစ်လောကမှ ပညာသည်များစုံရုံး ပါဝင်၍ ဂီတလောက လူထုစည်းဝေးပွဲကြီးမှ အများသဘောတူ တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုကြသော မြန်မာနိုင်ငံတော် ဂီတသုခုမသုတေသနအဖွဲ့ချုပ် ဖွဲ့စည်းအောင်မြင်ကြလေပြီ”ဟု တင်ပြခဲ့သည်။

အထက်ပါစာတမ်း၌ ဂီတနယ်ချစ်နယ်ဟူ၍ ဖော်ပြထား၏။ ထိုချစ်နယ်ဆိုသည်မှာ....

(၁) သီချင်းကြီးမဟာဂီတ၊
(၂) ကာလပေါ်ဂီတ၊
(၃) ကာလပေါ်ဂီတစာဆို၊
(၄) ဇာတ်သဘင်၊
(၅) အငြိမ့်သဘင်၊
(၆) ရုပ်သေးသဘင်၊
(၇) ဆိုင်း၊
(၈) ဝါသနာရှင်အပျော်တမ်း၊

စသည်ဖြင့် ဂီတနှင့်ဆက်နွယ်သော အနုပညာနယ်ရှစ်နယ်တို့မှ စုပေါင်းစည်းရုံးပါဝင်ကြလေသည်။

ဦးစီးနာယက လူကြီးများအဖြစ် (၁) ဝဏ္ဏကျော်ထင် ဦးထွန်းရှိန် (ချာတာဘဏ်)၊ (၂) အလင်္ကာကျော်စွာ စောင်းဆရာကြီး ဆရာညိမ်း၊ (၃) အလင်္ကာကျော်စွာ ဦးဟန်ပ၊ (၄) ဝဏ္ဏကျော်ထင် ဦးအောင်မောင်း၊ (၅) ဒေါ်ဒေလီညွန့်၊ (၆) ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည် တို့က တာဝန်ယူကြသည်။

ထိုအချိန်တွင် ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်မှာ မြန်မာပြည် သုတေသနအသင်းကြီးတွင် တာဝန်ယူ ဆောင်ရွက်နေရသူတစ်ဦး ဖြစ်ပြီး ဆရာအတတ်သင်ကျောင်း၌ ဂီတ အနုပညာကထိကအဖြစ်လည်း တာဝန်ယူထမ်းဆောင်နေရသဖြင့် အရေးကြီးလှသော ဂီတသုခုမအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ အဖြစ် ထမ်းရွက်ခြင်းမပြုနိုင်တော့ဘဲ အမှုဆောင် အဖွဲ့ကို ဤသို့ရွေးချယ်ဖွဲ့စည်းခဲ့လေသည်။

ဥက္ကဋ္ဌကြီး—ဦးအောင်လှ (စောင်းပညာရှင် ပါမောက္ခ အမ်အေ (ကင်တပ်ဘ်) အက်ပ်အာချ်အေအက်စ်၊ ဝတ်လုံ တော်ရ)။

ဒုတိယ ဥက္ကဋ္ဌ (၁) သီရိဥက္ကာဝတီ အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်၊ ဘီအေ။

ဒုတိယ ဥက္ကဋ္ဌ (၂) မြန်မာ့ညွန့် ဦးချစ်မောင်။

အတွင်းရေးမှူး—လက်ပံတန်းသခင်ကြီးမြင့် (နောင်အခါ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်)။

တွဲဖက်အတွင်းရေးမှူး (၁) ရာမ ဦးစိုးအောင်။
တွဲဖက်အတွင်းရေးမှူး (၂) သန်လျင် ဦးမြဦး။
ငွေထိန်း —ဒေါ်မေသန်း။
စာရင်းစစ်—ဦးလှဖေ(ယူဘီအေ စာရင်းကိုင်ချုပ်)။
နိုင်ငံခြားဆက်သွယ်ရေးမှူး—ဦးဘခင် (ဝတ်လုံတော်ရ)။
ပြန်ကြားရေးမှူး— ဂီတာ (ဦး) ဗစောကြည်။
စည်းရုံးရေးမှူး—ဦးရွှေဘိုစိန်၊ ဦးချင်း၊ ပြည်သိမ်းဆွေ၊ ဒေါ်တင်စိန်။

အဖွဲ့၏ လှုပ်ရှားမှုများကား အတန်ပင် အောင်မြင်ခဲ့ပေသည်။ လတိုင်း၏နောက်ဆုံးရက်တွင် ဤအဖွဲ့မှ မဟာဂီတ တေးချင်းစုများ အလှည့်ကျလွှင့်ခဲ့ရသည်အထိ နိုင်ငံတော် အသံလွှင့်ဌာနမှ အခွင့်အရေးပေးခဲ့၏။ စောင်းအများဆုံး ဒိုင်ခံ၍ တီးခဲ့သူကား အတွင်းရေးမှူး သခင်ကြီးမြင့် ပေတည်း။

အဖွဲ့၏ နာယကကြီး စောင်းဆရာညိမ်းနှင့် ဒုတိယ ဥက္ကဋ္ဌ (၂) မြန်မာ့သည့် ဦးချစ်မောင်တို့ ၁၉၅၈ ခုနှစ်အတွင်း ကွယ်လွန်အနိစ္စရောက်စဉ်က မြန်မာ့အသံမှ ယင်းဆရာကြီး များအား အထူးဂုဏ်ပြုအစီအစဉ်များ ကျင်းပခဲ့ရာ အဖွဲ့ဝင် မဟာဂီတပညာရှင်များ၊ ကာလပေါ် ဂီတ ပညာရှင်များ၊ ဂီတ စာဆိုကျော်များနှင့် ဇာတ်သဘင် ပညာရှင် များ စုပေါင်းပါဝင် အသံလွှင့်ခဲ့ကြသည်။

ဤအဖွဲ့၏ ရည်ရွယ်ချက် ၁၄ ချက်မှာ ဤသို့ဖြစ်သည်။ (ယခင်ဖော်ပြချက်အတိုင်း)

(၁) မည်သည့်မြို့ရွာရပ်ကွက်တွင်မဆိုအဖွဲ့ဝင်အချင်းချင်း ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်ခြင်း ရှိကြစေရန်။

(၂) ဂီတသုခုမအဖွဲ့ဝင်တို့၏ ပညာရပ်များ စင်ကြယ် သန့်ရှင်းတိုးတက်ပြန့်ပွား ပြည့်ဝမှုတို့ကို အားပေးရန်။

(၃) စာရိတ္တပြုပြင်ရေး၊စိတ်ဓာတ်ပြုပြင်ရေးအစရှိသော လူမျိုးနှင့်တိုင်းပြည် တည်တံ့ခိုင်မြဲ ကြီးပွားရေးတို့ကို ဂီတ သုခုမပညာရပ်များဖြင့် အားပေးမြှင့်တင်ရန်။

(၄) ဂီတသုခုမ ပညာသည်တို့၏ဘဝနှင့် ပညာအဆင့် အတန်း အဘက်ဘက်မှတိုးတက်ရေးကို ဆောင်ရွက်ရန်။

(၅) မြန်မာ့ဂီတကို ကမ္ဘာသုံး တူရိယာသင်္ကေတတို့ဖြင့် မူမှန်ကို ရှေးရှု၍ မူတင်ညှိနှိုင်းခြင်း၊ အသံသွင်းယူထားခြင်း လုပ်ငန်းတို့ကို အားပေးလုပ်ကိုင်ရန်။

(၆) မြန်မာ့ရှေးရိုး တူရိယာဆိုင်ရာ ကိရိယာပစ္စည်းနှင့် ရှေးအကများကို ပြန်လည်ထုတ်ဖော်ခြင်းကို အားပေးရန်။

(၇) ခေတ်မီ တူရိယာပစ္စည်းများကို တီထွင်ထုတ်လုပ် သော တိုင်းရင်းသား လုပ်ငန်းများကို ကူညီအားပေးရန်။

(၈) မြန်မာ့ တူရိယာဆိုင်ရာ သုခုမပညာ ရပ်များကို ကမ္ဘာသို့ပြန့်ချိနိုင်ရန်။

(၉) ဂီတ သုခုမနှင့် ပတ်သက်သော ပညာရပ်များကို ရှာဖွေဆည်းပူးသုသေသနပြုရန်။

(၁၀) ဂီတသုခုမဆိုင်ရာပညာနှင့် ကြီးပွားရေးအကျိုး ခံစားခွင့်များ၊ တိုးတက်ရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရများ၊ အသင်းအဖွဲ့များ ပုဂ္ဂိုလ်ကြီးများ၊ နိုင်ငံခြားများနှင့်သော် လည်းကောင်း ဆက်သံဆောင်ရွက်နိုင်ရန်။

(၁၁) ဂီတသုခုမဆိုင်ရာတို့တွင် တွေ့ကြုံလျက် တွေ့ကြုံမည့်အခက်အခဲများကို ပြေပြစ်အောင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်။

(၁၂) ဂီတသုခုမ ပညာရပ်များ တိုးတက် ဖွံ့ဖြိုးရေးကို ရှေးရှု၍ ပြည်တွင်းပြည်ပ ဂီတသုခုမဖလှယ်ပွဲများ၊ ဟောပြောပွဲများ၊ သီဆိုကခုန်၊ တီးမှုတ်ပွဲများနှင့် ဂီတသုခုမ လူထုဆွေးနွေးပွဲများကို အခါအားလျော်စွာ တတ်နိုင်သမျှ စီစဉ်ပေးရန်။

(၁၃) တူရိယာနှင့်သက်ဆိုင်သော လုပ်ငန်းအရပ်ရပ်တို့တွင် ပညာဗဟုသုတ တိုးတက်ရေးအတွက် နိုင်ငံခြားများသို့ လေ့လာရေးအဖွဲ့များ၊ ချစ်ကြည်ရေး မိတ်ဆက်အဖွဲ့များနှင့် ပညာတော်သင်များ စေလွှတ်ရေးအပြင် တိုင်းတစ်ပါးမှ အလားတူရောက်ရှိလာသောအဖွဲ့များ၊ သို့မဟုတ်အဖွဲ့ဝင်များ တို့ကို လိုအပ်သလိုကူညီဆောင်ရွက်ရန်။

(၁၄) အဖွဲ့ချုပ်ကြီး၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ရန် သော်လည်းကောင်း၊ ကြီးပွား တိုးတက်ရန် သော်လည်းကောင်း၊ အဖွဲ့ဝင်များ၏သာရေး၊ နာရေးကိစ္စများတွင်သော်လည်းကောင်း၊ အရေးပေါ် ဖြစ်ပေါ်လာသည့် ကိစ္စများတွင် သော်လည်းကောင်း ဆောင်ရွက်ရန်ဟူသမျှတို့ကိုအမှုဆောင်အဖွဲ့၏စိမံ ညွှန်ကြား ချက်များအတိုင်း လိုအပ်သလိုဆောင်ရွက်ရန်။

အဖွဲ့၏ အထက်ပါ ရည်ရွယ်ချက်များမှာ ထိုခေတ်ထိုအချိန် အတိုင်းအတာရဆိုလျှင် လွန်စွာမင် ပြည့်စုံကြွယ်ဝ

ကြောင်း သိရှိနိုင်ပေသည်။ ထိုရည်ရွယ်ချက်များကို မြန်မာဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့်လည်းဖော်ပြခဲ့လေသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြခြင်းမှာ မရှင်းလင်းသောအချက်များ အသုံးအနှုန်းများရှိခဲ့သော် တစ်ဘာသာနှင့်တစ်ဘာသာ ညှိနှိုင်းရှင်းလင်းနိုင်ရန်ဖြစ်သည်။

ဤအဖွဲ့ကြီး၏ အင်အားမှာ အတော်ပင် တောင့်တင်းသည်။ အနုပညာဘက်စုံမှ ပါဝင်ကြသည်။ လှုပ်ရှားမှုလည်း အကောင်အထည် ပေါ်သင့်သလောက် ပေါ်ခဲ့သော်လည်း ၁၉၅၆ မှစတင်ဖွဲ့စည်း တည်ထောင်ခဲ့သော ယင်းဂီတအဖွဲ့မှာ ၁၉၅၉ ခုနှစ်အတွင်းတွင် အခြေအနေအရပ်ရပ် တို့ကြောင့် ပျက်စီးတိမ်မြုပ်ပျောက်ကွယ်သွားခဲ့လေသည်။ အချိန်ကာလ တိုတောင်းလှသဖြင့် လုပ်ဆောင်သင့်သမျှသော ဂီတကိစ္စအဝဝတို့ကို မရွက်ဆောင်နိုင်ခဲ့ပါပေ။

( ၂၇ )

# စစ်ပြီးခေတ်မဟာဂီတကျမ်းများ

မြန်မာဘုရင် ရွှေလက်ထက်တော်ထွက် မြန်မာ့တေးဂီတ သီချင်းစုအသီးသီးတို့ကို စုဆောင်းသုတ်သင် ပုံနှိပ်ရိုက်ထုတ်ခဲ့သော ကျမ်းများအနက် ခရစ်နှစ် ၁၈၈၁ ခုနှစ် အတွင်း ပေါ်ထွက်ခဲ့သည့်ကျမ်းမှာ ရွှေနေကြီးဦးရောက် စီစဉ်သော မဟာဂီတ မေဒနီကျမ်းဖြစ်သည်၊ အစောဆုံးသော ပုံနှိပ်မူ မဟာဂီတကျမ်းပင်တည်း။

ထို့နောက် မဟာဂီတကျမ်းအသီးသီး ပုံနှိပ်ထွက်ပေါ်လာပြီးနောက် ဒုတိယ ကမ္ဘာစစ်အတွင်း၌ ဂီတကျမ်းများ ထပ်မံမထွက်လာတော့ဘဲ ရပ်ဆိုင်းသွားခဲ့လေသည်။

မြန်မာသီချင်းကြီးအစုစုတို့အား မဟာဂီတဟု ကင်ပွန်းခဲ့သော မဟာဂီတ မေဒနီကျမ်းမှ အစပြု၍ နောင်ထွက်လာသမျှဂီတကျမ်းများကို ပြည်သူအများကပင် မဟာဂီတဟု လက်ခံခေါ်ဆို သကဲ့သို့ပင် သီချင်းကြီးအရပ်ရပ်တို့ကိုလည်း တညီတညွတ် တည်းပင် မဟာဂီတသီချင်းများ ဟူ၍လည်း

ကောင်း၊ သီချင်းကြီးလိုက်စားသူပညာရှင်များအားလည်း မဟာဂီတပညာရှင်များဟူ၍လည်းကောင်း ခေါ်ဆိုအမှတ်သညာပြုခဲ့သည်မှာ နှစ်ပေါင်း အတွန့်ရှည် ကြာခဲ့လေပြီ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် လွတ်လပ်သောနိုင်ငံတော်အဖြစ် ခံ့ခံ့သည်ထည် ရပ်တည်သာနိုင်သောအခါ လက်ဟောင်းမဟာဂီတကျမ်းကြီးအချို့မှာလည်း အထပ်ထပ်ရိုက်နှိပ် ထုတ်ဝေလာနိုင်ကြပေသည်။ ဦးပုံးချို၏ မဟာဂီတကျမ်းနှင့်ဂီတဝိသောဓနီကျမ်းတို့ပင်တည်း။ သည့်နောက်ဦးစွာပထမ အသစ်ရိုက်နှိပ် ထုတ်ဝေသောကျမ်းမှာ နိုင်ငံတော်အတွင်းရှိ ပညာကျော်များ ပြုစုလျက် သီးသီး သန့်သန့်ထွက်ပေါ်လာသော “နိုင်ငံတော်မူ မဟာဂီတ ”ဖြစ်သည်။

၁၉၅၂ ခုနှစ် စတင်ဖွင့်လှစ်သော ရန်ကုန်မြို့၊ အနုပညာပန်းချာကျောင်းကြီး ပေါ်ပေါက်လာပြီး၊ ၁၉၅၃ နှစ်တွင် ပန်းချာမူမှန်ပြုစုရေးအဖွဲ့ကြီး ဖွဲ့စည်းကာ နိုင်ငံတော်မူ မဟာဂီတပထမတွဲအဖြစ် ၁၉၅၄ ခုနှစ်တွင် စတင်ပုံနှိပ် ဖြန့်ချိရောင်းချနိုင်ခဲ့သည်။

ယင်းပထမတွဲကို ၂၅ ပြားနှင့် ရောင်းချသည့်သတင်းထွက်လာသောအခါ ဂီတပညာရှင်နှင့် ဝါသနာရှင်များအထူးအံ့သြဝမ်းမြောက်ကြလေသည်။အံ့သြခြင်းမှာ ဈေးနှုန်းသက်သာလှသည့်အတွက်ဖြစ်၍ ဝမ်းမြောက်ခြင်းမှာ ဤသို့ဈေးနှုန်း. သက်သက် သာသာ နှင့် ရောင်းချခြင်း အတွက်အများပြည်သူတို့ လွယ်လင့်တကူ ဝယ်ယူနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။စာအုပ်အရွယ်မှာ ၉ ၃/၄ လက်မ၊ ၆လက်မအရွယ်ဖြစ်၍ သီချင်းပုဒ်ရေ ဂ၄ ပုဒ်ပါရှိကာ စာမျက်နှာ ၂၅(နိ ဒါန်းနှင့်

မာတိကာအလွတ်)နှင့် ရိုက်ထားသည်။ ဤပထမဘွဲ့မှ သီချင်းများမှာ တိုတောင်းလှသဖြင့် စာမျက်နှာ ၂၅ မျက်နှာခန့်နှင့် ပြီးပြည့်စုံလျက် ပွဲဦး ထွက်အဖြစ် ၂၅ပြားနှင့်ရောင်းချနိုင်ခြင်း ဖြစ်ပေသည်။

ပထမဘွဲ့၏ နိဒါန်း၌ မူနှင့်ပတ်သက်ပြီး ရေးသားထားသောကောက်နုတ်ချက်ကို ဖော်ပြလိုက်ရပေသည်၊

"သီချင်းတစ်ပုဒ်ကို မူမှန်ပြုလုပ်ရာတွင် စာမူနှင့် သီဆိုတီးမှုတ်မှု မူဟူ၍ နှစ်ပိုင်းခွဲခြားထားလေသည်၊ သီချင်းစာမူများနှင့်စပ်လျဉ်း၍ ကိုးကားသောကျမ်းများ၌ မူကွဲစာသားအမျိုးမျိုးရှိသည်တို့ကို တစ်ပိုဒ်စီသေချာစွာ တိုက်ဆိုင်စစ်ဆေး၍ စဉ်းစားဆွေးနွေးပြီးမှသာလျှင် ယုတ္တိအရှိဆုံးဟု ယူဆရသည့် စာမူများကို ရွေးချယ်အတည် ပြုလေသည်။ စာမူကွဲများမှ အသင့်တော်ဆုံးဟု ယူဆရသော စာသားများကို ရွေးချယ်အတည်ပြုသည့် အခါတိုင်းလည်း သီဆိုတီးမှုတ်ရာတွင် အဆင်ပြေမှုရှိ မရှိကို ကျွမ်းကျင်သူအဖွဲ့ဝင် ပန်တျာပညာသည်ကြီးများနှင့် တိုင် ပင် ဆွေး နွေး ခြင်း ကို ပြုခဲ့လေသည်။ ပိုမိုခိုင်လုံသော အထောက်အထားများကို ထပ်မံရှာဖွေပြီးမှ ယတိပြတ်အဆုံးအဖြတ်ပေးလိုသော အချို့စာသားများကိုလည်း မန္တလေးမြို့တွင် ကျန်ရှိနေသော ရန်ုင်သမျှ နန်းတွင်းပေမူ၊ ပုရပိုက်များနှင့် သွားရောက်တိုက်ဆိုင်ပြီးမှသာလျှင် အဖွဲ့ကဆုံးဖြတ်အတည် ပြုခဲ့လေသည်။ သီချင်းစာသားမူမှန်ပြုလုပ်ပြီး သီချင်းတစ်ပုဒ်ကို သီဆိုတီးမှုတ်ပြုလုပ်ရာ၌ (၁)သံကျ၊ (၂)စည်းဝါး၊ (၃)အတော၊ (၄)အပိုက်ပြန်၊ (၅)တီးကွက်၊ (၆)အဆိုအားဖြင့် အပိုင်း(၆)ပိုင်း ခွဲခြား

သား၍ စိစစ်ရွေးချယ်အတည်ပြုခဲ့ပါသဖြင့် ဤသို့ အတည်ပြုပြီး အပိုဒ်ပြန်များကို သီချင်းများတွင် ကွင်းပိတ်၍ ဂဏန်းများဖြင့် ဖော်ပြထားပါသည်။ အဖွဲ့မှဆုံးဖြတ်ချက်အရ အချို့ဖော်ပြသင့်သော စာမူကွဲများကိုလည်း သက်ဆိုင်ရာ သီချင်းများအောက်တွင် ဖော်ပြထားပါသည်။

နိဒါန်းတွင် ဤသို့ရေးသားချက်အရ၊ ၁၉၅၃ ခုနှစ်တွင် စတင်ဖွဲ့စည်းလိုက်သော သက်ရှိထင်ရှားရှိသေးသမျှ ရှေးမီ မဟာပညာကျော်ကြီးများ၏ သဘောတူစိတ်တူ ပြဋ္ဌာန်းလိုက်သော မူစင်စစ်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ဤနိုင်ငံတော်မူ မဟာဂီတ ထွက်သာသော အချိန်နှင့် တစ်ပြိုင်တည်းလိုလိုပင် ဂီတမိခင်ကြီး ဒေါ်စောမြအေး ကြည်၏မဟာဂီတသင်ခန်းစာအမည်ဖြင့် တေးသံရှင်မခင်မြင့် ကလေး၊တင်တင်မြ၊ သင်းသင်း၊ ဝင်းဝင်းဝါ၊ ကိုဌေးအောင် သူတို့ပါဝင်ကာ ရေဒီယိုအသံလွှင့်ဌာနမှ အပတ်စဉ် အသံလွှင့်ခဲ့သည်မှာလည်း အလွန်မှန်မြတ်သော မဟာဂီတလုပ်ရပ် တစ်ခုဖြစ်ပေသည်၊ လုပ်သင့်လုပ်ထိုက်သော အချက်လည်း ဖြစ်သည်။

နိုင်ငံတော်မူ မဟာဂီတဒုတိယတွဲကို ၁၉၅၆ ခုနှစ်တွင် ရိုက်နှိပ်ပြီး ၁၉၅၇ ခုနှစ်တွင် ဖြန့်ချိ ရောင်း ချ ခဲ့ သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဝန်ကြီး ဌာနက တာဝန်ယူကာ နိုင်ငံတော်အစိုးရ ပုံနှိပ်ရေးနှင့်စာရေး ကိရိယာဌာန ရန်ကုန်မြို့မှ ပုံနှိပ်ထုတ်ဝေခဲ့ရာ၊ ပထမတွဲမှာ ပါရှိသကဲ့သို့ ရောင်းဈေးနှုန်းကို ဖော်ပြခြင်း မပြု ထား သော်လည်း ကျွန်ုပ်မှတ်မိသရွေ့မှာ တစ်အုပ်လျှင် ၄၅ ပြား

ဖြစ်သည်၊ နိဒါန်းနှင့် မာတိကာအလွတ် စာမျက်နှာ ၁၈ မျက်နှာပါရှိ၍ သီချင်းပုဒ်ရေ ၃၈ ပုဒ်ဖော်ပြထားလေသည်။ အရွယ်မှာ ပထမတွဲနှင့် တညီတည်းပင်တည်း။

ကြိုးသီချင်း ၁၂ ပုဒ်၊ ဘွဲ့သီချင်း ၄ ပုဒ်၊ သီချင်းခံ ၁ ပုဒ်၊ ပတ်ပျိုး ၇ ပုဒ်၊ ယိုးဒယား ၇ ပုဒ်၊ မွန်တစ်ပုဒ်၊ ရှေးခေတ်ဘောလယ်၊ အလယ်ခေတ်ဘောလယ်၊ နောက်ဆုံးခေတ်ဘောလယ်၊ တေးထပ်၊ ရှစ်ဆယ်ပေါ်နှင့် လူးတားတစ်ပုဒ်တို့ ပါရှိသည်။

စာမျက်နှာ ၂၀ ရှိသော နိုင်ငံတော်မှူ မဟာဂီတ တတိယတွဲကို ၁၉၆၁ ခုနှစ်တွင် ရိုက်နှိပ်ကာ ၁၉၅၁ နှစ်မှာပင် ဖြန့်ချိခဲ့လေသည်။ ယင်းအတွဲ၌ ကြိုး ၆ ပုဒ်၊ သီချင်းခံ ၆ ပုဒ်၊ ပတ်ပျိုး ၂၃ပုဒ်၊ယိုးဒယား ၁၂ ပုဒ် စုစုပေါင်း သီချင်း ၄၇ ပုဒ်တို့ ပါရှိလေသည်။ အရွယ်မှာ ယခင်ပုံစံအတိုင်းဖြစ်၏။ ရောင်းဈေးမှာ ပြား ၅၀ ခန့်သာရှိသည်။

၁၉၆၉ ခုနှစ်တွင် ပထမတွဲ၊ ဒုတိယတွဲနှင့် တတိယတွဲတို့ စုပေါင်း၍ တစ်ပေါင်းတည်း တစ်အုပ်တည်း ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ရာ သီချင်းပေါင်း ၁၇၃ ပါရှိလျက် စာမျက်နှာ ၉၆ မျက်နှာရှိပြီး၊ ယင်းပထမပုံနှိပ်ခြင်းကိုတစ်အုပ်လျှင်တစ်ကျပ် (၁)နှင့် ရောင်းချခဲ့သည်။ ယနေ့တိုင် နိုင်ငံတော်မှူ မဟာဂီတသုံးအုပ်တွဲကိုသာလျှင် အများတကာတို့ လက်ကိုင်ပြုသုံးစွဲနေကြသည်။ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ စသောသီးခြားအတွဲငယ်စာအုပ်ကလေးများမှာ ယနေ့ ပျောက်ဆုံးသလောက် ရှိနေပေပြီ။ သုံးတွဲပေါင်း ပေါ်လာပြီးနောက် မူလလုံးချင်းအတွဲငယ်ကလေးမှာ မလိုအပ်တော့ဟု ယူဆကြဟန်တူပေသည်။

ရှေးယခင်က ထုတ်ဖြန့်ခဲ့သော ဦးပုံးချို မဟာဂီတ၊ ဒီးဒုတ် ဦးဘချို သုတ်သင်တည်းဖြတ်သော ဂီတဝိသောဓနီကျမ်းကဲ့သို့ ပုဂ္ဂလိကထုတ် မဟာဂီတကျမ်းသစ်များလည်း သည်မှာဘက်ခေတ်တွင် အသီးသီးပေါ်ထွက်လာကြပြန်သည်။

အစောဆုံးကျမ်းမှာ ဗေလုဝ ဆရာတင်ပြုစုသော ဂီတလင်္ကာရဒီပနီ ခေါ် ဂီတသိပ္ပံ အခြေခံကျမ်းဖြစ်၏။ ပထမအကြိမ် (၂၅) နှစ်မြောက် ငွေရတုသဘင် စာဆိုတော်နေ့ ၁၃၃၀ ပြည့်၊ နတ်တော်လဆန်း ၁ ရက်၊ ၁၉၆၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်ရိုက်နှိပ်ပြီး ဒုတိယအကြိမ် ထပ်မံထုတ်ဝေရာတွင် ပိုမိုခိုင်ခံ့သော ခန့်ချုပ်နှင့် စာမျက်နှာ ၅၂၄ မျက်နှာရှိ၍ စက္ကူချောဖြင့် အုပ်ရေ ၅၀၀ ရိုက်နှိပ်ပြီး တစ်အုပ်လျှင် ၂၅ ကျပ်နှင့်ရောင်းချခဲ့သည်။ သတင်းစာစက္ကူဖြင့် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ကာ တစ်အုပ်လျှင် (၂၀) နှင့် ရောင်းချခဲ့သည်။

ထုတ်ဝေသူအဖြစ် ဒေါ်လှခင် (၀၆၅၄)၊ ထွန်းထွန်းမြန် မာ စာ ပေ မြှင့် တင် ထုတ် ဝေ ရောင်း ချ ရေး ဌာန၊ ကန်တော်ကလေး၊ (ဂ၇) လမ်းဟု ဖော်ပြထားပြီး ဦးသန်းမောင် (၀၇၉၄) ဣစ္ဆာသယပိဋကတ် ပုံနှိပ်တိုက်၊ အမှတ် (၁၁၃၊) ၂၃ လမ်း၊ ရန်ကုန်တွင် ပုံနှိပ်သည်ဟု ပါရှိသည်။ မောင်ထော်လေးလမ်း (ယနေ့ဗိုလ်ဆွန်ပက်)၊ အမှတ် ၂၁၄ ဦးမြအုန်း ပညာအလင်းပြစာအုပ်ဆိုင်မှ ဖြန့်ချိခဲ့ပြီး စာရေးဆရာလှသမိန်တည်းဖြတ်သည်ဟူ၍ ဖော်ပြထားသည်။

ဝစနာလာရနှင့် သောတာလင်္ကာရတို့ မည်သို့မည်ပုံကွာခြားကြောင်းအပြင် ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ ချောင်းသာချင်းဟူ၍ အဘယ့်ကြောင့် ခေါ်တွင် ပုံနှင့် ကြိုးဘွဲ့၊ သီချင်းခံ့၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်ဘောလယ်၊ တေးထပ်စသည်တို့၏ အကြောင်းခြင်းရာရှင်းလင်းချက်များကို ကျမ်းအဖွင့်တွင် ဦးစွာဖော်ပြပြီးနောက် မြန်မာသံစဉ်ခုနစ်ပါးကိုလည်း ပုံစံနှင့်တကွ တသီးတသန့် တင်ပြထားသည်ကို တွေ့ရှိရ၏။ ဤကျမ်း၏ သီချင်းခံ့ကဏ္ဍတွင် သီချင်းခံ့ဟု မခေါ်ဆိုဘဲ သီချင်းခံဟူ၍တင်ပြလျက် သီချင်းခံနှင့် သီချင်းခံ့တို့ မည် သို့ ကွာ ခြား ကြောင်း ကို ဖွင့်ဆို ခြင်း မပြုပါဘဲ ကျမ်းပြုသူက မိမိနှစ်သက်သလို လိမ္မာပါးနပ်စွာ တင်ပြအသုံးပြုထားသည်ကို တွေ့ရပေသည်။

မည်သည့်မဟာဂီတ ကျမ်းများတွင်မျှ မပါရှိသော လှည်းတန်း ဦးလူကလေး (၁၂၃၄-၁၂၉၁) ရေးဖွဲ့သော "အများနော်ပျော်ရှင်စရာ" နှင့် "ခေါင်မဟောတည်ထွန်း" သံဆန်းတေးနှစ်ပုဒ်ကို စာမျက်နှာ ၄၁၄ နှင့် ၄၀၅ တို့၌ ဖော်ပြထားပြီး စာမျက်နှာ ၃၆၀ ၌ မည်သည့် မဟာဂီတကျမ်းတွင်မျှ ဖော်ပြလေ့မရှိသော "ရပ်ကြီးသူတို့" အစချီ နောက်ပိုင်းခေတ်ပေါ် ယိုးဒယားသံဆန်းလည်း ပါရှိလာပေသည်။ ထိုရပ်ကြီးသူတို့မှာ ယနေ့မဟာဂီတ နယ်ပယ်ဘွင် အခန့်သားတည်ရှိနေပေပြီ။

သို့သော် ရပ်ကြီးသူတို့၏ လက်ရာရှင်ကို "တရုတ်ဦးလူကလေး" ဟု ရေးသားတင်ပြချက်ကိုမူ အနည်းငယ် ရှင်းလင်းလိုပေသည်။

ရှေးအခါက ဦးလူကလေး သုံးဦးရှိခဲ့၏။ အရွယ်အကြီးဆုံး ဦးလူကလေးဘည် လှည်းတန်း ဦးလူကလေး ဖြစ်၍၊ ၁၂၃၄ ခုဖွားဖြစ်သည်။ မင်းသားကြီးဦးစိန်ကတုံး၊ ဦးအောင်ဗလ၊ ဦးဖိုးစိန်တို့၏ ပင်တိုင်သီချင်းရေးစပ်သူဖြစ်၍ ကာလသံဆန်းတေးများကို အများဆုံးဒိုင်ခံရေးစပ်ခဲ့ရာမှ "သံဆန်းဦးလူကလေး" ဟု အလွန်ကျော်ကြားခဲ့သူဖြစ်၏။ သို့သော်မျက်စိနှစ်ကွင်း အလင်းမရရှာသဖြင့် ဆရာကြီးနှုတ်မှရွတ်ဆိုသမျှစာသားကို လိုက်၍အမှီရေးကြရပြီး သီချင်းတီးလုံးတီးကွက်ကို ကိုယ်ဘိုင်ပတ္တလားတီးပြ တက်ပေးလေ့ရှိ၏။ မဟာဂီတသီချင်းစုနှင့် သံဆန်းတေးများကို ကိုယ်တိုင်ကျနစွာသီဆိုလေ့ရှိသဖြင့် အဆိုပိုင်းတွင်လည်း ကျော်ကြားလှပေသည်။

ဒုတိယ ဦးလူကလေးမှာ ပြည်မြို့ဇာတိဖြစ်၍ မြန်မာအဆွေသူဌေးကြီး ဦးဘည္ဆန့်နှင့် သွေးချင်းတော်စပ်သည်။ ဖွားသက္ကရာဇ်မှာ ၁၂၄၄ ခု ဖြစ်သဖြင့် လှည်းတန်း ဦးလူကလေးထက် ၁၀ နှစ်ငယ်ပြီးမင်းသားကြီး ဦးဖိုးစိန်၊ ဆိုင်းဆရာကြီး စိန်ဗေဒါတို့နှင့် သက်တူရွယ်တူဖြစ်သည်။ စန္ဒရားအတီးကောင်းသူတစ်ဦးဖြစ်သဖြင့် စန္ဒရား ဦးလူကလေးဟုကျော်ကြားပြီး မြန်မာ့ရုပ်ရှင် ပေါ်ဦးစအချိန်တွင် ရန်ကုန်သို့လာရောက်ကာ တီးဝိုင်းခေါင်းဆောင်အဖြစ်နှင့် မြန်မာအဆွေ၏ အသံတိတ် ရုပ်ရှင်များကို နောက်ခံတီးပေးခဲ့သူဖြစ်သည် သို့သော် သီချင်းရေးခြင်း မရှိခဲ့ချေ။

တတိယဦးလူကလေးသည် ကြည့်မြင်တိုင်တွင် အမြဲတမ်းနေထိုင်သူ ဖြစ်သည်။ ရုပ်ရည်ခံ့ညားပြီး အနေအထိုင်ရိုးသားလှ၏။ ပွင့်ရိုက်ခေါင်းပေါင်းကို မချွတ်တမ်းပေါင်း

ထားတတ်လျက် ဘန်ကောက်လုံချည်ကိုသာ အချိန်မရွေး ဝတ်ဆင်လေ့ရှိ၏။ မဟာဂီတအဆိုကျော် ဦးအလီနှင့် ရွယ်တူ ခန့် ပင် ရှိ မည် ဟု ယူ ဆ ရ သော် လည်း ကြည့် မြင် တိုင် မှ မဟာဂီတ တယောဆရာညီနောင်နှစ်ဦးဖြစ်သော ဦးယုပိနှင့် ဦးယုဖွယ်တို့ကမူ "ကိုအလီထက်ကြီးတယ်" ဟု မှန်းဆိုခဲ့ဖူး သည်။ ဦးယုပိ ဦးယုဖွယ်တို့နှင့် အမြဲတမ်းတွဲလေ့ရှိသဖြင့် တရုတ်ဦးလူကလေးဟု ခေါ်ဆိုသလားမသိချေ။ ပင်ကိုရုပ် ရည်မှာ တရုတ်နှင့် လုံးဝမတူဘဲ အလွန်ဗမာပီသလှသော ရုပ် ဆင်းပိုင် ရှင် ဖြစ် သည်။ အ ဆို တော် ဦး အ လီ သည် ၁၂၅၇ ခုဖွားဖြစ်သဖြင့် ဤဦးလူကလေးသည် ဦးအလီနှင့် ရွယ်တူဖြစ်စေ၊ အနည်းငယ်ကြီးသည်ဖြစ်စေ ခန့်မှန်းခြေ အားဖြင့် အလွန်ဆုံး ၁၂၅၅ ခုဖွားထက် မစောနိုင်ပေ။

ကိုလံဘီယာ ဓာတ်ပြားပေါ်ဦးစတွင် ဦးလူကလေး သီဆိုသော မဟာဂီတ သီချင်းများ အတော်ထွက်ခဲ့ဖူးသည်။ ရုပ်ကြီးသူတို့ ယိုးဒယားသံဆန်းဓာတ်ပြားကို ဦးလူကလေး သီဆို၍ စန္ဒရားချန်ပီယံ မောင်ကျော်နှင့် တွဲဖက်သတ် ဝေခဲ့ရာမှ ရုပ် ကြီး သူ တို့ တေး သည် အ လွန် လူ သိ များ ကျော်ကြားခဲ့လေသည်။

ကိုလူကလေးဆို ချန်ပီယံမောင်ကျော် စန္ဒရားနှင့်ရုပ်ကြီး သူတို့အစချီ နန်းသိမ်းယိုးဒယား၊ ဓာတ်ပြားနံပါတ်အာရ်အီး ၂၂၂ ဟု ကြေညာခဲ့၏။ အမှန်စင်စစ် ရုပ်ကြီးသူတို့သည် နန်းသိမ်းယိုးဒယား မဟုတ်ပါချေ။ နန်းသိမ်းယိုးဒယား တေးသွားအလိုက်ကို မှီးထားသော တေးများသာဖြစ်သည်။ တရုတ်ဦးလူကလေးသည် သက်ဆိုးမရှည်ခဲ့ပါချေ။ ဒုတိယ

ကမ္ဘာစစ်မတိုင်မီ အသက် ၄၀ ကျော်မျှတွင် ကွယ်လွန်ခဲ့ ရှာပေသည်။

ဂီတလက်ာရကျမ်း၌ ဖော်ပြသကဲ့သို့ ဤတေးကို သီဆိုသူ တရုတ်ဦးလူကလေး ရေးစပ်ခြင်းလည်း မဟုတ် ပါပေ။ ဒေါ်စောမြအေးကြည်၊ ဒေလီညွန့်၊ ဒေါ်အောင် ကြည်စသော ရှေးမီအဆိုတော်ကြီးများကလည်း မည်သူ ရေးဖွဲ့ကြောင်းကို အတပ်မပြောနိုင်ကြပါလေ။ လှည်းတန်း ဦးလူကလေး ရေးစပ်ခြင်းကား လုံးဝမဟုတ်ပါပေ။

လှည်းတန်းဦးလူကလေး၏ သားအကြီးဆုံးဖြစ်သူ အသံ တိတ်ရုပ်ရှင် ဇာတ်ပို့နောက်ခံ အဆိုကျော် ဦးသိမ်းမောင် (၁၂၆၃–၁၃၀၁) နှင့် ရုပ်ရှင်အတူ တီးဆိုကြစဉ်က ကျွန်ုပ် မေးမြန်း ကြည့်ဖူးရာ "ရပ်ကြီးသူတို့" က အဖေ ရေးတာ မဟုတ်ဘူးဟု ပြောခဲ့ဖူးသည်။

ဆိုင်းဆရာကြီး အလက်ာကျော်စွာ ဦးဟန်ပကမူ "ရပ်ကြီး သူတို့ကိုရေးတာ ရာပြတ် ကိုမောင်ကလေး ဖြစ်မှာပဲ" ဟု မှိန့်ဆိုခဲ့ဖူး၏။ ယူဆဖွယ်ရှိပေသည်။ ရှေးရေးတေးများအနက် ရာပြတ် ဦးမောင်ကလေး တေးများကားရေတွက်မကုန်နိုင် အောင် များပြားလှပေ၏။ ယနေ့ မဟာဂီတ ကျမ်းဝင် "စိန်ချယ်ဖြာရောင်လင်း" အစခံ ကြိုးသီချင်းသည် ရာပြတ် ဦးမောင်ကလေး၏ လက်ရာပင်တည်း။

မည်သို့ပင်ရှိစေ ဗေလုဝ ဆရာတင်၏ ဂီတလက်ာရဒီပနီ ခေါ် ဂီတသိပ္ပံအခြေခံကျမ်းသည် ကောင်းမွန်သေသပ်၏။ ရှင်းလင်းချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုပြနိုင်သော ကျမ်းမြတ် တစ်ဆူဖြစ်၏။ ဒုတိယအကြိမ် ထပ်မံပုံနှိပ်ရိုက်ထုတ်ခဲ့ရလောက်

အောင် လူသိများသော မဟာဂီတကျမ်းသစ်ကြီး တစ်ဆူ ဖြစ်ပေ၏။

၁၉၆၇ ခုနှစ်အဘွင်း "မြဝတီစာစုနှင့်သီချင်းစု" အမည်ရှိ မဟာဂီတ ကျမ်းတစ်စောင် ပေါ်ထွက်လာ၏။ ဤကျမ်း အကြောင်းကို ရှေ့ပိုင်းတွင်တင်ပြခဲ့ပြီးဖြစ်၍ အကျယ်ထပ်မံ တင်ပြဖွယ် လိုအံ့မထင်ပေ။

သို့သော် ဤကျမ်းမှာအသုံးပြုသူ နည်းခဲ့၏။ ထုတ်ဝေသူ ဇွဲဦးထွန်းရှိန် ကိုယ်တိုင်ကပင် ရှေးဟောင်းစာပေ အမွေအနှစ် မြန်မာ့ယဉ်ကျေးမှုများကို ထုတ်ဖော်လိုသူဖြစ်သည့်အတိုင်း အမြတ်အစွန်းကို ပမာနမထားဘဲ မြဝတီစာစုနှင့် သီချင်းစု ပေမူကို စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးထံမှ တောင်း ယူကာ ထုတ်ဝေရကြောင်းကို တင်ပြခဲ့သည့်အတိုင်းပင် ဇွဲ ဦးထွန်းရှိန်မှာ အတော်ပင်ခံလိုက်ရသည်ဟု ကြားသိလိုက်ရ ပေသည်။

ဒေါ်ဒဂုန်ခင်ခင်လေးက ဤပေမူကို အများပြည်သူတို့ သိစေခြင်းငှာ စာ တစ်စောင် ပေတာစ်ဖွဲ့ ပုံနှိပ် ရိုက်နှိပ်လို သော် လည်း ပုံ နှိပ် ခွင့် ကို မျှော် လင့် နေ ဆဲ မှာ ပင် ဇွဲ ဦးထွန်းရှိန်က ဓားစာခံ ဝင်ခံလိုက်၍စာအုပ်အဖြစ် ထွက်လာ ရပြီဖြစ်ကြောင်း ဖော်ပြထား၏။

မြောင်းမြချစ်ဆွေကလည်း ကျမ်းဖွင့်အဖြစ် မြဝတီဦးစ အကြောင်းကို အကျယ်တဝင့် တင်ပြထားရာ အတန်ပင် ပြည့်စုံလှပေ၏။ ရှားပါးအကြောင်းများနှင့် အချက်အလက် များ ကို ရှာ ရှာ ဖွေ ဖွေ နှိုက် နှိုက် ချွတ် ချွတ် ဖော် ကျူး ထား၏။

ဤကျမ်း၌ သီချင်းကဏ္ဍနှင့်ပုံ အနေအထားအရ မြန်မာဂီတ အနုပညာရှင်များ အနေနှင့် သဘောမတွေ့ ဖြစ်ကြရ၏။ ဂီတပညာရှင်တိုင်း လက်ခံကျင့်သုံးနေသည့် ပတ်ပျိုးသီချင်းစုများကို သီချင်းခံ့ကြီးဟူ၍ ဖော်ပြထားခြင်း အတွက် အလိုမကျ ဖြစ်ကြဟန်တူပေသည်။

အထူးထူးငယ်နှင့်အစချီ တောလားဘွဲ့ သီချင်းခံ့ကြီး။
သာဆန်းရဂုံဒွေအစချီ သီချင်းခံ့ကြီး။
စုံနှံ့သာစွအစချီ သီချင်းခံ့အလတ်။

သုံးယံသာ ကျူးပါတော့ အစချီ စောင်းတီးကွက်မင်းသမီးဘွဲ့ သီချင်းခံ့ကြီး။

ကံမင်းကသာအစချီ ရေကန်ဆင်းဘွဲ့ သီချင်းခံ့ကြီး။

စသည်ဖြင့် အများပညာရှင်များ အသုံးပြုနေကြသည့် ပတ်ပျိုးချင်းများကို သီချင်းခံ့ဟု ဖော်ပြထားသည်ကပင် ဤကျမ်း၏ အရောင်းထိုင်းခြင်း ဖြစ်အံ့တင်သည်။ သို့သော် ထုတ်ဝေသူများ၏ အမှာစာတွင် မြဝတီမင်းကြီး၏ မြဝတီစာစုနှင့် သီချင်းစုပေမူအတိုင်း တစ်လုံးတစ်ပါဒမျှ မပြုပြင်ဘဲ ရိုက်နှိပ်ထားသည်ဟု အစီရင်ခံတင်ပြထားသဖြင့် အပြစ်ဆိုဖွယ် လုံးဝမရှိချေ။

ယင်းမူလပေမူ၌ မြဝတီဦးစ၏လက်ရာ သီချင်းစုများအနက် ထူးမခြားနား ရောင်တော်ဖွင့် သီချင်းခံ့ မပါရှိကြောင်းကို ကျမ်းဦးအစ၌ ဖော်ပြပါရှိသော်လည်း ကျမ်းအဆုံးနိဂုံး၌ ဤမျှထူးခြားကောင်းမွန်သော ရောင်တော်ဖွင့် သီချင်းခံ့ကို မပါရှိလျှင်မဖြစ် မသင့်မြတ်သဖြင့် ရိုက်နှိပ်ထည့်သွင်းထားမှု တင်ပြထားသည်။ အရွယ်ကြီးခံ့ချုပ်နှင့်

စာမျက်နှာ ၂၅၆ မျက်နှာကို တန်ဖိုးငွေခုနစ်ကျပ် (၇) ဖြင့် ထုတ်ရောင်းချခဲ့လေသည်။

၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၃၃၆ ခုနှစ်၊ ပြာသိုလတွင် ရွှေနန်းသုံး မဟာဂီတပေါင်းချုပ် အမည်ဖြင့် မဟာဂီတ ကျမ်းသစ်တစ်စောင် ထွက်ပေါ်လာပြန်သည်။ အတန်ပင် ကောင်းမွန်သေသပ်သေ ဂီတစုံယ်စုံကျမ်းတစ်စောင် ဖြစ်သည့်အလျောက် ရောင်းပန်းပွင့်ခဲ့၏။ ဦး အုန်းခင်နှင့် အဖွဲ့မှ ပြုစု၍ ဆန်းညွန့်ဦး ဦးလှခင်စာအုပ်တိုက်မှ ဖြန့်ထုတ်ခဲ့သည်။

"မြန်မာ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်တွင် ပညာရှိအသီးသီး ကဝိအဆူဆူတို့ ရေးသား ဆက်သွင်း ခဲ့သော ကြိုးဘွဲ့သီချင်းခံ့၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်သံသြသံ၊ ခမိန် ခမွတ်၊ သိင်္ဂါသံ၊ စည်တော်သံ၊ လေှတော်သံ၊ ဗုံထောက်သံ၊ ဘောလယ်၊ တေးထပ်၊ ဒိုးချင်း၊ ဧးချင်းစသည်မယွင်း ၃၇ မင်းနတ်ချင်း၊ နတ်သံစဉ်လာရှေးရိုး တေးအမျိုးမျိုးတို့ကို စာပေပညာရှင်၊ ဂီတပညာရှင်တို့နှင့် စုပေါင်းကာ မူကွဲ အသီးသီးတို့ဖြင့် ညှိနှိုင်းသုတ်သင် ပြင်ဆင်တည်းဖြတ်ပြုစု အပ်သော ရွှေနန်းသုံး မဟာဂီတပေါင်းချုပ်" ဟူသော မျက်နှာဖုံးဖြင့် ပေါ်ထွက်လာခြင်းဖြစ်သည်။ အရွယ်မှာ ၈ လက်မခွဲ×၅ လက်မခွဲ အရွယ်နှင့် စာမျက်နှာ ခြောက်ရာ (၆၀၀) တိတိ (မာတိကာနှင့်နိဒါန်းလွတ်) ပါရှိ၏။

ကျမ်းအဖွင့်၌ ရှေးပညာကျော် ဒေဝဏ္ဏနွှာ မောင်မောင်ကြီး၊ ဦးမောင်မောင်လတ်၊ စောင်းဆရာညိမ်း၊ စောင်းဆရာကြီးမဟာဂီတ ဦးပြုံးချို၊ ဆိုင်းပညာကျော်ဆရာစိမ်၊ စိန်ဗေဒါ၊ မန္တလေး မဟာဂီတ အဖွဲ့ဝင်များ၊ ဒီးဒုတ်ဦးဘချို၊

ဒေါ်စောမြအေးကြည် တို့၏ ခါတ်ပုံများကို ဝေဝေဆာဆာ ဖော်ပြထား၏။

သီချင်းပေါင်း စုံလင်လှသည့်အပြင် သီချင်းတိုင်းလိုလို၌ ရှိကြသော ကျမ်းအသီးသီးတို့မှ ရိုက်နှိပ်ပြီး မူကွဲအမျိုးမျိုး တို့ကိုလည်း အောက်ခြေ မှတ်ချက်များဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသဖြင့် ဤကျမ်းတစ်စောင်တည်းနှင့်ပင် ကျမ်း မျိုးစုံတို့ကို စုစည်း ထားဘိသကဲ့သို့ ရှိသည်ဟုဆိုရမည်။ သီချင်းငုပုဒ်ရေပေါင်း ရှစ်ရာ (၈၀၀) ခန့်ပါဝင်လျက် တန်ဖိုး နှစ်ဆယ့်ငါး (၂၅) နှင့် အုပ်ရေ ၂၀၀၀ တိတိ ရိုက်နှိပ်ဖြန့် ထုတ်ခဲ့လေသည်။ ဂီတလက်ာရဒီပနီထက် အရွယ်အနည်း ငယ်သေးသည့်အလျောက် စာလုံးပုံနှိပ်မှာလည်း အနည်းငယ် သေး၍ ခပ်စိပ်စိပ်ရိုက်နှိပ်ထားသည်ကို တွေ့ရှိရပေသည်။

"ပုဂံခေတ်သည် အဘက်ဘက်မှ ယဉ်ကျေးမှုတိုးတက် ဖွံ့ဖြိုးလာခဲ့ပေရာ စာပေ အရေးအ သား ဘက် တွင် လည်း တစ်စတစ်စတိုးတက်လာခဲ့ပေသည်။ ပုဂံခေတ်တွင် "လင်္ကာ" အဖွဲ့အနွဲ့ဖြင့် အကြောင်းအရာ တစ်ခုခုကို ဖော်ထုတ်သည့် လင်္ကာများကို တွေ့ရှိခဲ့ပါသည်။

မြန်မာတို့သည် လူ မျိုး တစ် မျိုး၊ နိုင် ငံ တစ် ခု အ ဖြစ် စု စည်း၊ စည်း လုံး တည် ထောင် နိုင် ခဲ့ သည့် အ လျောက် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ ဘာသာစကား၊ စာပေ ဂီ တ၊ အ နု ပ ညာ၊ အ တတ် ပ ညာ စ သည် တို့ တွင် လည်း တည်ထောင်ခဲ့ကြသော ခေတ်ကြီးများအလိုက် တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း သမိုင်းမှတ်တိုင် အသီးသီး အစုစု တို့က သက်သေထူခဲ့ပါသည်။

ဘာသာစကားနှင့် ၎င်းဘာသာစကားတို့အား ဖွဲ့နွဲ့မှတ်တမ်းတင်သည့် စာပေအရေး အသားတို့တွင် လင်္ကာ၊ ကဗျာတို့ဖြင့် အသံအားဖြင့် လည်းကောင်း၊ အနက်အဓိပ္ပါယ်အားဖြင့် လည်းကောင်း သာယာနာပျော်မှုနှင့် လေးနက်မှုတို့ကို ထုတ်ဖော်ခဲ့ကြပါသည်။

ကဗျာယဉ်ကျေးမှု ကျယ်ပြန့်လာသည်နှင့်အမျှ လူ့အဖွဲ့အစည်း၏ ဆက်ဆံမှု၊ လုပ်ဆောင်မှု၊ ခမ်းနားကြီးကျယ်မှု၊ ဆင်ယင်ထုံးဖွဲ့မှု၊ တွေ့ထိခံစားရသောရာသီဥတု၊ တောတောင်ရေမြေသဘာဝတို့၏ ရိုက်ခတ်မှု၊ ချစ်မှု၊ ကြိုက်မှု၊ မျှော်ရမှု၊ တမ်းတရမှု၊ ပေါင်းစည်းရမှု၊ ခွဲခွာရမှု၊ ထင်မှု၊ မြင်မှုစသည့် ခံစားရမှုကိစ္စအဝဝတို့ကို ပြောဆိုချင်မှု၊ မှတ်တမ်းတင်ချင်မှုတို့ကို လိုက်၍ "လင်္ကာ" ကဗျာပင်မ ပင်စည်ကြီးမှ အကိုင်းအခက်များသဖွယ် ဖြာထွက်လာသော အဖွဲ့အနွဲ့များဖြစ်သည့် ပျို့၊ မော်ကွန်း၊ ဧချင်း၊ လူးတား၊ ရတု၊ ရကန်၊ အဲချင်း၊ အန်ချင်း၊ ဩဘာစာ၊ သံချို၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ခွန်းထောက်၊ သဖြန်တို့ ပေါ်ထွန်းခဲ့ပေသည်။

အထက်ဖော်ပြပါ လင်္ကာ၊ ကဗျာများကို ဖွဲ့နွဲ့ရေးစပ်ခြင်းသည် စာပေမြောက်၍ လင်္ကာ၊ ကဗျာစုတို့ကို ဒီဃ၊ ရဿ၊ ဂရု၊ လဟု၊ သိထိလ၊ ဓနိတ၊ သမ္ဗန္ဓ၊ ဝဝတ္ထိတ၊ ဝိမုတ္တ၊ နိဂ္ဂဟိတ တည်းဟူသော အသံ ၁၀ ပါးအားဖြင့် သူ့နေရာနှင့်သူ ဌာန်ကရိုဏ်းကျကျ ခွန်ကန့်အောင် ထားသို ရွတ်ဆိုခြင်းသည် ဂီတမြောက်သည်ဟု ဆိုလိုပါသည်။ ၎င်းတို့ကို အတီးအမှုတ်တူရိယာသံစုံမပါ အဆိုသက်သက်ဖြင့် သီဆိုခြင်းသည် "ဝစနာလင်္ကာရဂီတ" ဟုမှတ်ယူကြပါသည်။

လူမျိုး၊ နိုင်ငံ၊ စီးပွား၊ ကြီးထွားတိုးတက်လာသည်နှင့် အညီ လူမှုဆက်ဆံရေးကျယ်ပြန့်လာခြင်း၊ ဘာသာစကား စာပေတို့ ကြွယ်ဝလာခြင်း၊ ယဉ်ကျေးမှု တိုးတက်လာခြင်း၊ အသီးအမှတ် ကိရိယာများ ခွဲထွင်လာနိုင်ခြင်း၊ အနုပညာ ဖွံ့ဖြိုးလာခြင်းတို့အပေါ် မူတည်၍ လက်ာကဗျာစုတို့အား တူရိယာသံစုံသွတ်သွင်း၍ ပေါင်းစပ်တဲဖက်ကာ နားဝင်ချိုစေခြင်း၊ ရိုက်ခတ်ခံစား စေခြင်းတို့ဖြင့် "သောတာလင်္ကာရဂီတ" တစ်ဆင့် သို့ လှမ်း တက် ခဲ့ ကြ ပါသည်။ (ဝါ) သီချင်းအဆင့်သို့ လှမ်းတက်ခဲ့ကြပါသည်။

တသွင်သွင်စီးဆင်းသော ရေစီးကြောင်းကဲ့သို့တစ်ဆက်တည်းမှာပင် တွေးခေါ်မြော်မြင်မှု လေးနက်လာခြင်း၊ ပို၍ ပို၍ အနုစိပ် လာခြင်း တို့ ဖြင့် ဖွဲ့နွဲ့ သီဆိုရာတွင် ဘာဝ (အကြောင်း) ဝိဘာဝ (အကြောင်းတောက်)၊ အနုဘာဝ (ရိုက်ခတ်မှု) ၎င်းနှင့်ခွဲမရ၊ တွဲပါလာသောရသ (ခံစားမှု၊ (ဝါ) အကျိုး)တို့ ပြီးမြောက်ပြည့်စုံအောင် ကြိုးပမ်းရှက်ဆောင်လာခဲ့ကြပေသည်။

ချစ်ခင်တပ်မက်ခြင်း၊ ရွှင်မြူးခြင်း၊ သနားကြင်နာခြင်း၊ ရဲရင့်အားတက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ထိတ်လန့်ခြင်း၊ စက်ဆုပ် ရွံရှာခြင်း၊ အံ့ဩတုန်လှုပ်ခြင်း၊ တည်ကြည်မှုနှင့် သံဝေဂရခြင်း၊ ၅၂၈ သွယ်မေတ္တာဖြင့်ချစ်ခြင်း စသည့် ဘာဝ ၁၀ ပါးတို့ကို သူ့အကြောင်းနှင့်သူ ကိန်းအောင်းစေခြင်း၊ ကိန်းအောင်းနေမှုတို့ကို နှိုးဆွပေးခြင်း၊ ၎င်းနှင့် တစ်ဆက်တည်း (ဝါ) အကျိုး ၁၀ ပါး တို့ ရောက်ရှိ ခံစားနိုင်စေရန် ကြိုးစားဖန်တီးရာတွင် အင်္ဂါစုံအောင် တပ်ဆင်ပေးသည့် သဘောဖြင့် သီဆိုတီးမှုတ်မှု၌ စာသား

ပီသမှု၊အသံ ၁၀ ပါး သွားနေရာသူ ဌာန်ကရိုဏ်းကျမှုတို့ကို မူတည်၍ အခံ၊ အခင်း၊ အကွက်၊ အခု၊ အတော၊ အသတ်တို့ဖြင့် တီကျအထာကျရန် တန်ဆာဆင်ကြရပြန်ပါသည်။ ၎င်း ကိုပင် ထံတျာတေတျော်တို့အား နေသားချသည်ဟုဆိုပါသည်။ ၎င်းအထဲမှာပင် စည်း၊ ဝါး၊ တုံး၊ ပုံတောင်တို့ ကိုက်ညီစေရန် အတီး၊ အခု၊ အတောတို့အား ကန့်သတ်ကြရပါသည်။

ဤသို့ဖြင့် မြန်မာစာပေနှင့် ဂီတသည် အကြောင်းစုံညီ၊ ရသစုံညီ၊ အင်္ဂါတန်ဆာပလာ စုံညီတို့ဖြင့် ဖူးပွင့်ဝေဆာခဲ့၍ "သောတာလက်ာရ ဂီတ" ဘက်တွင် ကြိုးဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ လေးထွေသံကာပ်၊ နတ်ချင်း၊ ဘောလယ်၊ လွမ်းချင်း၊ တေးထပ်၊ သိင်္ဂါသံ၊ ဒိန်းသံ၊ လေ့ တော် သံ၊ စည် တော် သံ၊ ဗုံ ကြီး သံ အ စ ရှိ သည် ဖြင့် အကိုင်း၊ အခက်၊ အရွက်၊ အခိုင်၊ အညွှာ၊ အသီး၊ အပွင့်တို့ဖြင့် စည်ကားစွာ မွှိုင်မွှိုင်ကြီး ပေါက်ရောက်ပေါ်ထွန်း ရပ်တည်ခဲ့ကြပေသည်။

ထိုသို့ ပေါက်ပွားစည်ပင်ရန် ဩဇာဓာတ်ပြည့်ဝသော ရေခံ၊ မြေခံ (ဝါ) လယ်ယာမြေကောင်းကား အမျိုးသားစုစည်းမှု၊ အမျိုးသား ယဉ် ကျေးမှု၊ ကြံ စည် ဖော် ထုတ် တီထွင်မှု၊ ထိန်းသိမ်းမှုတို့ပင် ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်သည် မြန်မာ့ဂီတ၊ အနုပညာ အထွတ်အထိပ်ရောက်သည့်ခေတ်ဟု သတ်မှတ်နိုင်ပေသည်။

တိုင်းတစ်ပါးသားလက်အောက် ကျွန်ဘဝရောက်ရှိသော အခါအနှိမ်ခံရခြင်း၊ အပယ်ခံရခြင်း၊ ရောစပ်မွှေနှောက်ခံရခြင်းတို့ကြောင့် မွေးမှိန်သင့်သလောက်မွေးမှိန် ခဲ့ရပေသည်။

သို့ရာတွင် အမျိုးသားစာပေဂီတယဉ်ကျေးမှုတို့ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ထိန်းသိမ်းဖော်ထုတ်သူ မျိုးချစ်ပုဂ္ဂိုလ်များ၊ ပြည်သူများကြောင့် မတိမ်ကောမကွယ်ပျောက်ခဲ့ပါပေ။

မျက်မှောက်ခေတ်သည် ကမ္ဘာနှင့် အဝှန်း ဆက်ဆံမှုများပြုလုပ်နေကြရသည် ဖြစ်ရာ ရက်ပိုင်း၊ နာရီပိုင်း၊ စက္ကန့်ပိုင်းအတွင်း ဆက်စပ်မှုများရရှိ၍ ရောထွေးမှုများခံရနိုင်သည့်ကာလ ဖြစ်ပေသည်၊ အထူးသဖြင့် ဂီတပိုင်းတွင် ပိုမိုလျင်မြန်စွာရော ထွေးမွေနှောက်ခြင်း ခံရတတ်လေသည်။ အကောင်းပိုင်းတို့ကို ယူငင်ရောယှက်၍ တီထွင်ကြံဆတိုးချဲ့ခြင်းတို့ကို လက်ခံရမည် ဖြစ်သော်လည်း အမှိုက်သရိုက်၊ အပုပ်အစပ်အပိုင်းတို့ကိုကား မယူမိအောင် မရောယှက်မိအောင် ကာကွယ်ထိန်းသိမ်းရန် အထူးအရေးကြီးပါပေသည်။ အခိုကကာကွယ်ဆေးကား အထူးတီထွင်ရန်မလိုပါ၊ "အမျိုးသားစာပေ၊ ဂီတအနုပညာ ထိန်းသိမ်းရေး" ဟူသောဆေးဖြင့် ကာကွယ်ရန် ဖြစ်ပါသည်။

မြန်မာစာပေဂီတ ရေစီးကြောင်းကြီးတွင် အမှိုက်သရိုက်အပုပ်အစပ်များ ဆို့ပိတ်ညစ်ညမ်းမှုမဖြစ်ရေးအတွက် အကာအကွယ်ပြုကြရန်နှင့် ဆို့ပိတ်ညစ်ညမ်း နေမှုများကို ဆယ်ပစ်ခြင်းပြု၍ ကြည်လင်သန့်ရှင်းစွာ တသွင်သွင်စီးဆင်းနိုင်ရန်အတွက် ထိန်းသိမ်းကြရန် လူတိုင်းတွင် တာဝန်ရှိသည်ဟု ယူဆမိပါသည်။

ထိုရေစီးကြောင်းကြီး ကြည်သင်သန့်ရှင်းစွာစီးဆင်းစေခြင်းဖြင့် ဩဇာကောင်း၊ ဩဇာနှစ်များစုပုံသည့် ကျွန်းကြီး

များပေါ်ထွန်း၍ သီးပင်ပန်းပင်များ၊ မျိုးပွားစိုက်ပျိုးပြုစုပျိုးထောင်မြေတောင်မြှောက်နိုင်မည့် လယ်ယာမြေကောင်းကြီး ကျယ်ပြန့်စွာပေါ်ထွန်းလာမည်ဟု ယုံကြည်မိပါသည်။

ယင်း လယ်ယာမြေကောင်းကြီး ပေါ်တွင် စာပေဂီတ ပင်ပျိုပင်သစ်များ၊ မျိုးချစိုက်ပျိုးရှင်သန်ပြီး အဖူးအပွင့် အသီးတို့ ဝေဆာအောင် စိမ်ဖန်တီးလုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

ဤစာအုပ်သည် စာပေဂီတ ပင်ပျိုပင်သစ်များ ပေါ်ထွန်းရှင်သန်ရေးတွင် မျိုးစေ့တစ်စေ့ ဩဇာဓာတ်တစ်မှုန့် အဖြစ် ပါဝင်ထမ်းရွက်မည်ဖြစ်ပါသည်။ ဤသည်ကိုပင် နှစ်ထောင်းအားရ ကျေနပ်နေမည်ဖြစ်ပါသတည်း။

ဤကား ရှေးနန်းသုံးမဟာဂီတပေါင်းချုပ်ကျမ်းမှ နိဒါန်း ဖွင့်ဆိုချက်ဖြစ်၍ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတွင် ကျွန်ုပ်တို့၏ ဖူးပွင့်ဝေဆာပြီးဖြစ်သော မူလဘူတမဟာဂီတသည် မည်မျှအရေးပါအရာရောက်ကြောင်းကို ဆန်းညွန့်ဦး ဦးလှခင်၊ ဦးအုန်းခင်၊ ဦးတင်မြင့်၊ ဦးတင်ညွန့်၊ ဦးစိုးချစ်နှင့် စောင်းနှင့်ကဗျာ ဦးသာယာစသော ဤကျမ်းကိုကြပ်မတ် ပြုစုထုတ်ဝေသူတို့က စိုးရိမ်ကြီးစွာဖြင့် မဟာဂီတ၏ရသကို ဖော်ကျူးရေးသား တင်ပြထားခြင်း ဖြစ်၏။

ဤသို့ပင် မကြာမီကာလအတွင်းကထုတ်ဝေသော မဟာဂီတ ပေါင်းချုပ်ကျမ်း တစ်စောင်တွင်လည်း နိဒါန်း၌ ရေးသားတင်ပြထားသည်ကိုတွေ့ရပြန်၏။ ပြုစု သူမာဏဝဟု ဖော်ပြထားသဖြင့် အလွယ်တကူ "မာဏမဟာဂီတ"ဟု ဂီတ

ပညာရှင်အပေါင်းတို့က ကင်းပွန်းတပ်ခဲ့ကြ၏။ ၁၉၇၆ ခုနှစ် အတွင်းက ထုတ်ဝေ၍ ယနေ့ကာလအထိဆိုလျှင် နောက်ဆုံး ပေါ် ဖြစ်ပေသည်။

မာဏဝ ပြုစု၍ နှလုံးလှစာတည်းအဖွဲ့မှ စီစဉ်တည်းဖြတ် သည်ဟု ဖော်ပြထားသည့်အပြင် နိဒါန်း၏အဆုံး၌ "ဤမဟာ ဂီတပေါင်းချုပ်ကြီး ကျမ်း စာ ဖြစ် မြောက် ရေး အ တွက် အဘက်ဘက်က စေတနာဖြင့် ကူညီမှုပေးသော ဆရာလှသမိန် ကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ မှတ်တမ်းတင်ပါ သည်"ဟု ပါရှိသည်ကို ဖတ်ရှုရသည်။

ထို့ကြောင့်ပင် ဖြစ်အံ့ထင်သည်။ စာရေးဆရာ လှသမိန် တည်းဖြတ်သော ဂီဘလက်ာရ ဒီပနီခေါ် ဂီတသံပွဲအခြေခံ တွင်ပါရှိသည့် လည်းတန်း ဦး လူ က လေး ရေး စပ် သော "အမျှားနော်ပျော်ရှင်စရာ" နှင့် "ခေါင်မဟေတည်ထွန်း" သံဆန်းနှစ်ပုဒ် ပါရှိနေသည်ကို တွေ့ရှိရ၏။

သို့သော် တစ်ခု ထူး ခြား နေ သည် မှာ မန္တလေးမြို့ဖွဲ့ ယိုးဒယား၊ မန်းတောင်လက်ယာ တေးသီချင်းကို ယနေ့ အများသုံးနေကြသည့် မန်းတောင်လက်ယာအရှည်ကို မသုံး မူဘဲ ရှေးရေးကာလအချိန်အခါက ဂီတပညာရှင်အချို့သီဆို ခဲ့ကြသော မန်းတောင်လက်ယာအတိုမူကို ခဖော်ပြထားခြင်း ဖြစ်သည်။ ယင်း အတိုမူမှာ ဦးပြုံးချိစီရင်သော မဟာဂီတ ပေါင်းချုပ်နှင့် ဆရာမြိုင်ကြီးပြုစုသော ရွှေနန်းထွက်မဟာ ဂီတကျမ်းတို့၌ တွေ့ရှိရပြီးနောက် စောင်းဦးမောင်မောင်လတ် နှင့် ဒီးဒုတ်ဦးဘချိုတို့၏ ဂီဘဝိသောဓနီကျမ်း၌ ယနေ့သီဆို တီးမှုတ်နေကြသော အရှည်မူပါရှိလာပြီးသည့်အခါ လုံးဝ

ပျောက်ကွယ်သလောက်ရှိခဲ့ရာမှ ပြန်လည်ပေါ်ထွန်းလာခြင်း ဖြစ်ပေသည်။ မာဃဝကျမ်းတွင် ယင်း အတိုမူစာသားကို ဖော်ပြထားသော်လည်း အတိုမူမှာ ပြန်လည်ခေတ်စားလာ ခြင်း မရှိခဲ့ပေ။

အတန်ပင်ပြည့်စုံသောကျမ်းဖြစ်ပြီး အချို့ ကျမ်း များ၌ မပါရှိခဲ့သော တေးသီချင်း အတန်များများပါရှိလာသဖြင့် ချီးကျူးထိုက်လှ၏။ ထူထူထဲထဲနှင့် အရွယ်ကြီး ခုံချုပ်ဖြစ်၍ စာမျက်နှာ ၃၀၀ ပါရှိလျက် ရောင်းဈေးတန်ဖိုးကို ဖော်ပြ ထား ခြင်း မ ရှိ သော် လည်း အချိန်အခါအရ အနည်းဆုံး ကျပ် သုံး ဆယ် ထက် မ လျော့ ဘဲ ရောင်း ချ သင့် သော ကျမ်းကောင်းတစ်ဆူပင်တည်း။

# နိဂုံး

နန်းစဉ်အဆက်ဆက် ပေါ်ထွန်းခဲ့ဖူးသမျှ တေးချင်းစုများကိုရသမျှနည်းနှင့် ပေါင်းစုဖွေရှာလျက် ကျမ်းအသီးသီးတို့ ရိုက်နှိပ်ထုတ်ဝေခဲ့ကြသော စိတ်ရှည်လက်ရှည်နှင့် ပင်ပန်းခြင်း ဒဏ်ကို ဂရုမပြုနိုင်ကြကုန်သူ သုတေသီပညာရှင်များကား ချီးအံ့မကုန်နိုင်လောက်အောင် ကျေးဇူးကြီးမားလှချေ၏။ မကုန်ဆုံးနိုင်ကြကုန်သော မဟာဂီတ သုတေသနပညာရပ်တို့ကို မမောပန်း စိတ်အပင်ပန်း လူအပင်ပန်းခံကာ နှိုက်နှိုက်ချွတ်ချွတ် မလွတ်စတမ်း စိတ်ရှည်မှန်းလျက်ရသမျှနည်းအသီးသီးတို့ကိုသုံးကာ မြန်မာ့မဟာဂီတကျမ်းကြီးများကို အမြွတ်အစွန်းမခြာနမထားပါဘဲ မိမိတို့ကိုယ်ရေးကိုစွန့်ပြီး ဂီတတေးချင်းစုများ အမွန့်ရှည်ကြာစွာ တည်ရှိရေးကို ရှေးရှုစီရင်ခဲ့ကြသည့် ပညာရှင် သုတေသီကြီးများ ဖြစ်ကြသော ဦးရောက်၊ သခင်ကိုယ်တော်မှိုင်း၊ ဦးပွုံးချို၊ ဆရာမှုံကြီး၊ ဦးမောင်မောင်လတ်၊ ဒီးဒုတ်ဦးဘချို၊ ဇော်ဦးထွန်းရှိန်၊ ဗေလုဝ ဆရာတင်၊ ဆန်းညွန့်ဦး၊ ဦးလှခင်၊ ဦးအုန်းခင်၊ မာဏဝနှင့် အပါးမှဝိုင်းဝန်းကူညီပံ့ပိုး အားပေးကြကုန်သော ပညာရှင် သုတေသီတို့၏ ကျေးဇူးကား အတိုင်းမရှိပါတကား။

ယခု ဤကျမ်း၌ သုတေသနပြုခဲ့သော အချက်အလက်များသည် ကုံလုံပြည့်ဝပြီဟု လုံးဝမဆိုနိုင်ပါချေ။ မြန်မာ့ဂီတနှင့်ပတ်သက်၍ အမှတ်တမဲ့ပြုခဲ့ကြသော အကြောင်းအရာ အချက်အလက်များကို ခေတ်ရှည်ကြာသည်နှင့် အမျှ မေ့လျော့သွားကြမည့် အရေးကို ပူပင်တွေးတောကာ နှောင်းလူများနှင့် နှောင်းခေတ် သုတေသီတို့ သုတေသန ပြုရန် အကြောင်းအချက်တို့အား ခြင်းရာမပြတ် သတိချပ်သင့်သော ဇာတ်ကြောင်းအချို့ကို တင်ပြခြင်းမျှသာ တည်း။

ယနေ့ ဂီတပညာရှင်တို့ သတိမလွတ်စေရန် ရှေးစာဆိုကဝိများ အတိအကျစပ်ဆိုခဲ့သော လင်္ကာကိုလည်း ရှုပါဦးလော့။

"မင်္ဂလာညွန့်ရှင်၊ နိဒါန်းဆင်ပိမ့်၊ ပဌင်တူရိယာတီးမှုတ်ရာ၌ ညီညာစေရေးနှဲ့နှင့် ပြေမှု၊ လေယူရှစ်ပေါက်၊ ခုနစ်ပေါက်ဖွဲ့ထုံး၊ ညွှင်းလုံးသာမည်၊ အောက်ပြန်ခက်ခဲ ပုလဲတင်နှင့်၊ မြင်စိုင်းပဌ၊ ဒူရကာဒွေးဆေးလေးနာဖွယ်၊ ခြောက်ပေါက်ငယ်မူ၊ ခြောက်သွယ်အညွန့်၊ ဘုံသို့ကွန့်သော်၊ ပြည်တော်တင်နှုန်း ညွှင်းလုံး တူမြောက် ခုနစ်ပေါက်သို့ ရောက်ရ ပြန်သည် တလည်လည်လျှင် မှတ်ရည်သတိသိက ဝမ်းသာ ဉာဏ်ပညာဖြင့်၊ မေတ္တာပွားကြစေသတည်း။"

စောင်းတူရိယာ၌ ရှေးကတီးခဲ့ကြသော ပြည်တော်ပြန် ဒူရကာဒွေး စသည်တို့ကား ပျောက်ကွယ်စ ပြုလေပြီတည်း။ အသို့ ကြံဆောင်ကြအံ့နည်း။ ယနေ့ပြင်ပစောင်း သင်ပြသူ

အချို့မှာ ပုလဲကြိုးညှိကာ ခြောက်ကြိုးညီအောင်၊ သို့မဟုတ် ခြောက်ကြိုးမှန်အောင် ဆွဲပါဟူသော အခြေခံမှ စတင်၍ စောင်းပညာ သင်ကြားသိုသူတို့အား ပထမ သင်ခန်းစာ အဖြစ် ပို့ချလျက်ရှိကြ၏။ ခေတ်နှင့်အညီ ကျင့်ကြံသောဓလေ့ကို အပြစ်ဆိုဖွယ်မရှိပေ။

သို့သော် မြန်မာ့စောင်းပညာ၏ မူလဘူတ အခြေခံပညာရပ်များ အကြောင်းမဲ့ ပျောက်ကွယ် ဆုံးရှုံးရမည်ကိုမူ နှမြောလှချေ၏။ သို့နှင့်ပင် မြန်မာ့စောင်း အတတ်ပညာရပ်များ တစ်စတစ်စနှင့် တိမ်ကော ရတော့မည်လော၊ တီထွင်ဆန်းသစ်ရမည့် အကြောင်းအချက်များရှိသကဲ့သို့ ထိန်းသိမ်းစောင့်ရှောက် ရမည့်အရေးက ပို၍အရေးကြီး လှပေ၏။

ယင်းအချက်ကို သတိမလွှတ်သင့်ပါပေ။

ထုတ်ဝေပြီးခဲ့ပြီးဖြစ်သော မဟာဂီတကျမ်း အသီးသီးတို့ပါရှိကုန်သောတေးချင်းစုများကိုဖတ်ရှုလေ့လာသည်နှင့်ပင် မြန်မာ့စာပေ အသီးအပွင့် တို့သည် မည်မျှ အဆင့်မြင့်ကြောင်းကို သိနိုင်ပေ၏။

သောတာလင်္ကာရ ကဏ္ဍ အပါအဝင် ကြိုးဘွဲ့၊ သီချင်းခံ့ စသည်တို့ကို သိနားလည်ခြင်း၊ တတ်ကျွမ်းခြင်း မရှိစေကာမူ စာသားကို ဖတ်ရှုသည်နှင့်ပင် မြန်မာစာပေ၏ တန်ဖိုးကို သိလောက်၏။

ဝစနာလင်္ကာကဏ္ဍ အစိတ်အပိုင်းဝင် သဖြန် ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ရတုရကန်၊အဲချင်း အိုင်ချင်း၊ အန်ချင်း၊ ဧချင်း၊ သာချင်း စသည်တို့ကား သီဆိုတတ်ရန် မလိုပါဘဲ

အစုလိုက် အထပ်လိုက် ပြုစုရေးဖွဲ့ထားပုံတို့ကို မြင်ရှုမှုဖြင့် မြန်မာစာပေ၏ တန်ဖိုးအာနိသင်မည်မျှစူးရှ ထက်မြက်ခက်ခဲ တန်းမြင့်ကြောင်းကို ဖော်ပြနေဘိ၏။

ထို့ကြောင့် မြန်မာစာပေ၊ မြန်မာဂီတ၊ မြန်မာတူရိယာတို့ကို မပြတ်လေ့လာ၍ စဉ်ဆက်မပျက် တည်တံ့ခိုင်မြဲစေရေးကား မြန်မာတိုင်း၏ ကြီးလေးလှသော တာဝန်ဖြစ်သဖြင့် မည်သည့်အခါမျှ မမေ့အပ်သင့်ကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပေသတည်း။

စစ်ကိုင်းလှရွှေ။

▭◀▶▭

AYE S. MYINT

# ကျမ်းကိုးစာရင်း


၁။ ကဗျာဗန္ဓသာရကျမ်း (ပုဂံဝန်ထောက်မင်း ဦးတင်)။

၂။ မြန်မာစာညွှန့်ပေါင်းကျမ်း အတွဲ(၁)(၂)(၃)(၄)။

၃။ မြန်မာစာပေသမိုင်း (ဦးဖေမောင်တင်)။

၄။ မဟာဂီတ မေဒနီကျမ်း (ဦးရောက်)။

၅။ သူရိယ မဟာဂီတအသစ်။

၆။ မဟာဂီတ ပေါင်းချုပ်ကျမ်း (ဦးပြုံးချို)။

၇။ ဂီတဝိသောဓနီကျမ်း (ပထမအကြိမ်ရိုက်) (ဦးမောင်ဓိမောင်လတ်)။

၈။ ဂီတဝိသောဓနီကျမ်း (ဒုတိယအကြိမ်ရိုက်) (ဒီးဒုတ်ဦးဘချို)။

၉။ ရွှေနန်းထွက် မဟာဂီတကျမ်းကြီး (စန္ဒရား ဆရာမြိုင်ကြီး)။

၁၀။ သာဓုဂီတက္ကမပေမူ။

၁၁။ မုံရွေးဆရာတော်၏ ဟာသဇာဝနညာဏမဥ္ဇူရိ (ခေါ်) မုံရွေး မဟာဂီတ (ရွှေးဟောင်း စာပေ သုတေသီ တင်ဦး၏လက်နှိပ်စက်မူ)။

၁၂။ ကဗျာသင်္ဂဟ မေဒနီကျမ်း(ဦးလွင်)။

၁၃။ ဂီတာလင်္ကာရဒီပနီ (ခေါ်) ဂီတသိပ္ပံအခြေခံ(ဗေလုဝ ဆရာတင်)။
၁၄။ သီရိမဟာဇေယျသူရ မြဝတီဝန်ကြီး ဦးစ၏ မြဝတီ စာစုနှင့် သီချင်းစု(ဇွဲ ဦးထွန်းရှိန်)။
၁၅။ ရွှေနန်းသုံး မဟာဂီတပေါင်းချုပ် (ဆန်းညွန့်ဦး-ဦးလှ ခင်နှင့် ဦးအုန်းခင်)။
၁၆။ မဟာဂီတပေါင်းချုပ်ကြီး(မ၁၈၀)။
၁၇။ ဂီတသုခမ သုတေသန အဖွဲ့ချုပ်မှတ်တမ်း။
၁၈။ အလင်္ကာ ကျော်စွာ ဒေါ် စော မြ အေး ကြည် နှင့် ဆွေးနွေးချက်။
၁၉။ ရကန် ဦးတင်နှင့် ဆွေးနွေးချက်။
၂၀။ ဒေါ်ဒေလီညွန့်နှင့် ဆွေးနွေးချက်။
၂၀။ အလင်္ကာကျော်စွာ ဦးဟန်ပနှင့် ဆွေးနွေးချက်။
၂၂။ အလင်္ကာကျော်စွာစောင်းဆရာညိမ်းနှင့်ဆွေးနွေးချက်။
၂၃။ အလင်္ကာ ကျော်စွာ စန္ဒရားရွှေပြည် အေး နှင့် ဆွေးနွေးချက်။
၂၄။ ဒီးဒုတ် ဦးဘချို၏ ပြောပြချက်။
၂၅။ စာရေးဆရာကြီး ဆရာဇေယျနှင့် ဆွေးနွေးချက်။
၂၆။ တယော ဦးယုပ်နှင့် ဆွေးနွေးချက်။
၂၇။ ပန်တျာမှုမှန်ပွဲလုပ်ခြင်း အစီရင်ခံစာ(၁၉၅၃-၁၉၅၈)။

=◀ ▶=



**၁၉၉၃ ပခုက္ကူဦးအုံးဖေ စာပေဆု**
**ကျမ်းစာပေဆုရ**
**မဟာဂီတ**
**ရေးသူ–စစ်ကိုင်းလှရွှေ**

အဖ ဝဏ္ဏကျော်ထင်ဦးဘဌေး၊အမိဒေါ်ရင်ရင်တို့မှ ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်နေ့တွင် စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်၌ မွေးဖွားသည်။ စစ်ကြိုခေတ်က အင်္ဂလိပ်–မြန်မာ ၁၀ တန်းစာမေးပွဲ အောင်မြင်ခဲ့ပြီး ဂီတပညာကို ကိုးနှစ်သားအရွယ်ကပင် လေ့လာ သင်ကြားခဲ့သည်။ ၁၃ နှစ်သားအရွယ်မှစတင်၍ စစ်ကိုင်းမြို့၊ အောင်ငွေသာရုပ်ရှင်ရုံတွင် တစ်နေ့သုံးမူးစားနှင့် မိဘများမသိအောင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၊ အသံတိတ်ရုပ်ရှင်တီးဝိုင်း စန္ဒရားခေါင်းဆောင်အဖြစ် အသံတိတ်ရုပ်ရှင်မရှိတော့သည့် ၁၉၅၆ ခုနှစ်အထိ ဆက်တိုက်လုပ်ကိုင်ခဲ့သည်။ ကျောင်းပညာကိုလည်းကြိုးစားခဲ့ရာ ၁၀ တန်းစာမေးပွဲကို လွယ်ကူစွာ ဖြေဆိုအောင်မြင်ခဲ့သည်။

၁၉၅၃ ခုနှစ်မှစ၍ ဆောင်းပါးများ ရေးသားခဲ့ရာ ယနေ့အထိ ဆောင်းပါးပေါင်း ၅၀၀ ခန့် ရေးပြီးဖြစ်သည်။ ရုပ်ရှင် ဂီတနှင့် ကျွန်တော်၊ ခေတ်ဟောင်း စတန့်မင်းသားကြီး ၁၀ ဦး၊ ကျွန်တော်သိသော စန္ဒရားဆရာကြီးများ ဟူသည့် စာအုပ်သုံးအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ယခုအခါ မဟာဂီတ စိစစ်ရေးအဖွဲ့ဝင်၊ ခေတ်ပေါ်တေးဂီတစိစစ်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမှတ် ၆၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်တွင် နေထိုင်လျက်ရှိသည်။



၁၉၉၃ ပခုက္ကူ ဦးအုံးဖေ စာပေဆု
ကျမ်းစာပေဆုရ
မဟာဂီတ
ရေးသူ–စစ်ကိုင်းလှမြ

အဖ ဝဏ္ဏကျော်ထင် ဦးဘငွေး၊ အမိ ဒေါ်ရင်ရင်တို့မှ ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်နေ့တွင် စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်၌ မွေးဖွားသည်။ စစ်ကြိုခေတ်က အင်္ဂလိပ်–မြန်မာ ၁၀ တန်းစာမေးပွဲ အောင်မြင်ခဲ့ပြီး ဂီတပညာကို ကိုးနှစ်သားအရွယ်ကပင် လေ့လာ သင်ကြားခဲ့သည်။ ၁၃ နှစ်သားအရွယ်မှစတင်၍ စစ်ကိုင်းမြို့၊ အောင်ငွေသာရုပ်ရှင်ရုံတွင် တစ်နေ့သုံးမူးစားနှင့် မိဘများမသိအောင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၊ အသံတိတ်ရုပ်ရှင်တီးဝိုင်း စန္ဒရားခေါင်းဆောင်အဖြစ် အသံတိတ်ရုပ်ရှင်မရှိတော့သည့် ၁၉၅၆ ခုနှစ်အထိ ဆက်တိုက်လုပ်ကိုင်ခဲ့သည်။ ကျောင်းပညာကိုလည်းကြိုးစားခဲ့ရာ ၁၀ တန်းစာမေးပွဲကို လွယ်ကူစွာ ဖြေဆိုအောင်မြင်ခဲ့သည်။

၁၉၅၃ ခုနှစ်မှစ၍ ဆောင်းပါးများ ရေးသားခဲ့ရာ ယနေ့အထိ ဆောင်းပါးပေါင်း ၅၀၀ ခန့် ရေးပြီးဖြစ်သည်။ ရုပ်ရှင် ဂီတနှင့် ကျွန်တော်၊ ခေတ်ဟောင်း စတန့်မင်းသားကြီး ၁၀ ဦး၊ ကျွန်တော်သိသော စန္ဒရားဆရာကြီးများ ဟူသည့် စာအုပ်သုံးအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ယခုအခါ မဟာဂီတ စိစစ်ရေးအဖွဲ့ဝင်၊ ခေတ်ပေါ်တေးဂီတစိစစ်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမှတ် ၆၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်တွင် နေထိုင်လျက်ရှိသည်။

ပခုက္ကူ ဦးအုံးဖေ စာပေဆုရ

# မဟာဂီတ

## စစ်ကိုင်းလှရွှေ



စစ်ကိုင်းလှရွှေ

# မဟာဂီတ

ဂျူလိုင်လ ၁ ရက် ၂၀၁၂ တွင် ပီဒီအက်ဖ်ဖိုင်ဖွဲ့ သည်

AYE S. MYINT